www.dhammadownload.com

ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး ၏ ထေရုပ္ပတ္တိ (ဒုတိယတွဲ)

## ကျေးဇူးတော်ရှင်

# ချမ်းမြေ့ဆရာတော်ဘုရားကြီး ၏

# ထေရုပ္ပတ္တိ

## ဒုတိယတွဲ

**ဒေါက်တာအေးအေးမြင့်**

စုဆောင်းတင်ပြသည်

သာသနာ- ၂၅၆၀ မြန်မာ- ၁၃၇၈ ခရစ်- ၂၀၁၆

www.dhammadownload.com



www.dhammadownload.com

# ကျေးရွာတော်ရှင်
# ချမ်းမြေ့ဆရာတော်ဘုရားကြီး၏
# ထေရုပ္ပတ္တိ

## ဒုတိယတွဲ

ဒေါက်တာ အေးအေးမြင့်
စုဆောင်းတင်ပြသည်

သာသနာ ၂၅၆၀ မြန်မာ ၁၃၇၈ ခရစ် ၂၀၁၆

www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်၊ နိုဝင်ဘာ၊ ၂၀၁၆ ခုနှစ်

**အုပ်ရေ**

၆၀၀၀ အုပ်

**ထုတ်ဝေသူ**

ဦးမျိုးညွန့်အောင်၊ စွယ်တော်စာပေ (မြ-၀၀၅၇၉)
အမှတ်-၉၀/၉၂၊ ၆ လွှာ၊ ၅၁လမ်း(လယ်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)
အမှတ်-၁၄၇၊ ၅၁လမ်း(အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာကျောင်း
အမှတ်(၅၅-က)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၆၆၁၄၇၉၊ ၆၅၂၅၈၅၊
၀၉-၇၃၀၁၂၃၃၃

**ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)**

၂၉၄. ၃

ဒေါက်တာအေးအေးမြင့်
ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ထေရုပ္ပတ္တိ(ဒုတိယတွဲ)/
ဒေါက်တာအေးအေးမြင့်-ရန်ကုန်။
စွယ်တော်စာပေ၊ ၂၀၁၆။
၃၀၅ စာ၊ ၁၄. ၄ စင်တီ × ၂၁. ၆ စင်တီ။
(၁) ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ထေရုပ္ပတ္တိ(ဒုတိယတွဲ)

www.dhammadownload.com



ချမ်းမြေ့ဆရာတော်ဘုရားကြီး

သက်တော် ၈၉ နှစ်

www.dhammadownload.com

www.dhammadownload.com

# ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

## ဒုတိယတွဲ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က-စ |
| ၂။ | ဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝသိရသမျှ | ၁ |
| ၃။ | ဥပမိသမ္ပတ္တိ | ၅ |
| ၄။ | အနေအထိုင် အပြောအဆို | ၇ |
| ၅။ | မောင်ဇနကကျောင်းမှာနေရင် အနေအထိုင် ကောင်းရတယ် | ၁၂ |
| ၆။ | ရေးကြီးသုတ်ပျာ လုပ်တာမရှိ | ၁၃ |
| ၇။ | တည်ငြိမ်မှု စွမ်းအား | ၁၄ |
| ၈။ | အာဖရိကတောထဲတွင် ဆင်နှင့်တွေ့ရာ | ၂၀ |
| ၉။ | တောထဲတွင် ဆင်နှင့်တွေ့ | ၂၂ |

www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | ဘေးမဲ့တောမှာ ဘေးနှင့်တွေ့သူ | ၂၄ |
| ၁၁။ | အပြောအဆို အသုံးအနှုန်း | ၂၅ |
| ၁၂။ | အဟောအပြော | ၂၇ |
| ၁၃။ | အမေးအဖြေများ | ၂၉ |
| ၁၄။ | သိုသိုသိပ်သိပ် နေထိုင်တတ်ခြင်း | ၃၁ |
| ၁၅။ | စိတ်နေ စိတ်ထား | ၃၂ |
| ၁၆။ | မိဘကိုအထူးအလေးထား ဦးစားပေးသောစိတ် | ၃၃ |
| ၁၇။ | မနောကံမေတ္တာ၊ ဝစီကံမေတ္တာ၊ ကာယကံမေတ္တာ | ၃၆ |
| ၁၈။ | ဓမ္မကြေးမုံ၊ စိတ်ကိုဖြူစင်စေသည့်နည်းရှစ်မျိုး | ၃၇ |
| ၁၉။ | စိတ်ကိုထိန်းသူနှင့် မထိန်းသူ | ၃၈ |
| ၂၀။ | မောက်မာထောင်လွှား မာနစိတ်ထားမရှိအပ် | ၃၈ |
| ၂၁။ | ဣဿာခေါ်ဆို မနာလိုရှိကိုမရှိရာ | ၃၉ |
| ၂၂။ | နူးညံ့သိမ်မွေ့သော်လည်း မပျော့ညံ့ | ၄၀ |
| ၂၃။ | မိကျောင်းကြည်းတင် မဖြစ်ရင် | ၄၁ |
| ၂၄။ | သီတင်းသုံးဖော်များကို ကူညီစောင့်ရှောက်ခြင်း | ၄၃ |
| ၂၅။ | သက်ကြီးဝါကြီးများကို စောင့်ရှောက်ခြင်း | ၄၄ |
| ၂၆။ | ယောနိသော မနသိကာရ | ၄၅ |
| ၂၇။ | ဝမ်းမီးချက်စရာရှိလျှင်ပြီးတာပါပဲ | ၄၇ |
| ၂၈။ | သည်းခံခွင့်လွှတ်ခြင်း | ၄၈ |
| ၂၉။ | အနေအထိုင် ကျဉ်းကျပ်မှုကိုသည်းခံခြင်း | ၅၀ |
| ၃၀။ | လေးစားအတုယူဖွယ် မွန်မြတ်တဲ့စိတ်ထား | ၅၂ |
| ၃၁။ | စာပေ အရေးအသား | ၅၃ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | ဆိတ်ထက် မိုက်သူ | ၅၇ |
| ၃၃။ | စကားလုံးပြောင်းမြောက်၍ လှပသော အရေးအသား | ၆၀ |
| ၃၄။ | ပန်းကပ်လှူပူဇော်ရန် | ၆၀ |
| ၃၅။ | ဆီမီးကပ်လှူပူဇော်ရန် | ၆၁ |
| ၃၆။ | ရေချမ်းကပ်လှူပူဇော်ရန် | ၆၁ |
| ၃၇။ | ဆွမ်းကပ်လှူပူဇော်ရန် | ၆၁ |
| ၃၈။ | သစ်သီးကပ်လှူပူဇော်ရန် | ၆၂ |
| ၃၉။ | ဒေဝသဒ္ဒသုတ် | ၆၂ |
| ၄၀။ | သိပ်သည်းကျစ်လျစ် ချောမောရမည် | ၆၃ |
| ၄၁။ | ငယ်မူလက်ရာ | ၆၄ |
| ၄၂။ | သရက်ပင်ဆိပ် ရှုခင်း | ၆၅ |
| ၄၃။ | တာသကြံန် | ၆၆ |
| ၄၄။ | ဆရာတော်ဘုရား၏ ကဗျာညာဏ်ရည်တစွန်းတစ | ၆၈ |
| ၄၅။ | မျက်မှောက်ခေတ်ပေပင် | ၇၀ |
| ၄၆။ | စာပေမြတ်နိုးသော စိတ်ဓာတ် | ၇၃ |
| ၄၇။ | ကြိုတင်ဖတ်ရှုလေ့လာမှု | ၇၄ |
| ၄၈။ | စာကြည့်တိုက်တည်ထောင် လှူဒါန်းခြင်း | ၇၅ |
| ၄၉။ | အကျင့်သိက္ခာ | ၇၆ |
| ၅၀။ | သီလသိက္ခာ သီလအကျင့် | ၇၇ |
| ၅၁။ | အနာမာသ အကပ္ပိယဝတ္ထု | ၈၀ |
| ၅၂။ | နိသဇ်မုတင် | ၈၁ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | ဆရာတော်ကြီးနှစ်ပါး မိန့်ကြားချက် | ၈၁ |
| ၅၄။ | သံဃိကပစ္စည်းကို အလွန်လေးစားခြင်း | ၈၂ |
| ၅၅။ | မာယာသာဌေယျမရှိ | ၈၃ |
| ၅၆။ | စည်းကမ်းကို အလေးထားခြင်း | ၈၃ |
| ၅၇။ | ယောဂီများ၏ အဝတ်အစား | ၈၄ |
| ၅၈။ | အမျိုးသမီးနှင့် ဘောင်းဘီ | ၈၅ |
| ၅၉။ | တရားရိပ်သာဆိုတာ တိတ်ဆိတ်မှု | ၈၅ |
| ၆၀။ | ဆရာတော်ဘုရားနှင့် စည်းကမ်း | ၈၇ |
| ၆၁။ | ယောဂီများကို ငြိမ်သက်သေဝပ်စေနိုင်သော စည်းကမ်း | ၈၈ |
| ၆၂။ | စည်းကမ်းအရေးကြီးသည် | ၉၀ |
| ၆၃။ | သာသနာတော်နှင့် စည်းကမ်း | ၉၂ |
| ၆၄။ | အရှင်သာရိပုတ္တရာနှင့် စည်းကမ်း | ၉၅ |
| ၆၅။ | စည်းကမ်းရှိလို့အဆင့်အတန်းမြင့်သည် | ၉၇ |
| ၆၆။ | စည်းကမ်းကြီးတဲ့ လူမျိုးကချီးမွမ်းရ | ၁၀၁ |
| ၆၇။ | လုံ့လနှင့် ဇွဲမလျှော့ဘဲအမြဲတင်းတင်းထား | ၁၀၂ |
| ၆၈။ | ဆရာတော်၏ မမြင်ရတဲ့ စွမ်းအား | ၁၀၃ |
| ၆၉။ | တခါတရံမှာ | ၁၀၅ |
| ၇၀။ | အများသုံး ကျောက်ချောလမ်း | ၁၀၆ |
| ၇၁။ | နိုးနိုးကြားကြား ထထကြွကြွ | ၁၀၇ |
| ၇၂။ | စိတ်ကို ရှင်းရှင်းထားခြင်း | ၁၀၈ |
| ၇၃။ | မေတ္တာစွမ်းအား အကျိုးများ | ၁၀၉ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၄။ | ခမ္ဘခရီးမှ အတွေ့အကြုံ | ၁၁၀ |
| ၇၅။ | ဆရာတော် သင်ပေးသောမေတ္တာဘာဝနာ | ၁၁၁ |
| ၇၆။ | သန့်ရှင်းရေးကို အလေးထား | ၁၁၄ |
| ၇၇။ | စိတ်ထားဖြူစင် ငြိမ်းအေးလျှင် | ၁၁၅ |
| ၇၈။ | ဆရာတော်ဘုရား၏ မှတ်ဉာဏ် | ၁၁၆ |
| ၇၉။ | အံ့ဩလောက်သည့် မှတ်ဉာဏ် | ၁၁၇ |
| ၈၀။ | ဆရာတော်ဘုရား၏ ကျက်ဉာဏ် | ၁၁၉ |
| ၈၁။ | မဟာသမယသုတ် တရက်တည်းကျက် | ၁၂၀ |
| ၈၂။ | သဘောဉာဏ် | ၁၂၂ |
| ၈၃။ | ဆရာတော်များ၏ အမြင် | ၁၂၃ |
| ၈၄။ | ဆရာသမားများက အားထားခြင်း | ၁၂၄ |
| ၈၅။ | အတုယူစရာတွေ အများကြီး | ၁၂၇ |
| ၈၆။ | နောင်ဆိုရင် ဦးဇနကတို့ပဲ နိုင်ငံခြားသာသနာပြုရမှာ | ၁၂၈ |
| ၈၇။ | ဆရာတော်ကြီးများက ချီးမြှောက်ခြင်း | ၁၂၉ |
| ၈၈။ | အထင်ကရ ပုဂ္ဂိုလ်ဆိုတာ ဒီလိုပင့်ရတယ် | ၁၃၀ |
| ၈၉။ | မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ မိန့်ကြားချက် | ၁၃၁ |
| ၉၀။ | မုံရွာအသောကာရုံဆရာတော်ဘုရားကြီး မိန့်ကြားချက် | ၁၃၃ |
| ၉၁။ | မင်းလှမဟာစည်ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက် | ၁၃၄ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၂။ | မည်သူ့အပေါ်မှ မေတ္တာမပျက် | ၁၃၇ |
| ၉၃။ | ကြမ်းကြမ်းတမ်းတမ်း စကားမပြော | ၁၃၇ |
| ၉၄။ | တိပိဋကရေဆရာတော်ဦးသုမင်္ဂလ၏ အမြင် | ၁၃၈ |
| ၉၅။ | သံဃာ့ပရိသတ်ထဲမှာ တည်တည်ငြိမ်ငြိမ် ကန္တေ့ရရ | ၁၄၁ |
| ၉၆။ | စွယ်စုံရ ဆရာတော် | ၁၄၂ |
| ၉၇။ | မွှာစရိယ ဦးဒွေးလှိုင်၏အမြင် | ၁၄၃ |
| ၉၈။ | ရာပြည့်သင်္ချာဆရာ ဦးကြည်ဝင်း၏အမြင် | ၁၄၄ |
| ၉၉။ | တပည့်တွေကို ဥပေက္ခာပြုမထားဘူး | ၁၄၅ |
| ၁၀၀။ | စိတ်ထားဖြူစင် သူတော်စင် | ၁၄၆ |
| ၁၀၁။ | အမြဲနှလုံးသွင်း လိုက်နာကျင့်သုံးရမည့် တရားများ | ၁၄၆ |
| ၁၀၂။ | ဝိနည်းသင်ပေးခြင်း | ၁၄၇ |
| ၁၀၃။ | သူများဦးချ ခံနိုင်အောင်နေထိုင်ကြ | ၁၄၈ |
| ၁၀၄။ | အသိမရှင်းတာမေးမြန်းလျှင် ရှင်းအောင် ဖြေကြားပေးခြင်း | ၁၄၈ |
| ၁၀၅။ | ရဟန်းသံဃာတပည့်များသာမဟုတ် | ၁၄၉ |
| ၁၀၆။ | ဆရာကောင်းတပည့် ပန်းကောင်းပန် | ၁၅၀ |
| ၁၀၇။ | ယောဂီများကို ဂရုစိုက်ခြင်း | ၁၅၁ |
| ၁၀၈။ | တရားစစ်ရာ စိတ်ရှည်ပါသည် | ၁၅၁ |
| ၁၀၉။ | ယောဂီစောင့်ရှောက်တာ မပေါ့ကြပါနှင့် | ၁၅၂ |
| ၁၁၀။ | မငေါက်မမာန်ပါနှင့် | ၁၅၃ |

www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၁။ | ဘိုးဘွားတို့ပေးသောဆု၊ ဂါရဝနိဝါတ | ၁၅၄ |
| ၁၁၂။ | ဘုန်းတန်ခိုးအရှိန်အဝါ | ၁၅၅ |
| ၁၁၃။ | ဆရာတော့်ဘုန်း မိုးမချုန်း | ၁၅၆ |
| ၁၁၄။ | ဒကာ ဒကာမများနှင့်ဆက်ဆံရေး | ၁၅၇ |
| ၁၁၅။ | တဦးပြီးမှ တဦး | ၁၅၈ |
| ၁၁၆။ | ဒါနကုသိုလ်များ | ၁၅၉ |
| ၁၁၇။ | လှူဖို့ဘဲ စိတ်ကူးနေတာ | ၁၆၂ |
| ၁၁၈။ | ဉာတကာနဥ္စသင်္ဂဟော | ၁၆၂ |
| ၁၁၉။ | မင်းတို့က ဆုတောင်းပြည့်ကြတယ် | ၁၆၃ |
| ၁၂၀။ | မွေးနေ့အလှူပွဲ သီးသန့်မလုပ်ပါ | ၁၆၄ |
| ၁၂၁။ | ဆရာတော်ဘုရားပြုသော ဒါနကုသိုလ်များ | ၁၆၅ |
| ၁၂၂။ | ကျောင်းနှစ်ပတ်လည် ဆွမ်းလောင်းပွဲ | ၁၆၅ |
| ၁၂၃။ | ကဆုန်လပြည့်နေ့ ပူဇော်ပွဲ | ၁၆၆ |
| ၁၂၄။ | စာရေးတံမဲ အလှူပွဲ | ၁၆၆ |
| ၁၂၅။ | သံဃာ ၅၀၀ ဆွမ်းကြီးလောင်းလှူပွဲ | ၁၆၇ |
| ၁၂၆။ | ဆွမ်းဆန်တော် လောင်းလှူပွဲ | ၁၆၇ |
| ၁၂၇။ | ရှင်ပြုအလှူပွဲ | ၁၆၈ |
| ၁၂၈။ | ဘိုးဘွားတို့အား ဂုဏ်ပြုလှူဒါန်းခြင်း | ၁၇၀ |
| ၁၂၉။ | အထွေထွေဒါန လှူဒါန်းရ | ၁၇၁ |
| ၁၃၀။ | ချမ်းမြေ့မေတ္တာဆေးခန်း | ၁၇၂ |
| ၁၃၁။ | ကျောက်ချောလမ်းနှင့် အပန်းဖြေဇရပ်အလှူ | ၁၇၃ |
| ၁၃၂။ | ပညာဒါန | ၁၇၃ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၃။ | သရဏဂုံဇရပ် လှူဒါန်းခြင်း | ၁၇၄ |
| ၁၃၄။ | သဘာဝဘေး သက်သာရေး | ၁၇၄ |
| ၁၃၅။ | ၂၀၀၈ ခုနှစ် လေဘေးအလှူ | ၁၇၄ |
| ၁၃၆။ | မူလတန်းကျောင်း နှစ်ကျောင်းအလှူ | ၁၇၅ |
| ၁၃၇။ | ၂၀၁၂ ခုနှစ် မီးဘေးသင့်အလှူ | ၁၇၆ |
| ၁၃၈။ | ၂၀၁၃ ခုနှစ် စစ်ဘေးရှောင်အလှူ။ ရေဘေးသင့်အလှူ | ၁၇၆ |
| ၁၃၉။ | တံတားဦး ရေဘေး | ၁၇၇ |
| ၁၄၀။ | ၂၀၁၅ ခုနှစ် မကွေးနှင့် ကလေးမြို့ရေဘေး အလှူ | ၁၇၇ |
| ၁၄၁။ | မော်တော်ယာဉ်အလှူ | ၁၇၇ |
| ၁၄၂။ | ၂၀၁၆ ခုနှစ် မီးဘေးသင့်အလှူ | ၁၇၈ |
| ၁၄၃။ | ထိုင်းမြန်မာ ကုသိုလ်ဖြစ်မျက်စိကုသရေးအဖွဲ့ | ၁၇၈ |
| ၁၄၄။ | မှော်ဘီချမ်းမြေ့ရိပ်သာရွှေးချယ်ပါ | ၁၇၉ |
| ၁၄၅။ | မျက်စိကုသရေး ဆေးခန်းဆောက်လုပ်ခြင်း | ၁၈၀ |
| ၁၄၆။ | မျက်စိ စမ်းသပ်စစ်ဆေးခြင်း | ၁၈၁ |
| ၁၄၇။ | ခွဲစိတ်ကုသခြင်း၊ | ၁၈၂ |
| ၁၄၈။ | ဤနည်းဖြင့် | ၁၈၃ |
| ၁၄၉။ | ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့၏ဒါနကုသိုလ် | ၁၈၄ |
| ၁၅၀။ | လာကြဦးမည်၊ လောလောလတ်လတ် နောက်ထပ်အလှူ | ၁၈၄ |
| ၁၅၁။ | စာအုပ်များ ရေးသားထုတ်ဝေခြင်း | ၁၈၆ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၂။ | စာအုပ်အညွှန်း | ၁၈၉ |
| ၁၅၃။ | ထေရုပ္ပတ္တိပုံပေါ်ရုံမျှ | ၁၉၈ |
| ၁၅၄။ | သက်တော် ၈၅ နှစ်မှစ၍ဘဝခရီးစဉ် | ၁၉၉ |
| ၁၅၅။ | တပည့်များ၏ ပထမအကြိမ်ပူဇော်ပွဲ | ၂၀၁ |
| ၁၅၆။ | ဩဝါဒဒေသနာတော် | ၂၀၃ |
| ၁၅၇။ | အပူဇော်ခံထိုက်သူ | ၂၀၃ |
| ၁၅၈။ | စပရင်းဖီးလ်၌ ဝါကပ် | ၂၀၆ |
| ၁၅၉။ | တပည့်များ၏ ဒုတိယအကြိမ်ပူဇော်ပွဲ | ၂၀၈ |
| ၁၆၀။ | သစ်ခေါင်းအတွင်း ကားဖြတ်မောင်းခြင်း | ၂၁၃ |
| ၁၆၁။ | လှိုဝှက် ဆန်းကြယ်နေရာ | ၂၁၄ |
| ၁၆၂။ | ကြွေထည်လုပ်ငန်း | ၂၁၆ |
| ၁၆၃။ | တပည့်များ၏ တတိယအကြိမ် ပူဇော်ပွဲ | ၂၁၇ |
| ၁၆၄။ | အလာစကာသို့ | ၂၂၁ |
| ၁၆၅။ | ၁၈ ထပ်သင်္ဘောကြီး | ၂၂၂ |
| ၁၆၆။ | ကက်ချီကန်မြို့ဆိပ်ကမ်း | ၂၂၃ |
| ၁၆၇။ | ဘီးတပ်ကုလားထိုင် လှူဒါန်းခြင်း | ၂၂၃ |
| ၁၆၈။ | ဂျူနော့မြို့ဆိပ်ကမ်း | ၂၂၄ |
| ၁၆၉။ | စကက်(ဂ်)ဝေးမြို့ဆိပ်ကမ်း | ၂၂၅ |
| ၁၇၀။ | ဝှစ်စတီးယားမြို့ဆိပ်ကမ်း | ၂၂၇ |
| ၁၇၁။ | အန်ကာရေ့ဂျ် (Anchorage)မြို့ | ၂၂၇ |
| ၁၇၂။ | မြောက်ဝင်ရိုးစွန်းအနီးမှ ဘယ်ရိုးမြို့ | ၂၂၈ |
| ၁၇၃။ | နော့သ်ပိုးလ် (North Pole) ၂ နေရာ | ၂၂၈ |
| ၁၇၄။ | နေ့သုံးလ ညနှစ်လ အရပ်ဒေသ | ၂၂၉ |
| ၁၇၅။ | အက်စကီမို လူမျိုးစုများ | ၂၃၀ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၆။ | အင်ညျူပိယက်တို့ ဒေသ | ၂၃၀ |
| ၁၇၇။ | ဝတ်စားဆင်ယင်ပုံ | ၂၃၁ |
| ၁၇၈။ | အစားအစာ | ၂၃၂ |
| ၁၇၉။ | မောင်းတိန်းဗျူးသို့ | ၂၃၃ |
| ၁၈၀။ | ဆီကွိုင်းယားတောသို့ | ၂၃၃ |
| ၁၈၁။ | ချမ်းမြေ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်ပွဲ | ၂၃၅ |
| ၁၈၂။ | အင်ဒီးယားနားနှင့် မီချီဂန်သို့ | ၂၃၆ |
| ၁၈၃။ | အိုင်ယာလန်နိုင်ငံသို့ | ၂၃၆ |
| ၁၈၄။ | ကျောင်းဖွင့်ပွဲ | ၂၃၇ |
| ၁၈၅။ | အိုင်ယာလန် တောင်ပိုင်းနှင့်မြောက်ပိုင်း | ၂၃၈ |
| ၁၈၆။ | အင်္ဂလိပ်အသံထွက် | ၂၄၂ |
| ၁၈၇။ | မဟာစည်ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက် | ၂၄၂ |
| ၁၈၈။ | လန်ဒန်ဘီဘီစီမှ အသံလွှင့်ချက် | ၂၄၃ |
| ၁၈၉။ | ဝက်စတန် အီလီနွိုက်တက္ကသိုလ် | ၂၄၆ |
| ၁၉၀။ | ဘုံကျော်ဆရာတော်တွေ့ရပုံ | ၂၄၇ |
| ၁၉၁။ | ဆွစ်ဇာလန်မှာ | ၂၄၈ |
| ၁၉၂။ | ဟဝိုင်ယီပြည်နယ်၊ ဟိုနိုလူလူမြို့ | ၂၄၉ |
| ၁၉၃။ | အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့ ဥတရားပွဲ | ၂၄၉ |
| ၁၉၄။ | ဝိုက်ကျွန်းတရားပွဲ | ၂၅၀ |
| ၁၉၅။ | ကနေဒီယန်ဘုန်းတော်ကြီး ပြောပြချက် | ၂၅၀ |
| ၁၉၆။ | နိဂုံး | ၂၅၁ |
| ၁၉၇။ | နောက်ဆက်တွဲ ဩဝါဒကထာများ | ၂၅၃ |


✤ ✤ ✤

www.dhammadownload.com

# ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

## ဒုတိယတွဲ

## နိဒါန်း

ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ပထမတွဲတွင် ဆရာတော်ဘုရားကြီး ဖွားမြင်တော်မူသည်မှစ၍ သက်တော်ငယ်ရွယ်စဉ် ပညာသင်ယူပုံ၊ တရားဟော တရားပြပုံ၊ ပြည်တွင်းပြည်ပ သာသနာပြုပုံများကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအထိ အတော်အသင့်ပြည့်စုံအောင် ဖော်ပြခဲ့ပါသည်။

### ပူဇော်လိုသောဆန္ဒ

ကျွန်မသည် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ပူဇော်လိုသော ဆန္ဒပြင်းပြသောကြောင့်သာ ရေးသားရပါသော်လည်း ဆရာတော်ဘုရားကြီး၏ အကျင့်သိက္ခာနှင့် စိတ်နေစိတ်ထား၊ ဆရာတော်ဘုရားကြီး၏ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ

www.dhammadownload.com



အားလုံးကို ရုပ်လုံးပေါ်အောင် ရေးဖို့ဆိုသည်မှာ ကျွန်မ တဦးတည်းနှင့် မစွမ်းဆောင်နိုင်ပါ။ စာပေဖြင့်ပြည့်စုံအောင် ပုံဖော်ဖို့လည်း မလွယ်သောကိစ္စ ဖြစ်ပါသည်။

## ဝိုင်းဝန်းပုံဖော်ပေးကြပါသည်

မိမိသိသမျှ မြင်ဘူးသမျှ တွေ့သမျှ ဆရာတော်ဘုရားကြီး အကြောင်းကို ရေးသားရုံမျှဖြင့် မပြည့်စုံနိုင်ပါ။ ထို့ကြောင့် ဆရာတော် ဘုရားကြီးအကြောင်း ကောင်းကောင်းသိကျွမ်းသူများကို မေးမြန်း၍ အချက်အလက်များ စုဆောင်းရပါသည်။

ရှင်လူအများ လေးစားကြည်ညိုသော ဆရာတော်ဘုရားကြီး နှင့် ပတ်သက်၍ အများမသိကြသေးသော ဆရာတော်ဘုရားကြီး၏ စိတ်နေစိတ်ထား၊ မေတ္တာတရား၊ စေတနာများနှင့် သာသနာအကျိုး လောကအကျိုး သယ်ပိုးရွက်ဆောင်မှုတို့ကို တတ်နိုင်သမျှ ပြည့်စုံအောင် ဖော်ပြနိုင်ရန် ကြိုးစား၍ အချက်အလက်များ စုဆောင်း ရပါသည်။ သွားလေရာ အသံသွင်းစက်နှင့် မှတ်စုစာအုပ် အမြဲပါရ ပါသည်။ ဆရာတော်ဘုရားကြီး၏ မွေးရပ်မြေသို့လည်းကောင်း၊ ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးကျွမ်းဝင်စွာ အတူသီတင်းသုံးဖူးကြ သော သံဃာတော်အရှင်မြတ်များ၏ ကျောင်းတိုက်များသို့ လည်းကောင်း သွားရောက်၍ ဆရာတော်ဘုရားကြီး၏ သက်တော် ငယ်စဉ်ဘဝနှင့်ပတ်သက်သော အချက်အလက်များ ရနိုင်မည့် ဆရာတော်၊ သံဃာတော်များ၊ ရှင်လူအများထံ ချဉ်းကပ် စုံစမ်း မေးမြန်းရပါသည်။ တချို့ဆရာတော်များက နှုတ်ဖြင့် အမိန့်ရှိသလို တချို့ဆရာတော်များက စာဖြင့် ဆရာတော်ဘုရားကြီး၏ စာပေမှာ

www.dhammadownload.com



ထူးချွန်ထက်မြက်ပုံ၊ ဉာဏ်ပညာကြီးမားပုံ၊ အကျင့်သိက္ခာ ကြီးမြတ်ပုံ၊ ဝိနည်းလေးစားပုံ၊ တပည့်များကို စောင့်ရှောက်ပုံ စသည်တို့ကို ရေးသားပေးကြပါသည်။ ထိုသို့ စုဆောင်းပြီးမှ ဆရာတော်ဘုရား၏ ဘဝဖြစ်စဉ်ကို အရှိအတိုင်း ပုံပေါ်စေမည့် အချက်အလက်တို့ကို ရွေးချယ်ပြီးလျှင် စာမူကြမ်းဖြစ်အောင် ပြုပြင်စီစဉ် ဖန်တီးရပါသည်။ မိမိစွမ်းနိုင်သမျှ စီစဉ်ရေးသားထားသော စာမူကြမ်းကို ဆရာတော်ဘုရားထံ ဆက်ကပ်ရပါသည်။

## မရေးလျှင် ရှောင်ရာရောက်

ဆရာတော်ဘုရားကြီးထံ စာမူကြမ်းများကို ဆက်ကပ်သောအခါ ကြွားဝါသောသဘော သက်ရောက်သည့် အရေးအသားမျိုးကို မရေးမိဖို့ အမိန့်ရှိပါသည်။ ပုဇွန်တောင် ရွှေကျင်ကျောင်း ဆရာတော် ဦးခေမာစာရက "မရှိကို ရေးတော့ လှော်ရာ ရောက်သည်၊ အရှိကို မရေးတော့ ရှောင်ရာရောက်သည်" ဟု အမိန့်ရှိပါသည်။ ကျွန်မသည် ရှောင်သူတယောက် မဖြစ်လိုပါ။ ထို့ကြောင့် အရှိကို အရှိအတိုင်း ရေးသားရပါသည်။

## ကြည်ညိုသဒ္ဓါ တိုးပွားစေရန်

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကိုပြုစုရန် တာဝန်ယူစဉ်က ကြီးလေးသော တာဝန်တခု ဖြစ်သည်ကို သဘောပေါက်ပါသည်။ မှားယွင်းချွတ်ချော်မှုရှိပါက အဂါရဝဖြစ်မည်ကိုလည်း စိုးရိမ်မိပါသည်။

ဆရာတော်ဘုရားကြီး၏ အများမသိကြသေးသော ဂုဏ်ရည်

www.dhammadownload.com



များကို ရှင်လူအများ သိကြလျှင် ပိုမိုသဒ္ဓါတရား ဖြစ်ပွားနိုင်ပါ၍ ကုသိုလ်တရားများ တိုးပွားကြမည်မှာ ဧကန်ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးကို အတုယူကာ ကျင့်သုံးသူ ရှင်လူအများ ကောင်းကျိုး ပွားကြပါမည်။ ဆရာတော်ဘုရားကြီးကဲ့သို့ သီလ၊ သုတ၊ စာဂ စွယ်စုံပြည့်ဝသော ရဟန်းတော်များ များများ ပေါ်ထွက်လာလျှင် သာသနာတော်ကြီး အစွန့်ရှည်ကြာ တည်တံ့၍ စည်ပင်ပြန့်ပွားပေလိမ့်မည်ဟု မျှော်မှန်းလျက် ဤထေရုပ္ပတ္တိ ဒုတိယတွဲကို အားခဲ၍ ရေးသားရပါသည်။

ဤဒုတိယတွဲ၌ ဆရာတော်ဘုရားကြီး၏ အနေအထိုင်၊ အပြောအဆို၊ စိတ်နေစိတ်ထား၊ အကျင့်သိက္ခာ၊ သီတင်းသုံးဖော်များနှင့် ဆက်ဆံပုံ၊ တပည့်များ ဒကာ ဒကာမများနှင့် ဆက်ဆံပုံ၊ တပည့်များကို စောင့်ရှောက်ပုံ၊ ဆုံးမသွန်သင်ပုံ၊ နည်းပေးလမ်းပြပုံ၊ ဒါနစေတနာထက်သန်၍ အလှူအတန်း ဝါသနာပါပုံစသည်တို့ကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စွမ်းနိုင်သမျှ ရှာဖွေစုဆောင်း၍ ဖော်ပြထားပါသည်။

## ကျေးဇူးကြီးလှပါသည်

ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်များပြားစွာ ရှိပါသော်လည်း ရှိသမျှဂုဏ်များကို အကုန်အစင် မသိနိုင်ပါ။ ကျွန်မသိသမျှ အနည်းငယ်ကိုသာ ဖော်ပြရေးသားရခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံဖူးကြသော ဆရာတော်သံဃာတော်များ၊ ဆည်းကပ်ကြသောတပည့်ဒကာ ဒကာမများက ဆရာတော်ဘုရားကြီး၏အကျင့်သိက္ခာ၊ အနေအထိုင်၊ စိတ်နေ

www.dhammadownload.com



စိတ်ထား စသည်တို့ကိုလည်းကောင်း၊ သာသနာ့တာဝန်ထမ်းဆောင်ပုံကိုလည်းကောင်း ဝိုင်းဝန်းပုံဖော်ပေးကြသဖြင့် ကျေးဇူး အထူးတင်ရပါသည်။

## တိကျမှန်ကန်ဘို့ အရေးကြီးပါသည်

ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်များကို ရေးမည်ဟုစဉ်းစားတိုင်း ရေးစရာများ ပို၍ပို၍ များလာသည်ကို တွေ့ရပါသည်။ လေးနက်မြင့်မြတ်သော ဂုဏ်ရည်များကို ရေးသားရာတွင် ရေးသားပုံနေရာမကျလျှင် ဂုဏ်မရောက်ဘဲ ဂုဏ်ပျောက်မည်ကို စိုးရိမ်မိပါသည်။ ပူဇော်လိုသောကြောင့်သာ ရေးသားရခြင်းဖြစ်၍ အမှားနည်းစေရန် ဆရာတော်ဘုရားကြီးနှင့် အနီးကပ်နေလာကြသော တပည့်ကြီးများကို မေးရမြန်းရ အချက်အလက် စုဆောင်းရပါသည်။ အချက်အလက်များ တိကျမှန်ကန်စေရန် ဆရာတော်ဘုရားထံ တင်ပြအတည်ပြုချက် ယူရပါသည်။

ဆရာတော်ဘုရားကြီးကလည်း ပထမတွဲမှာကဲ့သို့ပင် မှားလျှင်ပြင်၊ လိုလျှင်စွက်၊ ပိုလျှင်ဖျက်ကာ တည်းဖြတ်ပေးတော်မူပါသည်။ ပထမတွဲစာအုပ် ဖတ်ပျော်မှတ်ပျော် ရှိသည်မှာလည်း ဆရာတော်ဘုရားကြီး အပင်ပန်းခံ၍ တည်းဖြတ်ပေးမှုကြောင့် ဖြစ်ပါသည်။ ကျွန်မ ပထမဦးဆုံး ရေးသားသော စာအုပ်ဖြစ်၍ အမှားအယွင်းမရှိစေရန် ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှုကို ဂရုမပြုဘဲ တည်းဖြတ်ပေးတော်မူသည်မှာ တပည့်အပေါ်၌ ထားသော ဆရာသမား၏ မေတ္တာ ကရုဏာကြီးမားမှုပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ကျေးဇူးကားကြီးမားလှပါသည်။

www.dhammadownload.com



ဤထေရုပ္ပတ္တိဒုတိယတွဲစာအုပ်ကို ကျွန်မ မည်မျှပင် သတိထား ကြိုးစား၍ ရေးသားစေကာမူ ချွတ်ချော်တိမ်းပါးမှု ရှိကောင်း ရှိနိုင်ပါသည်။ ချွတ်ချော်တိမ်းပါးမှု တစုံတရာတွေ့ရှိပါက ကျွန်မထံ စာရေး၍ ပြုပြင်ပေးလျှင် ကျေးဇူးအထူးပင်တင်ရှိပါကြောင်းကိုလည်း ဖော်ပြအပ်ပါသည်။

**ဒေါက်တာအေးအေးမြင့်**

ပါမောက္ခ (ဌာနမှူး) (ငြိမ်း)

ဓာတုဗေဒဌာန

ဒဂုံတက္ကသိုလ်

✤ ✤ ✤

www.dhammadownload.com

# ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

## ဒုတိယတွဲ

### ဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝ သိရသမျှ

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးသားရာတွင် ဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝ အကြောင်းအရာများ ပါဝင်ပါမှ ထေရုပ္ပတ္တိပြည့်စုံမည်ဟု ယူဆပါသည်။ ထို့ကြောင့်ကျွန်မသည်ဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝ အကြောင်းအရာများကို ဖြစ်နိုင်သမျှသိရအောင် ကြိုးစားရပါသည်။ ကြိုးစားသည့်အလျောက် အတော်အသင့်ပြည့်စုံသော အချက်အလက်များကို ရရှိ၍ အားရ ကျေနပ်မိပါသည်။

ကျွန်မသည် ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ဆရာတော်ဘုရားကြီး၏ ဇာတိရပ်ရွာဖြစ်သော တောင်တွင်းကြီးမြို့ ပျဉ်းမရွာသို့ အများနှင့်အတူ သွားရောက်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ပျဉ်းမရွာ၌ နှစ်စဉ်နှစ်တိုင်း တပို့တွဲလပြည့် ပတ်ဝန်းကျင်တွင် သံဃာအပါး ၂၀၀ ဆွမ်းဆန်စိမ်းလောင်းပွဲနှင့် ရှင်မပြုရသေးသော ကလေးများကို ရှင်ပြုပေးသည့်

www.dhammadownload.com



ကုသိုလ်ပွဲ ကျင်းပမြဲ ဖြစ်ပါသည်။ နှစ်စဉ် အနည်းဆုံး ကလေး ၁၅ ယောက်၊ အများဆုံး ကလေး ၁၁၀အထိ ရှင်ပြုပေးရပါသည်။ ဘိုးဘွားများကို ပူဇော်သည့် သက်ကြီးပူဇော်ပွဲလည်း ပါဝင်ပါသည်။ ကျွန်မသည် ထိုကုသိုလ်ပွဲများသို့ အများနှင့်အတူ ကုသိုလ်ယူရန် သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။ နောက်တကြောင်းကလည်း ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိနှင့် ပတ်သက်၍ အချက်အလက်များ စုဆောင်းရန်လည်း ဖြစ်ပါသည်။ ပျဉ်းမနားရှိ ငယ်စဉ်က ဆရာတော်ဘုရားကို ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သူ အဘိုးအဘွား၊ ဆွေမျိုးများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အသက် ၈၁-နှစ်ရှိ အဘ ဦးဖိုးချိုက အောက်ပါအတိုင်းပြောပြပါသည်။

"အဘက ဆရာတော်ဘုရားနှင့် ငယ်စဉ်က အရှေ့ဘက်အိမ်၊ အနောက်ဘက်အိမ် နေကြပါတယ်။ ဆရာတော်က ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါတယ်။ စာပဲဖတ်နေတာ။ ဆော့နေတာတွေ ဝါသနာမပါဘူး။ အဘက မောင်ငယ်နဲ့ မောင်ဋ္ဌေးဝင်းနဲ့ပဲ ဆော့တာ။ ဆရာတော်က မဟုတ်တာပြောရင် အပြောမခံဘူး။ ငေါက်တယ်၊ လက်မခံဘူး။ အဘတို့က ကလေးဆိုတော့ တောပြော၊ တောင်ပြော ပြောကြတာ။ သီချင်းကိုလည်း တောဆိုတောင်ဆို ဆိုကြတယ်။ ငယ်ငယ်တုန်းက အဘက ဒီလို သီချင်းဆိုတယ်။

**ပျင်းလိုက်ပါဘိ တလိမ်လိမ်၊**
**ခွေးမလေး တိုင်လယ်ချည်လို့**
**မောင်ဖက်ကာနမ်း။**
**ကိုက်လိုက်ပါဘိ မောင့်နှုတ်ခမ်း၊**
**သွေးငေါက်ငေါက်ပန်း။**

www.dhammadownload.com



ငယ်ငယ်တုန်းက အဘာဆိုတဲ့ သီချင်းကို ဆရာတော်က မမေ့ဘူး။ အင်မတန်ဉာဏ်ကောင်းတာ၊ ကလေးတုန်းက သူများ ဆိုတာကြားလို့ မှတ်ထားပြီး လိုက်ဆိုတာ၊ ဆရာတော်ဘုရားက အဲဒါကို ခုထိ မှတ်မိတုန်း” ဟု ပြောပြပါသည်။

အသက် ၁၀၀-ရှိတဲ့ အဘဦးစံခေါင်းကို တွေ့ဆုံရာတွင် အဘဦးစံခေါင်းက အောက်ပါအတိုင်း ပြောပြပါသည်။

“ဆရာတော့် ခမည်းတော် ဦးဖြူမင်းက စာတော်တော် တတ်တယ်။ ဒီရွာမှာ စာများများဖတ်တာ ကျုပ်အဖေနဲ့ ဆရာတော့် ခမည်းတော် နှစ်ယောက်ပဲ ရှိတယ်။ နာမည်ကြီးတွေပေါ့။ အိမ်မှာ စာအုပ်တွေလည်း အတော်စုဆောင်းထားတယ်။”

ဆရာတော်ဘုရားသည် ငယ်စဉ်ကတည်းက စာအုပ်တွေ ကြားမှာ ကြီးပြင်းလာသောကြောင့်လည်းကောင်း၊ အဖွားနှင့် ခမည်း တော်က စာတတ်ပေတတ်ဖြစ်သောကြောင့်လည်းကောင်း စာဖတ် ဝါသနာကြီးပုံရပါသည်။

အသက် ၈၆-နှစ်ရှိသော ဦးပုညကလည်း အောက်ပါအတိုင်း ပြောပြပါသည်။

“ဆရာတော်ကြီးက ငယ်ငယ်တုန်းက သိပ်မကစားဘူး။ စာပဲကြည့်နေတာ၊ နေမကောင်းလို့ ကိုရင်ဘဝက လူထွက်ရပြီး နေကောင်းတော့ ကိုရင်ပြန်မဝတ်သေးဘဲ မိဘတွေကို လယ်တော့ တနှစ်လုပ်ကျွေးတယ်။ လယ်လုပ်ရင်းလဲ စာပဲကြည့်နေတာပဲ။ တမိုးတွင်းလုံး လယ်လုပ်တယ်။ ပေါ့တော့တော့မဟုတ်ဘူး။ ကျကျနန လယ်လုပ်တာ။ ဘာမှနားမလည်တာ မရှိဘူး။ ထွန်တတ်တယ်၊ ပျိုးနုတ်

www.dhammadownload.com



တတ် ကောက်ရိတ်တတ်တယ်၊ လယ်က ရွာအနောက်က ဟိုထန်းတောအထိ ရှိတယ်။ ငယ်ငယ်က သူ့မူလတန်းဆရာကို ကိုယ်တိုင် လယ်လုပ်ပြီး လယ်ကထွက်တာကို လှည်းနဲ့တင်ပြီး ဟိုဆတ်သွားနားက ကုန်းသာဆိုတဲ့ရွာကို သွားကန်တော့တာ အဲလို ဆရာ့ကျေးဇူးကိုလည်း ငယ်ငယ်ကတည်းက သိတတ်တယ်" ဟု ပြောပြပါသည်။

အောင်သုခရွာမှာနေတဲ့ အသက်၈၁-နှစ်ရှိ ဦးထွန်းလွင်က "ဆရာတော်ငယ်ငယ်က မန္တလေး စာသွားသင်ရင်း မကျန်းမာလို့ ပြန်လာတော့ ဗိမာန်ကျောင်းရဲ့ အရှေ့မြောက်ထောင့်က ဦးကြာမှန်ကျောင်းကြီးမှာ သီတင်းသုံးတယ်။ အဘနဲ့ ဦးမွေးဝင်းက အဲဒီတုန်းက ကျောင်းသားတွေပေါ့။ အဘတို့နှစ်ယောက်က ကုတင်ခြေရင်းမှာ အိပ်ရင်း ဝတ်ကြီးဝတ်ငယ်ပြုစုရတာပေါ့။ ဆရာတော့်ဆီမှာ ယခင်က သဒ္ဒါတဝါတက်ခဲ့တယ်။ ဆရာတော်က ဗိမာန်မှာ တနှစ်လောက် သီတင်းသုံးတယ်။ ဆရာတော်က စာသိပ်ကျက်တာ မဟုတ်ဘူး။ ကြည့်ရုံနဲ့ ရသွားတာ၊ လူတိုင်း ကြည့်ရုံနဲ့မရဘူး။ အသေအလဲ ကျက်ယူရတာ။ ဆရာတော်က စာလည်းကြည့်၊ စာလည်း ချပေးတယ်။ ကျန်းမာရေး မကောင်းပေမယ့် လှဲတော့ မနေပါဘူး။ ကိုရင်တွေ တင်မကဘူး ဦးပဉ္စင်းငယ်တွေလဲ စာချပေးတယ်။ ဆရာတော်ဘုရား ကိုယ်တိုင် ဣန္ဒြေကောင်း၊ စည်းကမ်းကောင်းတော့ တပည့်တွေလည်း စည်းကမ်းကောင်းရတယ်။

ဆရာတော်က ရယ်စရာစကား၊ ပျက်လုံးစကား မပြောဘူး။ သမ္ဖပ္ပလာပဝါစာစကား ဘယ်တော့မှ မပြောဘူး။သူတို့သူငယ်ချင်းတွေ ဆုံမိရင်လည်း မပြောဘူး။ ကိုယ်တိုင်လည်း မပြောသလို သူများပြောရင်လည်း မကြိုက်ဘူး။ ဆရာတော်က ဘောလုံးပွဲတို့၊ ဇာတ်ပွဲတို့

www.dhammadownload.com



မသွားဘူး။ ဗိမာန်ကျောင်းကပွဲခိုးကြည့်ရင် နှင်တယ်။ ဒို့က တခါ တခါ ပွဲခိုးကြည့်ချင်သေးတယ်” ဟု ပြောပြပါသည်။

## ဥပမိသမ္ပတ္တိ

လောက၌ လူများမှာ စိတ်ထားဖြူစင် ဖြောင့်မတ်ဖို့ လိုအပ်သလို ဥပမိရုပ်နှင့် ပြည့်စုံဖို့လည်း အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတို့၏ ဥပမိရုပ်သည် ထိုသူ၏ အကျင့်သိက္ခာ စိတ်နေစိတ်ထားကို ဖော်ဆောင်လေ့ရှိသောကြောင့် ဖြစ်ပါသည်။ လူတယောက်ကိုတွေ့လျှင် သူ၏ ဥပမိရုပ်ကိုကြည့်၍ သူ၏ အကျင့်သိက္ခာ စိတ်နေစိတ်ထားကို အကဲခတ်လေ့ရှိကြပါသည်။ ဤသို့ ဥပမိရုပ်ကို ကြည့်၍ အကျင့်သိက္ခာ စိတ်နေစိတ်ထားကို အကဲဖြတ်ခြင်းသည် အထိုက်အလျောက်မှန်ကန်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဆရာတော်ဘုရား၏အကြောင်းကို ရေးသားလျှင် ဥပမိရုပ်ကိုလည်း ဖော်ပြဘို့လိုအပ်သည်ဟု ထင်ပါသည်။

ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဥပမိရုပ်နှင့်ပတ်သက်၍ လယ်ဝေးချမ်းမြေ့ရိပ်သာဆရာတော် ဦးဘဒ္ဒိယက ဤသို့ပြောပြပါသည်။

“ချမ်းမြေ့ဆရာတော်ဘုရားကြီးသည် အနေအထိုင် အမူအရာ တည်ကြည်ငြိမ်သက် ငြိမ်းအေး၍ အမြဲတစေ မျက်နှာတော် ကြည်လင်နေသဖြင့် ကြည်ညိုဖွယ်ကို ဆောင်ပါတယ်။ သင်္ကန်း ဝတ်ရုံရာမှာလည်း ညီညီညာညာ သပ်သပ်ရပ်ရပ် သိပ်သိပ် သည်းသည်း ကျစ်ကျစ်လျစ်လျစ် အမြဲဝတ်လေ့ရှိပါတယ်။ စကားကို

www.dhammadownload.com



လည်း ဖြည်းဖြည်းအေးအေးပဲ ပြောလေ့ရှိပါတယ်။ မည်သည့်အခါမျှ ကျယ်ကျယ်လောင်လောင် ပြောဆိုသည်ကို မတွေ့ရပါ။ ဒါကြောင့် ကြည်ညိုဖွယ်ရာ ဥပမိရုပ်နှင့် ပြည့်စုံတယ်လို့ ဆိုရမည်ထင်ပါတယ်။

"ဥပမိသမ္ပတ္တိအနေနဲ့ကြည့်ရင် ဆရာတော်ဘုရားကြီးသည် လက်တော်တွေ လည်ဂုတ်တော်တွေ ပြည့်တင်းတဲ့ ဥပမိသမ္ပတ္တိ ရှိပါတယ်။ အဲဒီလိုလက္ခဏာတွေက သူတော်ကောင်းတွေမှာရှိတဲ့ လက္ခဏာတွေပေါ့။ ခြေဖဝါးတွေကလဲ ပြည့်နေတယ်။ သူများတွေလို ခြေဖဝါးအလယ်က ခွက်မနေ ချိုင့်မနေဘူး။ လက်ဖမိုးတွေကလဲ ပြည့်နေတယ်။ ဒါတွေဟာ သမာဓိရှိတဲ့ပုဂ္ဂိုလ်တွေ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ရှိတတ်ကြတဲ့ လက္ခဏာတွေပေါ့။ ဦးပဇင်း တို့ လောကီစာအုပ်တွေ ဖတ်ရှုလေ့လာတဲ့အခါ တွေ့ရတာက လက် ခြေတွေပြည့်နေတာ၊ လည်ဂုတ်တွေ ပြည့်နေတာ အဲဒါတွေဟာ သူတော်ကောင်းလက္ခဏာတွေလို့ ဆိုပါတယ်။ ခြေဖဝါးတွေ သိပ်ခွက်နေတဲ့ပုဂ္ဂိုလ်ဆိုရင် စာအုပ်တွေမှာ ဖော်ပြထားတဲ့ အင်္ဂဝိဇ္ဇာ နည်းအရ စိတ်မတည်ငြိမ်ဘူးပေါ့။ ဆရာတော်ကြီးရဲ့ ခြေထောက် ကျတော့ ခြေဖဝါးတွေက ပြည့်နေတယ်။ ဒါကြောင့် ဆရာတော်ကြီးရဲ့ ခြေဖဝါးက ဥပမိသမ္ပတ္တိနဲ့ ပြည့်စုံတဲ့ လက္ခဏာရှိတယ်လို့ ဆိုရမှာပေါ့။ ဆရာတော်ဘုရားဟာ စိတ်တည်ငြိမ်တဲ့ တကယ့် သူတော်ကောင်း ပုဂ္ဂိုလ်ပါပဲ။

"ဆရာတော်ကြီးက အရာရာမှာ တည်တည်ငြိမ်ငြိမ်အေးအေး ဆေးဆေး ပြောဆိုတယ်။ ဆုံးဖြတ်စရာရှိရင်လဲ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနဲ့ပဲ ဆုံးဖြတ်ပေးလိုက်တယ်။ အလျင်စလို အရေးတကြီး ဆုံးဖြတ်လေ့မရှိဘူး။ လုပ်စရာရှိတာကို တည်တည်

www.dhammadownload.com



ငြိမ်ငြိမ်နဲ့ လုပ်ဆောင်တယ်။ ညွှန်ကြားစရာရှိရင်လည်း တည်တည် ငြိမ်ငြိမ် အေးအေးဆေးဆေးနဲ့ပဲ ညွှန်ကြားတယ်။ အဲဒါတွေဟာ ပညာရှိသူတော်ကောင်းတွေမှာမှရှိတဲ့ လက္ခဏာတွေဘဲ။ ဒါကြောင့် ဆရာတော်ဘုရားကြီးဟာ ဥပမိသမ္ပတ္တိနဲ့ ပြည့်စုံပြီး သူတော်ကောင်း လက္ခဏာရှိကြောင်း သိနိုင်ပါတယ်" ဟု ဆရာတော် ဦးဘဒ္ဒိယက ပြောပြပါသည်။

## အနေအထိုင်အပြောအဆို

ဆရာတော်ဘုရားကြီးသည် ဣန္ဒြေသိက္ခာနှင့် တည်ကြည်ငြိမ် သက်စွာ အေးအေးဆေးဆေး နေလေ့ရှိပါသည်။ အများနှင့် ရောရောနှောနှောနေသည်ကို မတွေ့ရပါ။ သို့သော်လည်း တစုံ တယောက်နှင့် တွေ့လိုက်လျှင်တော့ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် နှင့် ဖော်ဖော်ရွေရွေ ဆက်ဆံပြောဆိုပါသည်။ စကားပြောလျှင်လည်း တည်တည်ငြိမ်ငြိမ် ဖြေးဖြေးအေးအေး ပြောဆိုတတ်ပါသည်။ စကား လည်း နည်းပါသည်။ သို့သော်လည်း လိုအပ်လျှင်တော့ စကားကို ပွင့်ပွင့်လင်းလင်း တိတိကျကျ ပြတ်ပြတ်သားသား အကျိုးသင့် အကြောင်းသင့် သေသေချာချာ ရှင်းလင်းပြောပြလေ့ရှိပါသည်။ ကြမ်းတမ်းသောစကားကို ပြောဆိုသည်ကို မတွေ့ရဖူးပါ။ မျက်နှာ အမူအရာမပါဘဲ တည်ကြည်ငြိမ်သက်စွာ ပြောလေ့ရှိပါသည်။ လက်ဟန် ခြေဟန်တွေလည်း လုံးဝလောက်နီးပါး မပါဘဲ ငြိမ်ငြိမ် သက်သက် ပြောဆိုလေ့ရှိပါသည်။ စကားကို အလျင်စလို ကျယ်ကျယ်လောင်လောင် ပြောသည်ကို မကြားရဖူးပါ။ ဣန္ဒြေသိက္ခာ တည်ကြည်ငြိမ်းအေးသလို စကားအသံကလည်း တည်ကြည်

www.dhammadownload.com



ငြိမ်းအေးပါသည်။ စကားအသံထဲတွင် မေတ္တာဓာတ် ပါသည်ဟု ပြောရမည်ထင်ပါသည်။ ဒါကြောင့် တချို့ပုဂ္ဂိုလ်များက ဆရာတော်ကို ဖူးလိုက်ရလျှင် စိတ်ထဲမှာအေးချမ်းသွားသည်ဟု ပြောကြပါသည်။ စကားပြောသံကို ကြားရလျှင်လည်း စိတ်ချမ်းသာ သွားသည်ဟု ပြောကြပါသည်။

ချမ်းမြေ့ရိပ်သာမှ ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသက "ချမ်းမြေ့ဆရာတော်က အလုပ်ကို အဆက်မပြတ်လုပ်တယ်။ အလုပ်ကို အဆက်မပြတ်လုပ်တော့ ကိလေသာ ဖြစ်ချိန် နည်းသွားတယ်။ ရှေ့အလုပ်နဲ့ နောက်အလုပ်၊ အလုပ်ချင်းဆက်စပ်အောင် လုပ်တတ်တဲ့ အလေ့အထရှိတယ်။ အလုပ်အားရင် စာပဲကြည့်နေတာ၊ စကားပြောပြီး အချိန်ဖြုန်းနေတာ မရှိဘူး။ အဲဒီအလေ့အထတွေ ရှိတဲ့အခါကျတော့ ကိလေသာ ကြားခိုဖို့ ခက်ခဲသွားတယ်" ဟု ပြောပြပါသည်။

အသက် ၉၁ နှစ်ရှိသော မင်းလှရိပ်သာ ဆရာတော်ဘုရားကြီး က ချမ်းမြေ့ဆရာတော်ဟာ အများနှင့်ဆက်ဆံလျှင် မှန်မှန်ပဲ ဆက်ဆံတတ်ကြောင်း၊ သူ့ဘာသာ အေးအေးပဲ နေတတ်ကြောင်း၊ ဘယ်သူနှင့်မျှ ဖက်လှဲတကင်း ရောရောနှောနှောနေတာကို မတွေ့ ရဖူးကြောင်း မိန့်ပါသည်။ ပြီးတော့ ဆရာတော်ကြီးက "အဲဒါ သူ့မူပဲ။ အကြောင်းမသိရင်တော့ မာနရှိတယ်လို့ ထင်ရတယ်။ အနီးကပ် ဆက်ဆံကြည့်မှ သူ့အကြောင်းကောင်းကောင်းသိရတယ်။ သူနေတာ ထိုင်တာက ငယ်ငယ်လေးကတည်းက က္ကန္ဒြေရ အချိုးကျတယ်"ဟု မိန့်ပါသည်။

www.dhammadownload.com



ချမ်းမြေ့ဆရာတော်ဘုရားကြီး စာသင်သားဘဝတုန်းက သီတင်းသုံးဖော် ရဟန်းတော်များက "ဦးဇနကကတော့ ညအခါ အိပ်ရာဝင်ကတည်းက ဝတ်ရုံထားတဲ့ သင်္ကန်းအဝတ်အရုံဟာ မနက် အိပ်ရာမှနိုးတဲ့အချိန်အထိ မပျက်ဘဲနိုးလာတယ်။ တဘက်ကို စောင်း အိပ်ရင်လဲ စောင်းအိပ်တဲ့အတိုင်းပဲ နိုးလာတာပဲ"ဟု ပြောကြသည် ကို ကျွန်မငယ်စဉ်က သိရ မှတ်သားရဖူးပါသည်။

ဆရာတော်ဘုရားကြီးသည် နိုးနေစဉ်၌ ကိုယ်နှုတ်စိတ်တို့ကို အစဉ်အမြဲ အမှတ်သတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားသော ကြောင့် ကျိန်းနေသောအခါ၌လည်း တည်ငြိမ်မှုရှိနေသည်မှာ ထင်ရှားပါသည်။ ကျွန်မငယ်စဉ်က တရားအားထုတ်ပြီး ပြန်ခါနီးတွင် ဆရာတော်ဘုရားအား ကန်တော့ရာ ဆရာတော်ဘုရားကြီးက "တရားကို တနှစ်တခါ အနည်းဆုံး တလလောက် အားထုတ်ပါ။ နေ့စဉ်လဲ အချိန်သတ်မှတ်ပြီး တရားတထိုင်နှစ်ထိုင် ထိုင်ဖြစ်အောင် ထိုင်ပါ။ နေ့စဉ်အိမ်မှုကိစ္စတွေပြုလုပ်စဉ်မှာလဲ စွမ်းနိုင်သမျှ အမှတ်သတိရှိပါစေ။ သတိကောင်းသူဟာ စာဖတ်နေစဉ် စာရေး နေစဉ်မှာရော စကားပြောနေစဉ်မှာပါ သတိကပ်သလောက်ကပ်ထား နိုင်တယ်"လို့ ဆုံးမစကား မိန့်ကြားပါသည်။ ဆရာတော် ဘုရား၏ ဆုံးမစကား မှန်ကန်ကြောင်း နောင်အခါတွင် ကိုယ်တွေ့ကြုံရပါသည်။

မုံရွာမြို့ အသောကာရုံဆရာတော်ဘုရားကြီးကလည်း "ချမ်းမြေ့က အင်မတန်အနေအထိုင် သိပ်သည်းကျစ်လျစ်တယ်။ ကန္ဒြေသိက္ခာအလွန်ကြီးတယ်။ တခါက သူနဲ့အတူ ရှမ်းပြည်နယ် ဘက်သွားကြတော့ ရေပူစမ်းတခုမှာ ရေချိုးကြတယ်။ ရေချိုးခန်း လေးနဲ့ပါပဲ။ အဲဒီမှာ ဒို့က ရေသနုပ်သင်းပိုင်ဝတ်ပြီး ရေချိုးလိုက်တယ်။

www.dhammadownload.com



ချမ်းမြေ့ကတော့ ရေသနုပ်သင်းပိုင်နဲ့တင် မဟုတ်ဘူး၊ အသောက ကိုယ်ပတ်ပေးစမ်းပါလို့ တောင်းပြီးတော့ အပေါ်ပိုင်းကို ကိုယ်ပတ်နဲ့ ပတ်ပြီးမှရေချိုးတယ်၊ အဲဒါ ရေချိုးခန်းထဲမှာဘဲ၊ သူက အဲလို ဣန္ဒြေသိပ်ကြီးတာ"လို့ မိန့်ကြားသည်ကို မှတ်သားရပါသည်။

တောင်တွင်းကြီးမြို့ ဆတ်သွားဘုံကျော်ဆရာတော်ကလည်း "ချမ်းမြေ့ဆရာတော်က ငယ်ငယ်ကတည်းက ဣန္ဒြေသိက္ခာရှိတာ၊ မူလတန်းကျောင်းမှာ ကျောင်းဆရာက ကာယလေ့ကျင့်ခန်း အချိန် မယ် အားကစားလေ့ကျင့်ဖို့ ကျောင်းသားတွေကို ခါးတောင်းကျိုက် ခိုင်းသတဲ့၊ တခြားကျောင်းသားတွေကတော့ ခါးတောင်းကျိုက်ကြတာ ပေါ့။ ချမ်းမြေ့ဆရာတော်လောင်းလျာ ကျောင်းသားငယ်က "ဆရာ၊ ကျွန်တော် ခါးတောင်းမကျိုက်ပါရစေနဲ့ သူများဖြစ်သလို ဖြစ်အောင် လုပ်ပါ့မယ်"လို့ ဆရာထံခွင့်ပန်သတဲ့။ အဲဒီလို ငယ်ငယ်လေး ကတည်းက ကလေးတယောက်ပေမယ့် ဣန္ဒြေသိက္ခာကြီးတာကို သိရတယ်။ ဆရာတော်ငယ်ငယ်က ခြင်းခတ်တာဝါသနာပါသတဲ့။ ခြင်းခတ်တဲ့အခါ ဆရာတော်လောင်းလျာက သူတပါးလို ခါးတောင်း မကျိုက်ဘဲ ပုဆိုးတိုတိုဝတ်ပြီး ခတ်သတဲ့"ဟု မိန့်ကြားပါသည်။

မှော်ဘီချမ်းမြေ့ရိပ်သာမှ ဘုန်းတော်ကြီး ဦးကိတ္တိဓဇက မိန့်ကြားတာကတော့ "ဆရာတော်၏ အနေအထိုင်နဲ့ပတ်သက်ပြီး ပြောရရင် ဆရာတော်ဟာ အင်မတန်ပူလောင်တဲ့ နွေအခါတောင်မှ အပေါ်ရုံ ဧကသီသင်္ကန်းကို ချထားတာ တခါမျှမတွေ့မြင်ရဘူး။ ငယ်စဉ်အနီး ကပ်နေခဲ့တဲ့အခါမှာရော အခုကြီးလာတဲ့အခါမှာပါ၊ တကြိမ်တခါမျှ မတွေ့မိပါဘူး"ဟု မိန့်ကြားပါသည်။

www.dhammadownload.com



ရန်ကုန်ချမ်းမြေ့ရိပ်သာမှ ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသက "ဘုန်းကြီးမှာ ဆရာနှစ်ပါးရှိပါတယ်၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဘုန်းကြီးရဲ့ ပရိယတ္တိဆရာပါ။ ရန်ကုန်ချမ်းမြေ့ရိပ်သာဆရာတော်က ဘုန်းကြီးရဲ့ပဋိပတ္တိဆရာပါ။ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးက နွေရာသီရောက်ရင် တောင်မြို့ကလဲ အလွန်ပူတော့ တပါးတည်းနေတဲ့အခါ ဧကသီအစား ကိုယ်ပတ်ကလေးပတ်ပြီးတော့နေတယ်။ ချမ်းမြေ့ဆရာတော်ကတော့ ပူတဲ့အခါမှာလဲ ဧကသီဝတ်ရုံလျက်ပဲနေတယ်။ ကိုယ်ပတ်နဲ့နေတာ တခါမျှမတွေ့ရဘူး။ နည်းနည်းထူးတာကတော့ ဟိုမှာကတော့ စာသင်တိုက်ဖြစ်လို့ ယောဂီမရှိကြဘူး။ ဒီမှာကတော့ တရား ရိပ်သာဆိုတော့ ယောဂီတွေ ရှိကြတယ်။ သို့သော်လဲ ဆရာတော် ကိုယ်၌က အနေအထိုင် ဝတ်ပုံစားပုံ သိပ်သည်း ကျစ်လျစ်လို့ ပါပဲ"ဟု မိန့်ပါသည်။

ဘုန်းတော်ကြီး ဦးဇဝနသည် ရန်ကုန်ချမ်းမြေ့ရိပ်သာ စတင်တည်ထောင်စဉ်ကပင် ဆရာတော်ဘုရားကြီးနှင့်အတူ သာသနာ့လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သော ဘုန်းတော်ကြီးဖြစ်ပါသည်။ ဘုန်းတော်ကြီးအား ဆရာတော်ဘုရားကြီး၏အကြောင်းကို မေးလျှောက်ခဲ့ရာ ဘုန်းတော်ကြီးက ဤသို့ ပြောပြပါသည်။ "ဘုန်းကြီးက မဟာစည်သာသနာ့ရိပ်သာမှာကတည်းက ဆရာတော်နဲ့အတူတူ သီတင်းသုံးခဲ့တာပါ။ နယ်ရိပ်သာတွေမှာ ကမ္မဋ္ဌာန်းဆရာလစ်လပ်တဲ့အခါ မဟာစည်ရိပ်သာမှ နာယကဆရာတော်တွေ အလှည့်ကျကြွပြီး သီတင်းသုံးရတယ်။ ဆရာတော် ဘုရား အလှည့်ကျလို့ မန္တလေး စိန်ပန်းမဟာစည်ရိပ်သာကြွရတော့ ဘုန်းကြီးကိုလဲ

www.dhammadownload.com



ဆရာတော်က ပဋ္ဌာသမဏအဖြစ်ခေါ်လို့ မန္တလေးမှာ ဆရာတော်နှင့်အတူ နှစ်ဝါနေခဲ့ပါတယ်။ ဆရာတော်က အမြဲတစေ နေတာထိုင်တာ စကားပြောတာ သက်န်းဝတ်တာကစ သိပ်သည်းကျစ်လျစ်လို့ မဟာစည်ဆရာတော်ဘုရားကြီးက ချီးမွမ်းပါတယ်။ ဆရာတော်ကြီးက ကိုယ်တွေ့တွေ့မြင်နေရတာကိုး” ဟု ဘုန်းတော်ကြီး ဦးဇဝနက မိန့်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးက “အနေအထိုင် ဝတ်တာစားတာ ကျစ်လျစ် သိပ်သည်းတာကတော့ ရွှေကျင်ကျောင်းသပြေကန်ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသနဲ့ ချမ်းမြေ့ရိပ်သာဆရာတော်တို့ နှစ်ပါးပဲ”လို့ မိန့်တော်မူကြောင်း ရွှေကျင်ကျောင်းဆရာတော် ဦးခေမာစာရထံမှ တဆင့်စကားကြားသိရပါသည်။

## မောင်ဇနကကျောင်းမှာနေရင် အနေအထိုင် ကောင်းရတယ်

ဘုန်းတော်ကြီး ဦးဇဝနက ဆက်လက်ပြောပြသည်မှာ “တချိန်က ချမ်းမြေ့ဆရာတော်ဘုရား စာပေသင်ယူပို့ချခဲ့တဲ့ မန္တလေးဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း အသောကာရုံဆရာတော်ထံ ကိစ္စတခုနဲ့ ဘုန်းကြီးရောက်သွားတယ်။ ဆရာတော်ကြီးက မေးလို့ ချမ်းမြေ့ရိပ်သာမှာနေကြောင်း လျှောက်တော့ “အေးကွ၊ မောင်ဇနကကျောင်းမှာနေတာ မင်းတော်တာပေါ့။ မောင်ဇနကကျောင်းမှာနေရင် အနေအထိုင်တော်ရတယ်”လို့ မိန့်ပါတယ်၊ အသောကာရုံဆရာတော်ကြီးက စကားပြောရင် ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်။ ဆရာတော်ကြီးက ဆက်ပြီးတော့ ‘ ဒို့တောင် သူလို မနေနိုင်ဘူးကွ၊ ဒို့က ရာသီဥတုပူတဲ့အခါမှာ ရေသနုပ်သက်န်းပတ်နေတာ၊ မောင်ဇနက

www.dhammadownload.com



ကတော့ ဘယ်တော့မှ ရေသနုပ်သက်နီးပတ်နေတာ မတွေ့ရဘူး၊ နောက်ဆုံး အိပ်တဲ့အခါမှာတောင် ဝတ်ထားတဲ့သင်္ကန်း အဝတ်အရုံ မပျက်ဘဲ နိုးလာတယ်လို့ပြောကြတယ်ကွ' လို့ မိန့်ပါတယ်။ ဆရာတော်နဲ့အတူနေဖူးတဲ့ ဆရာတော်ကြီး နှစ်ပါးသုံးပါးကလဲ မိန့်ဖူးပါတယ်၊ ဂျပန်ဆရာတော်လို့ခေါ်တဲ့ မိုဂျီဆရာတော်က မြန်မာပြည်ရောက်လာတော့ ချမ်းမြေ့ရိပ်သာမှာတည်းပါတယ်၊ မိုဂျီ ဆရာတော်က 'ချမ်းမြေ့ဆရာတော်က စကားပြောတာတင် ကျစ်လျစ်တာမဟုတ်ဘူး။ အနေအထိုင်လဲ ကျစ်လျစ်တယ်။ သူ့သင်္ကန်းက ဘယ်တော့ကြည့်ကြည့် ဖိုးရိုဖါးရား ကိုးယို့ကားယားဆိုတာမရှိဘူး။ အဲဒီဂုဏ်ဒြပ်တခုနဲ့ပဲ ဘုန်းကြီးတို့က ကြည်ညိုနေတာပါ' လို့ မိန့်ဖူးပါ တယ်။ မန္တလေး စာသင်သားဘဝတုန်းက ဆရာတော်နဲ့ အတူနေခဲ့ ဘူးတဲ့ မုံရွာ အသောကာရုံဆရာတော်၊ မင်းလှမဟာစည်ရိပ်သာ ဆရာတော်တို့ကလည်း ဒီသဘောကို မိန့်ကြားကြပါတယ်။

## ရေးကြီးသုတ်ပျာ လုပ်တာမရှိ

လယ်ဝေး ချမ်းမြေ့ရိပ်သာဆရာတော် ဦးဘဒ္ဒိယက ယခုလို ပြောပြပါသည်။ "ဆရာတော်ကြီးက အလုပ်တခုခုကို လုပ်တဲ့အခါမှာ ဘယ်တော့မှ ရေးကြီးသုတ်ပျာလုပ်တာမရှိဘူး။ ဦးပဇင်းတို့ဆိုရင် ခရီးသွားခါနီးဆို ရေးကြီးသုတ်ပျာ ဟိုဟာလုပ်လိုက် ဒီဟာလုပ်လိုက်နဲ့၊ စိတ်ကလဲ စောနေတော့ လုပ်တဲ့ကိုင်တဲ့ ကိုယ်အမူအရာတွေကလဲ ပျာယာခတ်နေတာပေါ့။ ဆရာတော်ဘုရားကြီးကျတော့ နိုင်ငံခြားမမွှခရီး သွားခါနီးတောင်မှ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲ၊ ပျာယာခတ်တာ မရှိဘူး။

www.dhammadownload.com



" ဦးပဇင်းတို့ ဗုဒ္ဓရဲ့အာဝေဏိက ဂုဏ်တော်တခုမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ဘယ်အခါမှ အဆောတလျင် လုပ်တာ မရှိကြောင်း နတ္ထိ ဝေဂါယိတတ္တံလို့ ဖော်ပြထားတာ ရှိပါတယ်။ ဘုန်းကြီးတို့ ဆရာတော်ကြီးလဲပဲ ဘာပဲလုပ်လုပ် အဆောတလျင် လုပ်တာ မတွေ့ရဘူး၊ ဒါကြောင့် ဒီဂုဏ်ထူးဟာလဲ သူတော်ကောင်းတွေမှာရှိတဲ့ ဂုဏ်ထူးတခုပဲလို့ သဘောပေါက်ပါတယ်" ဟု လယ်ဝေး ချမ်းမြေ့ရိပ်သာ ဆရာတော် ဦးဘဒ္ဒိယက မိန့်ပါသည်။

## တည်ငြိမ်မှုစွမ်းအား

ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဣန္ဒြေသိက္ခာတည်ကြည်ငြိမ်သက်မှုနှင့်ပတ်သက်၍ ဆတ်သွားဂန္ဓာရုံဘုံကျော်ဆရာတော်က သူ၏အတွေ့အကြုံ တခုကို သူ၏မမေ့နိုင်သောစကားတခွန်း စာအုပ်စာမျက်နှာ ၁၉-၌ **တည်ငြိမ်မှုသည်စွမ်းအား** ဟူသော ခေါင်းစီးအောက်တွင် ယခုလိုရေးသားထားပါသည်။

> "ဝိလာသရေ . . . ချမ်းမြေ့ဆရာတော်က ဒို့ထက်အများကြီး ငြိမ်သက်တည်ကြည်တယ်ကွ၊ ငါတို့က ညှောင်းတတ်တော့ ပြင်ပြင်ထိုင်ရတယ်၊ ချမ်းမြေ့ဆရာတော်က ဒို့လိုပြင်ပြင် မထိုင်ရဘဲ တည်တည် ငြိမ်ငြိမ် ဣန္ဒြေရရ သိက္ခာရှိရှိနဲ့တရားဟောသွားတာကွ"
>
> ဒီစကားကို ပြောသူက ကျမ်းပြုအကျော် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့တူ ဘုန်းတော်ကြီး ဦးအဂ္ဂဝံသာဘိဝံသပင်ဖြစ်ပါတယ်၊ ပြောခဲ့တဲ့နေရာက မြိတ်မြို့ ဘုရားငါးဆူ ကျောင်းတိုက်မှာ ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ

www.dhammadownload.com



စာရေးသူက ယမိုက်နှင့် ပဋ္ဌာန်းစာဝါများကို ဘုရားငါးဆူ စာသင်သားတို့အား ပို့ချပေးနေချိန် ဖြစ်ပါတယ်။

တနေ့မှာ ချမ်းမြေ့ဆရာတော်အကြောင်း စကားစပ်မိရာမှ ဘုန်းကြီးဦးအဂ္ဂဝံသာဘိဝံသက အဲဒီလိုပြောလိုက်တာပါ၊ ချမ်းမြေ့ ဆရာတော် မြိတ်မြို့သို့ တရားဟောကြွလာစဉ်က အိမ်တအိမ်တွင် ချမ်းမြေ့ ဆရာတော်နှင့်အတူ ဆွမ်းဘုဉ်းပေး အပြီးတွင် ပရိတ်တရား ချီးမြှင့်ပြီးလျှင် ချမ်းမြေ့ဆရာတော် တရားဟောရာမှာ ပြုပြင်မှုလုံးဝမရှိဘဲ တည်ငြိမ်စွာ တရား ဟောပုံကိုကြည့်ပြီး မှတ်ချက်ချလိုက်ခြင်းဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက ဘုန်းကြီးဦးအဂ္ဂဝံသာဘိဝံသရဲ့စကားကို ကြား,ကြားကာမျှသာထားခဲ့ပါတယ်၊ ဘာကြောင့်ငြိမ်သက်တယ် တည်ကြည်တယ်ဆိုတာ ဆက်ပြီး မစဉ်းစားမိပါ။

အဲဒီနောက် မဟာဂန္ဓာရုံနာယကဆရာတော်များရဲ့ တာဝန် ပေးချက်အရ တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာ ဂန္ဓာရုံဘုံကျော် တောရမှာ ပဓာနနာယကအဖြစ်နှင့် စာပေ များပို့ချခွင့်ရခဲ့ပါတယ်။

ဘုံကျော်တောရမှာ သီတင်းသုံးနေစဉ် ချမ်းမြေ့ဆရာတော်ဘုရား ရဲ့ညီ နေကျော်ကျောင်းဆရာတော် ဦးသုနန္ဒနဲ့ ရင်းနှီးခွင့် ရခဲ့ပါတယ်။

ချမ်းမြေ့ဆရာတော် မွေးရပ်မြေကို ပြန်လာပြီး ကောင်းမှု ကုသိုလ်ပြုလေတိုင်း နေကျော်ဆရာတော်က စာရေးသူကို အားပေးတဲ့အနေနဲ့ ပင့်ဖိတ်ခဲ့ပါတယ်၊ ဆတ်သွား မဟာ

www.dhammadownload.com



ဂန္ဓာရုံကျောင်း ရောက်ပြီး နောက်တနှစ်မှာပဲ နေကျော် ကျောင်းကထိန်ပွဲသို့ပင့်သဖြင့် ရောက်ခဲ့ရပါတယ်၊ စာရေးသူ တို့ ရောက်သွားသည့်အချိန် တွင် ချမ်းမြေ့ဆရာတော် ဘုရားဟာ ကုလားထိုင်ပေါ်မှာ တည်ငြိမ်စွာ ထိုင်နေပြီး လာရောက်ဖူးမြော်ကြတဲ့ သံဃာတော်များနဲ့ ဒကာ ဒကာမ များကို သိမ်မွေ့တဲ့ အပြုံးနဲ့နူတ်ဆက်ကာ တရားစကားအနည်း ငယ်စီ ပြောနေတာကို ဖူးတွေ့ရပါတယ်။

ဆရာတော်ဘုရားရဲ့ ရုပ်ရည်အဆင်းက နုပျိုလန်းဆန်းနေ သလို အသံတော်ကလည်း ကြည်လင်အေးချမ်းပြီး နူးညံ့ သိမ်မွေ့နေတာကို သတိပြုမိပါတယ်၊ နေ့လယ်ခင်း ၂ နာရီ ခန့်အချိန်မှာ ချမ်းမြေ့ဆရာတော်ဘုရားကိုယ်တိုင် တရား ချီးမြှင့်ပါတယ်၊ တရားနာပရိသတ်တွေက နှစ်ဆောင်ပြိုင် ကျောင်းကြီး ပြည့်လျှံနေအောင် လာရောက်နာယူကြပါ တယ်၊ စာရေးသူတို့ သံဃာတော်များကတော့ ချမ်းမြေ့ ဆရာတော်ဘုရားရဲ့ပလ္လင်နောက်ကျောမှာ တန်းစီပြီး နေရာ ယူထားပါတယ်။

ချမ်းမြေ့ဆရာတော်ဘုရား တရားဟောတဲ့အခါ အသံအနိမ့် အမြင့်၊ အတက်အကျ၊ အဆွဲအငင်တွေမလုပ်ဘဲ ရိုးရိုး ရှင်းရှင်းနဲ့ တရားနာပရိသတ် နားလည် သဘောပေါက်ရေးကို သာ အဓိကထား ဟောကြားတာကို စံနမူနာယူဖွယ် တွေ့ခဲ့ရပါတယ်။

ချမ်းမြေ့ဆရာတော်ဘုရားဟာ နံနက်စောစောပိုင်း အချိန်

www.dhammadownload.com



က စပြီး ညနေချမ်းတိုင်အောင်တဖွဲဖွဲ လာရောက်ဖူးမြော်နေကြတဲ့ ဒကာ ဒကာမတွေနဲ့ အချိန်ကြာမြင့်စွာပြောဆိုဆက်ဆံနေရပေမယ့် ပင်ပန်းတဲ့အမူအရာ မတွေ့ရဘဲ အမြဲတမ်းကြည်လင် လန်းဆန်းနေတာကို အံ့သြဖွယ်ရာ ဖူးတွေ့ရပါတယ်။

ကထိန်အလှူပွဲပြီးလို့ ကိုယ့်ကျောင်းကိုပြန်ဖို့ နေကျော်ဆရာတော်ကို ရှိခိုးဦးချတဲ့အခါ "ဦးဝိလာသနေပါဦး၊ ဒီမှာတညလောက်ကျိန်းပါဦး၊ ချမ်းမြေ့ဆရာတော်ဘုရားနဲ့ အေးအေးဆေးဆေး စကားပြောရတာပေါ့"

**"သက်ီဒေဝ သုတသောမ၊ သဗ္ဘိ ဟောတိ သမာဂမော။ သာ နံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော"** လို့ သုတသောမ ဇာတ်တော်မှာ ဘုရားဟောခဲ့တယ် မဟုတ်လား။

"မသူတော်နဲ့ပေါင်းလို့ မသူတော်ရဲ့ အစောင့်အရှောက် မခံရပေမယ့်၊ သူတော်ကောင်းနဲ့ တကြိမ်တခါလောက် ပေါင်းသင်းဆက်ဆံခွင့်ရလျှင်ပင် သူတော်ကောင်းရဲ့ အစောင့်အရှောက်ခံရပြီး ဘဝအဆင့်အတန်း မြင့်မားလာနိုင်ကြောင်း" နေကျော်ဆရာတော်က လေးနက်စွာအမိန့်ရှိပါတယ်။

မှန်ပါဘုရား၊ အခုလိုချီးမြှောက်တာ ဝမ်းသာပါတယ်၊ တပည့်တော်လည်း ချမ်းမြေ့ဆရာတော်ဘုရားကို မေးချင်တာလေးတွေ အေးအေးဆေးဆေး မေးခွင့်ရတာပေါ့ဘုရား။

နေကျော်ဆရာတော်ရဲ့ကျေးဇူးကြောင့် ချမ်းမြေ့ဆရာတော်ရဲ့တရားကို နာယူခွင့် ရရှိသာမက ချမ်းမြေ့ဆရာတော်နဲ့

www.dhammadownload.com



အတူလည်း ညနေချမ်းမှာ ဖျော်ရည်တဝိုင်းတည်း ဘုဉ်းပေး ခွင့်ရခဲ့ပါတယ်။

ချမ်းမြေ့ဆရာတော် ဖျော်ရည်သောက်ရာ ဆွမ်းဘုဉ်းပေးရာ မှာလဲ အမှတ်သတိမလွတ်စေဘဲ တည်တည်ငြိမ်ငြိမ် ဘုဉ်းပေး သုံးဆောင်တာကို ကြည်ညိုဖွယ်ရာဖူးတွေ့ရပါတယ်။

ညချမ်းတွင် စာရေးသူ မရှင်းလင်းတဲ့ အကြောင်းအရာကို မေးခွင့်ရသလို ညအိပ်ချိန်တွင်လဲ ချမ်းမြေ့ဆရာတော်ဘုရား ရဲ့ ခြေရင်းမှာ ကျိန်းစက်ခွင့်ရခဲ့ပါတယ်။ စာရေးသူ အိပ်ရာ ထချိန်မှာတော့ ချမ်းမြေ့ဆရာတော်ဘုရားက သူကျိန်းစက် ရာ ခုတင်ပေါ်မှာ အဝါရင့်ရောင် ခြုံထည်သင်္ကန်းကို ခြုံပြီး တည်ငြိမ်အေးချမ်းစွာ တရားရှုမှတ်နေတာကို အနီးကပ် ဖူးမြင်ခွင့်ရခဲ့ပြန်ပါတယ်။

ချမ်းမြေ့ဆရာတော် အိပ်ရာထချိန်မှာ တရားထိုင်နေတာကို ဖူးမြင်မိရာမှ ဆရာတော်ဘုရားကို အားကျကြည်ညိုစိတ် ဖြစ်ကာ 'ငါလဲ အိပ်ရာထချိန်မှာ နေ့စဉ်တရားထိုင်ဖြစ်အောင် ကြိုးစားမယ်'လို့ စိတ်ထဲမှာ တွေးမိပါတယ်။

ချမ်းမြေ့ဆရာတော်ဘုရား အိပ်ရာထချိန်မှာ တရားထိုင်တာနဲ့ ပတ်သက်ပြီး နေကျော်ဆရာတော်ကို မေးကြည့်မိပါတယ်။
"ဘုန်းကြီးဘုရား .. ချမ်းမြေ့ဆရာတော်က အိပ်ရာထ ချိန်မှာ အခုလိုပဲ အမြဲတရားထိုင်ပါသလားဘုရား"

"ထိုင်တာပေါ့၊ ချမ်းမြေ့ဆရာတော်က ဟိုငယ်စဉ်ကတည်း က အိပ်ရာထချိန်မှာ တရားထိုင်တာ၊ ဆရာတော်ငယ်စဉ်ဘဝ

www.dhammadownload.com



ပျဉ်းမရွာကနေ ရန်ကုန်ကို ပြန်တဲ့အခါ ချောင်းနက်ဘူတာကို လှည်းနဲ့လိုက်ပို့ရတယ်၊ အိပ်ရာထချိန်မှာ ပြင်ရဆင်ရနဲ့ အလုပ်မအားလို့ တရားမထိုင်ဖြစ်ရင် လှည်းပေါ်မှာ တရားထိုင်လိုက်သွားတာပဲ”

“ချမ်းမြေ့ဆရာတော်က တရားထိုင်လို့ ဉာဏ်ကောင်းတာနေမှာ၊ **ယောဂါ ဝေ ဇာယတေ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော**။ ‘တရားအားထုတ်ခြင်းကြောင့် မြေကြီးသဖွယ်ပြန့်ကျယ်သော ဉာဏ်ပညာသည် ဖြစ်ပေါ်လာ၏၊ တရားအားမထုတ်ခြင်းကြောင့် ရှိပြီးသော ဉာဏ်ပညာသည်ပင် တုံးသွားတတ်၏’လို့ ဓမ္မပဒပါဠိတော်မှာ ဘုရားဟောထားတာ တွေ့ဖူးပါတယ်”

“ဟုတ်ပါတယ်၊ ရွှေကံကလဲကောင်း၊ ငယ်စဉ်ကတည်းက တရားလဲ အားထုတ်လို့ ဉာဏ်ကောင်းတာ ဖြစ်ပါလိမ့်မယ်၊ ချမ်းမြေ့ ဆရာတော်က ဉာဏ်သာကောင်းတာ မဟုတ်ဘူး၊ ဝီရိယလဲ သိပ်ကောင်းတယ်၊ ဘာကိုပဲလုပ်လုပ် နောက်မဆုတ်ဘဲ ဖြစ်အောင်လုပ်တယ်၊ ဒါကြောင့်လဲ ကမ္ဘာကျော်တာပေါ့”

‘ချမ်းမြေ့ဆရာတော်ကို အနီးကပ်ဖူးမြော်ခွင့်ရတဲ့အချိန်က စလို့ ဆရာတော်ဘုရား တည်ငြိမ်ခြင်းရဲ့အကြောင်းကို စဉ်းစား ဆင်ခြင်မိပါတယ်။

‘ချမ်းမြေ့ဆရာတော်ဘုရား အခုလိုငြိမ်သက်တာ တည်ကြည်တာဟာ သူ့စိတ်ကိုသတိပဋ္ဌာန်ဝိပဿနာအမိုးနဲ့ ရွှေ့သတိနဲ့

www.dhammadownload.com



နောက် သတိ၊ ရှေ့အသိနဲ့နောက်အသိ သတိချင်းအသိချင်း စပ်နေအောင် မိုးထားလို့ ဖြစ်မှာပဲ၊ စိတ်ကို သတိအသိနဲ့ စောင့်ရှောက်လိုက်တော့ ကိုယ်နှုတ်အမူအရာတွေကိုလည်း စောင့်ရှောက်ပြီးသား ဖြစ်သွား တာပေ့ါ။

'အိမ်ခေါင်မိုးကို သွပ်အကောင်းစားနဲ့ လုံလုံခြုံခြုံ မိုးလိုက်တဲ့ အခါ အခြင်၊ ရနယ်၊ ဒိုင်း၊ မြွား၊ ထုပ်၊ ယောက်၊ နံရံ၊ ခါးပန်း၊ ဆင့်၊ ခင်းပျဉ်အပါအဝင် တအိမ်လုံးကို မိုးမစိုအောင်၊ မဆွေးမြေ့အောင်၊ မပျက်စီးအောင်၊ အရှည်ခိုင်ခံ့တည်တံ့ အောင် စောင့်ရှောက်ပြီးသား ဖြစ်သွားသလိုနေမှာပေ့ါ။ **အင်္ဂုတ္တရနိကာယ်** တိကနိပါတ် **အရက္ခိတ** သုတ်ကို အာရုံပြု ကာ တွေးလိုက်မိပါတယ်။

'အော်. . ချမ်းမြေ့ဆရာတော်ဘုရားက ငြိမ်သက်မှာပေ့ါ၊ တည်ကြည်မှာပေ့ါ၊ စိတ်ကို သတိနဲ့အသိနဲ့ စောင့်ရှောက် ထားတာပဲ၊ ဒို့က သူ့လိုမှ သတိချင်း ဆက်သွားအောင် အသိချင်းဆက်သွားအောင် မစောင့်ရှောက်နိုင်သေးတာ၊ ဒို့များရဲ့ ကိုယ်နဲ့ နှုတ်ကို သီလလောက်နဲ့သာ ထိန်းနိုင် သေးတာကိုး၊ ချမ်းမြေ့ဆရာတော် ဘုရားလို ငြိမ်သက်အောင်၊ တည်ကြည်အောင် အများကြီး ကြိုးစား ရဦးမှာပါလား။'
**(မမေ့နိုင်သော စကားတခွန်း စာအုပ်၊ စာမျက်နှာ ၁၉-၃၂)**

## အာဖရိကတောထဲတွင် ဆင်နှင့်တွေ့ရာ

ဆရာတော်ဘုရား၏ တည်ငြိမ်မှုကို ရန်ကုန်ချမ်းမြေ့ရိပ်သာမှ ဦးပဥ္စင်းဦးဥဇ္ဇောတနကလဲ အောက်ပါအတိုင်း ပြောပြပါသည်။

www.dhammadownload.com



၁၉၉၉ခုနှစ်က ဇန်နဝါရီလမှာ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့နှင့် မလှမ်းမကမ်းမှာရှိတဲ့ ပီတာမရစ်ဇဘတ်မြို့ ဓမ္မောဒယချမ်းမြေ့ရိပ်သာကျောင်းကို ဆရာတော်ဘုရား ဥပသမ္ပဒကံဆောင်ဘို့ ကြွတော့ ဦးခေမိဿရ၊ ဦးကိတ္တိဓဇနှင့် ဦးပဇင်းလဲပါသွားပါတယ်။ အဲဒီအချိန်က ဓမ္မောဒယမှာ သီတင်းသုံးနေတာက ဦးပညာနန္ဒနှင့် ဩစတြေးလျှန်း ဦးပဇင်း ဦးဓမ္မရက္ခိတတို့ဖြစ်ပါတယ်။ ဆရာတော်က မြန်မာဆရာဝန် ၁၁ ယောက်နှင့် အာဖရိကနိုင်ငံသား တယောက်ကို ဒုလ္လဘရဟန်းပြုပေးပါတယ်။

တနေ့မှာ ဒကာများက တောတိရစ္ဆာန်များ ဘာသာဘာဝ သွားလာနေထိုင် ကျက်စားနေတဲ့ ပီလန်နက်စ်ဘတ်(Pilanesbarg) ဘေးမဲ့တောကို ဗဟုသုတအဖြစ် ကြည့်ရှုရန် ပင့်သွားပါတယ်။ ဘေးမဲ့တော အဝင်ဝရောက်တော့ ဘေးမဲ့တော အုပ်ချုပ်စောင့်ရှောက်သူ ဒကာများက ဘေးမဲ့တောထဲတွင် လှည့်လည်ကြည့်ရှုဘို့ စီစဉ်ထားတဲ့ ကားများရှိကြောင်း ပြောပါတယ်။ ဒါပေတဲ့ အဲဒီကားတွေမှာ အကာက လုံလုံခြုံခြုံမရှိဘူး။ ဦးပဇင်းတို့ စီးလာတဲ့ကားနှစ်စီးက ဆလွန်းကားဆိုတော့ အမိုးအကာလုံခြုံတယ်။ ဒါကြောင့် ဆရာတော်က ဒီကားများနဲ့ပဲ သွားမှာဖြစ်ကြောင်း ပြောပြပါတယ်။ ဘေးမဲ့တောစောင့် ဒကာများက တောထဲမှာ ကားတံခါးတွေကိုမဖွင့်ဘို့၊ ပြတင်းတွေပါ လုံအောင်ပိတ်ဘို့ သတိပေးပါတယ်။

ဦးပဇင်းတို့ကားနှစ်စီးအနက် ရှေ့ကားမှာက ဦးကိတ္တိဓဇ၊ ဦးခေမိဿရ၊ ကပ္ပိယဒကာ မောင်မျိုးလွင်နဲ့ ကားမောင်းသူဒကာတို့ စီးကြတယ်။ နောက်ကားမှာက ဆရာတော်ဘုရား၊ ဘုန်းကြီး ဦးပညာနန္ဒ၊ ကိုလှမျိုး၊ ဦးပဇင်းနှင့် ကားမောင်းတဲ့ဒကာတို့ စီးကြတယ်။

www.dhammadownload.com



ကားနှစ်စီးမောင်းပြီး တောထဲဝင်သွားကြတော့ သမင်၊ ဒရယ်၊ မြင်းကျား၊ ဝိုင်းလ်ဒါးဘီးစ် (wildebeest) ခေါ်တဲ့ ကျွဲတူနွားတူ သားကောင်များ၊ တောဝက်များ၊ ချီတား(cheetah)ခေါ်တဲ့ ကျားသစ်ငယ်များ၊ တောခွေးကြီးနဲ့တူတဲ့ ဟိုက်ယိန(hyena)ခေါ်တဲ့ အောင်းများ သဘာဝအလျောက် သွားလာနေတာကိုမြောက်မြားစွာ တွေ့မြင်ရပါတယ်။ မြင်းကျားများနဲ့ ကျွဲတူနွားတူ သားကောင်များက အများဆုံးဖြစ်ပါတယ်။ ကြံ့များ ခြင်္သေ့များ ဆင်များကိုလဲ တွေ့မြင်ရပါတယ်။

ကျွဲတူနွားတူသားကောင် (wildebeest)ဆိုတာ နွားလောက်ကြီးပါတယ်။ နွားနှင့်တော်တော်တူပါတယ်။ ရှေ့ပိုင်းကတော့ ဘို့မရှိဘဲ ချိုကခပ်ရှည်ရှည် ခပ်ကွေးကွေးမို့ ကျွဲနှင့်တူနေပါတယ်။ ဒါကြောင့် ကျွဲတူနွားတူ သားကောင်များလို့ ပြောတာပါ။ မြန်မာပြည်မှာတော့ ဒီသားကောင်တွေ မရှိပါဘူး။

## တောထဲတွင်ဆင်နှင့်တွေ့

တနေရာမှာ ဦးပဇင်းတို့ကားနှစ်စီးရဲ့ရှေ့ တော်တော်ဝေးဝေးမှာ တခြားလူတစုရဲ့ကားတစီး နောက်ပြန်ဆုတ်လာတာကို တွေ့ရလို့ အဲဒီကားရှေ့ ကျော်ပြီး ကြည့်လိုက်တော့ အဲဒီကားရဲ့ရှေ့ ခပ်လှမ်းလှမ်းမှာ ဧရာမဆင်ကြီးတကောင် ကားရှိရာဘက်ကို ဖြည်းဖြည်းဣန္ဒြေရရ လာနေတာကို ဦးပဇင်းတို့ အားလုံး လှမ်းပြီး မြင်ကြရပါတယ်။ ရှေ့က ကားက နောက်ဆုတ်တော့ ဦးကိတ္တိတို့ကားကလဲ တဖြည်းဖြည်း နောက်ဆုတ်လာတယ်။ ဦးပဇင်းတို့ ကားဆရာက နောက်ဆုတ်မယ်လုပ်တော့ ဆရာတော်က ကားဆရာကို နောက်မဆုတ်ဘဲ လမ်းဘေးကပ်ပြီး ရပ်ထားဖို့၊ အားလုံးကိုလဲ အသံမပြုဖို့၊

www.dhammadownload.com



မလှုပ်မရှား ငြိမ်ငြိမ်လေးနေကြဖို့ မိန့်ပါတယ်။ ဒါကြောင့် ကားဆရာက ကားကို လမ်းဘေးမှာရပ်ပြီး ငြိမ်နေကြပါတယ်။ နောက်ဆုတ်လာတဲ့ ဦးကိတ္တိတို့ ကားကလဲ ဦးပဇင်းတို့ကားလမ်း ဘေးမှာ ရပ်နေတာကို မြင်တော့ သူတို့ကားလဲ လမ်းဘေးမှာ ရပ်နေကြပါတယ်။

ဆင်ကြီးကလဲ သူ့ဟာသူ တရွေ့ရွေ့လာနေပါတယ်။ ရှေ့ဆုံးက တခြားလူစုရဲ့ ကားက နောက်ဆုတ်တာ မရပ်ပါဘူး။ နောက်ဆုတ်ရင်း ဆုတ်ရင်းနဲ့ ဦးပဇင်းတို့ကားနားရောက်တော့ ဦးပဇင်းတို့ကားတွေကို ရှောင်ပြီး နောက်ဆုတ်မြဲဆုတ်သွားပါတယ်။ ဆင်ကြီးကလဲ ဣန္ဒြေရရပဲ လာမြဲလာနေပါတယ်။ ဆရာတော်က အသံမပြုကြဖို့၊ မလှုပ်ရှားကြဖို့ ထပ်ပြီး သတိပေးပါတယ်။

ဆင်ကြီး ဦးကိတ္တိတို့ကားနားရောက်တော့ ကားကို ဂရုတောင်မစိုက်ပါဘူး။ သူ့လမ်းသူ ဣန္ဒြေရရပဲလာနေပါတယ်။ ဦးပဇင်းတို့ကားနားရောက်လို့ ဆင်ကြီးကို သေသေချာချာ ကြည့်လိုက်တော့ ကားအမိုးက ဆင်ကြီးရဲ့ဒူးလောက်ပဲရှိတယ်။ တော်တော်ကြီးတဲ့ အကောင်ကြီးပဲ။ ဆင်ကြီးက ကားနှင့်ထိလုမတတ် ကားနားကပ်ပြီးတော့ နောက်ကို တရွေ့ရွေ့သွားနေတာဆိုတော့ ကားဆရာလဲ ကြောက် ဦးပဇင်းတို့လဲ ကြောက်ကြတာပေါ့။ သူ့နှာမောင်းနဲ့ တချက် ဝှေ့ရမ်းလိုက်ရင် ကားရော လူတွေပါ လွင့်သွားမှာ၊ ဆရာတော်ကတော့ ကြောက်ပုံ မရပါဘူး။ တည်တည်ငြိမ်ငြိမ် အေးအေးလေးပဲနေပြီးတော့ ဆင်ကြီးကို ခပ်ပြုံးပြုံး ကြည့်နေပါတယ်။ မေတ္တာပို့နေတယ်နဲ့ တူပါတယ်။

ဆင်ကြီး ကားနောက်ဘက် တော်တော်လွန်သွားတော့

www.dhammadownload.com



ကိုလှမျိုးက ကားပေါ်ကဆင်းပြီး ဆင်ကြီးကို ဓာတ်ပုံရိုက်လိုက်ပါသေးတယ်။ ဆင်ကြီးရှေ့က နောက်ဆုတ်သွားနေတဲ့ကားကတော့ နောက်ဆုတ်မြဲ ဆုတ်နေတာပါပဲ။ အဲဒီကား ဘယ်နေရာရောက်မှ နောက်အဆုတ်ရပ်မယ်မသိပါဘူး။ ဓာတ်ပုံထဲကြည့်လိုက်တော့ ဆင်ကြီးက အဲဒီကားဆီ သွားနေသလို တွေ့ရပါတယ်။ ဦးပဇင်းတို့လဲ ခဏကြည့်ပြီးတော့ ရှေ့ဆက်မောင်းခဲ့ကြပါတယ်။ အဲဒီမှာ အန္တရာယ်ဖြစ်နိုင်တဲ့အခြေအနေ အကျဉ်းအကျပ်ထဲမှာပင် ဆရာတော်ရဲ့ တည်ငြိမ်မှုကို ဦးပဇင်းတို့ ကိုယ်တွေ့ တွေ့ရပါတယ်။

## ဘေးမဲ့တောမှာ ဘေးနဲ့တွေ့သူ

ဦးပဇင်းတို့ ဘာကြောင့် ဘေးမဲ့တောက တိရစ္ဆာန်ကြည့်ဘို့ စီစဉ်ထားတဲ့ ကားတွေနဲ့ မသွားကြသလဲဆိုတာ ဆက်ပြောပါဦးမယ်။ အဲဒါကတော့ လွန်ခဲ့တဲ့နှစ်က ဂျာမန်မိသားစု ဘေးမဲ့တောထဲမှာ တွေ့ရတဲ့ ဖြစ်ရပ်ကို သိရလို့ပါပဲ။ လွန်ခဲ့တဲ့နှစ်က ဂျာမန်မိသားစုတစု ဘေးမဲ့တောက စီစဉ်ထားတဲ့ကားနဲ့ တောထဲလျှောက်ကြည့်ကြသတဲ့။ တနေရာမှာ ဦးပဇင်းတို့လိုပဲ ဆင်နဲ့တွေ့ကြသတဲ့။ ဆင်ကြီးကားနားရောက်လာတော့ သူတို့ထဲက တယောက်က ဆင်ကိုဓာတ်ပုံရိုက်လိုက်သတဲ့။ ဒီတော့ ကင်မရာက ဖလက်ရှ်မီး ဖျတ်ခနဲ ပွင့်သွားတယ်။ ဒါနဲ့ ဆင်ကြီးက လန့်ပြီးတော့ နှာမောင်းနဲ့ ကားကို ရိုက်လိုက်တော့ ကားလှုပ်သွားပြီး ကားနောက်စွန်းမှာ ထိုင်နေတဲ့ ကလေးမလေးက လွင့်ပြီးတော့ မြေကြီးပေါ် ကျသွားသတဲ့။ ဆင်ကြီးက ကလေးမလေးဆီကို သွားဖို့ ပြင်လိုက်တယ်။ ဒါကို ကလေးမလေးရဲ့ ဖခင်က မြင်တော့ ကားပေါ်ကခုန်ဆင်းပြီး သူ့ဆီ ဆင်ကြီးလာအောင် ရပ်လိုက်သတဲ့။

www.dhammadownload.com



ဆင်ကြီးက ကလေးမလေးဆီ မသွားဘဲ သူ့ဖခင်ဆီသွားတော့ ဖခင်ဒကာက လွတ်အောင်ပြေးတယ်။ ဒီလိုနဲ့ သူက ရှေ့ကပြေး ဆင်ကြီးက နောက်ကလိုက်သတဲ့။ မကြာခင်ပဲ ဆင်ကြီးက မီသွားပြီးတော့ အဲဒီလူကို နင်းသတ်လိုက်သတဲ့။ အဲဒီတော့မှ အံ့အားသင့်ပြီး ကြောင်ကြည့်နေတဲ့ ကားဆရာလဲ သတိဝင်လာပြီး ကလေးမလေးကို ကားပေါ်ပွေ့တင်ပြီး ကားကို အမြန်ဆုံးမောင်းပြေးသတဲ့။ အဲဒီမိသားစု မန္တစ်က ဘေးမဲ့တောထဲမှာ အဲဒီလို ဘေးနဲ့တွေ့ရကြောင်း ဒကာများက ဦးပဇင်းတို့ကို ဘေးမဲ့တောကို မရောက်ခင်ကတည်းက ပြောထားပါတယ်။ ဒါကြောင့် ဘေးမဲ့တောက စီစဉ်ထားတဲ့ကားတွေနဲ့ မသွားကြတာပါ။

## အပြောအဆို အသုံးအနှုန်း

အထက်ပါ အကြောင်းအရာကတော့ ဆရာတော်ဘုရားကြီးရဲ့ ကုန္ဓေသိက္ခာ ငြိမ်သက်တည်ကြည်မှုနဲ့ ပတ်သက်လို့ ဦးဥဇ္ဇောတန ပြောပြသည့်အကြောင်းအရာကို ဖော်ပြခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ စကားပြောပုံ ဆိုပုံ စကားလုံးသုံးပုံကို ချမ်းမြေ့ရိပ်သာမှ ဦးသုဇာတက ယခုလိုပြောပြပါသည်။

ဦးသုဇာတကပြောပြသည်မှာ "ဆရာတော်ကြီးက တရားဟောတဲ့အခါမှာပဲဖြစ်စေ၊ စကားပြောတဲ့အခါမှာပဲဖြစ်စေ လက်တွေ့အသိတရားက ရရှိထားတဲ့ အလွယ်ဆုံး စကားလုံးတွေကို ရွေးချယ်ပြီး သုံးပါတယ်။ သာမန်လူတွေ နားလည်မည့် အရိုးဆုံး အရှင်းဆုံး အလွယ်ကူဆုံး စကားလုံးကို ရွေးချယ်ပြီး သုံးတာကိုတွေ့ ရပါတယ်။ ဆရာတော်ဘုရားဟောတဲ့ ပြောတဲ့အခါ နားမလည်တာ တခုမှ

www.dhammadownload.com



မရှိပါဘူး။ ပါဠိစကားလုံးကို အနက်အဓိပ္ပါယ်ဖွင့်တဲ့ အခါမှာလဲ တကယ်ပြည့်ဝတဲ့ အဓိပ္ပါယ်ကို ရအောင် အလွယ်ကူဆုံး စကားလုံးနဲ့ ဖလှယ်ပြီး သုံးတတ်ပါတယ်။ အဲဒါကို ဦးပဇင်းက သိပ်သဘော ကျပါတယ်။ ဥပမာ ဥပုသ်စောင့်တယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ။ အရင်က ဦးပဇင်းတို့ နားလည်ထားတာက ဥပုသ်စောင့် တယ်ဆိုတာ ဘုန်းကြီးကျောင်းသွားတယ်။ ရှစ်ပါးသီလခံယူတယ်။ တရားနာပြီး အိမ်ပြန်လာတယ်။ ညစာမစားဘူး။ ဒီလောက်ပဲ နားလည်ခဲ့ပါတယ်။ အဲဒီအသိနဲ့ ကြီးပြင်းလာခဲ့ပါတယ်။

"အခုဒီချမ်းမြေ့ရိပ်သာရောက်လာတော့ တညနေမှာ သံဃာ တော်တွေ ဥပုသ်ပြုအပြီးမယ် ခါတိုင်းလိုပဲ ဆရာတော်ဩဝါဒ ပေးပါ တယ်။ ဆရာတော်က ပါတိမောက္ခဆိုတဲ့ စကားလုံးကို ရှင်းပြရင်းနဲ့ ဥပုသ်စောင့်တယ်ဆိုတဲ့ စကားလုံးပါ ထည့်ပြီး ရှင်းပြပါတယ်။ ဥပုသ်စောင့်တယ်ဆိုတာ မိမိခံယူဆောက်တည်ထားတဲ့ ဥပုသ် သီလကို မကျိုးမပေါက် မပြောက် မကျားရအောင် မပျက်စီးရအောင် စောင့်စည်းထိန်းသိမ်းတာကို ခေါ်ကြောင်း ရှင်းပြပါတယ်။ အဲဒီအခါ ကျမှ ဥပုသ်စောင့်တယ်ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပါယ်ရော ဥပုသ်စောင့် တဲ့ လုပ်ငန်းကိုရော ဦးပဇင်း နားလည်သဘောပေါက် သွားပါတယ်။ ဆရာတော်က အရိုးရှင်းဆုံး ရှင်းပြတာပါ။ ဦးပဇင်းတော်တော်ကို သဘောကျသွားတယ်။ လူတိုင်း ဥပုသ်စောင့်တယ်ဆိုတဲ့ စကားလုံးကို သိနေကြပါတယ်။ ဒါပေမယ့် အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း တိတိ ကျကျ လူတိုင်းမသိကြဘူး။ ဆရာတော်က အသိတရား ဖြန့်ဝေတဲ့ နေရာမှာ အခြားသူရဲ့စိတ်မှာ ကပ်ပြီးပါသွားနိုင်အောင် အလွယ်ဆုံး စကားလုံးကို ရွေးချယ်ပြီး သုံးတတ်တဲ့ စွမ်းရည်ရှိတယ်။ အဲဒါကို

www.dhammadownload.com



ဦးပဇင်း သိပ်သဘောကျတာပဲ။ ဒါကြောင့် ဆရာတော်ကြီးရဲ့ တရားကိုပဲနာနာ၊ စာအုပ်ကိုပဲဖတ်ဖတ် ဦးပဇင်း ရင်ထဲမှာ အဓိပ္ပါယ် ရှင်းပြီး ပြည့်စုံသွားတာကို ခံစားရတယ်”လို့ ဦးသုဇာတက မိန့်ပါသည်။

## အဟောအပြော

ဆရာတော်ဘုရားကြီးသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များကို အလေ့အလာများသဖြင့် ဘုရားဟောဒေသနာတို့ကို လက်တွေ့အားထုတ်မှုနှင့် ပေါင်းစပ်ပြီး ဟောကြားလေ့ရှိပါသည်။ တရားနာပရိသတ်နှင့် ကိုက်ညီမည့်တရားများကို ရွေးချယ်၍ ဟောပြောလေ့ရှိပါသည်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများကို ဟောပြောလျှင် တမျိုး၊ မြို့ရွာ ရပ်ကွက်တရားပွဲများ၌ ဟောပြောလျှင် တဖုံ၊ ရိပ်သာယောဂီများကို ဟောပြောလျှင် တနည်း၊ နိုင်ငံခြားသားများကို ဟောပြောလျှင် တသွယ် အမျိုးမျိုးရွေးချယ်၍ ဟောပြောပြီးလျှင် အဆုံးသတ်သောအခါ လက်တွေ့သတိပဋ္ဌာန်အားထုတ်နည်းနှင့် အဆုံးသတ်လေ့ရှိပါသည်။ ဟောကြားသောတရားများမှာ ကာလဒေသပုဂ္ဂလနှင့် ကိုက်ညီသည့်တရားများဖြစ်၍ စိတ်ဝင်စားကြပါသည်။ ဟောပြောပုံ ရှင်းရှင်းလင်းလင်းရှိလှ၍ တရားနာပရိသတ်များ နားလည်ကြသဖြင့် များစွာနှစ်ခြိုက်ကြပါသည်။ တရားသဘော နားလည်သဘောပေါက်ရသဖြင့် တရားနာပရိသတ်များ လွန်စွာအကျိုး ကျေးဇူးများကြပါသည်။

ဆရာတော်ဘုရားသည် စာအရေးအသားကောင်းသလို တရားဟောလည်း ကောင်းပါသည်။ အရွယ်အမျိုးမျိုး ဉာဏ်အမျိုးမျိုး

www.dhammadownload.com



ရှိသော ပရိသတ်များ တရားသဘောကို လွယ်လွယ်ကူကူနှင့် နားလည်သဘောပေါက်အောင် ဟောနိုင်ပါသည်။ ပရိသတ် နားထောင်ကောင်းအောင် ရည်ရွယ်ချက်ဖြင့် အသံအနိမ့်အမြင့် အဆွဲအငင်တို့ဖြင့် မည်သည့်အခါမျှ မဟောပါ။ ဖြည်းဖြည်းအေးအေး လူအများနားလည်လွယ်မည့် အရပ်သုံးစကားလုံးတို့ဖြင့် ရိုးရိုးရှင်းရှင်း စကားပြောသလို ဟောခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရား၏ ဟောကြားပုံမှာ တရား နာပရိသတ် နာကြားသည့်တရားသဘောကို ရှင်းလင်းလွယ်ကူစွာ သဘောပေါက် နားလည်ရေးကို အဓိကထား၍ ဟောခြင်းဖြစ်ပါသည်။ဆတ်သွားဘုံကျော်ဆရာတော်က ချမ်းမြေ့ ဆရာတော်ဘုရားသည် တရားဟောရာတွင်လည်း အသံအနိမ့်အမြင့် အတက်အကျ အဆွဲအငင်တွေနဲ့ မဟောဘဲ ရိုးရိုးရှင်းရှင်းနှင့် တရားနာပရိသတ် နားလည်သဘောပေါက်ရေးကိုသာ အဓိကထား၍ ဟောကြားသည်ကို စံနမူနာယူဖွယ် တွေ့ရကြောင်း သူ၏ စာအုပ်၌ ရေးသားထားပါသည်။

ဆရာတော်ဘုရားသည် ပါဠိစကားလုံးများ ပုံဝတ္ထုများကို တရား သဘောနားလည်ရေးတွင် အကူအညီအထောက်အပံ့ဖြစ်ရုံမျှသာ ထည့်သွင်းဟောပြောပါသည်။ တခါတရံ တချို့တရားပွဲများ၌ တရား တပွဲလုံးတွင် ဝတ္ထုကြောင်း လုံးဝမပါဘဲ တရားသဘောချည်းသက် သက် ဟောကြားသွားပါသည်။ သို့သော်လည်း တရားနာပရိသတ်များ မငြီးငွေ့ဘဲ ဉာဏ်သက်ဝင်ပြီး စိတ်ဝင်တစား နာကြားကြပါသည်။

တခါတရံတွင် နက်နဲသော သဘောတရားများကို ရှင်းလင်း ဟောကြားပြီးလျှင် ထိုသဘောတရားများကို တရားနာပရိသတ် နားလည်မလည် သိလိုသဖြင့် မေးခွန်းများ မေးတတ်ပါသည်။

www.dhammadownload.com



တရားနာ ပရိသတ်၏အဖြေကို နားထောင်၍ သေသေချာချာ နားမလည်ကြသေးဟုထင်လျှင် ထိုသဘောတရားကို ထပ်မံရှင်းလင်း ဟောကြားပါသည်။ သို့သော်လည်း ဆရာတော်ဘုရားက စကား ပြောသလို ဖြည်းဖြည်းအေးအေး ရှင်းလင်းပြောပြခြင်းဖြစ်၍ နားလည်သဘောပေါက်ကြပါသည်။ ဆရာတော်ဘုရားဟောကြား သည့် ရည်ရွယ်ချက်မှာ မြတ်စွာဘုရား၏တရားတော်များကို မှန်မှန် ကန်ကန် နားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးရေးအတွက် ဖြစ်ပါသည်။ ထို့ကြောင့် နက်နဲသော သဘောတရားများကိုလွယ်လွယ် ကူကူဖြင့် နားလည်စေနိုင်သော နည်းများကို အသုံးပြု၍ ရိုးရှင်းသော စကားလုံးများဖြင့် ဟောကြားပါသည်။ တရားနာပရိသတ်ကလည်း နားလည်သဘောပေါက်ကြပါသည်။

## အမေးအဖြေများ

တချို့တရားပွဲများ၌ တရားဟောပြီးသည့်အခါ အချိန်ရှိသေး လျှင် မေးခွန်းများ မေးခွင့်ပြု၍ ဖြေကြားပေးပါသည်။ ကလေးမြို့ ခရစ်ယာန်များအား ဟောသောတရားပွဲ၊ ရန်ကုန်တက္ကသိုလ်တရားပွဲ၊ ပြည်ပနိုင်ငံများ၌ ဟောကြားသောတရားပွဲများတွင် တရားဟောပြီး လျှင် မေးခွန်းများ မေးခွင့်ပြု၍ ထိုမေးခွန်းများကို ပြေလည်အောင် ရှင်းရှင်းလင်းလင်း ဖြေကြားပေးပါသည်။

မော်လမြိုင်တက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခ ဒေါက်တာ မင်းတင်မွန်က "ချမ်းမြေ့ဆရာတော်သည် ဉာဏ်ပညာကြီးသူ တဦး ဖြစ်သည်နှင့်အညီ ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ခေတ်အမြင်နှင့် စိစစ်ဝေဖန် ဆင်ခြင်သုံးသပ်နိုင်သည့်အပြင် အလွန်ခက်ခဲနက်နဲသော

www.dhammadownload.com



တရားသဘောများကို လွယ်လွယ်ရှင်းရှင်းဖြင့် သိနားလည်နိုင်အောင် ဟောနိုင်စွမ်းရှိသူဖြစ်ပါသည်။ ဆရာတော်၏ လွယ်ကူရှင်းလင်းအောင် ကြံတွေးဟောပြောနိုင်သော စွမ်းရည် (The ability to simplify) သည် အံ့ချီးဖွယ်ပင် ဖြစ်ပါသည်။

"အကြောင်းအကျိုး ယုတ္တိရှိ၍ အလွန်သဘာဝကျသော ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ချမ်းမြေ့ဆရာတော်သည် သဘာဝကျကျပင် အကြောင်းအကျိုးဆက်စပ်ကာ နာကြားသူများကပါ အတူလိုက်ပါပြီး ဆင်ခြင်သွားနိုင်အောင် ရှင်းရှင်းလင်းလင်း ထိထိမိမိ တိတိကျကျ ဟောကြားသွားပါသည်။ သို့ဖြစ်၍ ဘာသာရေး ဗဟုသုတ အလိုရှိနေကြသော တက္ကသိုလ်ပရိသတ်သည် အလွန် အားရဝမ်းမြောက်ခဲ့ကြပါသည်" ဟု **တက္ကသိုလ်ဓမ္မသဘင်**စာအုပ်တွင် သူ၏ အမှာစကား (စာ ၃) ၌ ရေးသားထားပါသည်။

ဓမ္မာစရိယ ဦးဌေးလှိုင်ကလည်း သံဃတက္ကသိုလ်တွင် စာပေပို့ချသင်ကြားနေရင်း တချိန်မှာ "အရှင်ဘုရားတို့ ချမ်းမြေ့ဆရာတော်ဘုရားကြီးလိုဖြစ်အောင် ကြိုးစားကြ၊ ဆရာတော်ဘုရားကြီးဟာ အတွေးလဲရှင်းတယ်၊ အရေးလဲရှင်းတယ်၊ အပြောအဟောလဲရှင်းတယ်၊ သူ့စာအုပ်တွေ ဖတ်လိုက်ရင်ဖြစ်စေ၊ သူ့တရားတွေ နာလိုက်ရင်ဖြစ်စေ လွယ်လွယ်ကူကူနဲ့ နားလည် သဘောပေါက်သွားတဲ့အတွက် စိတ်ထဲမှာ ရှင်းသွားတယ်" လို့ပြောကြောင်း ချမ်းမြေ့ပဒေသာပင် ဆရာတော် ဦးဝါသဝက မိန့်ကြားပါသည်။

မှော်ဘီချမ်းမြေ့ရိပ်သာ ဘုန်းတော်ကြီး ဦးကိတ္တိဓဇက မိန့်ကြားသည်မှာ "ချမ်းမြေ့ဆရာတော်ဘုရားကြီးက တရားဟောတဲ့

www.dhammadownload.com



အခါတိုင်း ပရိသတ်ထဲမှ တယောက်ယောက်က အသံနေအသံထားနဲ့ တရား တောင်းတာကို မလုပ်ရပါ။ သီလပေးပြီးတော့ ပရိသတ်က ရတနာ သုံးပါးရှိခိုးပူဇော်ပြီး မေတ္တာပွားရပါသည်။ မေတ္တာပွားပြီးလျှင် တရားကို စဟောပါသည်။ ဟောတော့လည်း အသံအနိမ့်အမြင့် အဆွဲအငင်တွေမပါပဲ အများနားလည်နိုင်သည့် အရပ်သုံး စကားလုံး ဖြင့် ရိုးရိုးရှင်းရှင်း စကားပြောသည့်အတိုင်း ဟောသွားသည်ကို တွေ့ရပါသည်။ တရားတောင်းခြင်းဖြင့် တရားသားဟောရမည့် အချိန်များကို မကုန်စေလိုသောကြောင့် ဖြစ်ပုံရသည်” ဟု ဘုန်းကြီး ဦးကိတ္တိဓဇက မိန့်ပါသည်။

## သိုသိုသိပ်သိပ်နေထိုင်တတ်ခြင်း

ဆရာတော်ကြီးသည် သိုသိုသိပ်သိပ် အေးအေးဆေးဆေး နေထိုင်လေ့ရှိပါသည်။ ထင်ပေါ်ကျော်ကြားမှုဆိုတာတွေကို စိတ် မဝင်စားပါ။ အပိစ္ဆတာဂုဏ်နှင့်ပြည့်စုံပါသည်။ အေးအေး ဆေးဆေး သိုသိုသိပ်သိပ်ဖြင့် မိမိနှင့် သက်ဆိုင်ရာ ကုသိုလ်လုပ်ငန်း၊ သာသနာ့ လုပ်ငန်းများကိုသာ အာရုံစိုက်၍ ဆောင်ရွက်လေ့ရှိပါသည်။

ထိုသို့ သိုသိုသိပ်သိပ် နေထိုင်စေကာမူ တခါတရံမှာ အကြောင်းအားလျော်စွာ ထင်ပေါ်သွားတတ်တာလည်းရှိပါသည်။ ဆရာတော်ဘုရား မဟာစည်သာသနာ့ရိပ်သာ၌ တရားဝင်စဉ်က သိုသိုသိပ်သိပ် တိတ်တိတ်ဝင်သော်လည်း သာသနာရေးဝန်ကြီး၏ ပံ့သကူပရိက္ခရာကိုကောက်ရသဖြင့် အများသိကာ ထင်ပေါ်သွား ရပုံကို ထေရုပ္ပတ္တိပထမတွဲ(စာမျက်နှာ ၈၈-၉၂)၌ ဖော်ပြခဲ့ပါပြီ။ မဟာစည်သာသနာ့ရိပ်သာမှ ချမ်းမြေ့ရိပ်သာသို့ ပြောင်းရွှေ့စဉ်

www.dhammadownload.com



ကလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အထင်ကရ ပုဂ္ဂိုလ်ဆိုတာ တိတ်တိတ်မပြောင်းရွှေ့ရဘူးဟု မိန့်ပြီးလျှင် သံဃာများ ယောဂီများ အဖွဲ့ဒကာကြီးများကို လိုက်ပို့စေပါသည်။ (ပထမတွဲ စာမျက်နှာ ၁၂၉)။ ဆရာတော်ဘုရားကြီး၏အမိန့်အရ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ နိဒါန်းရေးစဉ်ကလည်း နိဒါန်းရေးပြီး၍ အဆုံး၌ ဘွဲ့ထူးဂုဏ်ထူးမပါဘဲ အရှင်ဇနကာဘိဝံသဟု ဘွဲ့သက်သက်သာ ရေး၍ နိဒါန်းစာမူကို ဆရာတော်ဘုရားကြီးထံ ဆက်ကပ်လိုက်ရာ ဆရာတော်ဘုရားကြီးက နိဒါန်းကို ကြည့်ပြီးလျှင် ကိုယ့်မှာတကယ်ရှိထားတဲ့ ဘွဲ့ထူးဂုဏ်ထူးကို ထည့်ရတယ်ဟု မိန့်သဖြင့် အစိုးရဓမ္မာစရိယနှင့် သက္ကျသီဟဓမ္မာစရိယဘွဲ့များကို ထည့်ရေးရကြောင်းကိုလည်း ထေရုပ္ပတ္တိပထမတွဲ(စာမျက်နှာ ၁၀၀)၌ ရေးခဲ့ပါပြီ။

သိုသိုသိပ်သိပ် အေးအေးဆေးဆေး နေထိုင်ခြင်းဟာ ကိုယ်ရောစိတ်ပါ အလွန်ချမ်းသာကြောင်း ဆရာတော်ဘုရားက မိန့်ပါသည်။

## စိတ်နေစိတ်ထား

ဆရာတော်ဘုရားကြီး၏ ဘိုးဘွားမိဘများသည် ရိုးသားဖြူစင်သော တောင်သူများဖြစ်ရုံမျှ မဟုတ်ဘဲ စာတတ်ပေတတ်စာပေဝါသနာပါသူများဖြစ်၍ ဘာသာရေးဗဟုသုတ လူမှုရေးဗဟုသုတ ကြွယ်ဝသောသူများဖြစ်ကြသည်။ ရတနာ သုံးပါးကို သက်သက်ဝင်ဝင် ယုံကြည်အားထားကြ၍ ကိုယ်ကျင့် သီလလည်း စင်ကြယ်ကြောင်း သိရသည်။ ခမည်းတော်ကြီးကမူ ညစဉ် ဘုရားဝတ်တက် ဝတ်ကပ် ရွတ်ဖတ်သရဇ္ဈာယ်မှု မည်သည့်အခါမျှ မပျက်ရအောင် ပြုလုပ်ကြောင်း သိရသည်။ သားသမီးတို့ကိုလည်း စည်းကမ်း

www.dhammadownload.com



တကျ ပြုစုစောင့်ရှောက်ကြသည်။

ဤကဲ့သို့သော မိကောင်းဖကောင်းနှင့် ဆရာသမားကောင်းတို့၏ စောင့်ရှောက်မှုအောက်မှာ လူလားမြောက်ကာ ကြီးပြင်းလာရသော ဆရာတော်ဘုရားကြီးသည် မိဘဆရာသမားတို့၏ သွန်သင်ညွှန်ပြဆုံးမမှုကြောင့် တကြောင်း၊ မိမိကိုယ်တိုင်၏ ပါရမီဗီဇ ကောင်းမွန်သောကြောင့် တကြောင်း သူတော်ကောင်းစိတ်ဓာတ် အရှိန်ဟပ်၍ ဖြောင့်မတ်ဖြူစင်သော စိတ်ထားနှလုံးထား ရှိသည်မှာ ထင်ရှားပါသည်။ သတ္တဝါများအပေါ် မေတ္တာထားခြင်း၊ ဆင်းရဲနိမ့်ကျသူများကို သနားကြင်နာ ကရုဏာပွားခြင်း၊ တတ်နိုင်သမျှ ကူညီခြင်း၊ အသက်သိက္ခာကြီးသူများကို ရိုသေလေးစားခြင်း၊ စွမ်းနိုင်သမျှ စောင့်ရှောက်ထောက်ပံ့ခြင်း၊ သီတင်းသုံးဖော်တို့ကိုလည်း ကူညီစောင့်ရှောက်ခြင်း၊ မာန်မာန ကင်းသော မစ္ဆရိယကင်းရှင်းခြင်း၊ သည်းခံခွင့်လွှတ်တတ်ခြင်း စသော စိတ်ထားများ ရှိသည်ကိုလည်း တွေ့ရပါသည်။

## မိဘကို အထူးအလေးထားဦးစားပေးသောစိတ်

ချမ်းမြေ့ဆရာတော်ဘုရား တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းတိုက်၌ ရှင်သာမဏေဘဝဖြင့် သီတင်းသုံးနေစဉ် တချိန်တွင် တောင်တွင်းကြီးမြို့ ရွှေအိုးရပ်၌နေသော ကုန်သည်ကြီး ဦးစိန်ညို ဒေါ်လှနှစ်တို့က ရဟန်းဒကာအဖြစ် ခံယူလိုပါကြောင်း တောရဗိမာန်ဆရာတော်ဘုရားကြီးထံ ခွင့်ပန်လျှောက်ထားကြသည်။ ဆရာတော်ဘုရားကြီးက ရှင်သာမဏေရှင်ဇနကအား အကျိုးအကြောင်းမိန့်ကြား၍ သဘောထားကိုမေးပါသည်။ ရှင်ဇနကက “မိဘများက ရဟန်းဒကာ ပြုကြမည်လားမသိပါ။ မိဘများ၏ သဘောထားကို သိဖို့လိုပါ

www.dhammadownload.com



သည်ဘုရား” ဟု လျှောက်ထားပါသည်။ ထို့ကြောင့် တောရဝိမာန်ဂိုဏ်း၌ ဩဇာအကြီးဆုံးဖြစ်သော သဲကျွန်းဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်ဘုရားကြီးတို့ကို ရှင်ဇနက၏ မိဘများထံသို့သွား၍ မိဘများ၏ သဘောထားကိုမေးမြန်းပြီးလျှင် ယင်းကိစ္စအဆင်ပြေအောင် ဆောင်ရွက်စေပါသည်။ ဆရာတော်ဘုရားကြီးများသည် မိဘများကို အကျိုးအကြောင်းဟောပြောညွှန်ပြ အဆင်ပြေအောင် ဆောင်ရွက်ခဲ့ကြပါသည်။ ချမ်းမြေ့ဆရာတော်ဘုရားသည် ဤသို့လျှင် မိဘများကို ဦးစားပေး အလေးဂရုပြုကြောင်း ဦးငွေးဝင်းက ပြောပြ၍ သိရပါသည်။

ချမ်းမြေ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယဆရာတော်တပါးဖြစ်သည့် ဦးသောဘိတာဘိဝံသက ယခုလို မိန့်ကြားပါသည်။ “ဆရာတော်က အေးအေးမှန်မှန် တည်ငြိမ်တဲ့ ဣန္ဒြေသိက္ခာနှင့် နေထိုင်ပါသည်။ အများနှင့်ရောရောနှောနှော မနေထိုင်တတ်ပါ။ ဒါကြောင့် ဆရာတော်၏ အကျင့်သိက္ခာနှင့် စာပေပရိယတ်ပညာအရှိန်ဝါကလည်း ရှိနေတော့ ဆရာတော်ကို အဝေးကသာ ဆက်ဆံနေတဲ့ တချို့ပုဂ္ဂိုလ်များအနေနဲ့ ဆရာတော်ဟာ မာနရှိတယ်လို့ ထင်စရာပဲ။ ဒါပေမယ့် အဝေးက ဆည်းကပ် ဆက်ဆံမှုမဟုတ်ဘဲ အနီးကပ်အတွင်းကျကျ ဆည်းကပ်ဆက်ဆံကြည့်ရင် ဆရာတော်ရဲ့ စိတ်ဟာ နူးညံ့သိမ်မွေ့ပြီး ပျော့ပြောင်းတဲ့ သဘောထားရှိတာကို တွေ့ရတယ်။ တောင့်တင်းမောက်မာတဲ့ မာနအရိပ်အယောင် လုံးဝမရှိဘူး။ ဆက်ဆံရေး အလွန်ပြေပြစ်တဲ့အတွက် အနီးကပ်ဆက်ဆံသူများ ကြည်ညိုလေးစားကြတယ်”လို့ ဆရာတော် ဦးသောဘိတာဘိဝံသက မိန့်ကြားပါသည်။

www.dhammadownload.com



ဆရာတော်ဘုရားကြီး၏ ထိုစိတ်ထားများကို တပည့်များအား ဆုံးမညွှန်ကြားသော အောက်ပါမွကဗျာလင်္ကာများ၌ အထင်အရှား တွေ့ရပါသည်။ ယင်းကဗျာလင်္ကာတို့မှာ

**စိတ်ထားဖြူစင်၊ သူတော်စင်၊ အစဉ်ချမ်းသာသည်။**
**ကိုယ်ကျင့်ဖြူစင်၊ သူတော်စင်၊ အစဉ်ချမ်းသာသည်။**
**စိတ်ထားလည်းဖြူ ကိုယ်ကျင့်ဖြူ နတ်လူချစ်ခင်သည်။**
**ဖြူစင်စိတ်ဓာတ်၊ သူတော်မြတ်၊ ရောက်လတ် နိဗ္ဗာန်ပြည်။**

**စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူလျှင်၊ အများချစ်၍ ချမ်းသာသည်။**
**စိတ်ပုပ် နှုတ်ပုပ်၊ အလုပ်ပုပ်လျှင်၊ အများမုန်း၍ ဆင်းရဲသည်။**

**မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား။**
**ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား။**
**စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။**
**လုံ့လနှင့်ဖွဲ၊ မလျှော့ဘဲ၊ အမြဲတင်းတင်းထား။**
**အရာရာတွင်၊ အသုံးဝင်၊ အောင်မြင်ကြောင်းတရား။**

မေတ္တာတရားနှင့်ပတ်သက်၍လည်း အကြံအတွေး အပြော အဆို အပြုအမူတို့ကို မေတ္တာနှင့်ယှဉ်၍ ကြံတွေး ပြောဆို ပြုမူရန် မြတ်စွာဘုရား၏ ဩဝါဒတော်ကို ဘာသာပြန်၍ အောက်ပါအတိုင်း ဆုံးမထားပါသည်။

www.dhammadownload.com



## မနောကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ စိတ်ထားလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တသွေးတည်း၊ ညီလဲ ညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်
ငြိမ်းချမ်းတယ်။

## ဝစီကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြောဆိုလျှင်၊ အစဉ်အောက်မေ့ဖွယ်။
ချိုသာစကား၊ ကျိုးလိုလား၊ ကြားရ ချမ်းသာတယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တသွေးတည်း၊ ညီလဲ ညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်
ငြိမ်းချမ်းတယ်။

## ကာယကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြုမူလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တသွေးတည်း၊ ညီလဲ ညီညွတ်တယ်။

www.dhammadownload.com



ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင် ငြိမ်းချမ်းတယ်။

ရုပ်ကိုပြုပြင်သလို စိတ်ကိုလည်း စိတ်ညစ်စိတ်မဲ မတင် ဖြူစင်အောင် စိစစ်ပြုပြင်ဘို့လိုကြောင်း သစိတ္တသုတ် ဒေသနာတော်ကို မှီး၍ အောက်ပါအတိုင်း ဆုံးမထားပါသည်။

## မမွကြေးမုံ

သန့်ရှင်းကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်ရုပ၊ လှမလှကို၊ နေ့ညမရွေး၊ ကြည့်စစ်ဆေး၍၊ ယင်ချေးမှဲ့ပြောက်၊ ဝက်ခြံပေါက်နှင့်၊ ညှင်းပြောက်တင်းတိပ်၊ ဖုအကျိတ်ကို၊ ဆေးသိပ်ပယ်ရှား၊ ပမာလားသို့၊ မြတ်ဖျားဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ မမွကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်မန၊ စိတ်အလှကို၊ နေ့ညမရွေး၊ တင်စစ်ဆေးလော့၊ ညစ်ကြေးကိလေ၊ တွေ့ခဲ့ပေသော်၊ ခြောက်ထွေနည်းဖြင့်၊ ပျောက်စေလွင့်မှ၊ မလင့်မကြာ၊ သင့်ခန္ဓာသည်၊ ချမ်းသာဖုံးလိမ့်မှန်စွာတည်း။

## စိတ်ကိုဖြူစင်စေသည့် နည်းရှစ်မျိုး

မဲသည့်စိတ်ကို၊ ဖြူစေလိုသော်၊ ထိုထိုအာရုံ၊ ညစ်မျိုးစုံနှင့်၊ မကြုံတွေ့စေ၊ မမွေ့စေဘဲ၊ ပြောင်းလေဖုံဖုံ၊ ကောင်းအာရုံတည့်၊ လုံးစုံကောင်းမှု၊ မပြတ်ပြုလော့၊ ညှံ့နုသဘော၊ ယောနိသောနှင့်၊ ပွားလောမေတ္တာ၊ သမထာတည့်၊ ပွားရာဝိပဿ်၊ နည်းရှစ်ရပ်တွင်၊ သင့်မြတ်ရာသုံး၊ ဖြူစိတ်ဖုံးသည်၊ သက်လုံးချမ်းသာ လိမ့်မည်တည်း။

(သိလွယ်စေရန်နှင့် ပို၍ပြည့်စုံစေရန်အနည်းငယ်ပြင်ထားသည်။)

www.dhammadownload.com



စိတ်ကိုထိန်းသူနှင့် မထိန်းသူတို့ ခြားနားပုံကိုလည်း အောက်ပါအတိုင်း ဩဝါဒပေးထားပါသည်။

## စိတ်ကိုထိန်းသူနှင့် မထိန်းသူ

မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ်ဆင်ရိုင်းကို၊ ချင့်နှိုင်းဉာဏ်ယှဉ်၊ သမ္မဇဉ်နှင့်၊ အစဉ်ချွန်းအုပ်၊ သတိချုပ်၍၊ မလှုပ်မယိုင်၊ ကောင်းစွာနိုင်သော်၊ ဖွံ့ခိုင်ဖြိုးဖြိုး၊ ချမ်းသာတိုးသည်၊ ကောင်းကျိုးကြွယ်လိမ့် မည်သာကို။

မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထူးသိုင်းဖြေချွတ်၊ ထင်တိုင်းလွှတ်၍၊ မကွပ်မထိန်း၊ ညွတ်တိုင်းယိမ်းက၊ အေးငြိမ်းချမ်းသာ၊ မရပါဘဲ၊ ပူဗျာဆင့်ကဲ၊ လွန်ဆင်းရဲသည်၊ မိုက်မဲသူတို့ လမ်းစဉ်တည်း။

## မောက်မာထောင်လွှား မာနစိတ်ထားမရှိအပ်

မာနနှင့်ပတ်သက်၍လည်း ဆရာတော်ဘုရားက ဤသို့ ဆုံးမတော်မူလေ့ရှိပါသည်။ သိစရာ တတ်စရာ လွန်စွာများပြားလှသော လောက၌ မည်သူမျှ အလုံးစုံကို အကုန်အစင်မသိမြင်မတတ်မြောက်နိုင်ကြ။ မိမိလေ့လာကျက်စားရာ နယ်ပယ်တခုအတွင်း၌သာလျှင် သိမြင်တတ်မြောက်ကြ၏။ ထိုသူ မသိမမြင် မတတ်မြောက်နိုင်သောအရာ ထောင်သောင်းမက များစွာရှိ၏။ ထို့ကြောင့် နွားခြေရာခွက်ထဲ၌ရှိသော ရေကိုသာ မြင်၍ ပင်လယ်သမုဒ္ဒရာတို့၌ ရှိသော ရေကို မမြင်ဖူးသော ဖားသူငယ်သည် နွားခြေရာခွက်၌ရှိသော ရေကို အထင်ကြီးကာ မာနတက်သကဲ့သို့ မိမိတတ်သိသော တစိတ်

www.dhammadownload.com



တပိုင်းမျှသောအရာလေးကို အထင်ကြီးကာ မာနတက်သောသူသည် လောကကိုမကြည့် သဘာဝကို မသိသော လူညံ့သာဖြစ်၏။ ထို့ကြောင့် မည်သူကမျှ မည်သူ့ထက် သာလွန်တတ်မြောက်သည် မဟုတ်ဘဲ အတူတူချည်းသာ ဖြစ်ကြသောကြောင့် မည်သူ့အပေါ်မှ မောက်မာထောင်လွှား မာနစိတ်ထား မရှိအပ်ပေ။ ဤအချက်နှင့် ပတ်သက်၍လည်း မဃဒေဝလင်္ကာမှ စာတပိုဒ်ကို ဆရာတော် အမြဲကိုးကား ပြောဆိုလေ့ရှိပါသည်။

**သုတတရား၊ မြင်ကြားအသိ၊ များစွာရှိလည်း၊ သတိမယှဉ်၊ သမ္မဇဉ်မမှီး၊ မာနကြီးက၊ ခွေးမြီးပညာ၊ မည်စပါခဲ့၊ ထောင်ကာမတ္တ၊ သုံးမကျရှင့်၊ သူ့မျှော့ကိုသာ၊ နှိမ်လိုစွာနှင့်၊ ရန်ရှာထိပါး၊ အပြစ်များ၏၊ သွားတပြပြ၊ သုနခသို့၊ ဒေါသ မောဟ၊ ခြံရံကြွ၍၊ မာနမည်ငြား၊ ဤတရားကို၊ မလွှားစေအပ်၊ ကျိုးမနပ်ဘူး။** (မဃဒေဝ၊ ၁၉၆-၇)

## ဣဿာခေါ်ဆို မနာလို ရှိကိုမရှိရာ

သူတပါးကြီးပွားချမ်းသာသည်ကို မကြည့်ရက် မရှုရက်ဘဲ မနာလို သဝန်တိုသည့် ဣဿာစိတ်ထားကိုကား ဆရာတော်ဘုရားက အဆိုးဆုံးအကုသိုလ်တရားဟု သတ်မှတ်ထား၏။ ဆရာတော်ဘုရား မိန့်ကြားသည်မှာ "လောကမှာ အဆိုးဆုံးစိတ်ဟာ မနာလိုတဲ့ဣဿာ စိတ်ပဲ။ သူများပစ္စည်းကို လိုချင်လို့ ခိုးတာကမှ ပစ္စည်းရသေးတယ်။ သူတပါးကြီးပွား ချမ်းသာတာကို ဝမ်းမသာနိုင်ဘဲ မနာလိုသဝန်တို ဣဿာဖြစ်နေတဲ့ သူကတော့ ဘာမျှမရဘဲ အလကားသက်သက် အကုသိုလ်ဖြစ်ပြီး စိတ်ဆင်းရဲနေရတာ။ ဒါကြောင့် မနာလို သဝန်တိုတဲ့ ဣဿာစိတ်ဟာ အဆိုးဆုံး အကုသိုလ်စိတ်ပဲ။ **မနာလို**

www.dhammadownload.com



**ကင်း၊ ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာသည်ဆိုတဲ့** ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဆောင်ပုဒ်ဟာ အလွန်မှန် တယ်"လို့ မိန့်ကြားပါသည်။ ဤမနာလိုစိတ် ဣဿာနှင့် ပတ်သက်၍ မဃဒေဝမှ စာတပိုဒ်ကိုလည်း ဆရာတော်မကြာခဏ ကိုးကား ဆုံးမလေ့ရှိပါသည်။

**သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြှောက်၏၊ ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏၊ စည်းစိမ့်အရာ၊ သူ့ချမ်းသာ၌၊ ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့၊ သူ့ကိုစောင့်မှ၊ သူကကိုယ့်ကို၊ ကြည်ညိုမေတ္တာ၊ စောင့်နိုင်ရာ၏။** (မဃဒေဝ၊ ၁၈၅)

## နူးညံ့သိမ်မွေ့သော်လည်း မပျော့ညံ့

ဆရာတော်ဘုရားကြီး၏ အနေအထိုင်အမူအရာ အပြောအဆိုတို့ တည်ငြိမ်အေးချမ်းသည်မှာ ဆရာတော်ဘုရား၏ စိတ်ဓာတ်က တည်ကြည်ငြိမ်းအေးခြင်း နူးညံ့သိမ်မွေ့ခြင်းကြောင့် ဖြစ်ကြောင်း သိရပါသည်။ ဆရာတော်ဘုရား၏ စိတ်ဓာတ်သည် ငြိမ်းအေး၍ နူးညံ့ သိမ်မွေ့သော်လည်း ပျော့ညံ့သော စိတ်ဓာတ်မဟုတ်ဘဲ ခိုင်မာသော စိတ်ဓာတ်ဖြစ်ကြောင်းကို မင်းလှသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီး၏ စကားအရ သိရပါသည်။ ဆရာတော်ဘုရားကြီး မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်၌ ချမ်းမြေ့ဆရာတော်လောင်းလျာနှင့်အတူ သီတင်းသုံးခဲ့စဉ်က ဆရာတော်ဘုရားကြီး ဝမ်းရောဂါဖြစ်၍ ဝမ်းရောဂါဆေးရုံ၌ တက်ပြီး ကုသရသဖြင့် ချမ်းမြေ့ဆရာတော်ဘုရားသည် ၇ ရက်ပတ်လုံး ဝမ်းရောဂါဆေးရုံ၌ နေ့ရောညပါနေ၍ စောင့်ရှောက်ပြုစုပေးကြောင်း၊ ဝမ်းရောဂါသည် ကူးစက်တတ်သော

www.dhammadownload.com



ရောဂါဖြစ်၍ ပြုစုသည့်ဆရာတော်ကို ကာကွယ်ဆေးထိုးထားရန် လိုအပ်ကြောင်း ဆရာမများက တိုက်တွန်းကြသော်လည်း ချမ်းမြေ့ဆရာတော်လောင်းလျာက ဆေးထိုးမခံဘဲ ၇ ရက်ပတ်လုံး ဒီအတိုင်းနေခဲ့ကြောင်း၊ သူ့မှာ ဘာမျှလည်းမဖြစ်ကြောင်း မင်းလှဆရာတော်ကြီးက အမိန့်ရှိပါသည်။ ထို့ကြောင့် ချမ်းမြေ့ဆရာတော်ဘုရား စိတ်ဓာတ်ခိုင်မာကြောင်း သိရပါသည်။

## မိကျောင်းကြည်းတင် မဖြစ်ရင်

ချမ်းမြေ့ရိပ်သာမှ ဘုန်းတော်ကြီး ဦးဇဝနက မိန့်ကြားသည်ကိုလည်း မှတ်သားရပါသည်။ ချမ်းမြေ့ဆရာတော် စာသင်စာချအဖြစ် မန္တလေးမှာ နေစဉ်က သူ့ခမည်းတော် ဒကာကြီးကို မန္တလေး စစ်ကိုင်းဘုရားများဖူးရန် လိုက်ပို့ရာ စစ်ကိုင်းရောက်သောအခါ ရတနာ့ဗိမာန်ကျောင်းတိုက်ဆရာတော်ကြီး ဦးဓမ္မာနန္ဒာဘိဝံသထံ ဝင်၍ ဖူးမြော်ကန်တော့ကြပါသည်။ ထိုအခါ ဆရာတော်ကြီးက ဘယ်သူတုန်း ဘယ်ကတုန်းဟု မေး၍ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်စည်ရှင်ကျောင်းက ဇနက ဖြစ်ကြောင်း လျှောက်ထားပါသည်။ ဆရာတော်ကြီးက "စည်ရှင်ကျောင်းက ဇနကဆိုတော့ နာမည်ကြီးတဲ့ စည်ရှင်ဦးဇနကဆိုတာ ကိုယ်တော်လား" လို့ မေးပါသည်။ ဆရာတော်က စည်ရှင်ဇနက ဟုတ်မှန်ကြောင်း၊ စည်ရှင်ကျောင်း၌ ဇနက တပါးသာရှိကြောင်း လျှောက်သောအခါ ဆရာတော်ကြီးက "စည်ရှင်ဦးဇနကဟာ ပညာတော်တယ်။ အနေအထိုင်ကောင်းတယ်လို့ သတင်းကြားနေတာ၊ အတော်ပဲကွာ၊ ကိုယ်တော် ဘာနေ့သားလဲ ပြောစမ်းပါ" ဟု မေးပါသည်။ "ဆရာတော်ကြီးက ဘုန်းကြီးတို့ဆရာပါပဲ၊ ဗေဒင်

www.dhammadownload.com



ဝါသနာပါတယ်၊ တော်လည်းတော်တယ်၊ ပိုက်ဆံယူပြီး ဟောတာတော့ မဟုတ်ပါဘူး၊ သူဟောချင်တဲ့ပုဂ္ဂိုလ်ကို ဟောလိုက်တာပါပဲ၊ ဒါကြောင့် မေးတာပါ"ဟု ဘုန်းတော်ကြီး ဦးဇဝနက မိန့်ပါသည်။

ဆရာတော်က မွေးနေ့သက္ကရာဇ်ကို လျှောက်လိုက်တော့ ဆရာတော်ကြီးက ခဏငြိမ်ပြီး စိတ်နဲ့စဉ်းစားတွက်ချက်ပြီးမှ "ကိုယ်တော့်ဇာတာက သိပ်ကောင်းတဲ့ဇာတာပဲ"ဟုမိန့်ပြီးတော့ သူ့ကျောင်းမှာ အတည်းခိုင်းတယ်။ ဆရာတော့်ဇာတာကိုကြည့်ပြီး ဟောစာတမ်းရေးတယ်။ နောက်နေ့ကျတော့ ဆရာတော်ကို ဟောစာတမ်းပေးရင်း" ကြီးပွားမယ့် ဇာတာ၊ **မိကျောင်း ကြည်းတင် မဖြစ်ရင် မြေကြီးလက်ခတ်မလွဲ မုချ ကြီးပွားမှာပဲ**"လို့ မိန့်ကြားပြီး "ကိုယ်တော့်ကြည့်ရတာ မျက်နှာက ပြုံးပြုံးပြုံးပြုံးနဲ့ စိတ်ကတော့ တော်တော်မာပုံရတယ်၊ ကိုယ်တော် သင်္ကန်းဝါဝါလေးတွေ မဝတ်ပါနဲ့၊ အညိုရောင်ကိုပဲ အမြဲတမ်းဝတ်ပါ" လို့ ခပ်ပြုံးပြုံး မိန့်ကြားလိုက်သတဲ့။ "ကြည်းတင်တယ်ဆိုတာ ရေထဲနေတဲ့ မိကျောင်းဟာ ကုန်းပေါ်ကိုတက်လို့ကုန်းပေါ်မှာတင်နေရင် ဘေးရန်အန္တရာယ်တွေ့တတ်တယ်။ ကုန်းပေါ်မှာမတင်လို့ ရေထဲမှာ သွားလာ ကျက်စားနေရင် ဘေးရန် အန္တရာယ်ကင်းရှင်းပြီး ချမ်းချမ်းသာသာနေရတယ် ဆိုတဲ့သဘော ဥပမာတင်ပြီး ပြောတာပါ။ အဓိပ္ပါယ်ကတော့ ဒီဇာတာရှင်ပုဂ္ဂိုလ်ဟာ သာသနာ့အန္တရာယ်နဲ့ မတွေ့လို့ ကတိမ်းကပါး မဖြစ်ရင် သာသနာတွင်းမှာ ကြီးပွားမှာမုချပဲလို့ ဆိုလိုတာပါပဲ။ အဲဒီအချိန်တုန်းက ပညာအလွန်တော်တဲ့ ဘုန်းကြီးတချို့ လူထွက်သွားကြတာကိုး၊ ဆရာတော်ကြီးက မိကျောင်းကုန်းပေါ် မတင်အောင်

www.dhammadownload.com



သတိထားနေထိုင်ဖို့ သတိပေးတာပါ။ အားလုံးက လေးစားတဲ့ ဆရာတော်ကြီးက မိန့်တာပဲ” ဟု ဘုန်းတော်ကြီး ဦးဇဝနကမိန့်ပါသည်။

## သီတင်းသုံးဖော်များကို ကူညီစောင့်ရှောက်ခြင်း

သီတင်းသုံးဖော်များကို ကူညီစောင့်ရှောက်ပုံကို မင်းလှရိပ်သာ ဆရာတော်ဘုရားကြီးက ယခုလို ပြောပြပါသည်။ “ချမ်းမြေ့ဆရာတော်ကတော့ တော်တယ်။ စိတ်နေစိတ်ထားက ငယ်ငယ်ကတည်းက လူကြီးစိတ်ရှိတယ်။ ထူးခြားတဲ့ပုဂ္ဂိုလ်တယောက်ပါပဲ။ ဘုန်းကြီးက အရှိအတိုင်း ပြောတာပါ။ မန္တလေးဝိသုဒ္ဓါရုံတိုက်မှာ သူနဲ့အတူနေစဉ်က ဘုန်းကြီး ကာလဝမ်းရောဂါ ဖြစ်တယ်။ ကျန်းမာရေးမကောင်းတဲ့ အထဲမှာ ဝက်သားတွေစား၊ ကြံရည်တွေ သောက်မိတယ်၊ ဝမ်းတွေသွားလိုက်တာ ရေအိုး သွန်ချသလိုပဲ။

ဦးဇနကက မန္တလေး ဆေးရုံကြီးလိုက်ပို့တော့ ဆေးရုံကြီးက လက်မခံဘဲ အနောက်ဂေါဝိန် မြစ်ဆိပ်နားက ဝမ်းရောဂါ ဆေးရုံကို သွားဖို့ ညွှန်လိုက်တယ်။ ဝမ်းရောဂါ ဆေးရုံမှာတင်တော့ ဘုန်းကြီး မြော့နေတာပဲ။ ဘာမှမလှုပ်ရှားနိုင်ဘူး။ အဲဒီမှာ သူပဲ နေ့ရောညပါ ဝမ်းရောဂါဆေးရုံမှာနေပြီး ဘုန်းကြီးကို စောင့်ရှောက် ပြုစုပေးတယ်။ ညအိပ်ပြီး စောင့်ရှောက်ပေးတာ။ ကာလဝမ်းရောဂါက ကူးစက်တတ်တဲ့ရောဂါဆိုတော့ သူ့ကို ရောဂါကူးစက်မှာစိုးလို့ ဆရာမတွေက ကာကွယ်ဆေးထိုးဖို့ သူ့ကိုပြောတယ်။ သူက ကိစ္စမရှိပါဘူးဆိုပြီး မထိုးဘဲနေတယ်။ အဲဒီအချိန်မှာ သူက နှစ်ဝါပဲရသေးတဲ့ ဦးပဥ္စင်းကလေးပေါ့။ တညလုံးစာကြည့်ရင်း ဘုန်းကြီးကို စောင့်ရှောက်ပေးတာ။ ရက်တပတ်ကျော်ကြာတယ်။

www.dhammadownload.com



ဘုန်းကြီးတို့ စည်ရှင်ကျောင်းက အသောကာရုံဆရာတော်က "ဟော့ မင်းတို့ ကြည့်လဲလုပ်ကြဦးကွ၊ ရောဂါဖြစ်တဲ့ သာသနက မသွားဘဲ ပြုစုတဲ့ ဇနကက သွားလိမ့်မယ်ထင်တယ်၊ အဲဒါ မင်းတို့ ကြည့်လဲ ကူကြဦး" လို့ တပည့်တွေကို ပြောသတဲ့။ ကူးစက်တတ်တဲ့ရောဂါ ကူးလွယ်သလို အဖိတ်အစင်လဲရှိတယ်။ ဘုန်းကြီးဆေးရုံမှာ ရှိနေတုန်း လူနာနှစ်ယောက် ဖိတ်စင်သွားတယ်။ ဒီရောဂါက ကြောက်တတ်ရင် စိတ်ပျော့ရင် ပိုပြီးကူးစက်တတ်သတဲ့။ ဒါမျိုးဆို သူများတွေ ကူးမှာကြောက်လို့ အနားတောင်မကပ်ဝံ့ကြဘူး။ သူကတော့ ဘာမှမကြောက်ဘဲ ဘုန်းကြီးကို နေ့ရောညပါ စောင့်ရှောက်ပေးတာ။ သူပြုစုစောင့်ရှောက်ပေးလို့ ဘုန်းကြီး အသက်ရှင်လာတာ။ သူ့ကျေးဇူး အများကြီးရှိတယ်။ သူက ကြောက်စိတ်မရှိလို့လား အပင်ပန်းခံပြီး သူတပါးကို ပြုစုစောင့်ရှောက်တဲ့ ကုသိုလ်ကြောင့်လား မသိဘူး၊ သူ့မှာ ဘာမှမဖြစ်ဘူး"လို့ မင်းလှ ဆရာတော်ဘုရားကြီးက အမိန့်ရှိပါသည်။

စစ်ကိုင်း ရတနာ့ဗိမာန်ဆရာတော်ကြီး ဟောလိုက်တဲ့ ကိုယ်တော်က စိတ်တော်တော်မာပုံရတယ် ဆိုတဲ့စကားဟာ မှန်ကန်ကြောင်း ဒီဖြစ်ရပ်မှာ တွေ့ရပါသည်။

## သက်ကြီးဝါကြီးများကို စောင့်ရှောက်ခြင်း

ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီးဟာ ပင်ကိုယ်စိတ်ထားက အေးအေးလေးနဲ့ အလွန်ထက်မြက်ပါတယ်။ အများကိုလဲ အမြဲကူညီစောင့်ရှောက်ပါတယ်။ သက်ကြီးဝါကြီး ဆရာတော်ကြီးတွေကို ရိပ်သာမှာပင့်ပြီး အမြဲသီတင်းသုံးစေပါတယ်။ လိုလေသေး

www.dhammadownload.com



မရှိအောင်လဲ စောင့်ရှောက်ထားပါတယ်။ အသက် ၈၀ ကျော်တဲ့ ကုက္ကိုခွ ဆရာတော်ကြီး၊ မလှိုင်ဆရာတော်ကြီး၊ ဗိမာန်ဆရာတော်ကြီး တို့ကို ချမ်းမြေ့ရိပ်သာမှာပင့်ပြီး ချမ်းသာအောင် စောင့်ရှောက် ထားပါတယ်။ ဝေယျာဝစ္စယောဂီတွေထဲက အသက်ကြီးတဲ့ ယောဂီတွေကိုလဲ စောင့်ရှောက်ထားပါတယ်။ အားထုတ်ဆဲ ယောဂီ တွေဖြစ်စေ၊ ဝေယျာဝစ္စယောဂီတွေဖြစ်စေ မတော်တဆထိခိုက် ဒဏ်ရာရရင်လဲ အိမ်ကိုပြန်မလွှတ်သေးဘဲ ရောဂါဝေဒနာပျောက် သည်အထိ ရိပ်သာမှာဘဲ အနေခိုင်းပြီး ရိပ်သာမှာလဲ ဆေးခန်းရှိတော့ ဆေးခန်းက ယောဂီတွေကို ဂရုစိုက်ပြီး စောင့်ရှောက်စေပါတယ်ဟု ဒေါက်တာ ဒေါ်ပိုပို‌က ပြောပြပါသည်။

ဆရာတော့်အရိပ်ခိုနေရတာ အလွန်အေးချမ်းပြီး စိတ်ချမ်း သာ ကြည်နူးရပါတယ်။ ဆရာတော်ကြီး၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးပြီး အမြဲနေမယ်လို့ ဆုံးဖြတ်ထားပါတယ်။ တရား မှတ်တဲ့အခါမှတ်၊ တရားနာတဲ့အခါနာ၊ ဝေယျာဝစ္စဆောင်ရွက်တဲ့ အခါ ဆောင်ရွက်ပေါ့။ မသိသူ ကျော်သွား သိသူ ဖော်စားဆိုတဲ့ စကားအတိုင်းပါပဲဟု ဒေါက်တာက ဆက်လက်ပြောပြပါသည်။

## ယောနိသော မနသိကာရ

ဆရာတော်ဘုရား၏ အတုယူစရာကောင်းသော တခြားစိတ် ထား နှလုံးထားတခုမှာ ယောနိသော မနသိကာရ စိတ်ထားဖြစ်ပါ သည်။ ဆရာတော်ဘုရားသည် ယောနိသော မနသိကာရ စိတ်ထား ကို အမြဲလက်ကိုင်ထားပါသည်။ ယောနိသော မနသိကာရဆိုတာ သင့်တင့်အောင် နှလုံးသွင်းခြင်း၊ အဆင်ပြေအောင် နှလုံးသွင်းခြင်းဟု

www.dhammadownload.com



အများသိကြပါသည်။ ဆရာတော်ဘုရားကမူ **ဥပါယ မနသိကာရော** အကြောင်းမှန်အားဖြင့် နှလုံးသွင်းခြင်း၊ **ပထ မနသိကာရော** လမ်းမှန် အားဖြင့် နှလုံးသွင်းခြင်း၊ **ကုသလဓမ္မပ္ပဝတ္တိယာ မနသိကာရော** ကုသိုလ်တရားဖြစ်အောင် နှလုံးသွင်းခြင်းဟု ကျမ်းဂန်စကားနှင့် မိန့်ကြားပါသည်။ ယင်းကျမ်းဂန်စကားများကို အရပ်စကားနှင့် ပြောရလျှင် သင့်တင့်အောင် နှလုံးသွင်းခြင်း၊ အဆင်ပြေအောင် နှလုံးသွင်းခြင်းပါပဲဟု မိန့်ပါသည်။

အဖြစ်အပျက်တခုခု၊ အခြေအနေတခုခု၊ အကြောင်းအရာ တခုခု၊ ပုဂ္ဂိုလ်တဦးဦးကို ကြည့်လျှင် ကြည့်သူ မြင်သူ၏ စိတ်နေ စိတ်ထားပေါ်မူတည်ပြီး အဆိုးဘက်ကလည်း ကြည့်လို့ရပါသည်။ အကောင်းဘက်ကလည်း ကြည့်လို့ရပါသည်။ အဆိုးဘက်က ကြည့်လျှင် အပြစ်မြင်၍ ဒေါသ ဒေါမနဿ ဖြစ်ပွားကာ စိတ်ဆင်း ရဲရပါသည်။ အကောင်းဘက်က ကြည့်လျှင် အကောင်းမြင်ကာ ကုသိုလ်တရားပွားများ၍ စိတ်ချမ်းသာရပါသည်။ ထို့ကြောင့် ယောနိသော မနသိကာရ လက်ကိုင်ထား၍ မည်သည့်အဖြစ်အပျက် အခြေအနေ အကြောင်းအရာ ပုဂ္ဂိုလ်သတ္တဝါကိုမဆို အကောင်း ဘက်ကကြည့်လျှင် သင့်တင့်အောင် အဆင်ပြေအောင် နှလုံးသွင်း တတ်သဖြင့် စိတ်ချမ်းသာရပါသည်။ ဘယ်အရာမဆို ယောနိသော မနသိကာရစိတ်ထားနိုင်အောင် အကောင်းဘက်က ကြည့်ရမည်ဟု မိန့်ကြားပါသည်။ ဆရာတော်ဘုရားသည် ဤအယူအဆအတိုင်းပင် ကိုယ်တိုင်ကျင့်သုံးသဖြင့် ယောနိသော မနသိကာရ စိတ်ထားနိုင်၍ အမြဲစိတ်ချမ်းသာသူ ဖြစ်ပါသည်။

www.dhammadownload.com



တရုတ်ပြည် ဂူထိုင်းတောင်ပေါ်ရှိ ကျင်းလုံးမဟာယာနကျောင်း အသက် (၁၀၂)နှစ်ရှိ ဘုန်းတော်ကြီးနှင့် အတူ

www.dhammadownload.com

www.dhammadownload.com



တရုတ်ပြည်၊ ချမ်းမြေ့မေတ္တာတရားစခန်းသို့ ချမ်းမြေ့ဆရာတော်ကြွလာစဉ်

www.dhammadownload.com



တရုတ်ပြည်၊ ချမ်းမြေ့မေတ္တာတရားစခန်း ယောဂီများ တရားနာနေစဉ်

www.dhammadownload.com

www.dhammadownload.com

www.dhammadownload.com



ကနေဒါ ရှုခင်းသာတစ်နေရာ

www.dhammadownload.com

www.dhammadownload.com



ကနေဒါနိုင်ငံ၊ ဗန်ကူးဗားမြို့ တရားစခန်းအပြီး ယောဂီများနှင့်အတူ

www.dhammadownload.com

www.dhammadownload.com



ကနေဒါနိုင်ငံ၌ ယောဂီများ တရားမလျှောက်မီ ကန်တော့နေကြစဉ်

www.dhammadownload.com

www.dhammadownload.com



အမေရိကန်ပြည်၊ စပရင်းဖီးမြို့ ချမ်းမြေ့ရိပ်သာကျောင်း၊ ယောဂီများ တရားနာနေစဉ်

www.dhammadownload.com

www.dhammadownload.com



အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆီကွိုင်းယားတောရှိ
လုံးပတ်အတုတ်ဆုံးသစ်ပင်ကြီး၏ ခြေရင်းတွင်

www.dhammadownload.com

www.dhammadownload.com



အလာစကာပြည်နယ်၊ ရေခဲပြင်ပေါ်တွင်

www.dhammadownload.com



အလာစကာပြည်နယ်၊ ရေခဲပြင်ပေါ်တွင် ခွေးများစွပ်ဖားဆွဲနေစဉ်

www.dhammadownload.com

www.dhammadownload.com



အိုင်ယာလန်နိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်း ဖွင့်ပွဲ

www.dhammadownload.com

www.dhammadownload.com

www.dhammadownload.com



အိုင်ယာလန်နိုင်ငံ၊ မိဂဒါဝုန်တော

www.dhammadownload.com

www.dhammadownload.com



အိုင်ယာလန်နိုင်ငံ၊ မိဂဒါဝုန်တော

www.dhammadownload.com

www.dhammadownload.com



အိုင်ယာလန်နိုင်ငံ တိရစ္ဆာန်များအစာကျွေးနေစဉ်

www.dhammadownload.com

www.dhammadownload.com



ဆွီဒင်နိုင်ငံရှိ မြန်မာပရိသတ်များ တရားနာနေစဉ်

www.dhammadownload.com

www.dhammadownload.com



ဆွီဒင်နိုင်ငံ ဒကာဒကာမများနှင့် အတူ

www.dhammadownload.com

www.dhammadownload.com



## ဝမ်းမီးချက်စရာရှိလျှင် ပြီးတာပါပဲ

ဤယောနိသော မနသိကာရနှင့်ပတ်သက်၍ ချမ်းမြေ့မြိုင် ဆရာတော် ဦးဣန္ဒက က သူ့အတွေ့အကြုံကို ယခုလိုပြောပြပါသည်။ "၂၀၀၉ ခုနှစ်က ဘုန်းကြီးအတုယူစရာတခု ရလိုက်ပါတယ်။ အဲဒီနှစ်က ရန်ကုန်ကနေ တမူးကို ဆရာတော်လေယာဉ်နှင့်ကြွတော့ ဘုန်းကြီးလဲ ပါပါတယ်။ လေယာဉ်က မန္တလေး လေဆိပ်မှာ ခဏဆင်းပြီး ခရီးသည်အတင်အချပြုပြီး ပြန်တက်မယ်လုပ်တော့ နောက်ဆင်းရမည့် ကလေးမြို့လေဆိပ်မှာ ရာသီဥတု မကောင်းလို့ မန္တလေး လေဆိပ်မှာ မတက်သေးဘဲ စောင့်နေရပါတယ်။ ၁၀ နာရီ ခွဲလောက် ရှိနေပါပြီ။ ကလေးမြို့မှာလဲ တပည့်တွေက ဆွမ်းကပ်ဘို့ရာ အရန်သင့်စောင့် နေကြတယ်။

"စောင့်နေတာ တော်တော်ကြာလို့ ၁၁ နာရီကျော်သွားတော့ လဲ လေယာဉ်မတက်ရသေးဘူး။ ဒီတော့ လေယာဉ်မှူး တဦးက လာလျှောက်တယ်။ "ကလေးမြို့ကိုတော့ နေ့ဆွမ်းအမှီ ရောက် တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဘုန်းကြီးတို့ကို တပည့်တော်တို့ဆွမ်း ကပ်ပါမယ်"လို့ လျှောက်တယ်။ လေယာဉ်ကွင်းထဲမှာဆိုတော့ ဆွမ်းတော့မရနိုင်လို့ ခေါက်ဆွဲကိုပဲ ကပ်ပါ့မယ်လို့ လျှောက်တယ်။ ဘုန်းကြီးက ဆရာတော်ကြီးကို အကျိုးကြောင်းလျှောက်တော့ ဆရာတော်ဘုရားကြီးက"စောစောက ဒီလိုမှန်းသိရင် မန္တလေးက ဒကာတွေဆီ အကြောင်းကြားလိုက်ရင် သူတို့ဆွမ်းလာကပ်ကြမှာပဲ၊ အခုတော့ အချိန်မရှိဘူး၊ ခေါက်ဆွဲရှိလို့ ခေါက်ဆွဲကပ်ရင် ခေါက်ဆွဲပဲ ဘုဉ်းပေးကြတာပေါ့၊ ဝမ်းမီးချက်စရာရရင် ပြီးတာပါပဲ" လို့ မိန့်ကြား ပါသည်။ ဒါဟာ အခြေအနေကိုကြည့်ပြီး အဆင်ပြေအောင် နှလုံး

www.dhammadownload.com



သွင်းတဲ့ ယောနိသောမနသိကာရပါပဲ။ ဆရာတော်ဘုရားဆီက အဲဒီနှလုံးသွင်းနည်းလေး ရလိုက်တဲ့အတွက် အခုဘယ်မှာဘဲဖြစ်ဖြစ် ဘာပဲစားရစားရ အဲဒီနှလုံးသွင်းနည်းလေးနဲ့ ဘုဉ်းပေးလိုက်တော့ ဘာပြဿနာမှမရှိဘူး။ စိတ်ချမ်းသာတယ်။ ဒါဟာ ဆရာတော်ဘုရားကြီး လက်ကိုင်ထားတဲ့ ယောနိသော မနသိကာရ စိတ်ထားပါပဲ။ အင်မတန်ကောင်းတဲ့ မမေ့နိုင်စရာ အတွေ့အကြုံလေးပါပဲ”ဟု ဆရာတော် ဦးဣန္ဒကက မိန့်ပါသည်။

## သည်းခံခွင့်လွှတ်ခြင်း

ဆရာတော်ဘုရားသည် လူငယ်လူရွယ်များ၊ မသိနားမလည်သူများ နားမလည်သည့်အလျောက် ပြောမှား၊ ဆိုမှား၊ ပြုမှားမိသည်တို့ကို သည်းခံခွင့်လွှတ်လေ့ရှိပါသည်။ ခွဲခြမ်းဝေဖန်တတ်သော အသိဉာဏ်ရှိသူများက တမင်တကာပြုလုပ်သော အပြစ်များကိုမူ မှတ်လောက်သားလောက်အောင် အသိပညာပေးလေ့ရှိပါသည်။

သည်းခံခွင့်လွှတ်ခြင်းနှင့် ပတ်သက်၍ တောင်တွင်းကြီးမြို့ ပျဉ်းမရွာ ဦးမောင်ဘို (စာရေးဆရာ ဘုန်းဝင်းခေါင်) ကျောင်းသားဘဝက အတွေ့အကြုံတခုကို ယခုအောက်ပါအတိုင်း ပြောပြပါသည်။ “၁၉၆၆ ခုနှစ် အချိန်ကကျွန်တော်တို့ရွာ နေကျော်ကျောင်း ကျောင်းထိုင်ဆရာတော်က ဦးသုနန္ဒဖြစ်ပါသည်။ ကျောင်းသားကိုရင်များကို စည်းကမ်းတကျ ခပ်ကြမ်းကြမ်း သင်ပြအုပ်ချုပ်သော ဆရာတော်ဖြစ်ပါသည်။ ချမ်းမြေ့ ဆရာတော်ဘုရားကြီးနှင့် ညီအကိုနှစ်ဝမ်းကွဲတော်စပ်ပါသည်။ ထိုစဉ်က ကျွန်တော်လဲ ကျောင်းသားတယောက်ဖြစ်ပါသည်။

www.dhammadownload.com



"တနေ့သော နံနက်ခင်း ၈ နာရီအချိန်ခန့်တွင် ကျွန်တော်အပါ အဝင် ကျောင်းသားများက စားသောက်ပြီးပန်းကန်များကို ကျောင်း ပေါ်တွင် ဆေးကြောနေကြပါသည်။ ဆေးကြောရေထည့်ထားသော ရေများ နောက်ကျိနေသဖြင့် ရေအသစ်လဲရန် ကျောင်းသား တယောက်က အောက်ကိုမကြည့်ဘဲ ရေဇလုံကြီးထဲမှ ရေကို ပြူတင်းပေါက်မှ သွန်ချလိုက်ပါသည်။ ဗျောကနဲ မြေကြီးပေါ် ရေကျသံမကြားဘဲ တစုံတရာပေါ် ကျသံကြား၍ ငုံ့ကြည့်လိုက်ကြရာ ကျောင်းသားများ ပါးစပ်ဟောင်းလောင်းဖြင့် ကြောင်ကြည့်နေ ကြပါသည်။ အကြောင်းမှာ ကျောင်းအနောက်ဘက် ကပ်လျက်လမ်း ပေါ်မှာ သွားနေသော ချမ်းမြေ့ဆရာတော်ဘုရားအပေါ်ကို ပန်းကန် ဆေးရေတွေ လောင်းမိလျက်သားဖြစ်သည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ ဆရာတော်ဘုရားမှာ ထိုအချိန်ကကုဋီသို့ ကြွသွား နေသော အချိန်ဖြစ်ပါသည်။ ဆရာတော်ဘုရားသည် ရပ်လျက် အပေါ်သို့ မော့ကြည့်ပြီးလျှင် မည်သို့မျှမပြောဘဲ ပထမ လက်ယာ ဘက် လက်ပေါ်တွင် တင်နေသော ရေစက်များကို အသာအယာ သပ်ချလိုက်ပါသည်။ ဒုတိယ ရေစိုသွားသော မျက်မှန်ကို ချွတ်၍ အသာအယာသုတ်ပြီး ပြန်တပ်လိုက်ပါသည်။ ဆရာတော် ဘုရား၏ အညိုရောင်သင်္ကန်းမှာ ပန်းကန်ဆေးရေများ စိုရွှဲနေပါသည်။ ဆရာတော်က မည်သို့မျှ မပြောဘဲ ကုဋီဘက်သို့ ဣန္ဒြေရရ ဆက်ကြွ သွားပါသည်။ စိတ်တို စိတ်ဆိုးသောအမူအရာ လုံးဝမတွေ့ရပါ။

"ထိုအခိုက် ကျောင်းကြီးအောက်ထပ်တွင် သီတင်းသုံးနေသော နေကျော်ကျောင်း ဆရာတော် ဦးသုနန္ဒက တွေ့မြင်သွား၍ ခပ်သွက်သွက် ကျောင်းပေါ်တက်လာပြီးလျှင် "ဟေ့ ဟေ့၊ မင်းတို့

www.dhammadownload.com



ရေသွန်တာ ဆရာတော့်အပေါ် ကျသွားတယ်ကွ၊ ကုဋ္ဌိကပြန်လာရင် သက်န်းကို လျှော်ပြီးတောင်း၊ ကာဘော်လစ်ဆပ်ပြာနဲ့ ကျကျနန လျှော်၊ မီးပူတိုက်ပြီးမှ ပြန်ကပ်လိုက်၊ မင်းတို့ ရေသွန်ရင် အောက်ကို ကြည့်ပြီး သွန်မှပေါ့”ဟု မိန့်ကြားပါသည်။

“ထိုအခါကျမှ ကျွန်တော်တို့ကျောင်းသားများ စိတ်အေးသွားကြပါသည်။ အရင်တော့ ကြိမ်လုံးဆုများ အချခံရမလားလို့ စိတ်ပူနေကြပါသည်။ ထိုစဉ်က အသက် ၄၀ ပင်မပြည့်သေးသော ချမ်းမြေ့ ဆရာတော်ဘုရားကြီးသည် ဖူးမြင်ရသူတိုင်းက ကြည်ညိုချင်လောက်အောင် ဥပမိသမ္ပတ္တိရှိပါသည်။ အရွယ်၏နုပျိုခြင်း၊ ရုပ်ဆင်းအင်္ဂါ၏ သပ္ပါယ်ခြင်း၊ စာပေကျမ်းဂန် တတ်မြောက်ခြင်း၊ ဣန္ဒြေသိက္ခာ ပြည့်ဝခြင်းအပြင် သည်းခံခွင့်လွှတ်နိုင်မှု စိတ်ထားကိုပါ ကိုယ်တွေ့မျက်မြင် တွေ့မြင်ရသဖြင့် ထိုမြင်ကွင်းသည် ယခုတိုင်ကျွန်တော်၏ မျက်စိအောက်မှ ပျောက်ကွယ်မသွားဘဲ ရှိနေပါသည်”ဟု ဦးမောင်ဘိုက ဆရာတော်ဘုရားကြီး၏ သည်းခံနိုင်မှုစွမ်းအားကို ပြန်လည်ပြောပြပါသည်။

မွန်မြတ်သည့်စိတ်ထားကို မြင့်မြတ်သည့် ပုဂ္ဂိုလ်များမှပဲ ထားနိုင်ကြသည်။ သည်းခံရုံတင်မက ခွင့်လွှတ်တဲ့သဘောလဲရှိပါတကားဟု ခံယူမိပါသည်။

## အနေအထိုင်ကျဉ်းကျပ်မှုကို သည်းခံခြင်း

ဆရာတော်ဘုရားသည် အစားအသောက်အဆင်မပြေမှု အနေအထိုင် အဆင်မပြေမှုတို့ကိုလည်း သည်းခံစိတ်ရှိပါသည်။

www.dhammadownload.com



အနေအထိုင် ကျဉ်းကျပ်မှုနှင့်ပတ်သက်၍ တာချီလိတ် ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဦးဝိရောစနက ဤသို့မိန့်ပါသည်။ “ဦးပဇင်း ဖြူးမဟာစည်ရိပ်သာ၌ လက်ထောက်ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ်က ဖြူးမဟာစည်ရိပ်သာကျောင်းရေစက်ချအလှူပွဲ၌ ဒကာများက ချမ်းမြေ့ဆရာတော်ဘုရားကိုပင့်၍ တရားနာဖို့ရာ လိုလားတောင့်တနေကြပါသည်။ ဆရာတော်ကိုပင့်ဆောင်ပေးဘို့ ဦးပဇင်းကို နားပူကြပါသည်။ ဦးပဇင်းကမူနေရာထိုင်ခင်း မပြည့်စုံသေးသဖြင့် ဆရာတော်ကို မပင့်လိုပါ။ သို့သော်လဲ ဒကာ ဒကာမတို့၏ အလိုဆန္ဒ ပြည့်ဝကျေနပ်စေရန်ဆရာတော်ကို ပင့်ပေးရပါသည်။ ဆရာတော်ကြွလာသည့်အခါဆရာတော် ချမ်းချမ်းသာသာ သီတင်းသုံးရန် နေရာထိုင်ခင်းမရှိပါ။ ဦးပဇင်းနေထိုင်တဲ့ ၁၀ ပေ ၈ ပေခန့်ရှိတဲ့ အခန်းလေးကို မိုးလုံအောင်သက်ကယ်ထပ်မိုး ထားရပါသည်။ သန့်စင်ခန်းလဲ မပါပါ။ အစွမ်းကုန်မွန်းမံပြုပြင်ထားသော်လဲ မပြည့်စုံပါ။ ဆရာတော်ဘုရားသည်ထိုအခန်းကျဉ်းလေးထဲတွင် ကျဉ်းကျဉ်းကျပ်ကျပ် သီတင်းသုံးရပါသည်။ သို့သော်လဲ ဆရာတော်ဘုရားသည် မိမိ၏ဆင်းရဲမှုအနေကျပ်မှုကို စိတ်ထဲမှာ မထားဘဲ အရိပ်အယောင်တောင် မပြဘဲသီတင်းသုံးနေထိုင်ပြီးလျှင် ခန္တီတရားရှေ့သွားပြု၍ ဒကာဒကာမများအပေါ် မေတ္တာထားကာ နာလိုကြသောတရားကို ဟောကြားချီးမြှင့်သွားပါသည်”ဟု တာချီလိတ်ဆရာတော်က မိန့်ကြားပါသည်။

အစားအသောက်နှင့်ပတ်သက်၍ သည်းခံစိတ်ထားမှုကိုအထက်တွင် ဖော်ပြခဲ့သည့် ဝမ်းမီးချက်စရာရှိလျှင် ပြီးတာပဲဟူသောစကားကို ထောက်ထား၍ သိရပါသည်။

www.dhammadownload.com



## လေးစားအတုယူဖွယ် မွန်မြတ်တဲ့စိတ်ထား

ချမ်းမြေ့မြိုင်ဆရာတော် ဦးဣန္ဒကကလည်း ဆရာတော်ဘုရားကြီးနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ သူ၏အတွေ့အကြုံတခုကို အောက်ပါအတိုင်း ပြောပြပါသည်။

"ဘုန်းကြီးရဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးတခု ပြောပြချင်ပါတယ်။ ၁၉၈၉ ခုနှစ် ဝါတွင်းကာလမှာ ရန်ကုန်ချမ်းမြေ့ရိပ်သာမယ် ဘုန်းကြီးတရားဝင်ပါတယ်။ ဝါတွင်းဆိုတော့ မိုးလဲများပါတယ်။ တညမှာ မိုးက တအားရွာနေတယ်။ အချိန်ကလဲ ဆရာတော့်ထံ တရားလျှောက်ချိန်ဖြစ်နေတယ်။ တရားလျှောက်ရမည့် ယောဂီက ဘုန်းကြီးနှင့် အမျိုးသားယောဂီ ၁၅ ယောက်ပဲ၊ ဆရာတော်ဘုရားက ဓမ္မာရုံကြီးရဲ့မြောက်ဘက်က စံကျောင်းမှာ သီတင်းသုံးပါတယ်။ ဘုန်းကြီးတို့အားလုံး မိုးထဲ လေထဲ တရားသွားလျှောက်ရ ကောင်းမလား မကောင်းဘူးလားလို့ စဉ်းစားပြီး တရားသွားလျှောက်ဘို့ တွန့်ဆုတ်နေကြတယ်။ မကြာခင်ပဲ ဆရာတော်ဘုရားကြီးက ဦးပဇင်းတို့ မလာကြနဲ့ တပည့်တော် လာခဲ့မယ်လို့ ပြောပြီးတော့ ထီးဆောင်း ဓမ္မာရုံပေါ်ကြွလာပြီး တရားစစ်ပေးပါတယ်။ တပည့်တွေအပေါ် တရားအနှောင့်အယှက် မဖြစ်စေဘဲ တရားတိုးတက်စေလိုတဲ့ မေတ္တာ ကရုဏာ စေတနာ အတော်ကြီးမားတာပဲလို့ စိတ်ထဲမှာ နက်နက်နဲနဲခံစားလိုက်ရတယ်။ တရားလိုချင်လို့ အားထုတ်နေတယ်ဆိုတဲ့ ယောဂီတွေက မိုးရွာထဲမှာ တရားလျှောက်သွားဘို့ရာ ဝန်လေးနေတယ်။ တရားပေးရမည့် ဆရာတော်ကြီးက ဝန်မလေးဘဲ ထီးဆောင်းပြီး တရားလာ စစ်ပေးတယ်။ သင်းပိုင်အောက်ပိုင်းတွေလဲ ရေတွေစိုရွှဲနေတယ်။ ဘုန်းကြီးတို့သာဆိုရင် တရားလာမလျှောက်

www.dhammadownload.com



ကြနဲ့လို့ ပြောချင်ပြောမှာဘဲ။ ဒါမှမဟုတ်လဲ မိုးတိတ်မှ တရားလာလျှောက်ကြလို့ ပြောချင်လဲ ပြောမှာဘဲ။ ကိုယ်တိုင်သွားဘို့တော့ စိတ်ကူးချင်မှစိတ်ကူးမယ်။ ဆရာတော်ကြီးကတော့ အားလုံးရဲ့ပင်ပန်းဆင်းရဲမှုကို သူတဦးတည်း ခံယူပြီးတော့ တရားလာစစ်ပေးတယ်။ ဆရာသမားရဲ့ တပည့်များအပေါ် ထားတဲ့ ကြီးမားတဲ့မေတ္တာတရားပေါ့။ အင်မတန် အံ့သြစရာ အတုယူစရာကောင်းပါတယ်"လို့ ချမ်းမြေ့မြိုင်ဆရာတော် ဦးဣန္ဒကက မိန့်ပါသည်။

## စာပေအရေးအသား

ဆရာတော်ဘုရားသည် အပြောနှင့်အတွေးရှင်းသလို အရေးလည်းရှင်းပါသည်။ ဆရာတော်ဘုရားရေးသားသော စာအုပ်များကို ဖတ်လိုက်သည့်အခါ လွယ်လွယ်ကူကူဖြင့် ရှင်းရှင်းလင်းလင်းနားလည်သွားပါသည်။ ဆရာတော်ဘုရားသည် အများနားလည်လွယ်သော စကားလုံးကို ရွေးချယ်၍ သုံးတတ်ပါသည်။ ဝါကျတွင်းစကားလုံးများကိုလည်း သူ့နေရာနှင့်သူ အနေအထားမှန်အောင် အစီအစဉ်တကျ သုံးတတ်ခြင်းကြောင့်လည်း ဆိုလိုသည့်အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း သိလွယ်ပါသည်။ ဝါကျတခု၏ ဆိုလိုရင်းအဓိပ္ပါယ်ကို သိသာပေါ်လွင်ရုံမျှသာ စကားလုံးသုံးပါသည်။ စကားလုံးအပိုမသုံးပါ။ ထို့ကြောင့် ဆရာတော်၏ ဝါကျများမှာ ဖောင်းပွမနေဘဲ သိပ်သည်းကျစ်လျစ် ပြေပြစ်ချောမောလျက် လှပသော ဝါကျများဖြစ်နေပါသည်။

ချမ်းမြေ့ရိပ်သာမှ ဦးသုဇာတက "ဆရာတော်ရေးသော စာအုပ်များကို ဖတ်သောအခါ စာတလုံး စာတကြောင်းမှ အပိုအလို

www.dhammadownload.com



မရှိဘဲ ဆိုလိုသည့် အဓိပ္ပါယ်ကို လွယ်လွယ်နှင့်နားလည်ရပါသည်။ ဦးပဇင်းတက္ကသိုလ်မှာ ပညာသင်နေစဉ်ကတည်းက ဂုဏ်တော်ဘုရားရှိခိုးစာအုပ်၊ ချမ်းမြေ့မင်္ဂလာ သင်စရာ စာအုပ်ကစပြီး တက္ကသိုလ်ဓမ္မသဘင်စာအုပ်အထိ ဆရာတော်ရေးသော စာအုပ်များကို ဝယ်ထားပြီးသား ဖြစ်ပါသည်။ ဝယ်ထားရခြင်းရဲ့အကြောင်းက ဂုဏ်တော်ဘုရားရှိခိုးစာအုပ်ထဲမှာ ကိုယ်သိချင်တဲ့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေရဲ့ အဓိပ္ပါယ်ကို တိုတိုရှင်းရှင်းနဲ့ ကျက်လို့လဲလွယ်အောင်၊ အဓိပ္ပါယ်လဲ နားလည်သဘောပေါက်နိုင်အောင် ရေးဖွဲ့ထားတာကို သဘောကျလို့ဝယ်ထားတာပါ။ ပြီးတော့ ဗုဒ္ဓဘာသာဝင်တယောက် အနေနဲ့ ဒီဂုဏ်တော်တွေရဲ့ အဓိပ္ပါယ်တွေကို သိသင့်တယ်၊ နားလည်သင့်တယ်၊ နားလည်ထားရမယ်လို့လည်း သဘောပေါက်တဲ့အတွက် ဝယ်ထားတာပါ။ တက္ကသိုလ်ဓမ္မသဘင်ဆိုရင်လည်း ဗုဒ္ဓဘာသာရဲ့ အစအလယ်အဆုံး သိနားလည်အောင်၊ လက်တွေ့ကျင့်ကြံတတ်အောင် ရှင်းရှင်းလင်းလင်း ရေးသားထားတဲ့ စာအုပ်ပါ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ကိုယ်နဲ့မကွာ အမြဲဆောင်ထားသင့်တဲ့ စာအုပ်ဖြစ်ပါတယ်။ ယောဂီသိဖွယ်အသွယ်သွယ်၊ ဆင်းရဲငြိမ်းအေး ချမ်းသာရေး စာအုပ်များလဲ ဝယ်ထားပါတယ်။ ကျောင်းပြီးသွားတဲ့အခါ ရဟန်းဝတ်ဖို့ စိတ်အားထက်သန်တာနဲ့ ရဟန်းဝတ်ပြီး ချမ်းမြေ့ရိပ်သာလာ တရားအားထုတ်ပါတယ်။ ဒီတော့ ဝယ်ထားတဲ့စာအုပ်တွေနဲ့ အံကိုက်ဖြစ်သွားပါတယ်”လို့ ဦးသုဇာတက မိန့်ပါသည်။

ဆရာတော်ဘုရားသည် စာပေအရေးအသား ကျွမ်းကျင်နိုင်နင်းသည်ဟု ဆိုရမည်ထင်ပါသည်။ ရုံဖန်ရံခါ သာမန် အကြောင်း

www.dhammadownload.com



အရာလေးတခုကိုပင် ပြုံးစရာလည်းဖြစ်အောင် ဖတ်လို့လည်း ချောမောပြေပြစ်အောင် ရေးလေ့ရှိပါသည်။ ၁၉၇၉ ခုနှစ်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပစ္ဆာသမဏ အဖြစ် ဓမ္မခရီးကြွစဉ်က ဂျပန်ပြည်၌ တွေ့ရသည့် သာမန်အတွေ့ အကြုံကလေးကို အောက်ပါအတိုင်း ရေးသားထားပါသည်။

"အာဂန္တု သံဃာတော်တွေသာမဟုတ် အာဝါသိက ဆရာတော်များ ဖြစ်ကြသည့် ဆရာတော် ဦးဝေပုလ္လ၊ ဦးဓမ္မာစာရ၊ ဦးခေမိန္ဒ တို့လည်း ချမ်းကြတုန်ကြသည်။ သူတို့က ပိုကဲသည်ဟု ဆိုပဲဆိုရလေ မည်လား မသိပါ။ တပည့်တော်တို့မှာ သိုးမွေးသက်န်း အတွင်းကခံပြီး လေယာဉ်မောင်သင်္ကန်း ဝတ်လို့ရုံ၊ နှစ်ထပ်သင်္ကန်းကြီးကို ခြုံရုံမျှ။ အာဝါသိက ဆရာတော်တို့မှာ ဆွယ်တာလက်ရှည်ကြီး လုံလုံခြုံခြုံ၊ ဧကသီထူထူ ဝတ်လို့ရုံ၊ သင်္ကလပ်သင်္ကန်း ရစ်ပတ်ခြုံ၊ ဒါပေတဲ့လဲ ချမ်းလို့ ခိုက်ခိုက်တုန်၊ ရှေ့မှာ မီးဖိုချလို့လှုံ၊ သူတို့ပဲ ပိုကဲလေသလား ဆင်ခြင်တုံ။

"သူရော ကိုယ်ပါ ချမ်းရှာကြသော်လည်း ဝမ်းသာကြပါသည်။ အာလာပ သလ္လာပ စကားဆိုကြသည်။ စကားဆိုရင်း ဦးဓမ္မာစာရက 'သိပ်အေးတယ်၊ ရော့ ဝတ်ထားကြမှဖြစ်မယ်'လို့ ပြောပြော လှူလှူ ဆွယ်တာ လက်ရှည်တထည်စီ လှူပါသည်။ ယူထားလိုက် ကြပါသည်။ သို့သော် ဘယ်သူမျှ မဝတ်ကြ။ (အိပ်ရာဝင်မှ ဝတ်ကြ သည်) ဦးခေမိန္ဒက ခြေညှပ်ခွပါတဲ့ ခြေအိတ်တစုံစီလှူပြန်သည်၊ ယူပြန်သည်၊ သို့သော် ချက်ချင်းပင် ဝတ်လိုက်စွပ်လိုက်ကြသည်။ အေးသော ခြေများ နွေးလာကြပေပြီ။ ကောင်းလေစွ၊ ကျေးဇူးကြီးလှ ပါဘိ။

www.dhammadownload.com



"ဂျပန်ဒကာကြီး ဒကာမကြီးတွေကလည်း ဆရာတော်ဘုရားကြီးကို ဖူးမြော်ကြည်ညိုရလို့ ဝမ်းသာကြသည်။ ဖျော်ရည်ကပ်ကြအားဆေးကပ်ကြသည်။ အဖွဲ့ဝင်သံဃာငယ်တွေအတွက် ဒကာမကြီးတွေက အိပ်ရာပြင်ကြသည်။ သူတို့အိပ်ရာပြင်တာ ကြည့်လို့ကောင်းပါသည်။ ကြမ်းပြင်ပေါ်မှာ မွေ့ရာနှင့် အိပ်ရာခင်းကိုခင်း၊ ခေါင်းရင်းမှာ ခေါင်းအုံးချ၊ ချထားတဲ့ခေါင်းအုံးပေါ်ကို ဒူးထောက်၊ မလုံလောက်သေးရင် ခင်းပြီးသား အိပ်ရာပေါ် ခြေထောက်နှစ်ဖက်နှင့် ကျကျနနနင်း၊ ခြုံစရာ ဂွမ်းကပ်ကို ခြေရင်းဘက်မှာ လှမ်းချ၊ ကျကျနနပြင်။

"အမြင်ဆန်းနေသူ အဖွဲ့ဝင်တို့မှာတော့ တပါးနှင့်တပါးလက်တို့ကာ ပြုံးရတော့မလိုလို မဲ့ရတော့မလိုလို၊ တကိုယ်တည်း ကြိတ်၍သတိပြုလိုက်မိတာကတော့ ဂျပန်မ မနင်းတဲ့ အိပ်ရာခင်းနှင့်ခေါင်းအုံးတစုံ၊ ကံကောင်းကြုံလျှင် ကိုယ့်အတွက်၊ အကွက်ကောင်းအောင်ဆင် အချက်ကောင်းအောင်ပြင်မှ ဒီကနေ့ည အိပ်မက်အမြင်လှတော့မည်။ သူတို့ပြင်ပြီးကြတော့မှ ကသီကရိုထ အဲဒီအိပ်ရာနားမှာသက်နိုးကြီးကိုချ၊ ဆွယ်တာက ခေါင်းအုံးပေါ်မှာနေ၊ ပိုင်ပေပြီကိုယ့်အိပ်ရာ ဘယ်သူလာလို့ အိပ်အုံးမလဲ၊ တပါးတည်း ပြုံးမိပါသည်။

"ဆရာတော်ဘုရားကြီးအတွက် အိပ်ရာကတော့ ခုတင်အမြင့်မွေ့ယာနှင့်၊ အခန့်သင့်ပလေ၊ ဘယ်နေနတ်သူမှ အနားမကပ်ရ၊ ဘုန်းကြီး ဦးဝေပုလ္လတို့ကိုယ်တိုင် လျှပ်စစ်စောင်တွင် သင့်တင့်အောင် လျှပ်စစ်အပူသွင်းကာ အသင့်ပြင်ထားကြပါသည်။

"အိပ်ရာမဝင်မီ ရေနွေးနှင့် ရေချိုးပြီး အိပ်ရာဝင်လိုက်ကြ

www.dhammadownload.com



ပါသည်။ တပည့်တော်အဖို့တော့ မင်္ဂလာညာ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်ကာ ဘာထမင်းလုံးတစ္ဆေမှ မခြောက်တော့၊ အဟောသုခံ= ချမ်းသာလှပါတကား။ တခြားအဖွဲ့ဝင် သံဃာများတော့ ထမင်းလုံး တစ္ဆေ အခြောက်ခံခဲ့ရကောင်း ခံခဲ့ရလေမည် လားမသိ၊ မေးလို့တော့ မကြည့်မိပါ။" **(ဓမ္မခရီးမှ ပေးစာများ၊ စာ ၁၁-၁၄)**

ဆရာတော်ပြုစုသော အခြေပျိုးဗုဒ္ဓဘာသာစာအုပ်၌ အဒိန္နာဒါနှ၏ ဆိုးကျိုးကို ဖော်ပြရာတွင် **ပုပ္ဖရတ္တဇာတ်**ကိုမှီး၍ အောက်ပါ အတိုင်း ရေးသားထားပါသည်။

## ဆိတ်ထက်မိုက်သူ

'ညကတိတ်ဆိတ်၏။ တန်ဆောင်မုန်းလ ပြည့်ခါနီးဖြစ်၍ လ,က ကြည်လင်၏။ ဆောင်းကြိုလေအေး ဆော်သွေးစပြုပြီမို့ ရာသီ က အတန်ငယ်အေး၏။ တိတ်ဆိတ်သောည ကြည်လင်သော လနှင့် အေးမြသောရာသီတွင် **ဗာရာဏသီ**မြို့ကြီးက အိပ်မောကျနေ၏။ ကြည်လင်သော လရောင်အောက်တွင် ဘုရင်၏ ဝတ်ပန်းခင်းကြီး အတွင်း၌ ဝတ်ပန်းပွင့်တို့က ငြိမ်းချမ်းစွာလှနေကြ၏။

'ဝတ်ပန်းခင်း၏ အနီး၌ လုလင်တယောက်သည် မလှုပ် မယှက် ငြိမ်သက်စွာ ရပ်လျက်ရှိ၏။ လူငြိမ်သလောက် သူ့စိတ်က လှုပ်ရှားနေ၏။ သဘာဝပတ်ဝန်းကျင် ကြည်လင်သလောက် သူ့စိတ် အစဉ်က နောက်ကျုနေ၏။ ရာသီက အေးမြသလောက် သူ့စိတ်က ပူလောင်နေ၏။ လုလင်၏ စိတ်အစဉ်သည် သဘာဝပတ်ဝန်းကျင်နှင့် အံမဝင် ခွင်မကျ ဖြစ်နေ၏။

www.dhammadownload.com



'အချိန်မတော် အကာလ ညအခါကြီး၌ သူသည်နေရာသို့ ရောက်လာရသည်မှာ သူ့ဇနီးလေး **သာမာ**အတွက်ဖြစ်၏။ တန်ဆောင်မုန်းလပြည့် နက္ခတ်ပွဲသဘင်တွင် ဝတ်ဆင်ဘို့ရာ ဝတ်ပန်းရောင်ဆာရီကို လိုချင်လှချည်ရဲ့ဟု **သာမာ**က မရမက ပူဆာ၏။ ဖျင်ကြမ်းဝတ်စုံ တစုံစီနှင့်သာ အရှက်လုံရုံမျှ ဖုံးအုပ်ထားရသည့် ဘဝအခြေအနေတွင် ဝတ်ပန်းတွေဘာတွေကို သူစိတ်ကူးမျှပင် မထည့်ဝံ့ပေ။ သို့တစေ လတ်တလော ဉာဏ်အမြင် လျင်လှသော **သာမာ**က ဘုရင့်ဝတ်ပန်းခင်းမှ ဝတ်ပန်းပွင့်များနှင့်ဆိုးလျှင် ဝတ်ပန်းရောင် ဆာရီလှလှ ရနိုင်ကြောင်း နည်းကောင်းညွှန်ပြသဖြင့် ဇနီးသည် အလိုကျ စိတ်ချမ်းသာရစေရန် သည်အချိန် သည်ကာလ သည်နေရာ သည်ဌာနသို့ သူရောက်လာခဲ့ရ၏။

'သို့သော် လွယ်တော့ မလွယ်လှ၊ စွန့်စားရမည့်အလုပ်ဖြစ်၏။ အချစ်အတွက် အသက်ပင်သေသေ စွန့်စားရပေမည်။ သည်သဘောထား မှန်မှ မှန်ပါမည်လား သူစဉ်းစား၏။

'ရှေးသူဟောင်းတို့စကား ကြားဖူးသည်မှာတော့ - ဆိတ်ဖိုကြီး တကောင်နှင့် ဇနီးသည် ဆိတ်မကလေးတို့ ရေတွင်းပျက်တခု အနီးမှာ မြက်စားနေကြသည်။ ရေတွင်းပျက်နံရံမှ မြက်နုနုကလေးများမှာ စားချင်စဖွယ် စိမ်းစိုလန်းဆန်းလျက်ရှိ၏။ ထိုမြက်နုကလေးတွေကိုမှ မစားရလျှင် သေရချည်ရဲ့ဟု ဆိတ်မကလေးက ဆိတ်ဖိုကြီးကို ယူပေးရန် ပူဆာ၏။ ပူဆာပါများတော့ ဆိတ်ဖိုကြီးက "ဒီမှာ ရှင်မ၊ အဲဒီမြက်နုကို ငါယူပေးရရင် ရေတွင်းပျက်ထဲ ငါကျလို့ သေရမည် အမှန်၊ ငါသေ ပြန်ရင်လဲ မင်းက နောက်ဆိတ်ဖိုတကောင်နှင့် သစ္စာနှံမည်မုချ၊ ဒီတော့ ငါ့အသက်ကို အသေခံ မင်းကောင်းစား

www.dhammadownload.com



ဘို့တော့ ငါမကြုံပါရစေနဲ့၊ ဒီမြက်နုမစားရလို့ မင်းသေရင်လဲ ငါငိုပွဲမဆင်၊ ယဉ်ယဉ်လှလှ နောက်ဆိတ်မနဲ့ ဘဝသစ်ထူထောင် ဆိတ်ဘောင်မှာ ပျော်ရစ်မယ်”ဟု ရှင်းရှင်း ပြတ်ပြတ်ပဲ ပြောလိုက် သတဲ့။

‘သည်ဆိတ်ဖိုကြီး၏ သဘောထားကပဲ မှန်သလား၊ သူ့ လုပ်ထုံးကိုပဲ နှလုံးမူသင့်သလား၊ လုလင်စဉ်းစား၏။ သို့သော် ဟိုဆိတ်မနှင့် သူ့သာမာ အလိမ္မာချင်းကွာလှသည်ဟု သူ့စိတ်က ဆင်ခြေကန်ပြန်၏။ တဖန် သာမာ လှလှပပ ဝတ်ဆင်ရေး စိတ် ချမ်းသာရေးအတွက် အသက်စွန့်ရသည်ဆိုလျှင် ဟိုဆိတ်ဖိုကြီး လောက်မှ သူမလိမ္မာရာ ရောက်မနေပါလား၊ လုလင်၏စိတ်သည် ချီတုံချတုံ ဖြစ်နေ၏။

‘သို့သော်လည်း ခဏမျှကြာလျှင် လုလင်သည် မျက်စိကိုမှိတ် အံကိုကြိတ်ကာ စိတ်ကိုဆုံးဖြတ်လိုက်ပြီးလျှင် ဝတ်ပန်းခင်းစည်းရိုးကို အသာကျော်နင်း၍ အတွင်းသို့ဝင်လိုက်၏။ ဝတ်ပန်းပွင့် သုံးလေးပွင့် မျှသာ ခူးမိသေးသည်၊ စည်းရိုးနင်းသံကြောင့် အစောင့်များ ချက်ချင်း သိကာ လုလင်ကို ဝိုင်းဝန်းဖမ်းဆီးပြီးလျှင် ရိုက်နှက်ထောင်းထုကြ၏။ နံနက်လင်းသောအခါ ဝတ်ပန်းသူခိုးကို ဘုရင့်ရှေ့တော်မှောက်သို့ သွင်းကြ၏။

‘ဧကရာဇ်ခေတ် ဧကရာဇ်စနစ်တွင် ဘုရင့်ဘဏ္ဍာတော်ကို ကျူးကျော်ခြင်းသည် အပြစ်အကြီးဆုံးဖြစ်ရာ စစ်ဆေးဖို့ လုံးဝမလို။ သုသာန်တွင် ကားစင်တင် တံကျင်လျှို၍ သတ်စေ၊ အမိန့်တော်မြွက် မှတ်လိုက်၏။” **(အခြေပျိုးဗုဒ္ဓဘာသာ၊ စာ ၁၀၁၊ ၁၀၃)**

www.dhammadownload.com



## စကားလုံးပြောင်မြောက်၍ လှပသောအရေးအသား

ဆရာတော်ဘုရား၏ အရေးအသားနှင့်ပတ်သက်၍ ရန်ကုန်မြို့ မဟာဗောဓိကျောင်းတိုက်ဆရာတော်က မိန့်ကြားသည်မှာ "ချမ်းမြေ့ဆရာတော်က စာရေးသားရာမှာ စကားလုံးအရွေးကောင်းတယ်၊ စကားလုံးတွေက ပြောင်မြောက်တယ်၊ လှလဲလှ အသံလဲသာယာတယ်၊ **ချမ်းငြိမ့်ကြည်သာ စေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍** ဆိုတဲ့ စကားလုံး၊ **ရင်ဝယ်သိမ့်သိမ့်၊ ပီတိစိမ့်မျှဆိုတဲ့** စကားလုံးတွေ လှလွန်းလို့ အဲဒီစကားလုံးတွေ ငါကြိုက်မှကြိုက်။ ဆရာတော်ရဲ့ ကဗျာတွေကလဲ သူများနဲ့မတူဘူး၊ စကားလုံးဆန်းလဲဆန်း စေ့လဲ စေ့စပ်တယ်၊ ဒါကြောင့် ငါသိပ်သဘောကျတာပဲ"လို့ မိန့်ကြားပါသည်။ မဟာဗောဓိဆရာတော် ထောက်ပြသော စကားလုံးများမှာ **ဂုဏ်တော်ဘုရားရှိခိုး** စာအုပ်တွင် ပါဝင်သော ပန်းကပ်၊ ဆီမီးကပ်မှ စကားလုံးများ ဖြစ်ပါသည်။

### ပန်းကပ်လှူပူဇော်ရန်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော် မြတ်ဘုရားအား အဆင်းအနံ့ သင်းပျံ့လှိုင်ကြွယ် ပန်းသွယ်သွယ်ကို ရင်ဝယ်သိမ့်သိမ့် ပီတိစိမ့်မျှ ချမ်းငြိမ့်ကြည်သာ စေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍ လှူဒါန်း ဆက်ကပ်ပါ၏အရှင်ဘုရား။

www.dhammadownload.com



## ဆီမီး ကပ်လှူပူဇော်ရန်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော် မြတ်ဘုရားအား ဖယောင်းဆီမီး လျှပ်စစ်မီးနှင့် မီးအသွယ်သွယ် ရောင်လျှံခြယ်၍ ရင်ဝယ်သိမ့်သိမ့် ပီတိစိမ့်မျှ ချမ်းငြိမ့်ကြည်သာ စေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍ လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။

## ရေချမ်းကပ်လှူပူဇော်ရန်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားအား အေးမြကြည်လင် မြတ်ရေစင်ကို ကြည်ရွှင်ရင်သိမ့် ပီတိစိမ့်မျှ ချမ်းငြိမ့်ကြည်သာ စေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍ လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား။

## ဆွမ်းကပ်လှူပူဇော်ရန်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော် မြတ်ဘုရားအား အဆင်းအနံ့ အရသာအဖုံဖုံ ပြည့်စုံပါသော ဘောဇဉ်ခဲဖွယ် အသွယ်

www.dhammadownload.com



သွယ်ကို ရင်ဝယ်သိမ့်သိမ့် ပီတိစိမ့်မျှ ချမ်းငြိမ့်ကြည်သာ စေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍ လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား။

## သစ်သီး ကပ်လှူပူဇော်ရန်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောက ထွတ်ထား သဗ္ဗညုရှင်တော် မြတ်ဘုရားအား အဆင်းအနံ့ အရသာအဖုံဖုံ ပြည့်စုံပါသော သစ်သီးခဲဖွယ် အသွယ် သွယ်ကို ရင်ဝယ်သိမ့်သိမ့် ပီတိစိမ့်မျှ ချမ်းငြိမ့်ကြည်သာ စေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍ လှူဒါန်း ဆက်ကပ်ပါ၏အရှင်ဘုရား။ (ဂုဏ်တော်၊ ၃၀-၃၂)

ကဗျာများကိုမူ ဣတိဝုတ်ပါဠိတော် **ဒေဝသဒ္ဒသုတ်**ကို မှီး၍ရေးထားသော အောက်ပါ ဓမ္မကဗျာတို့ကို မဟာဗောဓိ ဆရာတော် ရည်ညွှန်းပုံရပါသည်။

## ဒေဝသဒ္ဒသုတ်

**လူတို့ရွှင်လန်း၊ ရှင်ရပ်ဟန်းပြုလျှင်။**
**"ဤသူမာရ်မင်း စစ်ခင်းဖို့ပြင်။"**
**ယင်းသို့နတ်များ၊ ပြောကြားတွင်တွင်။**
**စိတ်ကြည်နူး၊ ရွှင်မြူး သည်ချိန်ပင်။**

**ရှင်ရဟန်းဖြစ်လို့၊ အားသစ်တွေဝင်။**

www.dhammadownload.com



မဂ်ဉာဏ်ဘက်သား၊ ပွားများနေစဉ်။
"စစ်ပွဲ ဆင်နွဲ၊ သူဘဲ" လို့ပင်။
စိတ်ကြည်နူး၊ ရွှင်မြူး သည်ချိန်ပင်။

ကိလေကုန်ခန်း၊ ငြိမ်းချမ်းကြည်ရွှင်။
အရဟတ္တဖိုလ်နန်း၊ စံမြန်းနေစဉ်။
"အောင်ပွဲဆင်နွဲ၊ သူဘဲ"လို့ပင်။
စိတ်ကြည်နူး၊ ရွှင်မြူး သည်ချိန်ပင်။

ပြင်ဆဲ ဆင်နွဲ၊ အောင်ပွဲချိန်တွင်။
နတ်တို့ကလဲ၊ ပျော်ပွဲဆင်ခြင်။
ထို့ကြောင့်သင်တို့၊ တိုက်ဖို့ပြင်ဆင်။
လက်နက်စွဲ၊ တိုက်ပွဲကိုယ်စီဝင်။

သီလလက်နက်၊ ဝင်းလက်ဖြူစင်။
သမာဓိလက်နက်၊ စိုက်လျက်တည်လျှင်။
ပညာလက်နက်၊ ခွဲဖျက်သုတ်သင်။
စစ်အောင်ပွဲ၊ ဆင်နွဲသေချာပင်။
(ဓမ္မကဗျာပဒေသာ စာအုပ်၊ စာမျက်နှာ ၄၆)

## သိပ်သည်းကျစ်လျစ် ချောမောရမည်

မြောင်းမြမြို့ ချမ်းမြေ့သာစည်ကျောင်းဆရာတော် ဦးအဂ္ဂဉာဏ မိန့်ကြားသည်မှာ "ချမ်းမြေ့ဆရာတော်ဘုရားကြီးက စာပေရေးသားမှုနဲ့ ပတ်သက်လို့ အခုလိုအမိန့်ရှိပါသည်။ စာရေးတဲ့ အခါ အကြောင်းအရာခိုင်လုံရမည်။ မှန်ကန်တိကျရမည်။ လိုအပ်တဲ့

www.dhammadownload.com



အဓိပ္ပါယ်ကို ဖော်ဆောင်နိုင်မည့် စကားလုံးကို ရွေးရမည်။ စကားလုံးတွေ အပိုအလို မရှိစေရ။ အပြစ်အနာအဆာ အစွန်းလွတ်စေရမည်။ ဝါကျတွေ ပွစိစိဖောင်းပွပွ ဖရိုဖရဲ ဖြစ်မနေစေရ။ သိပ်သည်းကျစ်လျစ်ပြေပြစ် ချောမွေ့ရမည်။ ဖတ်လိုက်လျှင် အဖုအထစ်တွေ မရှိစေဘဲ မြင်းကောင်းစိုင်းသလို ချောနေစေရမည်။ စာဖတ်သူ ရှင်းလင်းလွယ်ကူစွာ နားလည်အောင်ရေးရမည် ” ဟု မိန့်ပါသည်။

“ဆရာတော်ဘုရားကြီးက ငယ်စဉ်ကတည်းက စာလည်းများများဖတ် စာတွေမွေကဗျာတွေလည်း ရေးနေတာဆိုတော့ စာပေအရေးအသား သဘောသကန်ကို နားလည်ကျွမ်းကျင်နေတာဖြစ်သည်။ ဒါကြောင့် ဆရာတော်ရေးသားပြုစုသော စာအုပ်များကို ဖတ်ရတဲ့အခါ ဖတ်ရတာ ချောချောမောမောရှိပြီး အဓိပ္ပါယ်ကို လွယ်လွယ်ကူကူနဲ့ သဘောပေါက်သွားသည်”ဟု မိန့်ပါသည်။

## ငယ်မူလက်ရာ

တောင်တွင်းကြီးမြို့ ဆရာတော်ဘုရား၏ဇာတိ ပျဉ်းမရွာ၌နေသော ဦးမောင်ဘို (စာရေးဆရာ ဘုန်းဝင်းခေါင်) က ဆရာတော်ဘုရား၏ ငယ်မူလက်ရာ ကဗျာအကြောင်းကို ယခုလို ပြောပြပါသည်။ ဆရာတော်ဘုရားကြီးက “ရွာမှာ ကဗျာရေးတတ်သူ ဘယ်နှစ်ဦးရှိလဲ”ဟုမေးရာ မည်သူမျှ မလျှောက်ဘဲငြိမ်နေကြသည်။ ကျွန်တော့်မှာ ဆရာတော်ဘုရား၏ ငယ်မူလက်ရာ ကဗျာတပုဒ် ရှားရှားပါးပါး ရရှိထားပါသည်။ ထိုကဗျာထဲမှ ရိတ်ပြီးခါစ ဦးခေါင်းလေးများ စိမ်းနေသည်ကို ဖွဲ့ဆိုထားသော ‘ဦးပြည်းမှာ မြရည်သွဲ့တယ်’ ဆိုတဲ့ စကားလုံးကို တပည့်တော် အရမ်းကြိုက်တယ်ဘုရား။ ခေါင်းစဉ်က

www.dhammadownload.com



"သရက်ချောင်ဆိုလားဘဲ"ဟု လျှောက်ထားရာ ဆရာတော်ဘုရား စိတ်ဝင်တစားဖြစ်သွားပြီး "ဟော့ အဲဒီကဗျာ ဘယ်ကရသလဲ၊ ခေါင်းစဉ်က သရက်ချောင်မဟုတ်ပါဘူး၊ သရက်ပင်ဆိပ် ရှုခင်းပါကွ၊ အဲဒီကဗျာ ငါအကုန်မမှတ်မိတော့ဘူး၊ မင့်မှာရှိရင် ငါ့ပေးစမ်း" ဟု မိန့်ပါသည်။ ပျံလွန်တော်မူသွားသော နေကျော်ဆရာတော် ဦးသုနန္ဒ၏ မှတ်စုထဲမှ တပည့်တော် ကူးယူထားလို့ ရရှိထားကြောင်း လျှောက်ထားလိုက်ပါသည်။ အဲဒီကဗျာက

## သရက်ပင်ဆိပ် ရှုခင်း

မှုန်မှိုင်း ဝေပြာ၊
စစ်ကိုင်းတောင် ချောင်အကွေ့မှာ။
သီလကို ရင်ဝယ်ပွေ့ မွေ့ပျော်ကြရှာ၊
ဝင်းနုဝါဝါ ထည်လွှာနှင့်လေး၊
ညှင်းနုသံသာ ကြည်ပါရဲ့လေး။
ဦးပြည်းမှာ မြရည်သွဲ့တယ်၊
ယိမ်းနွဲ့သွယ်သေး။

**(ထေရုပ္ပတ္တိ ပထမတွဲ၊ စာမျက်နှာ ၇၉ ၌ ဖော်ပြပြီး)**

ကဗျာက နု၏၊ နွဲ့၏၊ ချော၏၊ ညက်၏၊ အသံကချိုသည်၊ မြင်ကွင်းက စိုသည်၊ သရက်ပင်ဆိပ် ရှုခင်းကို ချစ်စဖွယ် ပီပီပြင်ပြင်လေး မြင်ရ၏။ လွန်ခဲ့သော နှစ် ၆၀ ခန့်က မြင်ကွင်းကို ကြည်နူး လွမ်းဆွတ်ဖွယ် ခံစားရ၏။ သဘာဝကျကျ မှတ်တမ်းတင် ကဗျာတပုဒ် အဖြစ်လည်း မြင်မိသည်။ သက်မဲ့ဓာတ်ပုံကောင်း တပုံသည်လည်း ကောင်း၊ သက်မဲ့ပန်းချီကား တချပ်သည်လည်းကောင်း လှတော့

www.dhammadownload.com



လှမည် အသံ မထွက်နိုင်ပါ။ သက်မဲ့ သရက်ပင်ဆိပ် ရှုခင်းကဗျာလေး ကတော့ ရှုခင်း လှနေတာလည်း ပေါ် လွင်သည်။ အသံကလေးလည်း သာနေသည်။ ဖတ်မိသူ၏ နှလုံးတခိုကို ပြုံးချိုစေသည်။ ကဗျာထဲမှ ဧရာဝတီမြစ်ပြင်ပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးသည် စာဖတ်သူကိုပါ တိုက်ခတ်သွားလေသည်။

တညတွင် ဆရာတော်ဘုရားကြီးကို ဝတ်ပြုနေစဉ် ဆရာတော်ဘုရားကြီးက နောက်ထပ်ငယ်မူလက်ရာ ကဗျာတပုဒ်ကို ရွတ်ဆိုပြပါသည်။ မြန်မာသင်္ကြန်၏ အလှအပကို ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ဆရာတော်ဘုရားသည် ကဗျာကို နှစ်ခေါက် သုံးခေါက် ရွတ်ဆိုပြသည်။ နားထောင်ရင်း ကဗျာကောင်းလှသဖြင့် ဆရာတော်ဘုရား၏ အရေးအစပ် အစီအကုံး ပညာကိုလည်း အံ့သြမိသည်။ ‘နှမြောစရာကောင်းပါတယ်ဘုရား၊ မှတ်တမ်းတင်ထားသင့်ပါတယ်ဘုရား’ ဟု လျှောက်တော့ ‘အေး မင်းတို့ ကံကောင်းရင် ဖတ်ခွင့်ကြုံကောင်း ကြုံလိမ့်မယ်’ ဟု မယုတ်မလွန် မိန့်ကြားရာ ကျွန်တော်တို့ မသိသေးသော ငယ်မူလက်ရာ များပါ ဖတ်ရဦးမှာပဲလို့ တွေးမိပြီး ကျေနပ်လိုက်ရပါသည်။

နောက်တနေ့ကျတော့ ကျွန်တော်တို့ ကံကောင်းကြပါသည်။ ဟောဒီမှာ ဆရာတော်ဘုရား ၂၀ါအရ ငယ်စဉ်က လက်ရာကလေးတွေ-

**တာသင်္ကြန်**

ပက်မယ်တဲ့ ပက်မယ်။<br>
တာသင်္ကြန် ပျိုရွှင်လန်းအောင်၊<br>
ဖျန်းပက်တော့မယ်။

www.dhammadownload.com



ကိုယ်ကလေး ကျုံ့ကာရယ်၊
လက်ကွယ်လို့ မြစ်တား။
ခေါင်းကလေး ငုံ့ကာကွယ်၊
ခက်တယ်လို့ လှစ်ကြား။
ပခုံး ချိတချီနှင့်၊
အပြုံးကြည့်တကြည်နှင့်၊
ပိတပိ သူ့စကားရယ်၊
ပက်ပါနဲ့လား . . တဲ့။

**(ထေရုပ္ပတ္တိ ပထမတွဲ၊ စာမျက်နှာ ၈၂ တွင် ဖော်ပြပြီး)**

ဤကဗျာကလေးကို ရန်ကုန်မှ စာရေးဆရာမကြီး ဒေါ်ခင်မိမိ (ကြည်သင်း-ရမည်းသင်း)က ယခုလို ဖော်ကျူးထားပါသည်။ 'သင်္ကြန်အခါ ရေသဘင်ပွဲ ရေပက်ကစားနေကြပုံ အသွင်သဏ္ဌာန်သည်လည်း ပို၍ပေါ်လွင် ရှင်သန်လာပါသည်။ စကားလုံး အသုံးကောင်းလှသည်။ ဆန်းသစ်လှပ ကန့်ကလျအသံကြည်မြသည့် စကားလုံးများကိုသာ ရွေးချယ်ဖွဲ့ဆိုထားသည်။ ဆန်းသစ်သည့် ကာရန်လေးတွေ၏ သံစဉ်လေးတွေက ချိုသာကြည်မြလှသည်။ **ချိတချီကြည့်တကြည်ပိတပိ** ဟူသောဖွဲ့ဆိုမှုသည် ဆန်းသစ်လှပြီး ရွှတ်ဆို၍ ကောင်းလှသည်။ '**က၊ ခ၊ ပ နှင့် တ** အက္ခရာများကို ထပ်တလဲလဲနီးကပ်စွာ သုံးထား၍ မဓုရတာဂုဏ်မြောက်ပါသည်။

'ကဗျာလေးတွေကို တခေါက်ပြီးတခေါက် ကျွန်မပြန်ဖတ်နေမိသည်။ ပြန်ဖတ်တိုင်း ပြန်ဖတ်တိုင်း ကဗျာလေးတွေက ပို၍ပို၍ ကောင်းလာသည်။ ပုံရိပ်လေးတွေက ပို၍ပို၍ နှစ်လိုဖွယ် ပေါ်လွင် ပေါ်လွင်လာသည်။ ကာရန်သံစဉ်လေးတွေက ပို၍ပို၍ ကြည်လင်

www.dhammadownload.com



ချိုသာ အေးမြလာသည်။ ဖွဲ့ဆိုမှု ကရုဏာရသမြောက်လှ၍ ကဗျာလေးတပုဒ်ကို ဖတ်နေသည်ဟု မထင်ရဘဲ ဇာတ်လမ်းလေး တခုကို ကြည့်နေရသည်ဟုပင် ထင်မှတ်ရပါသည်။'

ယခုဖော်ပြထားသည်မှာ ကဗျာတပုဒ်သာဖြစ်ပါသည်။ ကဗျာ အပြည့်အစုံမှာ နှစ်ပုဒ်ဖြစ်ပါသည်။ ထေရုပ္ပတ္တိပထမတွဲ (စာ ၈၂၊ ၈၃) မှာ အပြည့်အစုံဖော်ပြထားပါသည်။ ထို့ကြောင့် ဆရာမကြီး (ကြည်သင်း-ရမည်းသင်း)က နှစ်ပုဒ်လုံးကို ခြုံငုံသုံးသပ်၍ အကဲဖြတ်ထားခြင်းဖြစ်ပါ သည်။

## ဆရာတော်ဘုရား၏ ကဗျာဉာဏ်ရည် တစွန်းတစ

ကျွန်မသည်လည်း ဆရာတော်ဘုရား၏ ကဗျာဉာဏ်ရည် တစွန်းတစကို ညွှန်ပြသည့် ရာသီဖွဲ့အနည်းငယ်ကို ဖော်ပြလိုပါသည်။ ဆရာတော်ဘုရားသည် **သာသနာတော်လျှောက်စာတန်း** စာအုပ်၌ သာသနာတော်နှင့် သက်ဆိုင်သော လတိုင်းရက်တိုင်း၏ အရဏ်တက် ချိန် မွန်းတည့်ချိန်တို့ကို ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြရာတွင် စာပေပညာရှင်ပီပီ 'သွားရင်း ဟန်လွှဲ'သဘောဖြင့် ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ခေမာ၊ ဦးကြင်ဥ၊ ဦးယာ၊ ဦးအောင်ကြီး၊ ဖိုးသူတော် ဦးမင်း၊ လူဦးမင်းစသော ထင်ရှားသည့် ရှေးပညာရှင်ကြီးများ၏ ဆယ့်နှစ်လရာသီ အစီအကုံးအနှုန်းအဖွဲ့တို့ကို သက်ဆိုင်ရာလတို့၌ ထည့်သွင်း၍ ရာသီသဘာဝ အလှတရားတို့ကို ဖော်ပြထားပါသည်။ ထိုသို့ ဖော်ပြရာတွင် ရှေးပညာရှင်ကြီးတို့၏ ရာသီဖွဲ့ကို မဖော်ပြမီ ဆရာတော်ဘုရားက ရာသီသဘာဝ အနည်းငယ်မျှရေးဖွဲ့၍ နိဒါန်း

www.dhammadownload.com



သွယ်ပေးထားပါသည်။ ထို့နောက်မှ သက်ဆိုင်ရာ ရှေးပညာရှင်ကြီးများ၏ စာပေအလှတို့ကို ဖော်ပြထားပါသည်။ အောက်ပါ တပေါင်းလ၏ ရာသီဖွဲ့ကို ဖတ်ကြည့်လျှင်သိနိုင်ပါသည်။

'ရွှေဝါရောင်ပြောင်း၊ ရော်ရွက်ညှောင်းလျက်၊ ရွက်ဟောင်းလူလူ၊ စျာန်လွှင့်ထူ၍၊ ထွက်ပြူရွက်သစ်၊ ဖူးပုရစ်တို့၊ တခေတ်သို့ချဉ်း၊ တောလုံး ရှင်းလျက်၊ ဝင်းဝင်းပပ၊ စိမ်းမြမြနှင့်၊ လွလွနီနီ၊ မြိုင်လုံးစည်၍၊ မှုံရည်ရစ်သိုင်း၊ မှိုင်းချည်တချို့၊ ညို့ချည်တခါ၊ ပြာချည်တသွင်၊ ကိုးရပ်ခွင်၌၊ မင်းလွင် ခြံသိုင်း၊ မြူရစ်ဆိုင်းသော်၊ ကသိုဏ်းပရိကံ၊ စျာန်အဘိညာဉ်၊ တရားရှင်ပင်၊ ဘဝင်တိုင်ဆို့၊ မျက်ရည်စို့ရသဖြင့် "မင်းလွင်လိုလို၊ စုံတခိုဝယ်၊ လေချိုဝန်းလုံ၊ လွမ်းရတုဉ်၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊ စိန်မြိုင်ရဂုံ၊ ကြိုင်လှိုင်ထုံသည်၊ အမုံချပ်ရပ်၊ ဖူးငုံကပ်၍၊ လှည့်ပတ် လက်တံ၊ လောင်းပန်းကျန်မူ၊ လွန်ဟန်တင့်ဆုံ၊ ပြာရည်ခြုံလျက်၊ မှိုင်းမှုန်ဆင်လာ၊ ခမုတ္တာနှင့်" ဟူ၍ တလီ "ရွှေပိတောက်လည်း၊ ဖူးညှောက်ပွင့်ချိန်၊ သီတာသိမ်ဝယ်၊ သောင်တိမ်ငွေဥ၊ သဲဗွေနုနှင့်၊ ဝတ်စုညွန့်ချို၊ သရဖီမူ၊ ကြိုင်ဆီလှိုင်သတ်၊ ရေဖက်ဆွတ်တည့်၊ ချွေလွှတ်ဆောစွာ၊ သည်ချိန်ခါကို၊ သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ မြူခိုးမှောင်ခဲ့" ဟူ၍တဖုံ၊ "ယင်းသည့်နေ့တိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင် စျာန်ယိုင် လျှောရတယ်၊ ရာသီတွင် စာညီပြောပေပ၊ ကြော၍ သာမြဲ" ဟူ၍ တမျိုး၊ "ကသိုဏ်းသူတော်မှန်တို့၊ ပရိကံ မတည်ပနိုင်ဘူ၊ သည်လ သည်ခါကြုံကာ၊ သာပုံကို ငါးမာရ်လွှင့်သော်မှ၊ ဟောရင့်မြွက်ကျူး" ဟူ၍တဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည်ဘုရား။

'ဆောင်းနှောင်းနွေစ၊ တပေါင်းလ၌၊ ညီမျှရာသီ၊ မြိုင်တောစည်

www.dhammadownload.com



၍၊ သာသည်လမ်းပန်း၊ ရှုမခန်းမျှ ခင်တန်းတခို၊ လွမ်းတေးဆိုသည့်၊ နွေကြိုဥသြ၊ သံချိုနှောသည့်၊ ကြက်တောဥဒေါင်း၊ ကျေးငှက် ပေါင်းလည်း၊ ငြိမ့်ညောင်းသံလွင်၊ သားသမင်တို့၊ စိမ်းလွင်မြက်ခင်း၊ ရွှရွှနင်း၍၊ သေင်္ဂနင်း လူ့ဘ၊ ဖူးမြော်ကြ၏၊ အေးမြကြည်လင်၊ စမ်းရေလျှဉ်လည်း၊ စီးသွင်ငြိမ့်ငြိမ့်၊ တောလုံးစိမ့်မျှ ချမ်းငြိမ့်ကြည်သာ၊ လေပြည်လာလျက်၊ သည်ခါ သာလှ၊ ကပ္ပိလသို့၊ ဇိနဘုန်းမော်၊ဖ သုဒ္ဓေါ်ထံ၊ စက်တော်ချီကြွ၊ ဖူးမြော်ကြသဖြင့် **“ဘုန်းခေါင် ပရမေ၊ သုံးလူ့ဆွေလျှင်၊ ဒေသစာရီ ပြည်ကပ္ပိသို့ ကြွချီအာသန်၊ ချိန်ခါတန်ကို၊ တောင်ပံရှက်ငိုက်၊ မြေနှုတ်စိုက်၍၊ အလိုက်ဘာသာ၊ ဟသ်ာ သောင်တင်း၊ ပိန်ညင်း စင်ရော်၊ ငှက်တော် ကြိုးကြာ၊ သာရကာနှင့်၊ တမာ ကြက်တော၊ ဥသြငှက်ကျား၊ ငှက်ငန္ဓားလည်း၊ ဝပ်တွား ဘီလုံး၊ ရွှေငုံးချိုးခါ၊ သူတို့မှာမူ၊ မြတ်စွာဘုရား၊ သုံးလူ့ဖျားကို၊ တတ်အားသမျှ ဖူးမြော်ကြလျက်၊ ရှိပန်ဆက်သည် တောကြက်တောင်ပံ ဖြုန်းဖြုန်း တည်း”** ဟု စာဆိုရှင်တို့ သဒ္ဓါရွှင်ကြွ စာတင်ခဲ့ကြပါသည်ဘုရား’။

## မျက်မှောက်ခေတ်ပေပင်

ဤနေရာ၌ ကျွန်မ ဖတ်ဖူးသည့် ဆောင်းပါးတပုဒ်ကို ဖော်ပြလိုပါသည်။ ၂၀၁၀ ခုနှစ် ဂျူလိုင်လထုတ် **လူငယ်မဂ္ဂဇင်း၌** စာရေးဆရာမောင်ကျေးဇူးရေးသော **တောင်တွင်းကြီးသား ထင်ရှားထေရ်အရှင် မျက်မှောက်ခေတ် ပေပင်** ဆောင်းပါးကို အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

ပေရွက်ပေါ်တွင် စာရေးခဲ့သည့်ခေတ် ရှိ

www.dhammadownload.com



သောကြောင့် စာပေဝေါဟာရ ပေါ်ပေါက်ခဲ့၏။ ပေပင်သည် စာပေ၏နိမိတ်ပုံ၊ သင်္ကေတဟူ၍ဆိုနိုင်၏၊ မြန်မာပြည်အလယ်ပိုင်း တောင်တွင်းကြီးဒေသတွင် ရဟန်းစာပေပညာရှင် ရဟန်းစာဆိုများ ပေါ်ထွန်းခဲ့ပါက ပေပင်နှင့်တွဲ၍ မော်ကွန်းတင် ဂုဏ်ပြုသည့်အလေ့အထ အစဉ်အလာရှိခဲ့ရာ မြန်မာစာပေလောက၏ ဝိသေသလက္ခဏာ ဖြစ်ပါ၏။

အင်းဝခေတ်တွင် တောင်တွင်းကြီးဒေသ၌ ပေလေးပင် ရှင်လေးပါးထွန်းကားခဲ့သည်။ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုနှင့် ရှင်ခေမာတို့ဖြစ်ကြ၏။ မြန်မာစာပေသမိုင်းတွင် မော်ကွန်းတင်ခံရသော ပုဂ္ဂိုလ်ကျော်လေးပါးတည်း။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် မ-တလုံးကျေးသည့် တောင်တွင်းဆရာတော် ခင်ကြီးဖျော်ဟူ၍ ပေါ်ထွန်းခဲ့ပြန်သည်။ မြန်မာစာပေသမိုင်းက ပေတပင် ရှင်တပါးအဖြစ်မှတ်တမ်းအတင်ခံရသည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။

တောင်တွင်းကြီးဒေသ၌ပင် ကိုလိုနီခေတ်မှသည် လွတ်လပ်ရေးခေတ်တိုင် ဖြတ်သန်းခဲ့သော ရဟန်းပညာရှိဆရာတော် ရှင်ဥက္ကဋ္ဌဟူ၍ ပေါ်ထွန်းခဲ့ပြီး ထင်ပေါ်ကျော်ကြားခဲ့ပြန်၏။ စာရေးဆရာပါရဂူက ရှင်ဥက္ကဋ္ဌကို “ပဥ္စမပေပင်”ဟူ၍ ခေါ်ဝေါ်သတ်မှတ် ကင်ပွန်းတပ်ပေးခဲ့သည်။

www.dhammadownload.com



မျက်မှောက်ခေတ်တွင်လည်း တောင်တွင်းကြီးနွယ်ဖွား ရဟန်းစာပေပညာရှင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ ပေါ်ထွန်းလျက်ရှိရာ တောင်တွင်းကြီးဒေသ၏ **"မျက်မှောက်ခေတ်ပေပင်"**ဟူ၍ စာရေးသူက မော်ကွန်းတင် ဂုဏ်ပြုချင်ပါသည်။

ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသသည် ပရိယတ္တိရော ပဋိပတ္တိပါပြည့်စုံခြင်း၊ ဂန္ထဓုရ၊ ဝိပဿနာဓုရတည်းဟူသော ဓုရနှစ်ဖြာ ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိခြင်း၊ မြန်မာ၊ အင်္ဂလိပ် အရေးအပြောကျွမ်းကျင်ခြင်း၊ မြန်မာစကားပြေ၊ ကဗျာလင်္ကာ ဂုဏ်ရသ အလင်္ကာမြောက်အောင် ရေးဖွဲ့နိုင်ခြင်း၊ မြန်မာလိုရော အင်္ဂလိပ်လိုပါ ချမ်းမြေ့စာစဉ်များ စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိနိုင်ခြင်းတို့ကို ကြည့်လျှင် ရဟန်းစာဆိုအဖြစ် ပီပြင်ထင်ရှားနေပါသဖြင့် "တောင်တွင်းကြီးသား ထင်ရှားထေရ် အရှင် **မျက်မှောက်ခေတ် ပေပင်**"ဟူ၍ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အထက်ဖော်ပြပါ မောင်ကျေးဇူး၏ ဆောင်ပါးသည် အဖြစ်မှန်ကို အရှိအတိုင်း အပိုအလိုမရှိ ရေးသားဂုဏ်ပြုထားသော ဆောင်းပါးဖြစ်ပါသည်။

www.dhammadownload.com



## စာပေမြတ်နိုးသော စိတ်ဓာတ်

ဆရာတော်ဘုရားကြီးသည် စာပေကို လွန်စွာမြတ်နိုးပါသည်။ ပိဋကတ်စာပေကိုသာ မဟုတ်၊ လောကီလောကုတ္တရာစာပေမျိုးစုံကို မြတ်နိုးပါသည်။ မြန်မာစာပေကိုသာမဟုတ် ကမ္ဘာ့စာပေကိုပါ မြတ်နိုး ပါသည်။ စာပေကို မြတ်နိုးသလောက် စာမျိုးစုံဖတ်ပါသည်။ စာဖတ်အားကောင်းသောကြောင့် စာအရေးအသား ကျွမ်းကျင်နိုင်နင်းပုံရပါသည်။

စာပေကို မြတ်နိုးသလို စာအုပ်ကိုလည်း တန်ဘိုးထား တလေးတစား စုဆောင်းပါသည်။ တရိုတသေ သိမ်းဆည်းပါသည်။ စနစ်တကျထားသိုပါသည်။

ဆရာတော်ဘုရား၏ စံကျောင်းတော်တွင် ယခုအခါ လောကီလောကုတ္တရာ ဘာသာရပ်အစုံ အုပ်ရေသောင်းကျော်အောင် ရှိနေပါသည်။ ပိဋကတ်စာပေ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ မြန်မာပြန်ဂန္ထဝင်စသည်ဖြင့် အစုံလိုက်ရှိပါသည်။ ပါဠိ-မြန်မာ အဘိဓာန်၊ ပါဠိ-အင်္ဂလိပ် အဘိဓာန်၊ မြန်မာ အဘိဓာန်၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်၊ သင်္သကရိုက်-အင်္ဂလိပ် အဘိဓာန် စသည်ဖြင့် အတွဲလိုက် အပြည့်အစုံရှိပါသည်။ အင်္ဂလိပ်-အင်္ဂလိပ် အဘိဓာန်များမှာ အမျိုးစုံလှပါသည်။ မြန်မာ့စွယ်စုံကျမ်း၊ အင်္ဂလိပ် စွယ်စုံကျမ်းများလည်း အစုံလိုက်ရှိပါသည်။

ဘာသာရပ်အနေဖြင့်လည်း သိပ္ပံစာပေ၊ ဝိဇ္ဇာစာပေ၊ သမိုင်း၊ ပထဝီ၊ ခရီးသွား၊ ဆေးပညာ၊ ဗိသုကာ၊ အင်ဂျင်နီယာ၊ ပန်းချီ၊ ပန်းပု စသည်ဖြင့် ဘာသာရပ်စုံပါသည်။ သမိုင်းဘာသာရပ်မှာလည်း ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း၊ မြန်မာရာဇဝင်၊ ယဉ်ကျေးမှုသမိုင်း၊

www.dhammadownload.com



နိုင်ငံရေးသမိုင်း၊ စာပေသမိုင်း စသည်ဖြင့် အစုံရှိပါသည်။ မြန်မာဗုဒ္ဓ ဘာသာစာပေအနေဖြင့် တိပိဋကပါဠိတော် မြန်မာပြန် အစုံလိုက် ဇိနတ္ထပကာသနီ၊ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု၊ ဓမ္မပဒဝတ္ထုတော်ကြီး စသည်ဖြင့် စုံပါသည်။ စွယ်စုံကျော်ထင်၊ သမန္တစက္ခုဒီပနီ၊ ဆိဒ္ဒပိဓာနနီ၊ မန်လည် အမေးအဖြေ များလည်း ရှိပါသည်။ ဗုဒ္ဓဝင်၊ မဟာဝင်၊ ဒီပဝင်၊ ဓာဌာဓာတုဝင် စသည်ဖြင့် ဝင်မျိုးစုံရှိပါသည်။ ရှေးဆရာတော် ကြီးများ၏ ဝိနယဝိနိစ္ဆယ၊ ပကိဏ္ဏကဝိနိစ္ဆယ၊ ဝိနယသမုဟဝိနိစ္ဆယ၊ ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ဝိနယကောသလ္လ စသည်ဖြင့် ဝိနိစ္ဆယကျမ်းများ၊ အမေးအဖြေကျမ်းများ အတော်စုံပါသည်။ မြန်မာစာပေသမိုင်းနှင့် မြန်မာစာပေဆိုင်ရာ စာအုပ်များလည်း အမျိုးစုံရှိပါသည်။

## ကြိုတင်ဖတ်ရှုလေ့လာမှု

ဆရာတော်ဘုရားကြီးသည် ပြည်ပနိုင်ငံတခုခုသို့ ကြွမည်ကြံ လျှင် မကြွမီ ထိုနိုင်ငံနှင့်ပတ်သက်သော စာအုပ်များကို ကြိုတင်၍ ဖတ်ထားလေ့ရှိသဖြင့် ထိုနိုင်ငံ၏ အကြောင်းအရာကို အတော်အသင့် စုံအောင် ကြိုတင်သိထားလေ့ရှိပါသည်။ တခါတရံ တချို့နိုင်ငံများ၌ နေထိုင်ကြသော မြန်မာများထက်ပင် ထိုနိုင်ငံ၏ အကြောင်းကို ပို၍ သိနေတတ်ပါသည်။ ထိုနိုင်ငံများသို့ ရောက်သောအခါ၌လည်း ထို နိုင်ငံများအကြောင်း စာအုပ်များတွင် ဖတ်ရှုရသည့် သမိုင်းဝင်နေရာ ဒေသများနှင့် ထူးခြားသည့် နေရာဒေသများသို့ သွားရောက်ကြည့် ရှုလေ့လာလေ့ရှိပါသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းဝင် ဒေသများသို့ ကြွရောက်လေ့ ရှိပါသည်။

ဥပမာ တရုတ်ပြည်ရောက်သောအခါ တရုတ်ပြည် မြောက်ပိုင်း

www.dhammadownload.com



မွန်ဂိုလီးယားနိုင်ငံနှင့် ဆက်စပ်နေသော ဘုရားတထောင် ဂူများရှိရာ တုန်းဟွမ်မြို့နယ်သို့ သွားရောက်လေ့လာပါသည်။ တရုတ်ပြည် တောင်ပိုင်း လော့ယန်ဂူများသို့လည်း သွားရောက်လေ့လာပါသည်။ သမိုင်းပညာရှင် ဂျီအိတ်ချ်လုစ်(စ်)နှင့် ဒေါက်တာသန်းထွန်းတို့က ရှေးဦး မြန်မာများ စတင်နေထိုင်ရာနေရာဟုဆိုသော ယူနန်ပြည်နယ် အတွင်းရှိတ,လီ ရှေးမြို့ဟောင်းသို့လည်း ကွင်းရောက် လေ့လာပါသည်။ သို့သော်လည်း ဆရာတော်ဘုရားသည် သမိုင်းသု တေသီ ဦးကျော်ဇော (ဘုန်းတင့်ကျော်) ရေးသားသော **'ပျူစစ်လျှင် မြန်မာ'** စာအုပ်တွင် ဖော်ပြထားသည့် တရုတ်ပြည် ထန်မင်းဆက် မှတ်တမ်းများ၌ပါရှိသော ဘီစီ ၂၀၀စုပုဂံမြို့နှင့် အေဒီ၃၀၀စုတွင် ဖွံ့ဖြိုးနေသော ပုဂံ နိုင်ငံတော်ဆိုသည်ကိုပို၍ စိတ်ဝင်စားကြောင်း သိရပါသည်။

## စာကြည့်တိုက် တည်ထောင်လှူဒါန်းခြင်း

ဆရာတော်ဘုရားသည် တခြားသူတို့ကိုလည်း စာပေဝါသနာ ပါစေလိုသောဆန္ဒ ရှိလှပါသည်။ စာများများဖတ်၍ စာပေမှအသိ အလိမ္မာ ပညာဗဟုသုတ များများရစေလိုသောဆန္ဒရှိပါသည်။ ထို့ကြောင့် ဆရာတော်ဘုရား၏ဇာတိဖြစ်သော ပျဉ်းမရွာ၌ ဆရာတော် ၇ ဝါအရ ငယ်စဉ်ကပင် **လူထုအလင်း စာကြည့်သင်း** အမည်ဖြင့် စာကြည့်တိုက် တည်ထောင်ပေးခဲ့ပါသည်။ သို့သော်လည်း ထိုစဉ်က ကျေးရွာသူကျေးရွာသားများ စာဖတ်ဝါသနာ နည်းသေး၍ စာကြည့် တိုက်ကို မစောင့်ရှောက်တတ်သဖြင့် ကြာကြာမခံဘဲ ပျက်သွားရပါ သည်။ ယခုတဖန် စာပေဝါသနာပါသောသူများ ရှိလာသဖြင့် **ချမ်းမြေ့ရောင်ခြည်** အမည်ဖြင့် စာကြည့်တိုက်အသစ်တဆောင်

www.dhammadownload.com



တည်ထောင်ပေးခဲ့သည်မှာ ၅ နှစ်ခန့် ရှိပါပြီ။ စာကြည့်တိုက် အမြဲရှင်သန်နေအောင် စောင့်ရှောက်မည့် စာပေ ဝါသနာအိုး ဦးဘို(ဘုန်းဝင်းခေါင်-မြန်မာမှု) ဆိုသူအမာခံရှိသဖြင့် စာကြည့်တိုက် အတွက် စိတ်ချသည်ဟု ဆရာတော်က မိန့်ပါသည်။ ဆရာတော်ဘုရား သည် စာကြည့်တိုက်အတွက် ဂျာနယ်များ မှန်မှန်ပို့ပေးပါသည်။ ဖတ်သင့်ဖတ်ထိုက်သော စာအုပ်များကိုလည်း ရှစ်ထောင် တသောင်း တန်အထိပင် မကြာခဏ ပို့လှူပါသည်။

စာကြည့်တိုက်တာဝန်ခံ ဦးဘိုက "မြတ်စွာဘုရား၏ တရား ကျေးဇူးတော်ကို ဆရာတော်ဘုရားကြီးက စွမ်းနိုင်သမျှ ပေးဆပ်နေ သလို ကျွန်တော်ကလည်း စာကြည့်တိုက်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကို အစွမ်းကုန်ပေးဆပ်မည်"ဟု ပြောပါသည်။ နောက်တက်လူငယ်များ ထဲတွင် စာဖတ်ဝါသနာရှိသူများ ပါဝင်သဖြင့် ဦးဘို၏ ကြိုးပမ်း အားထုတ်မှု ခရီးရောက်လိမ့်မည်ဟု ယူဆရပါသည်။

## အကျင့်သိက္ခာ

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် ပိဋကတ်စာပေမှ ရသော အသိပညာကို လက်တွေ့ဘဝနှင့် အံဝင်ခွင်ကျဖြစ်အောင် ညှိ၍ အလုပ်လုပ်လေ့ရှိပါသည်။ သီလ သမာဓိ ပညာ အကျင့် သုံးဖြာ သိက္ခာသုံးရပ်ကို လေးလေးစားစား ကျင့်ကြံပွားများ အားထုတ် တော်မူပါသည်။ သိက္ခာသုံးရပ်ကို မိမိကိုယ်တိုင် စွမ်းနိုင်သမျှ ကျင့် ကြံသလို တပည့်များကိုလည်း "ရဟန်းဘဝဆိုတာ သိက္ခာသုံးပါးပဲ၊ သိက္ခာသုံးပါးကျင့်နေရင် ရဟန်းဘဝ ပီသတာပဲ"ဟု ဩဝါဒပေးလေ့

www.dhammadownload.com



ရှိပါသည်။ ထို့ကြောင့် သိက္ခာသုံးပါးကို အစွမ်းနိုင်ဆုံး ကျင့်ကြံကြရန် မကြာခဏ ဩဝါဒပေးတော်မူပါသည်။

## သီလသိက္ခာ သီလအကျင့်

သီလသိက္ခာ ဝိနည်းသီလအကျင့်နှင့်ပတ်သက်၍မူ ကျွန်မ သိရသလောက် သေးသေးငယ်ငယ် သိက္ခာပုဒ်ကလေးများကိုပင် လေးလေးစားစား ထိန်းသိမ်းတော်မူပါသည်။ ဥပမာပြောရလျှင် ရဟန်း တော်များ သစ်သီးဝလံ ဘုဉ်းပေးသောအခါ မီးနှင့်မချက်မကင် မကြော်မဖုတ်ရသေး၍ အစိမ်းသက်သက်ဖြစ်သော အပင်ပြန် ပေါက်နိုင်သည့် သစ်သီးဝလံတို့ကို ရဟန်းတော်တို့၏ ဝိနည်း ကျင့်ဝတ်တခုဖြစ်သည့် ဘုဉ်းပေးကောင်းအောင် ကပ္ပိပြီးမှ ဘုဉ်းပေး စေပါသည်။ ကပ္ပိခြင်းဆိုသည်မှာ ဝိနည်းသဘောအရ ဘုဉ်းပေး ကောင်းအောင် ပြုလုပ်ခြင်းကို ခေါ်ပါသည်။ ထိုသို့ ကပ္ပိရသည့် အပင်ပေါက်နိုင်သော မျိုးစေ့များကို အစေ့မျိုးစေ့၊ အမြစ်မျိုးစေ့၊ အဆစ်မျိုးစေ့၊ အညွန့်မျိုးစေ့၊ ပင်စည်အကိုင်းအခက်မျိုးစေ့ဟု ၅ မျိုးခွဲထားပါသည်။ ထိုမျိုးစေ့တခုခုပါဝင်သည့် သစ်သီးဝလံ အစိမ်း သက်သက်များကို (ဟင်းသီးဟင်းရွက်များ အပါအဝင်) ကပ္ပိပြီးမှ ဘုဉ်းပေးရပါသည်။ ဆရာတော်ဘုရားသည် ထိုကဲ့သို့သော မျိုးစေ့ များကို ကပ္ပိပြီးမှ ဘုဉ်းပေးကြရန် မကြာခဏ သတိပေးလေ့ ရှိပါသည်။ ထိုကဲ့သို့ သေးငယ်သော သိက္ခာပုဒ်ကလေးများကိုပင် ဂရုစိုက်၍ စောင့်ရှောက်ထိန်းသိမ်းပါသည်။

ဆွမ်းဘုဉ်းပေးပင့်ရာအိမ်၌ ဆွမ်းဘုဉ်းပေးရာတွင် စားဖွယ် များကို ယွန်းခွက် နှီးခွက်များဖြင့် ထည့်ထားလျှင် ကြွေပန်းကန်များဖြင့်

www.dhammadownload.com



လဲစေပါသည်။ အကြောင်းမှာ ယွန်းခွက် နှီးခွက်တို့သည် ဝါးဖြင့် ပြုလုပ်ထားသောကြောင့် ဖြစ်ပါသည်။ ဝိနည်းတော်အရ ဝါးခွက် သစ်သားခွက်တို့ဖြင့် ထည့်၍ မဘုဉ်းပေးကောင်းပါ။

ဆွမ်းဘုဉ်းပေးရာတွင် မြတ်စွာဘုရား၏ လက်ထက်တော်က သံဃာတော်များကဲ့သို့ပင် ချမ်းမြေ့သံဃာတော်များသည်လည်း သပိတ်ဖြင့်ပင် ဘုဉ်းပေးကြရပါသည်။ သို့သော်လည်း တခါတရံ အကြောင်းအားလျော်စွာ စားပွဲကုလားထိုင်ဖြင့် ဘုဉ်းပေးရသည့်အခါ လည်း ရှိတတ်ပါသည်။ ထိုကဲ့သို့သောအခါမျိုး၌မူ စားပွဲပေါ်တွင် သပိတ်တင်၍ ဘုဉ်းပေးရန် အဆင်မပြေသဖြင့် ပန်းကန်ပြားဖြင့်ပင် ဘုဉ်းပေးကြရပါသည်။

ဆွမ်းဘုဉ်းပေးရာတွင် ညာဘက်လက် ဆွမ်းပေနေသဖြင့် တချို့က လက်ဝဲလက်ဖြင့် ဇွန်းကိုကိုင်တတ်ပါသည်။ ထိုသို့ လက်ဝဲ လက်ဖြင့် ဇွန်းကိုင်လျှင် လက်ဝဲလက်ကို မြှောက်ရသဖြင့် ခန္ဓာ ကိုယ်ဘေးမှ အသားပေါ်နေတတ်ပါသည်။ ထို့ကြောင့် ဇွန်းကို ညာလက်ဖြင့်သာ ကိုင်စေပါသည်။ ဆရာတော်ဘုရားကြီးသည် ဝိနည်းနှင့်ပတ်သက်၍ ဤသို့လျှင် စေ့စပ်သေချာသော အမြင်ရှိတော် မူပါသည်။

ကျွန်မတို့ ဒဂုံတက္ကသိုလ် ဓာတုဗေဒဌာနမှ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် စားပွဲရှည်ကြီးပေါ်၌ ဆွမ်းဟင်းပွဲများ အပြည့်တင်ထားရာ အများဝိုင်း၍ မ,ပြီးကပ်လျှင် ဖြစ်နိုင်သော်လည်း ကပ်ခွင့်မပြုဘဲ ဟင်းတခွက်ချင်းသာ ကပ်စေပါသည်။ အကပ်မြောက် သော အင်္ဂါဖြစ်သည့် အလေးချိန်ထက် ပိုနေသောကြောင့် ဖြစ်ပါသည်။

www.dhammadownload.com



ဆရာမတဦးက အကောင်မပျက် ကင်လာသော ငါးကင်ကို လာ၍ ကပ်ရာ ချက်ချင်းအသားတုံးကလေးတွေ တုံးပြီးမှ ကပ်စေပါသည်။

သင်္ကန်းဝတ်ရုံရာတွင်လည်း သင်းပိုင်ရော ဧကသီပါ ပရိမဏ္ဍလဖြစ်အောင် အဝန်းညီညီ မတိုမရှည်ဝတ်ရပါသည်။ သေခိယသိက္ခာပုဒ်လာသည့်အတိုင်း သင်းပိုင်ကို အစမထွက်စေဘဲ ညီညီညာညာ ဝတ်ရပါသည်။ ဧကသီဝတ်ရုံသောအခါတွင်လည်း ညီညီညာညာ ဝန်းဝိုင်းနေအောင် ဝတ်ရုံရပါသည်။ တပါးပါး ဝတ်တာရုံတာ အဆင်မပြေဘဲ ဖရိုဖရဲဖြစ်နေလျှင် ချက်ချင်းပြင်ဝတ်စေ ပါသည်။ သင်္ကန်းကို ချပ်ချပ်ရပ်ရပ်နှင့် ကြည်ညိုဖွယ်ဖြစ်အောင် ပုံကျပန်းကျ ဝတ်စေပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင်လည်း အမြဲတစေ အဝန်း သုံးပါးညီအောင် ဝတ်ဆင်တော်မူပါသည်။

အိန္ဒိယပြည် အသောကမင်းကြီးလက်ထက်တော်အခါက နန်းရင်ပြင်မှာ ကြွသွားသော ကိုရင်ကလေး ရှင်နိဂြောဓ၏ ကြည်ညိုဖွယ်ရာ သင်္ကန်းဝတ်ပုံရုံပုံ ဣန္ဒြေသိက္ခာအမူအရာတို့ကို အသောကမင်းကြီး မြင်ရတွေ့ရ၍ ဗုဒ္ဓသာသနာတော်ကို အထူးကြည်ညိုလှသဖြင့် သာသနာတော်အတွက် အံ့သြဖွယ်ရာ များစွာဆောင်ရွက်သွားသည်ကို ပုံဆောင်ပြကာ ရံဖန်ရံခါ သြဝါဒပေးလေ့ရှိပါသည်။ ရဟန်းသာမဏေတို့၏ အဆင့်အတန်းမြင့်မြင့် ဝတ်ပုံရုံပုံ နေပုံထိုင်ပုံ စားသောက်ပုံတို့မှာ မည်မျှအရေးကြီးကြောင်း သိစေပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက သူ၏တပည့်ရဟန်းသံဃာတွေ အဆင့်မြင့်မြင့် ဝတ်နည်းရုံနည်း၊ နေထိုင်နည်း၊ ပြောဆိုနည်း၊ စားသောက်နည်းတို့ကို သွန်သင်ညွှန်ကြား ဆုံးမထားသည်မှာ မြတ်စွာ

www.dhammadownload.com



ဘုရား၏ တရားတော်တွင် များစွာပင်ရှိပါသည်။ ထိုအတိုင်း လိုက်နာကျင့်ကြံကြလျှင် အဆင့်မြင့်သော သာသနာတော်ကြီး ထွန်းတောက်နေမည်ဖြစ်ကြောင်း နည်းကောင်းညွှန်ပြ ဆုံးမတော်မူပါသည်။

## အနာမာသ အကပ္ပိယဝတ္ထု

အနာမာသ အကပ္ပိယဝတ္ထုဟုခေါ်ဆိုရသော ဝတ္ထုကြေးငွေနှင့်ပတ်သက်၍လည်း တတ်နိုင်သမျှ သန့်ရှင်းစင်ကြယ်အောင်ဆောင်ရွက်ပါသည်။ တစုံတယောက်က ရဟန်းတော်များအားဝတ္ထုကြေးငွေ လာလှူလျှင် ဝတ္ထုကြေးငွေအဖြစ် လက်မခံရပါ။ထိုဝတ္ထုကြေးငွေမှ ဖြစ်ပေါ်သော ပစ္စည်းလေးပါးကိုသာ လက်ခံရပါသည်။ "ဤဝတ္ထု ငွေမှ ဖြစ်ပေါ်သော ပစ္စည်းလေးပါးတို့ကို လှူဒါန်းပါသည်" ဟုဆို၍ လှူဒါန်းရပါသည်။ တခါတရံလည်း "ဤဝတ္ထုငွေကို နဝကမ္မအား လှူဒါန်းပါသည်"ဟု ဆို၍ လှူဒါန်းရပါသည်။ ဝတ္ထုငွေကိုမူ ရိပ်သာ ရုံးခန်းတွင် အပ်နှံထားရပါသည်။ ပစ္စည်းတခုခု အလိုရှိလျှင် ကပ္ပိယက ရုံးခန်းမှ ဝတ္ထုကိုယူ၍ အဆင်ပြေအောင် စီစဉ်ပေးရပါသည်။

ချမ်းမြေ့ရိပ်သာ၌ အမြဲသီတင်းသုံးသော ရဟန်းသာမဏေများအား ပစ္စည်းလေးပါးအဖြစ် လှူဒါန်းသော ဝတ္ထုငွေများကို ရုံးခန်း၌သာ အပ်နှံထားရပါသည်။

ဤသို့လျှင် ဆရာတော်သည် မြတ်စွာဘုရား၏ ဝိနည်းပညတ်တော်ကို စေ့စပ်သေချာစွာ လိုက်နာ စောင့်ထိန်းတော်မူပါသည်။

www.dhammadownload.com



## နိသဇ္ဇဓုတင်

ဆရာတော်ဘုရားသည် ကျိုင်းတုံတက္ကသိုလ်သို့ တရားချီးမြှင့်ရန် ကြွလာစဉ်က ကျိုင်းတုံဟိုတယ်၌ သီတင်းသုံးရပါသည်။ ညအခါ တရား ချီးမြှင့်ပြီးလျှင် ဟိုတယ်၌သီတင်းသုံးသောအခါ လျောင်း၍ကျိန်းစက်တော်မမူဘဲ ထိုင်လျက် နိသဇ္ဇဓုတင်ဆောက်တည် နေတော်မူသည်ကို ဖူးတွေ့ရပါသည်။ ချမ်းမြေ့သံဃာတော်များ ကိုလည်း မနက်စော ၄ နာရီခန့် ကျိန်းရာမှထ၍ တရားရှုမှတ်သောအခါ နိသဇ္ဇဓုတင်ပါ ဆောက်တည်ကြဖို့ ဆရာတော်က ဩဝါဒပေးပါသည်။

သမာဓိသိက္ခာ ပညာသိက္ခာ အကျင့်နှစ်ဖြာဟူသော တရား အားထုတ်မှုမှာ ဆရာတော်ဘုရား ငယ်စဉ်ကတည်းက ဝါသနာပါခဲ့ သော ကျင့်စဉ်များဖြစ်ပါသည်။ ယခုလည်း မေတ္တာဘာဝနာ၊ ဗုဒ္ဓါနုဿတိဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ကို ပြည်တွင်းပြည်ပ ယောဂီများအား ဟောပြောပြသနေပါသည်။ အချိန်ရသည့်အခါ ဆရာတော်ကိုယ်တိုင်လည်း အားထုတ်ဆဲဖြစ်ပါသည်။

## ဆရာတော်ကြီးနှစ်ပါး မိန့်ကြားချက်

မင်းလှသာသနာ့ရိပ်သာဆရာတော်ဘုရားကြီးက "ချမ်းမြေ့ ဆရာတော်ကတော့ ငယ်ငယ်ကတည်းက ဝိနည်းသီလအကျင့်မှာ တယ်ပြီး ပီပီပြင်ပြင်ရှိတယ်၊ စံပြုထိုက်တဲ့ ပုဂ္ဂိုလ်ပါပဲ"ဟု မိန့်တော်မူ ပါသည်။ မုံရွာမြို့ အသောကာရုံဆရာတော်ဘုရားကြီးကလည်း "ချမ်းမြေ့က ဝိနည်းပိုင်းဆိုင်ရာမှာတော့ တချက်မှ အမှားယွင်း မခံဘူး။ ဒါကြောင့် သူ့ကို လူကြီးလူငယ်အားလုံးက လေးစားကြ

www.dhammadownload.com



တယ်”ဟု မိန့်ကြောင်း မုံရွာဒေါ်မြင့်မြင့်က ပြောပြပါသည်။ ဒေါ်မြင့်မြင့်က အသောကာရုံဆရာတော်ဘုရားကြီးကို ဆက်လက် မေးမြန်းလျှောက်ထားရာ ဆရာတော်ဘုရားကြီးက “ချမ်းမြေ့ဆရာတော်က ဘာမျှပြောစရာမရှိဘူး၊ သူက အကောင်းချည်းပဲ၊ ပါရမီကိုရှိတာ၊ လုပ်ကြံပြောတာ မဟုတ်ဘူး၊ ကောင်းလို့ ကောင်းတယ် ပြောတာ၊ သူလုပ်မယ်ဆိုရင် ဖြစ်တာချည်းပဲ၊ မလုပ်ဘူးဆိုရင် လုံးဝမလုပ်ဘူး၊ လုပ်မယ်ဆိုရင်လဲ အကျိုးရှိမယ်ထင်ရင် ပြီးမြောက်အောင်လုပ်တယ်” ဟု မိန့်ပါသည်။ “ချမ်းမြေ့ကတော့ ပြည့်စုံပါတယ်၊ ချမ်းမြေ့ပါတယ်၊ ကျန်းမာရေးကလဲ ကိုယ်တိုင် ဂရုစိုက်တယ်၊ စားသင့်မှ စားတယ်၊ သွားသင့်မှသွားတယ်၊ လုပ်သင့်မှ လုပ်တယ်၊ အဲဒီလို ဉာဏ်နဲ့အလုပ်လုပ်တယ်၊ အသက်ရှည်ပြီး ဆက်လက်သာသနာပြုနိုင်ဦးမှာပါ” ဟု မိန့်ကြားကြောင်း သိရပါသည်။

## သံဃိကပစ္စည်းကို အလွန်လေးစားခြင်း

ဆရာတော်ဘုရားသည် သံဃိကကျောင်း သံဃိကပစ္စည်းတို့ကို အလွန်လေးစားတော်မူသည်။ သံဃိကလှူထားသော အဆောက်အအုံများ၊ ပစ္စည်းများကို ရိုရိုသေသေ လေးလေးစားစား သန့်သန့်ရှင်းရှင်း သုံးစွဲရန် အမြဲတမ်း ဩဝါဒပေးပါသည်။ အဆောက်အအုံတိုင်း၏ ဝင်ပေါက်ထွက်ပေါက်များတွင် ခြေသုတ်ဖုံများ အပြည့်အစုံချပေးထားပါသည်။ မသန့်ရှင်းသော ခြေများဖြင့် မနင်းမိစေရန် ဖြစ်ပါသည်။ မသန့်မရှင်း သုံးစွဲလျှင် အပြစ်ရှိကြောင်း မိန့်ကြားပါသည်။ ထိုင်လျှင်လည်း နံရံကိုမှီ၍ မထိုင်ရပါ။ နံရံကို မှီထိုင်လျှင် နံရံရဲ့အညစ်အကြေးကလည်း ကိုယ့်ကိုပေသည်။ ကိုယ့်ကိုယ်က ချွေးအညစ်အကြေးကလည်း

www.dhammadownload.com



နံရံကို ပေကျံစေသည်ဟု မိန့်ပါသည်။ ထို့အတူပင် တိုင်ကိုလည်း မှီ၍ မထိုင်ရပါ။ သံဃိကပစ္စည်းနှင့်ပတ်သက်၍ ထိုကဲ့သို့ အသေးအဖွဲ ကအစ ဂရုစိုက်တော်မူပါသည်။ သံဃိကပစ္စည်းများကို အဖွဲ့ဒကာ များက ကျောင်းအတွက် လိုအပ်သလို အသုံးပြုနိုင်ရန် သံဃာကို အမြဲပန်ကြားပါသည်။

## မာယာသာဌေယျမရှိ

ဆရာတော်ဘုရားသည် မိမိကိုယ်တိုင် ဝိနည်းသိက္ခာပုဒ်ကို လေးလေးစားစား လိုက်နာစောင့်ထိန်းသလို တပည့်များကိုလည်း လေးလေးစားစား လိုက်နာစောင့်ထိန်းဘို့ရန် ဩဝါဒပေးပါသည်။

ထိုအချက်ကို အနီးကပ်လေ့လာကြည့်မှ ပို၍သိနိုင် ပို၍ ကြည်ညိုနိုင်ပါသည်။ ကိုယ်တိုင် မာယာသာဌေယျ ကင်းရှင်း ဖြောင့်စင်း တည့်မတ်ခြင်းရှိသလို တပည့်များကိုလည်း ဖြောင့်စင်း တည့်မတ်ခြင်း ရှိစေရန် ဆုံးမပါသည်။ ဝိနည်းပညတ်တော်အတိုင်း အတိအကျ နေထိုင်ကြရန် ဩဝါဒပေးပါသည်။

## စည်းကမ်းကို အလေးထားခြင်း

ဆရာတော်ဘုရားကြီးသည် အရာရာတွင် စည်းစနစ်ကျလှပါ သည်။ မိမိကိုယ်တိုင် စည်းစနစ်ကျကျ နေထိုင်လုပ်ကိုင်သလို သူတပါး တို့ကိုလည်း စည်းစနစ်ကျကျ နေထိုင်လုပ်ကိုင်ကြရန် သွန်သင်ညွှန်ကြားတော်မူပါသည်။ ဆရာတော်ဘုရားကြီး၏ သွန်သင် ညွှန်ကြားမှုကို လိုက်နာသူများမှာ လွန်စွာအကျိုးများကြပါသည်။ ဆရာတော်ဘုရားသည် စည်းကမ်းမလိုက်နာလျှင် မျက်နှာကြီးငယ်

www.dhammadownload.com



မထောက် ဟုတ်ရာမှန်ရာကို ပွင့်ပွင့်လင်းလင်း ခပ်ပြတ်ပြတ်ပြော၍ သွန်သင်ညွှန် ကြားဆုံးမတတ်ပါသည်။ ထိုသို့ ပွင့်လင်းပြတ်သားစွာ ပြောကြားသော်လည်း စိတ်ထားစေတနာမှာ ကြီးပွားချမ်းသာစေလိုသော မေတ္တာကရုဏာတရား အပြည့်အဝရှိပါသည်။ တချိန်မှာ ဌာနအကြီး အကဲတဦး၏သားတယောက် ဒုလ္လဘ ရဟန်းဝတ်၍ တရားအားထုတ်ပါ သည်။ ထိုဒုလ္လဘရဟန်းသည် ဆေးလိပ်မသောက်ရဟု တားမြစ် ထားပါလျက် ဆေးလိပ်ခိုးသောက်ရာ ယောဂီစောင့်ရှောက်သော ရဟန်းတော်များက မသောက်ရန်ဆုံးမသည်ကို မလိုက်နာသဖြင့် ဆရာတော်ဘုရားသိ၍ ရိပ်သာမှချက်ချင်း ထုတ်ပစ်ပါသည်။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးငုံခြင်း၊ သကြားလုံးငုံခြင်း များသည် တရား၏ကြီးမားသောအနှောင့်အယှက် ဖြစ်သည်ဟု မိန့်ပါသည်။

## ယောဂီများ၏ အဝတ်အစား

ယောဂီများ၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍လည်း ယောဂီနှင့် မသင့်လျော်သော သမာဓိပျက်စေသည့် ဝတ်စားဆင်ယင်မှု ကို ရှောင်ကြဉ်၍ တရားတိုးတက်ရေးကို အထောက်အပံ့ပြုသော အဝတ်အစားတို့ကိုသာ ဝတ်စားဆင်ယင်ရန် ညွှန်ကြားပါသည်။ အမျိုးသားယောဂီများရော အမျိုးသမီးယောဂီများပါ ကွက်ကြီး ကွက်ကဲ့ ကြောင်ကြောင် ကျားကျား အင်္ကျီလုံချည်များ မဝတ်ကြရန်၊ အရောင်နု ပြောင်အဆင်များသာ ဝတ်ကြရန် ညွှန်ကြားထားပါသည်။

အမျိုးသမီးယောဂီများသည် လည်ဟိုက်အင်္ကျီ၊ လက်မောင်း တဝက်သာဖုံးမိသော လက်တိုအင်္ကျီ၊ စပို့ရှပ်အင်္ကျီ၊ စွပ်ကျယ်အင်္ကျီ၊

www.dhammadownload.com



ပုံဆန်းအင်္ကျီများကို မဝတ်ကြရန် စည်းကမ်း သတ်မှတ်ထားပါသည်။ အင်္ကျီအဖြူရောင်နှင့် အညိုရောင်ယောဂီလုံချည်သည် ဣန္ဒြေလည်းရ ကြည်ညိုဖွယ်လည်းဖြစ် ယောဂီအတွက် တရားလည်းတိုးတက်စေသဖြင့် အသင့်လျော်ဆုံး အဝတ်အစားဟု သတ်မှတ်ထားပါသည်။

အချို့သောယောဂီများသည် လက်သည်းဆိုးဆေးများ မဖျက်မိပဲ တရားဝင်ဖို့ ရိပ်သာသို့လာကြရာ ကိုးပါးသီလမယူမီ လက်သည်းဆိုးဆေးများကိုဖျက်စေပါသည်။ ယောဂီများ ဆံပင်ကို ဖရိုဖရဲ ပိုးတိုးပွတ ထိုးထိုးထောင်ထောင် မရှိစေပဲ အမြဲတစေ သပ်သပ်ရပ်ရပ်ရှိနေစေရန် ဂရုစိုက်ဖို့ ဩဝါဒပေးပါသည်။

## အမျိုးသမီးနှင့်ဘောင်းဘီ

ဆရာတော်ဘုရားသည် မြန်မာအမျိုးသမီးများ ဘောင်းဘီဝတ်ခြင်းသည် ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ မြန်မာယဉ်ကျေးမှုများနှင့် မလျော် မလျောက်ပတ်ဟု ယူဆပါသည်။ထို့ကြောင့် 'ကျောင်းဝင်း အတွင်း၌ မြန်မာအမျိုးသမီးများ ဘောင်းဘီမဝတ်ရ' ဟု ဆိုင်းဘုတ်တွင် ရေးပြီးလျှင် ကျောင်းဝင်းအတွင်းသို့ ဝင်လျှင်ဝင်ချင်း မြင်သာသည့်နေရာ၌ စိုက်ထူထားပါသည်။

နိုင်ငံခြားသားယောဂီများကိုလည်း ကျောင်းဝင်း အတွင်း၌ ဘောင်းဘီအတို ဝတ်ခွင့်မပေးပါ၊ သို့သော်လည်း နိုင်ငံခြားသား အများစုကမူ ရိပ်သာကိုရောက်လျှင် လုံချည်ဝတ်လေ့ရှိကြပါသည်။

## တရားရိပ်သာဆိုတာ တိတ်ဆိတ်မှ

ရိပ်သာဆိုတာ အမြဲတိတ်ဆိတ်နေရမည်ဟု မိန့်ပါသည်။

www.dhammadownload.com



အသံသည် ယောဂီတရားတိုးတက်ရေးအတွက် ကြီးမားသော အနှောင့်အယှက်ဖြစ်ကြောင်း အလုပ်ပေးတရား၌ မိန့်ကြားထားပါသည်။

ရိပ်သာ၌ နေရာများစွာတွင် **'တရားရိပ်သာ၊ တိတ်ဆိတ်မှုဖြင့် ကူညီပါ'** ဟူသော စာတန်းကလေးများ ချိတ်ဆွဲထားပါသည်။ ယောဂီများ စကားပြောနေသည်ကိုတွေ့လျှင် နှစ်ကြိမ်အထိ သတိပေးဆုံးမပါသည်။ သုံးကြိမ်မြောက်တွေ့လျှင်တော့ ထိုယောဂီကို ပြန်လွှတ်လိုက်ပါသည်။ ထို့ကြောင့် ချမ်းမြေ့ရိပ်သာက စည်းကမ်းကောင်းတယ်လို့ နာမည်ရခြင်းဖြစ်ပါသည်။ ညှော်ခံပွဲပါသော မင်္ဂလာဆွမ်းကျွေးများကိုလည်း ရိပ်သာ၌လက်မခံပါ။ ညှော်ခံပွဲပါလျှင် မင်္ဂလာလက်ဆောင်များ ပေးကြကမ်းကြ စကားပြောကြဖြင့် ဆူညံသောကြောင့် ဖြစ်ပါသည်။ ညှော်ခံပွဲမပါသော မင်္ဂလာဆွမ်းကျွေး သက်သက်ကိုမူ လက်ခံပါသည်။ ဤသို့ စည်းစနစ်ကျအောင် စီမံအုပ်ချုပ်ခြင်းမှာ ယောဂီများ တရားရရေးအတွက် ဖြစ်ပါသည်။

ကျွန်မတို့သည်လည်း ဆရာတော်ဘုရားကြီး၏ စည်းစနစ်ကျမှုကို အမြဲအတုယူလိုက်နာရပါသည်။ ကျွန်မနှင့်တပည့်များသည် စနေ တနင်္ဂနွေကျောင်းပိတ်ရက်များ၌ ဆရာတော်ဘုရားကြီး၏ စာအုပ်များကို စာကြည့်တိုက်ပုံစံမျိုးဖြစ်အောင် စနစ်တကျ ဆောင်ရွက်ပေးကြပါသည်။ ရှေးဦးစွာစာအုပ်များကို ဘာသာရပ်အလိုက် စနစ်တကျ ခွဲခြားရပါသည်။ ပြီးလျှင် စာအုပ်အကြီးအသေး စီစဉ်ရပါသည်။ ထို့နောက် စာအုပ်အနှောင့်များ၌ စာအုပ်စင်အမှတ် စာအုပ်အမှတ် ကပ်ရပါသည်။ ပြီးမှစာအုပ်စင်တွင် အစီအစဉ်တကျ ညီညီညာညာ ထည့်သွင်းရပါသည်။ စာအုပ်စင်တစင် စီစဉ်ပြီးတိုင်း

www.dhammadownload.com



ထိုစာအုပ်စင်ရှိ စာအုပ်များကို စာရင်းစာအုပ်တွင် စာရင်းသွင်းရပါသည်။ တနေ့တာ အချိန်ကုန်အောင် ဆောင်ရွက်ပြီး၍ ကျွန်မတို့ပြန်ကြသောအခါ ဆရာတော်က စာအုပ်စင်ကို ကြည့်ရှုစစ်ဆေးပါသည်။ အချိုးမကျသေးလျှင် နောက်တနေ့ ပြန်ပြင်ရပါသည်။

ဆရာတော်ဘုရားကြီး၏ စနစ်ကျမှုကို အကြောင်းမသိသေးသော တချို့တပည့်များက ဆရာတော်ဘုရားကြီးသည် တိကျသေချာလွန်းအားကြီးသည်ဟု ထင်ပါသည်။ သူတို့ကို နားလည်အောင် ရှင်း ပြရပါသည်။ စည်းစနစ်ကျသည်ကို အတုယူလျှင် မိမိတို့အတွက် အလွန်အကျိုးများကြောင်းကိုလည်း ပြောပြရပါသည်။

## ဆရာတော်ဘုရားနှင့် စည်းကမ်း

ဆရာတော်ဘုရားကြီးသည် ချမ်းမြေ့ရိပ်သာ စတင်တည်ထောင်ကတည်းက စည်းကမ်းကြီးသည်ဟု နာမည်ရကြောင်း တချို့ပြောကြပါသည်။ အမှန်တော့ ဆရာတော်ဘုရားသည် ချမ်းမြေ့ရိပ်သာ မတည်ထောင်မီ မဟာစည်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယနာယက တပါးအဖြစ် တရားပြနေစဉ်ကပင် စည်းကမ်းကြီးသည်ဟု နာမည်ကြီးပါသည်။ ဆရာတော်ဘုရားကြီး စည်းကမ်းကြီးမှုနှင့် ပတ်သက်၍ ပြုံးစရာသတင်းစကားတခုလည်း ကြားဖူးရပါသည်။ ထိုစဉ်က ဆရာတော်ဘုရားကြီးကို အလွန်ကြည်ညိုပြီး ပွင့်ပွင့်လင်းလင်း ပြောတတ်သော အသက်ခြောက်ဆယ်ကျော် ယောဂီအဖွားတယောက်က "ဒီလောက် စည်းကမ်းကြီးတဲ့ဆရာတော်၊ လူသာဆိုရင် ဘယ်တော့မှ အိမ်ထောင်ကျမှာ မဟုတ်ဘူး" လို့သူတို့ယောဂီအချင်းချင်း ပြောသည်ဟု ပြုံးစရာသတင်းစကား ကြားဖူးရပါသည်။

www.dhammadownload.com



ဆရာတော်ဘုရား စည်းကမ်းကြီးခြင်းမှာ ယောဂီများ တရားတိုးတက်ရေး တရားရရေးအတွက်ဖြစ်ပါသည်။ ယောဂီများ ပေါ့ပေါ့တန်တန် မနေကြဘဲ တရားကို ယောဂီနှင့်တူအောင် အချိန်ပြည့် ကြိုးကြိုးစားစား အားထုတ်ကြစေရန် စည်းကမ်းကြီးရခြင်း ဖြစ်ပါသည်။ တရားကို စိတ်ဝင်တစား ကြိုးကြိုးစားစား အားထုတ်သော ယောဂီများမှာ စည်းကမ်းဘောင်အတွင်း အလိုလို အံဝင်ခွင်ကျဖြစ်သွားပါသည်။ ထိုကဲ့သို့သော ယောဂီများအတွက် စည်းကမ်းသည် ကြောက်စရာမဟုတ်၊ ကြိုက်စရာသာဖြစ်ပါသည်။

အမှန်တော့ ယောဂီများ စည်းကမ်းတကျ အားထုတ်အောင် စောင့်ရှောက် အုပ်ချုပ်ရသည်မှာ မလွယ်ကူပါ။ အတော်ပင်ပန်းသော အလုပ်ဖြစ်ပါသည်။ ချမ်းမြေ့ရိပ်သာ၌ ယောဂီများကို စောင့်ရှောက်ရန် ရဟန်းတော်များ နှစ်ပါးတတွဲ သုံးပါးတတွဲ အလှည့်ကျ စောင့်ရှောက်ရန် စီစဉ်ထားပါသည်။ ယောဂီများ စည်းကမ်းတကျ ကြိုးစားအားထုတ်အောင် စောင့်ရှောက်ရသော ရဟန်းတော်များမှာ မသက်သာကြပါ၊ အတော်ပင်ပန်းပါသည်။ ရံဖန်ရံခါ ဆရာတော်ဘုရားကိုယ်တိုင်လည်း ယောဂီများအားထုတ်သည့်နေရာသို့ ကြွရောက်၍ လှည့်ပတ်ကြည့်ရှုပါသည်။

## ယောဂီများကို ငြိမ်သက်သေဝပ်စေနိုင်သော စည်းကမ်း

ကျေးဇူးရှင်ချမ်းမြေ့ဆရာတော်ဘုရား၏ စည်းကမ်းကြီးမှုကြောင့် ယောဂီများ ငြိမ်သက်သေဝပ်စွာ နေထိုင်ကြပုံကို ဦးဝိရောစနက သူ၏ကိုယ်တွေ့တခု ပြောပြပါသည်။ ချမ်းမြေ့ဆရာတော်ဘုရား မဟာစည်သာသနာ့ရိပ်သာတွင် သီတင်းသုံးစဉ်က မဟာစည်ပူဇော်ပွဲ

www.dhammadownload.com



နေ့ တနေ့တွင် နေ့ပိုင်းအစီအစဉ်ပြီးဆုံး၍ ညပိုင်းတရားနာကြရန် ယောဂီများရော ရပ်ဝေးဧည့်သည်များပါ နေရာကောင်းရရန် ကြိုးစားကြရာ ဆူဆူပူပူ ရုတ်ရုတ်သဲသဲဖြစ်နေပါသည်။ ဦးဆောင်ဒကာများရော ရဟန်းတော်များကပါ ငြိမ်ငြိမ်သက်သက် နေရာယူကြရန် ပြောဆိုသော်လည်း နားမထောင်ကြပါ။ ထိုအခါ ရိပ်သာအမှုဆောင်ဒကာကြီးတယောက်က ဆရာတော်ဦးဇနကကို သွားပင့်မှဖြစ်မည်ဟု ပြောဆိုပြီးလျှင် ဆရာတော်ထံသွားပါသည်။ ခဏကြာသောအခါ ဒကာ နှစ်ယောက်သုံးယောက်က ဆရာတော်ဦးဇနကကြွလာပြီဟု ပြောလိုက်ကြရာ ဆူနေသော ပရိသတ်မှာ မီးကိုရေနဲ့ငြိမ်းလိုက်သလို ငြိမ်သက်သွားသည်ကို တွေ့ရပါသည်။ အဲဒီအခါမှာ ဆရာတော်ဦးဇနက အတော်ဩဇာအရှိန်အဝါကြီးပါလားလို့ အံ့ဩမိပါသည်ဟု ယခုတာချီလိတ် ကမ္ဘဋ္ဌာန်းကျောင်းဆရာတော် ဦးဝိရောစနက မိန့်ကြားပါသည်။

ချမ်းမြေ့ဆရာတော်ဘုရားသည် ငယ်စဉ်ကတည်းကပင် မည်သည့် နေရာမှာနေနေ စည်းကမ်းကိုအလေးထားလျက် သီတင်းသုံး နေထိုင်ပါသည်။ လွန်ခဲ့သော ၄၂ နှစ်အချိန် မြန်မာနှစ် ၁၃၃၄ ခုနှစ် (ခရစ် ၁၉၇၃ ခုနှစ်) တပေါင်းလ၌ ရန်ကုန်မြို့ စမ်းချောင်းရပ်၌နေထိုင်သော ဒါယကာကြီးဦးဉာဏ်က သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၊ မစိုးရိမ်ဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီးစသော ဆရာတော်ဘုရားကြီးများနှင့် တိပိဋကဆရာတော်များကို ပင့်၍ သူ၏အိမ်၌ဝိနည်း ပူဇော်ပွဲကျင်းပခဲ့ပါသည်။ ထိုဝိနည်းပူဇော်ပွဲ မှတ်တမ်းစာအုပ်၌ မိတ်ဆက် အမှာစကား ရေးသားပေးပါရန် ထိုစဉ်က သိက္ခာ၂၆ ဝါရှိပြီဖြစ်သော

www.dhammadownload.com



ဆရာတော် ဦးဇနကအား လျှောက်ထားသဖြင့် ဆရာတော်ဘုရားက အောက်ပါအတိုင်း ရေးသားချီးမြှင့်ခဲ့ပါသည်။

## စည်းကမ်းအရေးကြီးသည်

လွန်ခဲ့သည့် ၁၃၂၈ ခုနှစ်လောက်က ထင်သည်။ သာသနာရေး နှင့်ပတ်သက်၍ စကားစပ်မိရာမှ ဒုဗိုလ်မှူးကြီးတယောက်က အောက်ပါအတိုင်း လျှောက်ထားဖူးသည်ကို မှတ်မိနေပါသည်။

" အဲဒီကျောင်းတိုက် ကြီးပွားတာဟာ စည်းကမ်းကြောင့်ပေါ့ဘုရား၊ စည်းကမ်း သိပ်အရေးကြီးပါတယ်၊ တပည့်တော်တို့ တပ်မတော်ကြီးတခုလုံးလည်း အဲဒီစည်းကမ်းကြောင့် နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ပြီး စည်းစည်းလုံးလုံး ခိုင်ခိုင်မတ်မတ် ရပ်တည်နေနိုင်တာပါဘုရား"

မှန်၏ လူမှန်လျှင် စည်းကမ်းနှင့်ကင်း၍မဖြစ်။ သို့သော် လူများစုသည် စည်းကမ်းကို လွန်စွာကြောက်ကြ၏။ စည်းလွတ် ကမ်းလွတ် ထင်သလို နေလိုကြ၏။ ထို့ကြောင့် လူသည် စည်းကမ်းကို မည်မျှပင် ကြောက်စေကာမူ လူကိုပရမ်းပတာ မဖြစ်အောင် စည်းကမ်းဖြင့် ကွပ်ကဲထိန်းသိမ်းပေးရ၏။ တဦးတယောက်တည်း သီးခြား ကင်းလွတ်စွာ နေထိုင်သူများမှာ လူ့စည်းကမ်းများကို ပင်ကိုယ်အသိဖြင့်

www.dhammadownload.com



လျော်သလို လိုက်နာရ၏။ အများစုပေါင်း နေထိုင်သူများမှာမူ သူတို့၏ အသိုင်းအဝန်း အဆင်ပြေပြေ ချမ်းချမ်းသာသာ နေထိုင်နိုင်ရေးနှင့် တိုးတက်ကြီးပွားရေးအတွက် ရေးဆွဲချမှတ်ထားသော စည်းကမ်းများကိုရော ရေးဆွဲချမှတ်မထားသော်လည်း အခြေအနေကို ကြည့်၍ ပင်ကိုယ်အသိဖြင့် လိုက်နာရသည့် စည်းကမ်းများကိုပါ ရိုသေစွာ လိုက်နာရ၏။

ယင်းစည်းကမ်း နှစ်မျိုးလုံးပင် လူ့လောကအတွက် အရေးကြီးလှ၏။ သို့သော် လူ့အဆောက်အအုံအတွက် မုချလိုအပ်သဖြင့် ကြီးမှူးသူ တဦးတယောက်၏ ဆန္ဒအရဖြစ်စေ၊ အများဆန္ဒအရဖြစ်စေ ရေးဆွဲချမှတ်ထားသော စည်းကမ်းများမှာမူ လိုက်နာရန် ပို၍အရေးကြီးလှ၏။

ဤသို့သော စည်းကမ်းမျိုးကို စည်းမျဉ်းဟူ၍လည်းကောင်း၊ ဥပဒေဟူ၍ လည်းကောင်း ခေါ်ကြရ၏။

လူအများ စုပေါင်းနေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရသော တိုင်းပြည် နယ်ပယ် မြို့ပြ ရပ်ရွာနှင့် အသင်းအဖွဲ့တိုင်းတွင် ထိုသို့သော စည်းမျဉ်း ဥပဒေများကို ချမှတ်ထားရ၏။ ယင်းတို့နှင့်အညီ လိုက်နာနေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းကိုပင် စည်းကမ်း ရှိသည်။ စည်းကမ်း သေဝပ်သည်ဟု ပြောစမှတ်ပြုကြ၏။

www.dhammadownload.com



ယင်းသို့ စည်းကမ်းရှိသော စည်းကမ်းသေဝပ်သော လူ့အသိုက်အဝန်းသည် အဆင်ပြေပြေ ကြီးပွား တိုးတက်မြဲ ဖြစ်ပေသည်။

စည်းမျဉ်းဥပဒေ ချမှတ်မထားသောကြောင့်ဖြစ်စေ၊ စည်းမျဉ်းဥပဒေပင် ချမှတ်ထားသော်လည်း ယင်းတို့နှင့်အညီ လိုက်နာနေထိုင် လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသောကြောင့်ဖြစ်စေ စည်းကမ်းမရှိ စည်းကမ်းမသေဝပ်သော လူ့အသိုက်အဝန်းသည်ကား ဖရိုဖရဲ ပြိုကွဲဆုတ်ယုတ်ကာ လျင်မြန်စွာ ပျက်စီးရမြဲ ဖြစ်ပေသည်။ ထို့ကြောင့် ဆုတ်ယုတ်ပျက်စီးမှုမရှိဘဲ ကြီးပွားတိုးတက်လိုသော လူ့အသိုက်အဝန်းသည် သင့်လျော်သော စည်းမျဉ်းဥပဒေကို ရေးဆွဲချမှတ်၍ ထိုစည်းမျဉ်းဥပဒေကို ကျူးလွန်ဖောက်ဖျက်ခြင်းမရှိဘဲ အတတ်နိုင်ဆုံး ထိန်းသိမ်းကာ လိုက်နာနေထိုင်လုပ်ကိုင် ဆောင်ရွက်ဖို့ အရေးကြီးကြောင်း ထင်ရှားလှ၏။

## သာသနာတော်နှင့် စည်းကမ်း

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်၌လည်း တပည့်ရဟန်းအဖွဲ့ဝင်(သံဃာ)တို့ လိုက်နာရန် သိက္ခာ ပုဒ်ဟုခေါ်သည့် စည်းမျဉ်းဥပဒေများ ချမှတ်တော်မမူခဲ့သော ဘုရားရှင်တို့၏ သာသနာတော်

www.dhammadownload.com



သည် ကြာမြင့်စွာမတည်ခဲ့ပေ။ စည်းမျဉ်း ဥပဒေများ ချမှတ်တော်မူခဲ့သော ဘုရားရှင်တို့၏ သာသနာတော်သည်သာ အရှည်ခံ၍ တည်တံ့ခဲ့ပေသည်။

မှန်၏၊ ဝိပဿီ သိခီ ဝေဿဘူ ဘုရားရှင်တို့သည် တရားတော်များကိုလည်း အကျယ်တဝင့် မဟော၊ သိက္ခာပုဒ်များကိုလည်း ပညတ်တော်မမူခဲ့သောကြောင့် ထိုဘုရားရှင်တို့၏ သာသနာတော်သည် ကြာရှည်စွာ မတည်ကြောင်း၊ ကကုသန် ကောဏာဂုံ ကဿပ ဘုရားရှင်တို့သည် တရားတော်များကိုလည်း အကျယ်တဝင့် ဟောပြ၍ သိက္ခာပုဒ်များကိုလည်း ပညတ်တော်မူသောကြောင့် ထိုဘုရားရှင်တို့၏ သာသနာတော်သည်သာ ကြာရှည်စွာတည်ကြောင်းကို ဂေါတမမြတ်စွာဘုရားသည် ဝေရဉ္စာမြို့၌ ဒွါဒသမဝါ ကပ်တော်မူစဉ်အခါက အရှင်သာရိပုတ္တရာအား မိန့်ကြားတော်မူခဲ့၏။

ဤအချက်ကို ကောင်းစွာသိမြင်တော်မူသော ဂေါတမရှင်တော်မြတ်ဘုရားသည်လည်း တပည့်ရဟန်းတော်များ ချမ်းသာစွာ နေထိုင်ကျင့်ကြံနိုင်ရေး သာသနာတော် အရှည်တည်တံ့ရေး စသည်တို့ကို ရည်မျှော်လျက် သိက္ခာပုဒ်ပညတ်၍ စည်းမျဉ်းများ ချမှတ်တော်မူခဲ့၏။ သို့ရာတွင် ထိုသိက္ခာပုဒ် စည်းမျဉ်းများကို မိမိသဘောအလျောက် ကြိုတင်ချမှတ်တော်မူသည်ကား မဟုတ်ပေ။

www.dhammadownload.com



တပည့်သံဃာ၌ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဆင်းရဲ၏အကြောင်းဖြစ်သော မလျော်သည့် ကျူးလွန်မှု (အာသဝဋ္ဌာနိယ ဓမ္မ)များ မဖြစ်ပေါ်သေးလျှင် သိက္ခာပုဒ် ပညတ်တော်မမူပေ။ ယင်းကျူးလွန်မှုများ ဖြစ်ပေါ်မှသာလျှင် သင့်လျော်သော သိက္ခာပုဒ်စည်းမျဉ်းများကို ချမှတ်တော်မူပေသည်။

သို့ဖြစ်ရာ ဝိနည်းဥပဒေတည်းဟူသော စည်းမျဉ်းများသည် သံဃာ့အဖွဲ့အစည်းအတွက် မလိုအပ်ဘဲ ချမှတ်ထားသော စည်းမျဉ်းများ မဟုတ်ဘဲ အမှန်တကယ် လိုအပ်၍သာ ချမှတ်တော်မူခဲ့သော စည်းမျဉ်းများဖြစ်ကြောင်း ထင်ရှားလှ၏။

ထိုစည်းမျဉ်းများနှင့်အညီ အများဆုံး လိုက်နာနေထိုင်ကျင့်ကြံခဲ့ကြသောကြောင့်ပင် ယနေ့တိုင် ရှင်တော်မြတ်ဘုရား၏ တပည့်သံဃာ့အဖွဲ့ကြီး တည်တံ့ခိုင်မြဲလျက် ပရိယတ်ပဋိပတ် တာဝန် နှစ်ရပ်ကို ထမ်းဆောင်နိုင်ကြသဖြင့် သာသနာတော်ကြီး ကြာမြင့်စွာ တည်တံ့လာခဲ့ပေသည်။

ထို့ကြောင့် ရှင်တော်မြတ်ဘုရား၏ သားတော်များ ဖြစ်ကြသော ရဟန်းတော်များသည် အဘဘုရား၏အဆုံးအမ သာသနာတော်ကြီး မဆုတ်ယုတ် မကွယ်ပစေရန်နှင့် သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် ဘဘုရား ချမှတ်

www.dhammadownload.com



ထားသော ဝိနည်းစည်းမျဉ်းများကို အတတ်နိုင်ဆုံး လိုက်နာရမည့် တာဝန်ရှိပေသည်။

## အရှင်သာရိပုတ္တရာနှင့် စည်းကမ်း

ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရား ချမှတ်ထားသည့် ဝိနည်းဥပဒေတော်ကို နောင်လာနောက်သားများ အမှတ်တရဖြင့် စံပြု လောက်အောင်ပင် လိုက်နာ၍ ပြခဲ့၏။

တချိန်က အရှင်သာရိပုတ္တရာ မထေရ်သည် အရှင်မောဂ္ဂလာန် မထေရ်နှင့်အတူ တောရကျောင်း တကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ပြင်းထန် လှသော လေနာရောဂါကို ခံစားတော်မူရ၏။ ထိုအခါ အရှင်မောဂ္ဂလန်က "ငါ့ရှင် ရှေးအခါက လေနာထ လျှင် မည်သည့်ဆေးဝါးနှင့် ပျောက်ကင်းဖူးပါသနည်း" ဟု မေးလျှောက်၏။ "ငါ့ရှင်၊ လူဖြစ်စဉ်ကတော့ မိခင်က ထောပတ် ပျားသကာတို့နှင့် ရောနှောသော ရေမပါ သည့် နို့ထမင်းကိုကျွေးသဖြင့် လေနာရောဂါ ပျောက်ကင်းဖူးပါသည်"ဟု မိန့်ကြားလေလျှင် "ငါ့ရှင်၊ သို့ဖြစ်လျှင် တပည့်တော်တို့ နှစ်ပါးအနက် တပါးပါးမှာ ဘုန်းကံရှိပါက နက်ဖြန်တပည့်တော် ဆွမ်းခံသွား သည့်အခါ နို့ဆွမ်းရတန်ကောင်းပါ၏"ဟု လျှောက် ထား၏။

www.dhammadownload.com



အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ပြောဆိုနေကြသော ထိုစကားကို နတ်သား တယောက် ကြား၍ အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေး ဖြစ်သော ဒကာတယောက်၏ အိမ်သို့ သွားပြီးလျှင် သားကြီးကို ပူးဝင်ကာ အရှင်သာရိပုတ္တရာအတွက် နို့ဆွမ်းလောင်းလှူရန်တိုက်တွန်း၏။ အရှင်မောဂ္ဂလာန် ဆွမ်းခံကြွလာသောအခါ ထိုအိမ်က နို့ဆွမ်း လောင်း လှူလိုက်၏။ အရှင်မောဂ္ဂလာန်သည် ထိုဆွမ်းကို ခံယူပြီးလျှင် ကျောင်းသို့ရောက်သောအခါ အရှင်သာရိ ပုတ္တရာအား ဆက်ကပ်လိုက်၏။

အရှင်သာရိပုတ္တရာသည် ထိုဆွမ်းမည်သို့ ဖြစ်ပေါ်လာသည်ကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုလေ လျှင် မထေရ်မြတ်ကြီးနှစ်ပါးတို့၏ စကားကိုကြား သော နတ်သား၏ တိုက်တွန်းမှုကြောင့် ဖြစ်ပေါ်လာ ကြောင်း သိရသောအခါ လေနာကြောင့် အသက် သေလိုကသေစေ၊ နှုတ်မြွက်ပြောဆိုခြင်း (ဝစီဝိညတ်) ကို အစွဲပြု၍ ဖြစ်ပေါ်လာသော ဆွမ်းကိုမူ မစားအံ့ဟု နှလုံးသွင်း၍ ထိုနို့ဆွမ်းကိုမဘုဉ်းပေးဘဲ ငြင်းပယ်လိုက် ၏။ အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာ မဘုဉ်းပေးဘဲ ငြင်းပယ်လိုက်သော ဆွမ်းကို ယူပြီးလျှင် သင့်ရာ အရပ်၌ စွန့်ပစ်လိုက်၏။ ထိုနို့ဆွမ်း မြေသို့ ကျသော ခဏ၌ပင် အရှင်သာရိပုတ္တရာ မထေရ်၏ လေနာလည်း ပျောက်ကင်းသွားရာ မည်သည့်အခါမျှ

www.dhammadownload.com



နောက်ထပ်တဖန် မဖြစ်ပေါ်တော့ပေ။

ဤအရာ၌ အရှင်သာရိပုတ္တရာသည် နို့ဆွမ်းရရေးအတွက် နှုတ်ဖြင့်ပြောဆိုကာ အလှူခံခြင်းမဟုတ်သောကြောင့် မည်သည့်ဝိနည်းအပြစ်မျှ မရှိပေ။ အကြောင်းရင်းခံ အမှန်ကို မသိနိုင်ကြသော နောင်လာ နောင်သားများ အသိမှားကာ စွပ်စွဲပြစ်တင်ဖွယ် မဖြစ်စေရန် ရည်သန်၍သာ အသက်ကိုပင် ငဲ့ကွက်ခြင်းမရှိဘဲ မြတ်စွာဘုရား၏ ဝိနည်းစည်းမျဉ်းတော်ကို တင်းတင်းကြပ်ကြပ် လိုက်နာခြင်းဖြစ်ပေသည်။

## စည်းကမ်းရှိလို့ အဆင့်အတန်းမြင့်သည်

ဗုဒ္ဓရှင်တော်မြတ်၏ တပည့်ရဟန်းတော်တိုင်းပင် မြတ်စွာဘုရား ချမှတ်ထားတော်မူခဲ့သော ဝိနည်းစည်းမျဉ်းများကို အရှင်သာရိပုတ္တရာနီးပါး လိုက်နာနေထိုင် ကျင့်ကြံနိုင်ကြလျှင် ယနေ့ရဟန်းတော်တို့၏ အဆင့်အတန်းသည် အဘက်ဘက်မှ မြင့်မားလျက်သာ ရှိနေမည်ဖြစ်ရာ သာသနာတော်ကြီး၏ ဂုဏ်သိန်သည် မည်သည့်အခါမျှ ညှိုးမှိန်ဖွယ်ရာရှိမည်မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် ဘုရားရှင်ချမှတ်ထားသော ဝိနည်းစည်းမျဉ်းများသည် လောဘ၊ ဒေါသ၊ မာန်မာနစသော ကိလေသာများ ခေါင်းပါးရေးအတွက် အထောက်အပံ့ ဖြစ်ရုံမျှမက

www.dhammadownload.com



အထက်တန်းကျကျ အဆင့်မြင့်မြင့် ဝတ်ရုံတတ်၊ နေထိုင်ပြုမူတတ်၊ ပြောဆိုတတ်၊ စားသောက်တတ်ရေးသို့ ရှေးရှုထားသောကြောင့်ဖြစ်၏။

မှန်လှ၏။ 'လူမှာအဝတ် တောင်းမှာအကွပ်'ဟူသော ဆိုရိုးအတိုင်းပင် ပုဂ္ဂိုလ်တဦး၏ ဝတ်စား ဆင်ယင်ပုံကို ကြည့်၍ ထိုသူ၏အခြေအနေ အဆင့်အတန်းကို အကဲဖြတ်တတ်ကြသော လောကကြီး၌ သင်္ကန်းကို ညီညီညာညာ ဝတ်ရုံရန်၊ မြို့တွင်း ရွာတွင်းသို့သွားလျှင် သင်္ကန်းရုံလျက်သွားရန်၊ သင်္ကန်း အာယောဂပတ်ဖွဲ့လျက် မနေထိုင်ရန် စသော ဝတ်ရုံရေးဆိုင်ရာ ဝိနည်းစည်းမျဉ်းများကို ဘုရားရှင် ချမှတ်တော်မူခဲ့ခြင်းမှာ လွန်စွာကျေးဇူးများလှပေသည်။

သင်္ကန်းကို ညီညီညာညာ သပ်သပ်ရပ်ရပ် ဝတ်ရုံထားသော ရဟန်းတော်သည် အထက်ရောက်အောက်လျှောနှင့် မညီမညာ ဖြစ်ကတတ်ဆန်း ဝတ်ရုံထားသော ရဟန်းတော်ထက် ဝတ်ရုံပုံပို၍ အဆင့်အတန်းမြင့်သဖြင့် ဖူးတွေ့ရသူတို့၏ အမြင်၌လည်း ဒုတိယ ရဟန်းတော်ထက် ကြည်ညို လေးစားဖွယ်ဂုဏ်ကိုပို၍ ဆောင်လျက်ရှိနေ၏။

မြို့တွင်းရွာတွင်းသို့ သင်္ကန်းရုံလျက် သွားသော ရဟန်းတော်သည် သင်္ကန်းမရုံဘဲသွားသော

www.dhammadownload.com



ရဟန်းတော်ထက် ပို၍ ဣန္ဒြေရကာ ဘုန်းကြီးအချိုး ကျ၍ သမဏသာရုပ္ပ ဖြစ်လှ၏။ ထို့ကြောင့်ပင် သင်္ကန်းမရုံဘဲ မြို့တွင်းရွာတွင်းသို့ သွားလာလေ့ ရှိသော ဒုတိယအမျိုးအစား ရဟန်းတော်များကို ရံဖန်ရံခါ ပခုံးချင်းတိုက်၍ သွားတတ်သူ အချို့ လူတို့သည် သင်္ကန်းရုံထားသော ပထမအမျိုးအစား ရဟန်းတော်များကိုမူ လမ်းဖယ်ပေးကာ ရိုသေ လေးစား ဂါရဝထားတတ်ကြ၏။ အထူးသတိပြုဖွယ် ကောင်းသော အချက်ပင်။ မြတ်စွာဘုရား ချမှတ်ထား သော ဝိနည်းဥပဒေတော်များသည် လိုက်နာ ကျင့်ကြံ သူ၏ အဆင့်အတန်းကို သို့ကလောက်ပင် မြှင့်တင် ပေး နိုင်စွမ်းရှိပေသည်။

မြို့တွင်းရွာတွင်း၌ ကိုယ်လှုပ်လက်လှုပ် ဦးခေါင်းလှုပ်လျက် မသွားရန်၊ လေးတောင်ခန့်မျှသာ ကြည့်လျက် မျက်လွှာချ၍သွားရန်၊ ထိုင်သောအခါ ဒူးထောင်လျက် လက်ဖြင့် ပိုက်၍ဖြစ်စေ၊ သင်္ကန်းဖြင့် ပတ်၍ဖြစ်စေ အာယောဂပတ်ဖွဲ့လျက် မထိုင်ရန်၊ အသံကျယ်ကျယ် မရယ်ရန်၊ လူအမြောက်အမြား စုဝေးကြည့်ရှုတတ်သော ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်နှင့် ပြပွဲများသို့ မသွားရောက် မကြည့်ရှုရန် စသော နေထိုင်ရေးဆိုင်ရာ ဝိနည်းစည်းမျဉ်းများ၊ မြို့တွင်း ရွာတွင်း၌ စကားကျယ်ကျယ်မပြောဘဲ တိုးတိုး သက်သာ ပြောဆိုရန်၊ ဝါကြွား ပလွှား၍ မပြောဆိုရန်

www.dhammadownload.com



မိမိကိုယ်ကို အောက်ချလျက် ဒါယကာ၊ ဒါယိကာမတို့ကို မြှင့်မြှောက်၍ မပြောဆိုရန် စသော ပြောဆိုရေးဆိုင်ရာ စည်းမျဉ်းများ၊ ဆွမ်းဘုဉ်းပေးသောအခါ ပျတ်ပျတ်အသံ ရှူရှွတ်ရှူရှွတ်အသံ မမြည်စေရန်၊ ဆွမ်းလုံးများ ပြန့်ကြဲ မနေစေရန်၊ ပါးစောင် ဖောင်းဖုနေအောင် မစားရန်၊ လက်ငါးချောင်းလုံး ပါးစပ်ထဲသို့ မသွင်းရန်စသော စားသောက်ရေးဆိုင်ရာ စည်းမျဉ်းများ ဤဖော်ပြပါစည်းမျဉ်းများ အပါအဝင် ဘုရားရှင်၏ ဝိနည်းဥပဒေ မှန်သမျှသည် ရဟန်းတော်တို့၏ နေထိုင်ပြောဆို ဝတ်ရုံစားသောက်ပုံတို့ကို အဆင့်အတန်းမြင့်စေ၍ ကြည်ညိုလေးစားဖွယ်ဂုဏ်ကို ဆောင်စေ၏။

**တဿ ပါသာဒိကံ ဟောတိ၊ ပတ္တစီဝရဓာရဏံ။**
**ပဗ္ဗဇ္ဇာ သဖလာ တဿ၊ ယဿ သီလံ သုနိမ္မလံ။**

**မြန်မာပြန်**။ ။အကြင်ရဟန်း၏သီလသည် ကောင်းစွာအညစ်အကြေးကင်း၏။ ထိုရဟန်း၏ သပိတ်သင်္ကန်းဆောင်ခြင်း (ဝတ်ရုံသုံးဆောင်ခြင်း)သည် ကြည်ညိုဖွယ် ရှိပါပေ၏။ ထိုရဟန်း၏ ရဟန်းပြုခြင်းသည် အကျိုး များလှပါပေ၏။

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ် ချမှတ်တော်မူခဲ့သော စည်းမျဉ်းများနှင့်အညီ လိုက်နာနေထိုင်ကြပါမူ သာသနာ့ဝန်ထမ်းရဟန်းတော်တို့၏ နေထိုင်ပြောဆို

www.dhammadownload.com



ပုံဝတ်ရုံစားသောက်ပုံတို့မှာ အဆင့်အတန်းမြင့်မားကာ ခန့်ညားသပ်ရပ်လျက်သာ အမြဲတစေ ရှိနေပေမည်။ သို့ဖြစ်ရာ ထိုရဟန်းတော်တို့ကို တွေ့မြင် ကြားသိရသူတို့စိတ်တွင် အထင်အမြင် မသေးဘဲ ကြည်ညိုလေးစား အားထားယုံကြည်စိတ်များ ဆတက်ထမ်းပိုး တိုးပွားလာခြင်းဖြင့် မြတ်စွာဘုရား အဆင်းရဲ အပင်ပန်းခံကာ တည်ထောင်ခဲ့ရသော သာသနာတော်ကြီးသည် တည်တံ့ခိုင်ခံ့ပြီး ကြီးပွားစည်ပင် လျက်သာရှိပေမည်။

**(စည်းကမ်းနှင့် ဩဝါဒစာအုပ်၊ စာ ၃-၁၇ )**

## စည်းကမ်းကြီးတဲ့လူမျိုးက ချီးမွမ်းရ

စည်းကမ်းနှင့်ပတ်သက်၍ ရာပြည့်သင်္ချာဆရာဦးကြည်ဝင်းက ယခုလို ပြောပြပါသည်။ ၁၉၈၁ခုနှစ်တွင် ဆရာတော်ဘုရား အင်္ဂလန်ပြည် မြောက်ပိုင်း ကမ်ဘာရီးယားခရိုင် အာလ်ဗာစတန်မြို့လေးအနီးရှိ တိဘက်ဘုန်းကြီးကျောင်း၌ တရားပြစဉ်က ဦးကြည်ဝင်းကပ္ပိယအဖြစ် ပါသွားပါသည်။ တရားစခန်းတာဝန်ခံမှာ မစ္စတာရောဘတ် ဆိုသူ အင်္ဂလိပ်လူမျိုးတဦး ဖြစ်သည်။ မစ္စတာရောဘတ်သည် ဆရာတော်ဘုရား၏ စကော့တလန်တရားစခန်း၊ အောက်စဖို့ဒ်မြို့ တရားစခန်းတို့၌ ဝိပဿနာတရား အားထုတ်ပြီး တရားကို စိတ်ဝင်စားသူဖြစ်သည်။ ယခု တိဘက်ကျောင်းတရားစခန်းကို သူကိုယ်တိုင် တာဝန်ယူပြီး ကျင်းပခြင်းဖြစ်သည်။

နောက်နှစ်ပေါင်း နှစ်ဆယ်ခန့် ကြာသောအခါ မြန်မာပြည်သို့

www.dhammadownload.com



လာ၍ ချမ်းမြေ့ရိပ်သာ၌ ရဟန်းဝတ်ပြီးလျှင် တဝါတွင်း တရားအား ထုတ်ပါသည်။ အများသိကြသည့်အတိုင်း အင်္ဂလိပ်လူမျိုးများက ကမ္ဘာမှာ သူတို့လူမျိုးသည် စည်းကမ်းအကြီးဆုံး စည်းကမ်း အကောင်းဆုံးလူမျိုးဟု မှတ်ယူကြပါသည်။

ဝါကျွတ်၍ မစ္စတာရောဘတ် တရားမှထွက်သောအခါ "ဆရာတော်က အင်မတန် စည်းကမ်းကြီးတယ်၊ သူတို့လူမျိုးထက်တောင် စည်းစနစ်ကြီးသေးတယ်" လို့ ဦးကြည်ဝင်းကိုပြောပြပါသည်။ ဒါကြောင့် အရှေ့တိုင်းက လူတွေဟာ သူတို့လောက် စည်းစနစ် မကောင်းဘူးဆိုတဲ့ သူ့အထင်ဟာ အခု ချမ်းမြေ့ရိပ်သာမှာ ရဟန်းဝတ် တရားအားထုတ်လိုက်မှ မှားကြောင်း သိသွားတယ်ဟု ဆရာ ဦးကြည်ဝင်းက ပြောပြပါသည်။

## လုံ့လနှင့်ဇွဲ မလျှော့ဘဲ အမြဲတင်းတင်းထား

ဘုန်းတော်ကြီးဦးသောဘိတာဘိဝံသက ပြောပြသည်မှာ "ဆရာတော်ဘုရားသည် သီလစင်ကြယ်အောင် အလွန်အလေး ထားပါသည်။ သီလစင်ကြယ်အောင် အလေးထားသည်နှင့်အမျှ စည်းကမ်းစနစ်လည်း ကျလှပါသည်။ စည်းစနစ်ကျသည့်အတွက်ပင် ဇွဲလုံ့လဝီရိယလည်း ကြီးမားလှပါသည်။ ဆရာတော်ရေးသားသော **"လုံ့လနှင့်ဇွဲ မလျှော့ပဲ အမြဲတင်းတင်းထား၊ အရာရာတွင် အသုံးဝင် အောင်မြင်ကြောင်းတရား"**ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကိုယ်တိုင်ကျင့်သုံး ပါသည်။ ဘာကိုပဲလုပ်လုပ် မပြီးမချင်း ဇွဲလုံ့လဝီရိယနှင့် ပြုလုပ် လေ့ရှိပါသည်။ ဘုန်းကြီး ဆရာတော့်ခြေရင်းမှာနေပြီး သာသနာ ပြုလာတာ နှစ်ပေါင်း ၂၅နှစ်ကျော်ပါပြီ၊ ဒီအတောအတွင်းမှာ

www.dhammadownload.com



"အလုပ်များလို့ ပင်ပန်းလိုက်တာ" လို့ ဆရာတော်ဘုရား မိန့်တာကို တခါမျှ မကြားဖူးပါ။ အလုပ်တခု လုပ်ရင် အဲဒီအလုပ် မပြီးမချင်း ညဥ့်နက် သန်းခေါင်အထိ လုပ်တယ်။ အဲဒီလို ဇွဲရှိလို့ ဆရာတော်ဘုရားလုပ်တဲ့ သာသနာ့အလုပ်တွေ အဘက်ဘက်က အောင်မြင်တယ်။ ရှေးကံကလဲကောင်း၊ ဉာဏ်ကလဲရှိ၊ ဝီရိယကလဲကြီးမား၊ ပစ္စုပ္ပန် ဒါန သီလ ဘာဝနာ ကုသိုလ်ကံတွေကလဲ အထောက်ပံ့ ပြုတော့ ကြံစည်သမျှ လုပ်ကိုင်သမျှ အောင်မြင်တယ်။ ကံ ဉာဏ် ဝီရိယ သုံးပါးစုံတယ် ပြောရမှာပါဘဲ။

## ဆရာတော်၏ မမြင်ရတဲ့စွမ်းအား

ဘုန်းကြီးကဆက်ပြောသည်မှာ " ဆရာတော်ရဲ့ရှေးကုသိုလ်ကံက အတော်အားကောင်းပုံရတယ်။ ဆရာတော်ဘုရား တရားအားထုတ်ဖို့ မဟာစည်သာသနာ့ရိပ်သာကို တရားစဝင်တဲ့ ဒုတိယနေ့ နံနက်စော သုံးနာရီခန့်မှာ အိပ်ရာမှထပြီး စင်္ကြံလျှောက်ရှုမှတ်ဖို့သွားတော့ စင်္ကြံလမ်းအရောက်မှာ သာသနာရေးဝန်ကြီးပုံသကူ လှူထားတဲ့ သင်္ကန်းသပိတ်ပရိက္ခရာအစုံ ပုံသကူ ကောက်ရတယ်။ ဒါဟာ ဖြစ်တောင့်ဖြစ်ခဲအရာပဲ။ ရိပ်သာရောက်စမှာ နံနက်စောသုံးနာရီတွင် အိပ်ရာမှထဖို့ဆိုတာ ယောဂီတိုင်းအတွက် မလွယ်တဲ့ကိစ္စပါ။ ဆရာတော်လဲ ဒီလောက်စောစော ထဘို့ စိတ်ကူးမှာ မဟုတ်ပါဘူး။ အိပ်မပျော်လို့သာ ထလိုက်ရတဲ့သဘောပါ။ ဒါဟာ ဆရာတော်ရဲ့ မမြင်ရတဲ့ ရှေးကုသိုလ်ကံစွမ်းအားက စီမံဖန်တီးလိုက်တာလို့ ယူဆရမှာပဲ။

"အတိတ်ကံဆိုတာ မြင်ရတာ မဟုတ်တော့ ပစ္စုပ္ပန်မှာ

www.dhammadownload.com



ဖြစ်ပေါ်တဲ့ အကျိုးတရားကိုထောက်ဆပြီး ဒီအကျိုးရဲ့ အကြောင်းဖြစ်တဲ့ ရှေးကံကို မှန်းဆကြည့်ရတာပါပဲ။

" နောက်တခုက ချမ်းမြေ့ရိပ်သာ မတည်ထောင်မီ ဆရာတော်ဘုရား ပါဠိကျမ်းစာ သုတ်သင်တည်းဖြတ်ရေးအဖွဲ့မှာ ပါဝင်ဆောင်ရွက်နေစဉ်က ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်မှာ သီတင်းသုံးပါတယ်။ အဲဒီအချိန်မှာ ကမ္ဘာအေးတောင်ဘက် မလှမ်းမကမ်းမှာရှိတဲ့ ယောဂီခြံမှာနေတဲ့ ယောဂီသွေးဆေး ဦးတင်က သူ့ခြံထဲမှာ ၁၅ရက် တကြိမ် တရားဟောပြောဆွေးနွေးပွဲ ပြုလုပ်တယ်။ အဲဒီဆွေးနွေးပွဲကို ဆရာတော်ကိုအမြဲပင့်တယ်။ ရန်ကုန်မြို့ပေါ်က ဘာသာရေးစိတ်ဝင်စားတဲ့ ပင်စင်စားဒကာကြီးတချို့ကိုလဲ ဖိတ်တယ်။ ယောဂီခြံထဲက ကုန်းကလေးတခုပေါ်မှာ ဆောက်ထားတဲ့ မွေ့ရာရုံလေး အတွင်းမှာ ဟောပြောပွဲ ပြုလုပ်ကြပါတယ်။

"အဲဒီအချိန်တုန်းက ဆရာတော်က ရန်ကုန်မှာ နေဖို့စိတ်ကူး မရှိသေးပါဘူး။ ပါဠိကျမ်းစာ သုတ်သင်ရေး ကိစ္စပြီးတော့ မိခင်တိုက်ရင်းဖြစ်တဲ့ တောင်တွင်းကြီးမြို့ တောရဗိမာန်တိုက်ကို ပြန်ကြွသွားပါတယ်။

"ဒါပေတဲ့ အဲဒီနောက် ခြောက်နှစ်လောက်ရှိတဲ့အခါ ဆရာတော်ရဲ့ မပြင်ရတဲ့ အတိတ်ကံစွမ်းအားနှင့် ဒကာ ဒကာမများရဲ့သဒ္ဓါစေတနာစွမ်းအားကြောင့် ယောဂီခြံနှင့် ကပ်လျက်ရှိတဲ့ မြေကွက်မှာ ချမ်းမြေ့ရိပ်သာကျောင်း ပေါ်ပေါက်လာပါတယ်။ အဲဒီနောက် ငါးနှစ်လောက်ရှိတဲ့အခါ ဆရာတော် အရင်က တရားဟောပြောခဲ့ ဆွေးနွေးခဲ့တဲ့ ကုန်းကလေးပေါ်မှာ မွေ့ရာရုံလေး ပျောက်ပြီး ချမ်းမြေ့စံကျောင်း

www.dhammadownload.com



တော်ကြီး ပေါ်ပေါက်လာပါတယ်။ မယုံကြည်စရာ တိုက်ဆိုင်မှုပါပဲ။ အမှန်တော့ ဒီအချိန်ကာလအတွင်းမှာ ဆရာတော်ဘုရားဟာ သာသနာရေးကိစ္စတွေကို ဆောင်ရွက်နေရတာနှင့် ယောဂီခြံကိုရော ဒီကုန်းကလေးကိုပါ လုံးဝမေ့နေပါပြီ။ အခုလို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာတာဟာ မမြင်ရသော ကံတရား၏အစွမ်းဆန်းကြယ်မှုပေ့ါ။

"လုံးဝ မရည်ရွယ် မမျှော်လင့်တဲ့ ဖြစ်ရပ်များဟာ အကြောင်းတိုက်ဆိုင်လာရင် ဖြစ်လာကြတော့တာပဲ။ ဒါလဲ ဓမ္မတာ သဘာဝတခုလို့ ဆိုရမှာပါဘဲ။ လှံထမ်းလာတာသာ မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရဘူးဆိုတဲ့ စကားပုံအတိုင်းပေ့ါ။ သီလပြည့်စုံစင်ကြယ်မှုက မမြင်ရတဲ့ကံတရားကို ကူညီထောက်ပံ့လိုက်လို့ ဖြစ်လာတာပဲလို့ ယူဆရမှာပါပဲ။

"မြတ်စွာဘုရား၏ ဒေသနာတော်မှာ သီလပြည့်စုံရင် အလိုရှိရာ ပြည့်စုံတယ်လို့ ဟောထားတာရှိပါတယ်။ သီလပြည့်စုံမှုနဲ့ ကုသိုလ်ကံ ပေါင်းစပ်မိတော့ ကောင်းကျိုးရဖို့ ပိုသေချာတာပေ့ါ။ အကြောင်းအားကောင်းတော့ အကျိုးတရားလဲ အားကောင်းတာပေ့ါ။ အကြောင်းအားသေးတော့ အကျိုးတရားလဲ အားသေးတာပေ့ါ။

## တခါတရံမှာ

"ဆရာတော် ပြည်တွင်းပြည်ပ ခရီးကြွနေတဲ့အခါမှာ ချမ်းမြေ့ရိပ်သာမယ် တခါတရံ ဆွမ်းကွမ်းအလှူ ပြတ်လပ်နေတတ်တယ်။ ဆရာတော်ပြန်ကြွလာတဲ့အခါ ဆွမ်းကွမ်းအလှူတွေ ပေါ်လာတယ်။ ဒါဟာ ကျောင်းရှိသံဃာတွေ သီလမပြည့်စုံလို့ မဟုတ်ဘူး၊ ရှေးကုသိုလ်ကံအားနည်းကြလို့ဆိုရမှာပါပဲ။ မင်္ဂလာ တရားတော်မှာ ပုဗ္ဗေစ

www.dhammadownload.com



ကတပုညတာ- ရှေးဘ၀မှာ ကောင်းမှုပြုခဲ့ခြင်းဟာ မင်္ဂလာတပါး လို့မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ **ရှေးကကောင်းလို့ ခုကောင်းတယ်၊ ခုကောင်းရင် နောင်ကောင်းပါလိမ့်မယ်လို့** ရှေး ဆရာတော်ကြီးများ ဆုံးမခဲ့ပါတယ်။ ဒါကြောင့် အခုဘ၀မှာ ကုသိုလ် ကောင်းမှုအများကြီးပြုဖို့ လိုပါတယ်" ဟု ဘုန်းကြီးက မိန့်ကြားပါသည်။

## အများသုံး ကျောက်ချောလမ်း

"နောက်တခု ဘုန်းကြီး သတိပြုမိတာ ရှိသေးတယ်၊ တောင်ကွင်းကြီးမြို့ ဆရာတော့်ဇာတိဖြစ်တဲ့ ပျဉ်းမရွာဟာ ပြည်-တောင်တွင်း ကားလမ်းမကြီးနဲ့ တမိုင်ခန့်ဝေးတယ်။ မိုးတွင်းအခါမှာ ရွာကနေ အဲဒီကားလမ်းမကြီးကို သွားတဲ့လမ်းဟာ ရွံ့ဗွက်တွေ ပြည့်နေတယ်။ သွားရ လာရတာ အလွန်ဒုက္ခရောက်ကြတယ်။ ဒါကြောင့် ဆရာတော်က အဲဒီလမ်းရော ရွာတွင်းကလမ်းမကြီးပါ ကျောက်ချောလမ်း ခင်းပေးလိုက်တယ်။ ကျပ်ငွေသိန်းလေးရာကျော် ကုန်ကျတယ်။ အခုတော့ အဲဒီလမ်းမှာ လူနှင့် နွားလှည်း သာမကပဲ မြင်းရထား၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တွေပါ ဥဒဟို သွားလာနေနိုင်ပြီ ဖြစ်တဲ့အတွက် ပျဉ်းမရွာရော အနီးအပါးက ရွာတွေပါ အစစအရာရာ အဆင်ပြေသွားကြပါပြီ။

" ဘုန်းကြီးပြောချင်တာက အဲဒီလမ်းကြီး ပြီးသွားတော့မှ ဆရာတော်ရဲ့ ဆန္ဒတွေ ပိုပြည့်စုံသွားတယ်လို့ ဘုန်းကြီးထင်ပါတယ်။ ဘုန်းကြီးလဲပဲ ဆရာတော့်သာဝက ဖြစ်လို့နဲ့တူတယ်၊ အဲဒီလို ဆန္ဒ ပြည့်ဖူးတယ်။ တနှစ်မှာ 'ဒီပစ္စည်းလေး ဆရာတော့် စာရေးတံမဲ အလှူပွဲမှာ လှူရရင်ကောင်းမှာပဲ'လို့ စိတ်ထဲ ဖြစ်ပေါ်လာတယ်။

www.dhammadownload.com



အဲဒီ ပစ္စည်းလေး အလိုလိုရလာတယ်။ ဒါနဲ့လှူလိုက်တယ်။ အဲဒီလို တခါတလေ ဖြစ်တတ်ပါတယ်" လို့ ဘုန်းကြီးက ပြောပြပါသည်။

## နိုးနိုးကြားကြား ထထကြွကြွ

ဆရာတော်ဘုရားသည် အရာရာတွင်နိုးနိုး ကြားကြား ထထ ကြွကြွ ပြုလုပ်လေ့ရှိပါသည်။ ယောဂီများကို စောင့်ရှောက်သော ရဟန်းတော်များ အလှည့်ကျ စီစဉ်ထားသော်လည်း သက်တော် အလွန်မကြီးသေးခင်က ကိုယ်တိုင်လည်း တနေ့လျှင် အနည်းဆုံး နှစ်ကြိမ်ခန့် တရိပ်သာလုံး လှည့်လည်ကြည့်တော်မူသည်။ အချိန်မှန် ကြည့်သည်တော့ မဟုတ်ပါ။ ဆရာတော် အားလပ်သည့် အချိန်မှာ ကြည့်ခြင်းဖြစ်သည်။ ဆွမ်းကျောင်း၌ ဆွမ်းပြင်နေသည်ကိုလည်း မကြာခဏ ကြည့်ရှုလေ့ရှိပါသည်။ မဟာစည် သာသနာ့ရိပ်သာတွင် တရားပြစဉ်ကလည်း နောက်ပါ ဦးပဥ္စင်းနှစ်ပါးကိုခေါ်ကာ ယောဂီ ဆောင်များရှိရာဘက်သို့ အမှတ်တမဲ့ကြွ၍ ကြည့်ရှုစစ်ဆေး တတ်ကြောင်း ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ အမှုဆောင်တဦး ဖြစ်သူ ဒေါ်ခင်မြင့်က ပြောပြပါသည်။

လယ်ဝေးချမ်းမြေ့ရိပ်သာ ဆရာတော် ဦးဘဒ္ဒိယက သူငယ်စဉ် တရားဝင်သည့်အချိန်မှာ ဆရာတော်ဘုရားသည် နံနက်စော ယောဂီ တွေမထမီ စောစောထလေ့ရှိကြောင်း၊ ဇာဂရိယာနုယောဂဂုဏ်နှင့် ပြည့်စုံကြောင်း၊ တရားကိစ္စမှာသာမဟုတ်၊ တခြားကိစ္စတွေမှာလဲ နိုးနိုးကြားကြား ထထကြွကြွ ရှိကြောင်း ပြောပြပါသည်။

ချမ်းမြေ့ပဒေသာပင်ရိပ်သာ ဆရာတော် ဦးဝါသဝက ဆရာတော်ဘုရားကြီး တချိန်မှာ တောင်အာဖရိကနိုင်ငံ ဓမ္မာဒယ

www.dhammadownload.com



ချမ်းမြေ့ရိပ်သာသို့ ကြွစဉ်က သူလည်း ပါသွားကြောင်း၊ အဲဒီမှာ ဆရာတော် ဘုရားသည် နံနက်စောစောတိုင်း သုံးနာရီဆို တရားထိုင်နေပြီကို တွေ့ရကြောင်း၊ အိပ်ချိန် အလွန်နည်းကြောင်း ပြောပြပါသည်။

ဆရာတော်ဘုရားသည် လေယာဉ်ဖြင့် မကြာခဏ ခရီးထွက်ရပါသည်။ တပည့်များက ဆရာတော်မပင်ပန်းစေရန် လေဆိပ်သို့ သူတို့ စောစောသွား၍ဆောင်ရွက်စရာရှိသည်တို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ဆရာတော်ဘုရားက လေယာဉ်ထွက်ချိန် မတိုင်မီ နာရီဝက်လောက်မှ ကြွလာစေလိုကြောင်း လျှောက်ထားကြသော်လည်း ဆရာတော်ကမူ ခပ်စောစောပင် ကြိုတင်၍ ကြွတော်မူပါသည်။

ဆရာတော်ဘုရားသည် မည်သည့်ကိစ္စကိုမျှ နီးကပ်မှ ပျာယီးပျာယာ ပြုလုပ်ရသည်ကို မနှစ်သက်ပါ။ ထထကြွကြွဖြင့် ကြိုတင် အချိန်ယူ၍ ဖြေးဖြေးမှန်မှန် ပြုလုပ်ရသည်ကိုသာ နှစ်သက်ပါသည်။ ထိုသို့ ထထကြွကြွ ပြုလုပ်ခြင်းသည်သာလျှင် အမေ့အလျော့ မရှိဘဲ ပြည့်ပြည့်စုံစုံ အဆင်ပြေပြေ ကိုယ်ရောစိတ်ပါ ချမ်းသာစွာဖြင့် လိုအပ်သည့်ကိစ္စ ပြီးစီးနိုင်သည်ဟု ယူဆပါသည်။

## စိတ်ကို ရှင်းရှင်းထားခြင်း

ဆရာတော်ဘုရားက ဆောင်ရွက်စရာရှိတာကို နိုးနိုးကြားကြား နှင့် ထထကြွကြွဆောင်ရွက်သည် ဆိုသော်လည်း ဆောင်ရွက်စရာ ကိစ္စပြီးစီးဖို့ တကြောင့်ကြကြ စိုးရိမ်ပူပန်နေသည်တော့မဟုတ်ပါ။ အချိန်တန်လျှင် ပြီးစီးဖို့လောက်သာ အာရုံထားခြင်းဖြစ်ပါသည်။ ဒါကြောင့် ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသက "ဆရာတော်က

www.dhammadownload.com



စိတ်ကို ရှင်းရှင်း ထားတတ်တယ်။ ဆရာတော် ဟောထားတဲ့အတိုင်း ပစ္စုပ္ပန်တည့်တည့်ပဲ ကြည့်ပါတယ်။ အတိတ်အနာဂတ်ကို အလေး မထားပါဘူး။ လူများစုရဲ့သဘာဝကတော့ အတိတ်ဖြစ်ရပ်တွေကို ပြန်တွေးနေခြင်း၊ အနာဂတ်ကိစ္စကို ကြိုတင် စိုးရိမ်နေခြင်းဖြင့် စိတ်ရှုပ်ထွေး ပင်ပန်းနေကြပါတယ်။ ဆရာတော်မှာ အဲဒီလိုမရှိဘူး၊ ပစ္စုပ္ပန်မှာပဲ စိတ်ကိုထားတော့ စိတ်ကရှင်းနေ တဲ့အတွက် စိတ် ဆင်းရဲတယ်ဆိုတာမရှိဘူး" ဟု မိန့်ပါသည်။

ဆရာတော်ဟောကြားခဲ့သော **ဗုဒ္ဓနည်းကျ ချမ်းသာစွာ နေထိုင်နည်း** အသံလွှင့်တရားတော်မှာ **"အဟောင်းကိုလဲ မပြန်နဲ့၊ အသစ်ကိုလဲ မကြံနဲ့၊ ဖြစ်ဆဲ ပစ္စုပ္ပန်မှာ သင့်လျော်အောင် စိတ်ကိုထား"** ဟု ချမ်းသာစွာ နေထိုင်နည်းမူကို ဆရာတော် ချမှတ်ခဲ့ပါသည်။ ဆရာတော်ဘုရား ထိုမူအတိုင်း ကျင့်သုံးခြင်းကြောင့် စိတ်ရှင်းရှင်း ထားနိုင်ခြင်း ဖြစ်ပါသည်။ အရာရာတွင် အဆင်ပြေအောင် နှလုံး သွင်းခြင်းဆိုတဲ့ ယောနိသော မနသိကာရ စိတ်ထားကြောင့်လည်း စိတ်ကိုရှင်းရှင်းထားနိုင်ပုံ ရပါသည်။ ထို့ကြောင့်ပင် ဆရာတော်ဘုရား၏ မျက်နှာအသွင်အပြင်ကလည်း ကြည်လင်ငြိမ်းအေးနေပုံရပါသည်။

## မေတ္တာစွမ်းအား အကျိုးများ

မြတ်စွာဘုရား ဟောကြားသော မေတ္တာပွားခြင်း၏ အကျိုး တဆယ့်တပါးတွင် မျက်နှာအသွင်အပြင် ကြည်လင်ငြိမ်းအေးခြင်း အကျိုးတရားလည်းပါပါသည်။ ဆရာတော်ဘုရား၏ မျက်နှာ အသွင်အပြင် ကြည်လင်ငြိမ်းအေးခြင်းသည် စိတ်ရှင်းရှင်းထားခြင်း ကြောင့်သာ မဟုတ်ဘဲ မေတ္တာပွားခြင်းကြောင့်လည်း ဖြစ်ပုံရပါသည်။

www.dhammadownload.com



ဆရာတော်ဘုရားသည် ငယ်စဉ်ကပင် မေတ္တာတရားကို စိတ်ဝင်စား၍ စွမ်းနိုင်သမျှ မေတ္တာပွားလေ့ရှိသည်ဟု သိရပါသည်။ ဆရာတော်ဘုရားနှင့် ကိုရင်ဘဝကတည်းက အတူနေခဲ့သော ဆရာတော်ဘုရား၏ နှစ်ဝမ်းကွဲညီတော်သည့် နေကျော်ကျောင်း ဆရာတော် ဦးသုနန္ဒက " ဆရာတော်က ပင်ကိုဉာဏ်ကိုက ထက်တာ၊ သမာဓိအားကလဲကောင်းတယ်၊ အဲဒါကတော့ မေတ္တာပွားလို့နဲ့ တူပါတယ်။ ဒို့ကိုရင်ဘဝ အတူနေစဉ်ကတည်းက ပျဉ်းမရွာကနေ ချောင်းနက်ရွာကို လှည်းနဲ့သွားတဲ့အခါ လှည်းပေါ်မှာ သက်နိုး ခေါင်းမြီးခြုံပြီး မေတ္တာပို့ရင်း လိုက်သွားတာ၊ ငယ်ငယ်ကတည်းက မေတ္တာစာတ် ပြည့်ဝတယ်"ဟု မိန့်ကြောင်းသိရပါသည်။

## ဓမ္မခရီးမှ အတွေ့အကြုံ

ဆရာတော်ဘုရား ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့သို့ ဓမ္မခရီး ကြွစဉ် တချိန်က အတွေ့အကြုံတခုကို ပြည်သူ့ရင်ပြင်၌ ဆရာတော် ဘုရားဟောကြားသော **မေတ္တာဘာဝနာ တရားတော်**တွင် ထည့်သွင်း ဟောကြားသွားသည်ကို နာကြားလိုက်ရပါသည်။

ထိုစဉ်က ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့ တရားစခန်းအပြီးတွင် ဒကာများက ဆရာတော်ကို ထုံးစံအတိုင်း Banyan Tree စာအုပ် ဆိုင်သို့ လိုက်ပို့ကြပါသည်။ စာအုပ်ဆိုင်အတွင်း စာအုပ်စင် တခုအနီး၌ ဆရာတော်ရပ်လျက် စာတအုပ်ကို ဖတ်ကြည့်နေစဉ် ဆရာတော်အနီး သို့အဖြူအမျိုးသမီးတဦး လာ၍ရပ်သဖြင့်လှည့်ကြည့်လိုက်ရာ အမျိုးသမီး မှာ ကျန်းမာရေးပျက်၍ မျက်နှာဖြူဖတ်ဖြူရော်ဖြင့် အားအင်ဆုတ်ယုတ် နေပုံပေါ်ပါသည်။ အသက် လေးဆယ်လောက် ရှိမည်ထင်ပါသည်။

www.dhammadownload.com



အမျိုးသမီးက " တပည့်တော် နာတာရှည်ရောဂါ ဖိစီးလို့ အားအင် ဆုတ်ယုတ်နေပါတယ်၊ အခု အရှင်ဘုရားအနီးမှာ လာရပ်လိုက်တော့ ရောဂါဝေဒနာပျောက်သွားသလို ခံစားရပါတယ်။ အားတွေလဲ ပြည့်လာပါတယ်။ စိတ်လဲကြည်လာပါတယ်။ ဒါကြောင့် ဒီအနားမှာ ရပ်ခွင့်ပြုပါ " ဟု လျှောက်ထားရာ ဆရာတော်က ခွင့်ပြုလိုက်ပြီး စာအုပ်ကိုဆက်ဖတ်နေပါသည်။ နာရီဝက်လောက်ကြာတော့ အမျိုးသမီးက လက်အုပ်ချီလျက် ကျေးဇူးတင်စကားပြောပြီး ဆရာတော့်အနီးမှ ထွက်ခွာသွားပါသည်။

ဆရာတော်ဘုရားသည် မေတ္တာပွားနေသော်လည်း မေတ္တာ၏ထင်ရှားသောအကျိုးတရားကို သတိမထားမိကြောင်း၊ ယခု အမျိုးသမီးနှင့် တွေ့ကြုံရမှ မေတ္တာ၏အကျိုးတရား ဖြစ်လေမလားဟု စဉ်းစားမိကြောင်း မိန့်ပါသည်။ ထိုနောက် ပြန်စဉ်းစားလိုက်သောအခါ ထိုကဲ့သို့သော အတွေ့အကြုံများ သုံးလေးကြိမ်မျှ ထင်ထင်ရှားရှား တွေ့ကြုံဖူးကြောင်း အမိန့်ရှိပါသည်။

## ဆရာတော် သင်ပေးသော မေတ္တာဘာဝနာ

၁၉၉၆ခုနှစ်လောက်ကဟု ထင်ပါသည်။ ဆရာတော်ဘုရား စင်္ကာပူသွား၍ နှလုံးသွေးကြောကျဉ်းသော ရောဂါကုသပြီးပြန်ကြွလာသောအခါ ပြည်တွင်းယောဂီများကို တရားမပြတော့ပါ၊ နိုင်ငံခြားသား ယောဂီများကိုသာ တရားပြ တရားစစ်ပါတော့သည်။ ထိုအချိန်တွင် မြန်မာယောဂီများကို လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇာဂရက တရားပြတရားစစ်ပါသည်။ ကျွန်မလည်း ထိုအချိန်က တရားဝင်နေပါသည်။ သို့သော်လည်း ထိုစဉ်က

www.dhammadownload.com



ဝိပဿနာ တရား အားမထုတ်ပါ။ မေတ္တာဘာဝနာ အားထုတ်လိုသဖြင့် ဆရာတော်ဘုရားထံ မေတ္တာဘာဝနာ အားထုတ်ပုံ သင်ပေးပါရန် လျှောက်ထားပါသည်။ မေတ္တာဘာဝနာကို ဆရာတော်သာလျှင် သင်ကြားပြသပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားထံ လျှောက်ထား တောင်းခံခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားက မေတ္တာပွားပုံကို အသေးစိတ် သင်ပြပေးပါသည်။ဩဓိမေတ္တာပွားပုံနှင့် အနောဓိမေတ္တာပွားပုံကို လည်းကောင်း၊ ဩဓိမေတ္တာ ပွားရာတွင် ကျမ်းဂန်လာ သတိပြုစရာ အချက်များကို လည်းကောင်း သေသေချာချာ ရှင်းပြပါသည်။

မေတ္တာစမပွားမီ ရှေးဦးပြုဖွယ် ပရိကံများကို ပြုပြီးနောက် ပထမဆုံး မိမိကိုယ်ကို ပွားရပါသည်။ ထို့နောက် သီလ သမာဓိ ပညာ အကျင့်သိက္ခာနှင့် ပြည့်စုံ၍ အများကြည်ညို ရိုသေလေးစား မြတ်နိုးအပ်သော ပုဂ္ဂိုလ်ကို ပွားရပါသည်။ ထို့နောက်မှ မိမိပွားလိုသော ပုဂ္ဂိုလ်ကို ပွားရပါသည်။

ဆရာတော်ဘုရား မေတ္တာပွားပုံ အသေးစိတ်မိန့်ကြားနေသည်ကို တချိန်တွင် အမှတ်မထင် မော့ကြည့်လိုက်ရာ ဆရာတော်ဘုရား၏ မျက်နှာတော်သည် အထူးကြည်လင် ငြိမ်းအေးနေသည်ကို ဖူးတွေ့လိုက်ရပါသည်။ ကျွန်မ၏ တသက်တာတွင် ဤကဲ့သို့ ကြည်လင်ငြိမ်းအေးမှုကို ပထမဦးဆုံး ဖူးတွေ့ရခြင်းဖြစ်၍ စိတ်ထဲမှာ ငြိမ်းချမ်းပြီး ဝမ်းမြောက်ခြင်း နှစ်သိမ့်ဝမ်းသာခြင်း ပီတိတွေဖြစ်လာကာ ရင်ထဲအထိ စိမ့်ဝင်သွားသလို ခံစားရပါသည်။

ဆရာတော်ဘုရားသင်ပေးသည့်အတိုင်း ကိုယ်တိုင်မေတ္တာ

www.dhammadownload.com



ပွားသောအခါအစဦးတွင်မကျွမ်းကျင်သေးသဖြင့် မည်သို့မျှ မထူးခြားပါ။ ထပ်ခါထပ်ခါပွား၍အတော်ကျွမ်းကျင်လာသောအခါ စိတ်ကြည်လင်ငြိမ်းအေးလာပြီး ချမ်းမြေ့ပျော်ရွှင်လာပါသည်။ ခန္ဓာကိုယ်လည်း ငြိမ်းအေးသလိုဖြစ်လာပါသည်။ ကိုယ်ရောစိတ်ပါ သန့်ရှင်းစင်ကြယ်နေသည်ဟု ခံစားရပါသည်။ စိတ်ထဲမှာနှစ်သက်ဝမ်းမြောက်မှုပီတိတွေ တဖြည်းဖြည်းဖြစ်ပေါ်လာကာ ခန္ဓာကိုယ်ထဲ၌နူးညံ့သိမ်မွေ့သောအအေးဓာတ်ပျံ့နှံ့နေသလိုခံစားရပါသည်။ တခါမျှမတွေ့ဖူးသော ထူးခြားသောအတွေ့ဖြစ်ပါသည်။ ဖြူစင်မွန်မြတ်သောမေတ္တာစိတ်၏စွမ်းအားမှာ ကိုယ်တွေ့ မကြုံက ယုံနိုင်စရာပင်မရှိပါ။ ထိုအချိန်မှစ၍ ကျွန်မ မေတ္တာမပွားမိသောနေ့မရှိခဲ့ပါ။ ဆရာတော်ဘုရားသည် မေတ္တာတရားကို မကြာခဏ ဟောကြားပါသည်။ ပြည်တွင်း ပြည်ပ ယောဂီများကိုလည်း တရားထိုင်တိုင်း ဝိပဿနာမပွားမီ ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့် မေတ္တာပွားပြီးမှ ဝိပဿနာပွားရန် ညွှန်ကြားပါသည်။ တချို့ ပြည်ပယောဂီများကလည်း မေတ္တာဘာဝနာ တရားစခန်း ဟောပြောပြသပေးရန် လျှောက်ထားကြပါသည်။ အထူးသဖြင့် တရုတ်ပြည်မကြီး၊ ဟောင်ကောင်နှင့် ထိုင်ဝမ်နိုင်ငံတို့၌ မေတ္တာဘာဝနာ တရားစခန်း ဟောပြောပြသရပါသည်။

ယခုအခါဆရာတော်ဟောကြားသော မေတ္တာဘာဝနာတရားတော်ကို **မေတ္တာစိတ်မြတ်အအေးဓာတ်** ဟူသောအမည်ဖြင့် စာအုပ်ငယ်အဖြစ် ပုံနှိပ်ထုတ်ဝေထားပါသည်။ အင်္ဂလိပ်ဘာသာဖြင့်လည်း ( Mettabhavana ) စာအုပ်ထုတ်ဝေထားပါသည်။

www.dhammadownload.com



## သန့်ရှင်းရေးကို အလေးထား

ဆရာတော်ဘုရားသည် မွန်မြတ်ဖြူစင်သန့်ရှင်းသော မေတ္တာတရားကို အလေးထားသကဲ့သို့ ရုပ်ဝတ္ထု ဖြူစင်သန့်ရှင်းမှုကိုလည်း အထူးအလေးပြုပါသည်။ ရုပ်ဝတ္ထုသန့်ရှင်းမှုဆိုသည်မှာ ကျောင်းဝင်းသန့်ရှင်းမှု၊ ကျောင်းဆောင်သန့်ရှင်းမှု၊ အသုံးအဆောင်သန့်ရှင်းမှု၊ အစာသစ်သွင်းသည့် နေရာ၊ အစာဟောင်းစွန့်သည့်နေရာမှ စ၍ အားလုံး သန့်ရှင်းစင်ကြယ်နေအောင် တတ်နိုင်သမျှ ဂရုစိုက်ပါသည်။

သန့်ရှင်းစင်ကြယ်မှုသည် သမာဓိရခြင်း၏ အကြောင်းဖြစ်သည်ကို မကြာခဏ ဩဝါဒပေးပါသည်။ ယောဂီများကို နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်ရန် အချိန်တချိန် သတ်မှတ်ပေးထားပါသည်။ ထိုအချိန်တွင် ယောဂီများကို နှစ်ယောက်တစု သုံးယောက်တစု အစုဖွဲ့၍ တကျောင်းလုံး သန့်ရှင်းရေးဆောင်ရွက်ရန် သူ့နေရာနှင့်သူ တာဝန် ပေးထားပါသည်။

အထူးသဖြင့် ဆွမ်းကျောင်းနှင့် ပန်းကန်ခွက်ယောက် သန့်ရှင်းရေးကို အထူးဂရုပြုပါသည်။ ပန်းကန်များ မကွဲမပဲ့ရအောင် ကိုင်တွယ်ကြဖို့ ဩဝါဒပေးပါသည်။ သုံးစွဲရာတွင်လည်း နှုတ်ခမ်းအနည်းငယ်ပဲ့နေလျှင်ပင် ထိုပန်းကန်ကို အသုံးမပြုရတော့ပါ။

ဤအချက်နှင့်ပတ်သက်၍ ချမ်းမြေ့ပဒေသာပင်ကျောင်းမှ ဦးအဂ္ဂဝံသ မှော်ဘီချမ်းမြေ့ရိပ်သာတွင်နေစဉ်က အတွေ့အကြုံတခုကို ပြောပြပါသည်။ ထိုစဉ်က ယောဂီများကို ထမင်းဟင်းအစားအသောက် ထည့်ကျွေးသော ပန်းကန်များမှာ ခေတ်အလျောက်

www.dhammadownload.com



ဖိုက်ဘာ ပန်းကန်များ ဖြစ်ကြပါသည်။ ဖိုက်ဘာပန်းကန်များသည် သုံးပါများသောအခါ ဖိုက်ဘာ သဘာဝအတိုင်း ပွန်းရာခြစ်ရာများ၊ ရေစီးကြောင်းများ ပေါ်လာပါသည်။ ဤအကြောင်းအရာကို ဆရာတော် သိသောအခါ ဦးအဂ္ဂဝံသကို ခေါ်ပြီး " ဒီပန်းကန်တွေ အားလုံးမသုံးနဲ့တော့၊ ပန်းကန်အသစ်တွေ သုံးဖို့စီစဉ်ရမယ်၊ အဲဒါ ဆောင်ရွက်လိုက်ပါ " ဟု မိန့်ပါသည်။ ထိုကြောင့် ပန်းကန်အသစ်များ ကပ္ပိရပါသည်။ ထိုအချိန်မှာ ကြွေပန်းကန်များ ပေါပေါများများ မရှိသေးသဖြင့် ဖိုက်ဘာ ပန်းကန်အသစ်များကိုပဲ ကပ္ပိ၍ အဟောင်းများနှင့် လဲရပါသည်။ လဲပြီးပြီဖြစ်ကြောင်းဆရာတော်အား လျှောက်ထားသောအခါ "လဲထားတဲ့ ပန်းကန်တွေ ယူခဲ့စမ်းပါဦး" ဟု မိန့်သဖြင့်ပန်းကန်တွေကို ယူ၍ပြရပါသည်။ ပန်းကန်တွေကို သေသေချာချာ ကြည့်ရှုစစ်ဆေးပြီး ကျေနပ်တော့မှ ပြန်ယူသွားစေပါသည်။

## စိတ်ထားဖြူစင် ငြိမ်းအေးလျှင်

ဆရာတော်ဘုရားသည် စိတ်ရောကိုယ်ပါ ဖြူစင်သန့်ရှင်းမှုကို အလေးထား၍ နေထိုင်ခြင်းကြောင့် ဆရာတော်ဘုရား၏ စိတ်အစဉ်သည် အမြဲလိုပင် ဖြူစင်သန့်ရှင်းနေပုံရပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်ဘုရား၏ ဖြူစင်ကြည်လင်သော စိတ်ဓာတ်အရှိန်ဟပ်၍ ဆရာတော်ဘုရား၏ မျက်နှာအသွင်အပြင်သည်လည်း အမြဲကြည်လင် ငြိမ်းအေးနေပုံရသောကြောင့် ဖြစ်ပါသည်။ ဆရာတော်ဘုရား၏ ထိုကြည်လင်ငြိမ်းအေးသော စိတ်ဓာတ်နှင့် ရုပ်ဓာတ် အရှိန်ဟပ်သဖြင့် ရိုးသားစွာကြည်ညိုစိတ်ဖြင့် ဖူးမြင်သူ

www.dhammadownload.com



တို့မှာလည်း အငြိမ်းဓာတ် ရစ်ပတ်လွှမ်းခြုံသကဲ့သို့ ခံစားရသဖြင့် ငြိမ်းအေးချမ်းသာရကြောင်း အချို့သူများပြောကြပါသည်။

ထိုသို့ ဆရာတော်၏ စိတ်အစဉ်သည် အညစ်အကြေးမတင် ဖြူစင်သန့်ရှင်းနေခြင်းကြောင့် သံချေးမတင်သော ဓားသွားသည် ထက်သကဲ့သို့ ဆရာတော်ဘုရား၏ ဉာဏ်ပညာသည်လည်း ထက်မြက်ပုံရပါသည်။ မည်သည့် အညစ်အကြေးမျှမတင်ဘဲ ဖွေးဖွေး ဖြူနေသော အဝတ်စပေါ်တွင် မင်တစက်ကျမိလျှင် ထင်းထင်းကြီး မြင်ရသကဲ့သို့ ဖြူစင်သောစိတ်အစဉ်၌ ဖြစ်ပေါ်သော အသိဉာဏ်သည် လည်း ထက်မြက်ပုံရပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားသည် မှတ်ဉာဏ်၊ ကျက်ဉာဏ်၊ သဘောဉာဏ်များ ထက်မြက် ကောင်းမွန် ခြင်း ဖြစ်ပုံရပါသည်။

## ဆရာတော်ဘုရား၏ မှတ်ဉာဏ်

မှတ်ဉာဏ်နှင့် ပတ်သက်၍ ဘုန်းတော်ကြီးဦးသောဘိတာ ဘိဝံသက ယခုလိုပြောပြပါသည်။ သညာရှိမှ ပညာရှိဆိုတဲ့အတိုင်းပဲ ဆရာတော်က အမှတ်သညာ အင်မတန်ကောင်းတယ်၊ အမှတ်သညာ ဘယ်လောက်ကောင်းသလဲဆိုရင် ဟိုတရုတ်ပြည်ကြီးက တရုတ် ယောဂီတွေ မှော်ဘီချမ်းမြေ့ရိပ်သာကိုလာပြီး တရားအားထုတ် ကြတယ်၊ သူတို့နာမည်တွေက အင်မတန် ခေါ်ရခက် မှတ်ရခက်တယ်။ ဒါပေတဲ့ ဆရာတော်ကတော့ အဲဒီယောဂီတွေ နောက်နှစ်တွေမှာ ပြန်လာတဲ့အခါ သူတို့နာမည်ကို တန်းခနဲ ခေါ်နိုင်ပြောနိုင်တယ်၊ အဲဒီလို မှတ်ဉာဏ်ကောင်းတဲ့အတွက်ကြောင့် ဖတ်တဲ့စာတွေ ကြည့်တဲ့ စာတွေ ကောင်းကောင်းမှတ်မိတယ်။ အဲဒီမှတ်မိတဲ့ အသိဉာဏ်တွေ

www.dhammadownload.com



များလာပြီး စုစည်းမိတဲ့အခါကျတော့ လိုအပ်တဲ့အခါမှာ လိုအပ်တဲ့ကိစ္စအတွက် အသိဉာဏ်ပေါ်လာပြီးတော့ အသုံးချလို့ရတယ်။ ဒါကိုပဲ ဉာဏ်ပညာကြီးမားတဲ့ပုဂ္ဂိုလ်လို့ ခေါ်ရတယ်ဟု ဘုန်းကြီးက ပြောပါသည်။

ချမ်းမြေ့ရိပ်သာကျောင်း ဦးဥက္ကောတနက ပြောပြသည်မှာ ဆရာတော်က ဦးပဇင်းတို့ကို စံကျောင်းအပေါ်ထပ်သွားပြီး စာအုပ်အရှာခိုင်းတဲ့အခါ ဘယ်ဘီဒိုထဲမှာ၊ စာအုပ်အရွယ်ကဘယ်လောက်၊ မျက်နှာဖုံးအရောင်က ဘာအရောင်၊ မျက်နှာဖုံးမှာ စာအုပ်အမည်ဘယ်လို ရေးထားတယ်လို့ သေသေချာချာ အသေးစိတ်ပြောပြလေ့ရှိတယ်။ အဲ့ဒီလောက်ကျအောင် မှတ်ဉာဏ်က ကောင်းတယ်။ ဒီတော့ ဦးပဇင်းတို့ စာအုပ်ရှာရတာ လွယ်ကူသွားတာပေ့ါ။ ဆရာတော် မိန့်တဲ့အတိုင်း ရှာလိုက်တော့ ဆရာတော်လိုချင်တဲ့ စာအုပ်ကို ကွက်တိပဲတွေ့ရတယ်ဟု ဦးဥက္ကောတနက ပြောပြပါသည်။

## အံ့သြလောက်သည့် မှတ်ဉာဏ်

ဆရာတော်ဘုရား၏ ဇာတိပျဉ်းမရွာမှ စာရေးဆရာ ဦးဘို (ဘုန်းဝင်းခေါင်-မြန်မာမှု) က ယခုလိုပြောပြပါသည်။ ဆရာတော်ဘုရား ပျဉ်းမရွာသို့ ပြန်ကြွလာစဉ် တချိန်က တညတွင် ဆရာတော်ကို ဝတ်ပြုနေစဉ် ဆရာတော်က စာအကြောင်း ပေအကြောင်းမိန့်ကြားပါသည်။ ဆရာတော်က သူ့ရွာသူ ရွာသားတွေကို စာပေဝါသနာပါစေချင်သည်။ စာများများဖတ်၍ ဗဟုသုတ များများ ရစေချင်သည်။ တညတွင် ဆရာတော်ကို ဝတ်ပြုနေစဉ် စာပေအကြောင်း မိန့်ကြားရာမှ ကဗျာအကြောင်း ရောက်သွားပါသည်။ ဆရာတော်ဘုရားက ငယ်စဉ်

www.dhammadownload.com



ရှစ်နှစ်သားလောက်က ပျဉ်းမနား မူလတန်းကျောင်း ဒုတိယတန်း၌ သင်ခဲ့ရသော ဒွေးချိုးသဖြန် တပုဒ်ကို နှစ်သက်လှသောကြောင့် ယခုတိုင် နှုတ်တက်ရနေသေးကြောင်း မိန့်ပါသည် ထိုကဗျာလေးမှာ-

**ချိုးနှစ်ကောင်၊ ထနောင်းပင် ညီနောင်က၊**
**လွမ်းအောင်ကူ့ခွဲ။**
**ပန်တော်ဖြူ၊ ပင်မြက်နေစာထူလှ၊**
**ဖိုးတောင်သူ့တဲ။**

ဆရာတော်ဘုရားသည်ကဗျာလေးကိုသာ မှတ်မိသည်မဟုတ်ပါ၊ ထိုကဗျာလေးကို သရုပ်ဖော်ထားသော ပန်းချီပုံလေးကိုပါ မှတ်မိနေပါသည်။ စပါးခင်းတွေရဲ့အလယ်က ကုန်းကလေးတခုပေါ်တွင် တောင်သူဦးကြီးရဲ့ တဲကလေးတလုံး၊ တဲကလေးရဲ့ ပတ်ဝန်းကျင်မှာ ပန်တော်ဖြူမြက်၊ နေစာမြက်တွေက ထူထူထဲထဲ ပေါက်ပြီးစိမ်းစိုနေကြသည်။ တဲကလေးရဲ့ ခေါင်းရင်းမှာ ထနောင်းပင်တပင်၊ ခြေရင်းမှာ ထနောင်းပင်တပင်၊ အဲဒီထနောင်းနှစ်ပင်ပေါ်မှာ ချိုးကလေးနှစ်ကောင်က တပင်မှာ တကောင်စီနားပြီးတော့ လွမ်းဆွတ်ဖွယ်ရာအသံကလေးတွေနှင့် ခွဲခွဲပျစ်ပျစ် ကူနေကြပုံကို သရုပ်ဖော်ထားကြောင်း မိန့်ကြားပါသည်။ ဒါကြောင့် ဒီကဗျာနဲ့ ဒီသရုပ်ဖော်ပုံလေးကို မမေ့ဘဲ စိတ်ထဲမှာ စွဲထင်နေကြောင်းမိန့်ပါသည်။ ယခုအချိန်မှာ ကဗျာလေးကို နှုတ်တက်ရနေသော်လည်း သရုပ်ဖော်ပုံလေးကို မတွေ့ရတော့ကြောင်း၊ အကယ်၍ ဒုတိယတန်း ဖေါင်းဖတ်စာစာအုပ်များရရင် အဲ့ဒီသရုပ်ဖော်ပုံလေးကို ကြည့်လိုကြောင်း မိန့်ကြားပါသည်။

www.dhammadownload.com



ကျွန်တော်က တပည့်တော်ရှာပေးပါမည်ဟု လျှောက်ထားလိုက်သည်။ ဆရာတော်ဘုရားက အေး မင်းရှာရင် ဒုတိယတန်း ဒေါင်းဖတ်စာ စာအုပ်ထဲမှာရှိတယ်၊ တွေ့လိမ့်မယ်ဟု မိန့်ကြားရာ ကျွန်တော်အလွန် အံ့သြသွားပါသည်။ ဆရာတော်ဘုရား ဒေါင်းဖတ်စာကို သင်ခဲ့ရစဉ်က အသက် ၈ နှစ်သားဖြစ်သည်။ ယခု ၂၀၀၉ ခုနှစ်တွင် ဆရာတော်ဘုရား သက်တော် ၈၁ နှစ်ရှိပါပြီ၊ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ခန့်က မူလတန်းကျောင်း၌ သင်ကြားခဲ့ရသောကဗျာကို သရုပ်ဖော်ပုံနှင့်တကွ အသေးစိတ် တိတိကျကျ မှတ်မိနိုင်သည့် ဆရာတော်ဘုရား၏ မှတ်ဉာဏ်ကောင်းပုံကို လက်ဖျားခါ၍ ကန်တော့မိပါသည်ဟု ဦးဘိုက ပြောပြပါသည်။

## ဆရာတော်ဘုရား၏ ကျက်ဉာဏ်

ဆရာတော်ဘုရားသည် မှတ်ဉာဏ်ကောင်းသလို ကျက်ဉာဏ်လည်းကောင်းကြောင်း သိရပါသည်။ မှော်ဘီချမ်းမြေ့ရိပ်သာမှ ဘုန်းကြီးဦးကိတ္တိဇေကပြောပြသည်မှာ “ ဦးပဇင်းတို့ငယ်စဉ်တုန်းက နေကျော်ဆရာတော် ဦးသုနန္ဒက ချမ်းမြေ့ဆရာတော် အလွန်ဉာဏ်ထက်ကြောင်း၊ သင်္ဂြိုဟ်ကိုးပိုင်းကို ပါဠိရော မြန်မာနိဿယပါ တလတည်းနှင့် ရအောင်ကျက်ကြောင်း၊ သူတို့ကတော့ သုံးလလောက် ကျက်မှ ရကြောင်း ပြောပြပါသည်။ ဆန်းကျမ်းကိုလည်း စာပြန်ပွဲမှာ ပြန်ဖို့ စာပြန်ပွဲနီးမှ ငါးရက်နှင့် ရအောင်ကျက်ပြီး ပြန်ကြောင်း သိရပါသည်။ သကျသီဟစာမေးပွဲ၌ ပြဋ္ဌာန်းသော ကစ္စာယန သာရကျမ်းကို မန္တလေး၌ ဆွမ်းခံသွားရင်း ကျက်ရုံဖြင့်ရကြောင်း သိရပါသည်။

www.dhammadownload.com



ဆတ်သွားဘုံကျော်ကျောင်းဆရာတော်က ချမ်းမြေ့ဆရာတော် အလွန်ဉာဏ်ကောင်းကြောင်း၊ အဘိဓာန်ကို တနေ့ ဂါထာငါးဆယ် ရအောင် ကျက်ကြောင်း နေကျော်ဆရာတော်က ပြောပြသည်ဟု မိန့်ကြားပါသည်။

## မဟာသမယသုတ် တရက်တည်းကျက်

တောင်တွင်းကြီးမြို့ ပုဏ္ဏဝတီကျောင်းဆရာတော် ဦးဝိစိတ္တ ကလည်း အောက်ပါအတိုင်း ပြောပြပါသည်။

"ချမ်းမြေ့ဆရာတော်က ဉာဏ်သိပ်ထက်တယ်။ ဘုန်းကြီးတို့ ကိုရင်ကြီးဘဝမှာ ကိစ္စတခုကြုံလို့ ဆရာတော် ဉာဏ်ထက်ကြောင်း သိရတယ်။ တနေ့မှာ တောင်တွင်းကြီးမြို့ပေါ်မှ ဒကာဒကာမများက မဟာသမယသုတ်ကို နာချင်လို့ သံဃာငါးပါးပင့်လိုကြောင်း ဗိမာန် ဆရာတော်ကြီးကို လျှောက်ထားကြတယ်။ ဆရာတော်ဘုရားကြီး ကလဲ ထုံးစံအတိုင်း လက်ခံလိုက်တယ်။

"ဒကာတွေ လာလျှောက်ကြတာက မွန်းလွဲ၂နာရီလောက်မှာ၊ တရားရွတ်ဆို ချီးမြှင့်ရမှာက နောက်တနေ့မွန်းလွဲ ၃နာရီ၊ လာလျှောက် တဲ့အချိန်နှင့် တရားရွတ်ဖို့အချိန်ဟာ အချိန်တရက်လောက်ပဲ ခြားတယ်။

"ဆရာတော်ဘုရားကြီးက တရားရွတ်ဖို့ သံဃာစီစဉ်ရန် ဘုန်းကြီး ဦးကုသလကို အမိန့်ရှိတယ်။ ဘုန်းကြီး ဦးကုသလက သံဃာ ၃၀ လောက်ကို မဟာသမယသုတ် ရ မရ မေးတော့ တပါးမှ မရကြဘူး။ ဘယ်ရမလဲ၊ ဘယ်သံဃာမဆို အရကျက်တာက

www.dhammadownload.com



ပရိတ်ကြီးတဆယ့်တသုတ်ပဲ ပရိတ်ရွတ်ဖို့ ကျက်ထားကြတာ။ မဟာသမယသုတ်ကို ကျက်ဖို့ဝေးလို့ တချို့ ဖတ်တောင်ဖတ်ဖူးမှာ မဟုတ်ဘူး။ နောက်နေ့ မဟာသမယသုတ်ရွတ်ဖို့ သံဃာတပါးမှ အလွတ်မရွတ်နိုင်ကြတော့ စာအုပ်ပဲကြည့်ပြီး ဖတ်ဖို့ စီစဉ်ကြတယ်။

"ဒီတော့ ဦးပဥ္စင်း ဦးဇနကနဲ့ တခြားသံဃာ ၂ပါးက သူတို့ ကျက်ကြည့်ပါအုံးမယ်။ ရရင်လဲ အလွတ်ရွတ်ရတာပေါ့။ မရတော့လဲ စာအုပ်ကြည့်ဖတ်ကြတာပေါ့လို့ သဘောတူကြတယ်။ ဒါနဲ့ အဲဒီ သံဃာ ၃ပါး မဟာသမယသုတ်ကို စပြီး ကျက်ကြတယ်။

"ဦးဇနကက အဲဒီအချိန်မှာ ရဟန်းဖြစ်ပြီးခါစ ၃-လ လောက်ပဲရှိသေးတယ်။ သူက ပထမ စာမကျက်သေးပဲ မဟာသမယ သုတ်ရဲ့အကြောင်း အဋ္ဌကထာဖွင့်တာကို ကျေအောင် ကြည့်လိုက် တယ်။ ပြီးမှ စာစကျက်တယ်။ ဒါဟာ သူစာကျက်တဲ့နည်းပဲ။ ကျက်တော့လဲ တခါတရံ တိုးတိုး၊ တခါတရံ စိတ်နဲ့ပဲ ကျက်တယ်။

"တခြား၂ပါးလဲ ကြိုးကြိုးစားစားကျက်ကြပါတယ်။ သူတို့ ကတော့ အသံထုတ်ကျက်ကြတာ။ တပါးက စာကျက်လို့ လေးနာရီ လောက်ရှိတော့ အသံဝင်သွားတယ်။ နောက်တပါးကလဲ ကြိုးကြိုး စားစား ဇွဲနဲ့ကျက်ပါတယ်။ ဒါပေတဲ့ အဲဒီနေ့ညမှာပဲ မရတော့ ပါဘူးဆိုပြီး လက်မြှောက်သွားတယ်။

"ဦးဇနက ကတော့ နောက်တနေ့ မနက် ၁၀နာရီလောက်မှာ မဟာသမယသုတ်ကို သူရပြီဖြစ်ကြောင်း ဆရာတော်ဘုရားကြီးကို သွားလျှောက်တယ်။ ဆရာတော်ဘုရားကြီးရော သံဃာတော်တွေပါ အားလုံး ဝမ်းသာသွားကြတယ်။

www.dhammadownload.com



"သို့သော်လဲ မဟာသမယသုတ်က ဆဋ္ဌသံဂါယနာ စာအုပ်ကြီးစာမျက်နှာ ၈ မျက်နှာကျော်ရှိတယ်။ နည်းတာမဟုတ်ဘူး။ ဒါကြောင့် တချို့သံဃာက ဟုတ်မှ ဟုတ်ရဲ့လားလို့ သံသယရှိကြတယ်။ နောက်တနေ့ မဟာသမယသုတ်ကိုရွတ်ဖို့ တောင်တွင်းကြီးမြို့ထဲကို ကြွကြတော့ မရရင် ထောက်ပေးရအောင်လို့ မဟာသမယသုတ်ပါတဲ့ စာအုပ်ကြီး ယူသွားကြတယ်။

"ဟိုရောက်တော့ ဦးဇနကက သီလပေးပြီးတော့ မဟာသမယသုတ်ဖြစ်ပေါ်လာပုံအကြောင်း အတ္ထုပ္ပတ်ကို အဋ္ဌကထာဖွင့်ပြတဲ့အတိုင်း ပြောပြပြီးတော့မှ မဟာသမယသုတ်ကို စရွတ်တယ်။ အစအဆုံး တလုံးမှ အထစ်အငေါ့ မရှိဘဲချောချောမောမော ရွတ်သွားတယ်။ စာထောက်ဖို့ယူလာတဲ့ စာအုပ်ကြီးလဲ အသုံးမပြုရတော့ဘူး။ အားလုံးသံဃာတွေ သိပ်ဝမ်းသာသွားကြတယ်။ အဲဒီလောက်ထိအောင် ဉာဏ်ထက်တယ်" လို့ဘုန်းတော်ကြီးဦးဝိစိတ္တက ပြောပြပါသည်။

## သဘောဉာဏ်

ဆရာတော်ဘုရားသည် စာကျက်၍ ရလွယ်သော်လည်း စာကျက်ရသည်ကို ဝါသနာမပါဟု သိရပါသည်။ အဘိဓာန်ကဲ့သို့ မကျက်မဖြစ်သော စာကိုသာ ကျက်ပါသည်။ သဘောအဓိပ္ပါယ်ကို နားလည်ထားလျှင် လုံလောက်သောစာများကို ကျက်ဖို့ဝါသနာမပါဟု မိန့်ပါသည်။ စာပေ၏ သဘောအဓိပ္ပါယ်ကို ဆင်ခြင်စဉ်းစားစိတ်ဝင်စားနေရသည်ကိုတော့ အလွန်နှစ်ခြိုက်ကြောင်း သိရပါသည်။

ဆရာတော် စာသင်သားဘဝက စာချဆရာတော်များက

www.dhammadownload.com



ခဲရာခဲဆစ် အရာများတွင် တပည့်ကိုလက်ဦး ဝေဖန်စဉ်းစားစေပြီးမှ ရရှိသော အဖြေကို အဖွင့်ကျမ်းများနှင့် တိုက်ဆိုင်ပြသည်ဟု သိရပါသည်။ ထိုနည်းကို ဆရာတော်ဘုရား အလွန်နှစ်သက် သဘော ကျကြောင်း မိန့်ကြားပါသည်။

ဆရာတော်ဘုရား၏ သဘောဉာဏ် ထက်မြက်ပုံကိုဆရာတော် ရေးသားသော **ဆင်းရဲငြိမ်းအေး ချမ်းသာရေး၊ တက္ကသိုလ်ဓမ္မသဘင်၊ ဘဝအတန်တန် ကံအထွေထွေ**စသော ကျမ်းစာများ၊ **ဝိသုဒ္ဓိမဂ်မဟာ ဋီကာ နိဿယနိဒါန်း၊ တက္ကသိုလ်ဓမ္မသဘင် အမေး အဖြေ**စသော စာအုပ်များကို သေသေချာချာဖတ်ကြည့်က သိနိုင်ပါသည်။

## ဆရာတော်များ၏အမြင်

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း နာယက ဆရာတော် အရှင်အဂ္ဂဉာနာဘိဝံသက သူရေးသားသော **ပရိယတ် ပဋိပတ် နှစ်ရပ်စုံပြည့် ချမ်းမြေ့ကြည်သာ ထေရ်မဟာ** စာအုပ်၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

> "ပြဆိုခဲ့ပြီးသည့်အတိုင်း **မဟာဋီကာနိဿယကျမ်း**သည် ကောင်းမွန် ပြည့်စုံသကဲ့သို့ **မဟာဋီကာနိဿယကျမ်း**၏ နိဒါန်းသည်လည်း ကောင်းမွန်ပြည့်စုံလှပေသည်။မြတ်စွာ ဘုရား၏ တရားတော်များသည် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်း ခြင်းဟုဆိုအပ်သော ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသကဲ့သို့ မဟာစည် ဆရာတော် ဘုရားကြီး၏ **မဟာဋီကာနိဿယ**သည်လည်း နိဒါန်း၏

www.dhammadownload.com



ကောင်းခြင်း၊ ကျမ်းရင်းစာသား၏ကောင်းခြင်း၊ နိဂုံး၏ ကောင်းခြင်းဟူသော ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသဖြင့် ရွှေပေါ်မြတင် အလှဆင်ထားသကဲ့သို့ သာသနာခေတ် ကုန်ဆုံးသည့်တိုင်အောင် တည်ရှိထွန်းတောက်ကာ နေပေ လိမ့်မည်။ ထို့ကြောင့်ပင် စာချအကျော် ကျမ်းပြု ဆရာတော် တပါးက "ဆရာတော်အရှင်ဇနကာဘိဝံသဟာ ဤနိဒါန်း တစောင်ဖြင့်ပင် ဧရာမပညာရှိကြီး စာရင်းဝင်သွားပြီ"ဟူ၍ မိန့်ဆိုသည်ကို ကြားသိခဲ့ရသည်။ မိမိသည်လည်း ထို ဆရာတော်အတူပင် ထင်မြင်ယူဆမိပေသည်"ဟု ဖော်ပြထား ပါသည်။

## ဆရာသမားများက အားထားခြင်း

ချမ်းမြေ့ဆရာတော်ဘုရား၏ အကျင့်သိက္ခာ အနေအထိုင်နှင့် အရည်အချင်းကို သိမြင်တော်မူကြသော ဆရာသမားများသည် ပရိယတ် ပဋိပတ်ရေးရာကိစ္စရှိလျှင် ချမ်းမြေ့ဆရာတော်ကို အားထား လေ့ တာဝန်ပေးလေ့ရှိတော်မူကြသည်။ ဤအချက်နှင့်ပတ်သက်၍ အရှင်အဂ္ဂဉာနာဘိဝံသကပင် သူ၏ ပရိယတ် ပဋိပတ် နှစ်ရပ်စုံပြည့် ချမ်းမြေ့ကြည်သာ ထေရ်မဟာစာအုပ် စာမျက်နှာ ၂၈ ၌ အောက်ပါ အတိုင်း ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

အရှင်ဇနကာဘိဝံသသည် သီဟိုဠ်၌ ၆ နှစ်ကြာပညာ သင်ယူ ဆည်းပူးပြီးနောက် ၁၉၆၃ ခုနှစ် ဇွန်လတွင် မြန်မာ နိုင်ငံသို့ ပြန်လည် ကြွရောက်လာကာ နိုင်ငံတော် ဗုဒ္ဓ သာသနာ့အဖွဲ့၏ ပင့်လျှောက်ချက်အရ ကမ္ဘာအေးကုန်းမြေ

www.dhammadownload.com



ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံး၍ ပါဠိကျမ်းဂန် သုတ်သင်ရေးအဖွဲ့တွင် ပါဝင်ကာ သာသနာ့ကိစ္စများကို ဆောင်ရွက်တော်မူသည်။

ယင်းသို့ ဆောင်ရွက်နေစဉ် ၁၃၂၇ ခုနှစ် ဆောင်းလပိုင်း၌ မဟာစည်ဆရာတော်ဘုရားကြီးက **ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကျမ်း**အတွက် နိဒါန်းရေးသားရန် အရှင်ဇနကာဘိဝံသအား တာဝန်ပေးတော်မူသည်။ သမယန္တရများစွာပါရှိ၍ ခက်ခဲနက်နဲလှသော **ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်း**အတွက် မဟာစည်ဆရာတော်ဘုရားကြီးသည် သက္ကဋဘာသာ သမယန္တရကျမ်းများကို နိုင်နင်းအောင် လေ့လာပြီးလျှင် အကောင်းမွန်ဆုံးဖြစ်အောင် မဟာဋီကာနိဿယကျမ်းကို ရေးသားပြုစုတော်မူသည်။ ခက်ခဲနက်နဲလှသော ဝိသုဒ္ဓိမဂ် မဟာဋီကာကျမ်း၏ အကောင်းမွန်ဆုံး နိဿယကျမ်းအတွက် နိဒါန်းရေးရမည်မှာ အလွန်မလွယ်ကူသော ကိစ္စဖြစ်ပေသည်။ သို့ဖြစ်၍လည်း မဟာစည်ဆရာတော်ဘုရားကြီးသည် အသင့်တော်ဆုံး အစွမ်းနိုင်ဆုံးဖြစ်မည့် ပုဂ္ဂိုလ်ထူးကို ရွေးချယ်ကာ တာဝန်ပေးခြင်း ဖြစ်ပေသည်။

အရှင်ဇနကာဘိဝံသသည် မဟာဋီကာနိဿယကျမ်း၏ အကြောင်းအရာနိဒါန်းကို တိုတိုကျဉ်းကျဉ်း လိုရင်းမျှမရေးသားဘဲ အကျယ်တဝင့်ဖွင့်ကာ ရေးသားတော်မူသည်။ ထို့ကြောင့် ယင်းနိဒါန်းသည် ကျမ်းငယ်တစောင်ဟူ၍ပင် ခေါ်လောက်ပေသည်။ အဆိုပါနိဒါန်း၌ သံဝဏ္ဏေတဗ္ဗကျမ်းရင်း ဝိသုဒ္ဓိမဂ်ကျမ်း၏အကြောင်းကို အကျဉ်းမျှ ရေးသား၍

www.dhammadownload.com



ဝိသုဒ္ဓိမဂ်အလျင်ပေါ်ပေါက်ခဲ့သော **ဝိမုတ္တိမဂ်ကျမ်း**၏ အကြောင်းအရာကိုမူ အတော်သိသာအောင် ရေးသားဖော်ပြ ထားသည်။

ဝိသုဒ္ဓိမဂ်ကျမ်း၏အဖွင့် စူဠဋီကာကျမ်းနှင့်ဂဏ္ဌိပဒ ကျမ်းတို့၏ အကြောင်းအရာတို့ကိုလည်း သိသာအောင် ရေး သားပြီးလျှင် မဟာဋီကာခေါ် ပရမတ္ထမဉ္ဇူသာဋီကာကျမ်း၊ ယင်းကျမ်းဆရာ အရှင်ဓမ္မပါလမထေရ်၏ အကြောင်း အတ္ထုပ္ပတ်နှင့် ပေါ်ပေါက်ရာ ခေတ်ကာလတို့ကို စာပေရှု ထောင့်၊ သမိုင်းရှုထောင့်စသော ရှုထောင့်စုံမှ ပြည့်စုံအောင် ရှုမြင်သုံးသပ်လျက် ဆုံးဖြတ်ချက် ချထားသည်မှာ အံ့မခန်း ဖွယ် ဆန်းကြယ်နက်နဲလှပါပေသည်။ အရှင်ဇနကာဘိဝံသ သည် မဟာဋီကာဆရာ အရှင်ဓမ္မပါလ၏ အတ္ထုပ္ပတ်ကို ရနိုင်သမျှ ရှာဖွေဖော်ပြ၍ မဟာဋီကာကျမ်း၏ ချီးကျူးဖွယ်ဂုဏ် များကို အခန်း ၇ ခန်းခွဲကာ ချီးကျူးရေးသားထားသည်။ (စာ ၂၈-၃၀)

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို မဟာစည်ဆရာတော်ဘုရားကြီး ၄တွဲခွဲ၍ ဘာသာပြန်ဆိုရာတွင်လည်း အရှင်ဇနကာဘိဝံသကိုပါ ဘာသာပြန်စေပုံကို အရှင်အဂ္ဂဉာနာဘိဝံသက အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ထို ၄ တွဲတို့တွင် မဟာစည်ဆရာတော်ဘုရားကြီး သည် အစမှစ၍ သမာဓိ ၅ ပါးအဖွင့် ကုန်သည့်တိုင်အောင် ကိုယ်တော်တိုင် ပြန်ဆိုရေးသားတော်မူ၍ ပလိဗောဓ ၁၀ပါး

www.dhammadownload.com



အဖွင့်မှ ပထမတွဲပြီးဆုံးသည်အထိကိုမူ အရှင်ဇနကာဘိဝံသအား ပြန်ဆို ရေးသားစေတော်မူသည်။ အရှင်ဇနကာဘိဝံသသည်လည်း ဆရာတော်ဘုရားကြီး ပြန်ဆိုနည်းကိုမှီ၍ ဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ကာ ပြန်ဆိုတော်မူသည်။(စာ ၃၅)

ထိုမှတပါးလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအထံသို့ အနယ်နယ်အရပ်ရပ်မှ ဓမ္မဝိနယနှင့်ပတ်သက်သော အမေးပုစ္ဆာများ ရောက်လာလျှင်လည်း မဟာစည်ဆရာတော်ဘုရားကြီးက ရေးသားရန် အချက်အလက်များကို ပြောပြ၍ အရှင်ဇနကာဘိဝံသက မှတ်သားပြီးလျှင် ထိုအချက်အလက်တို့ကို အစီအစဉ်တကျ ဝိနိစ္ဆယစာတမ်းဖြစ်အောင် ရေးသား၍ ဆရာတော်ဘုရားကြီးအား ဆက်ကပ်ရကြောင်း သိရပါသည်။

## အတုယူစရာတွေ အများကြီး

ချမ်းမြေ့ရိပ်သာ ဘုန်းတော်ကြီး ဦးဇဝနသည် မန္တလေးမြို့ စိန်ပန်းရပ် ရတနာပုံသာသနာ့ရိပ်သာ၌ ချမ်းမြေ့ဆရာတော် ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အကူအညီအဖြစ် အတူသီတင်းသုံးရပါသည်။ ဘုန်းတော်ကြီး ဦးဇဝနက ပြောပြသည်မှာ တချိန်တွင် မဟာစည်ဆရာတော်ဘုရားကြီးသည် မြစ်ကြီးနားမြို့သို့ တရားချီးမြှင့်ဘို့ ကြွရောက်ပါသည်။ အပြန်တွင် ဆရာတော်ဘုရားကြီးသည် အတူပါလာသော ဦးခန္တီသာရဆိုသူကို မန္တလေးရိပ်သာ၌ ချမ်းမြေ့ဆရာတော်ထံ အပ်နှံ၍ " ဦးပဍ္ဍင်း၊ ဒီမှာ တရားကို သေသေချာချာအားထုတ်၊ ဦးဇနကထံမှာ အတုယူစရာတွေ အများကြီးရှိတယ်၊ အဲဒါတွေ သေသေချာချာ အတုယူလိုက်နာ"

www.dhammadownload.com



ဟု ဩဝါဒပေးပါသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် တပည့်၏ အရည်အချင်း ကို ဤမျှ ယုံကြည်၍ အလေးထားပါသည်။

## နောင်ဆိုရင် ဦးဇနကတို့ပဲ နိုင်ငံခြားသာသနာပြုရမှာ

ဘုန်းတော်ကြီး ဦးဇဝနက မှတ်သားဖွယ်ရာ နောက်တခု ယခုလို ပြောပြပါသည်။ " ချမ်းမြေ့ဆရာတော် မဟာစည်သာသနာ့ ရိပ်သာမှ ချမ်းမြေ့ရိပ်သာကို ပြောင်းရွှေ့သီတင်းသုံး၍ သိပ်မကြာလှ သေးသော အချိန်တွင် ဆရာတော်ဘုရားကြီးက ဘုန်းကြီးကို မဟာ စည်ရိပ်သာသို့ လာခဲ့ဖို့ မှာလိုက်တဲ့အတွက် ဘုန်းကြီးသွားရပါတယ်၊ ဟိုရောက်တော့ ဆရာတော်ဘုရားကြီးက ' ဦးဇနကကို မှာစရာလေး ရှိလို့ ဦးဇဝနကို ခေါ်တာပါ။ ဦးဇဝနပဲ ပြောလိုက်ပါ၊ လာမည့် နွေရာသီမှာ နိုင်ငံခြားကို သွားဘို့အစီအစဉ် ရှိတယ်၊ အဲဒါ ဦးဇနက ပါရမယ်၊ မန္တလေးက ဦးသီလာနန္ဒ၊ ဒီကဦးကေလာသနှင့် စကားပြန် အတွက် ဦးအဂ္ဂမေဓတို့လည်း ပါလိမ့်မယ်၊ ဦးဇနကကတော့ ကျောင်း သစ်တည်စဆိုတော့ အလုပ်တော့များမှာပဲ၊ ဒါပေမယ့် သွားဘို့ကိစ္စ မငြင်းလိုက်ပါနဲ့၊ လိုက်ဖြစ်အောင်လိုက်ပါလို့ ပြောလိုက်ပါ။ နောင်ဆိုရင် ဒီနေရာတွေကို ဦးဇနကတို့ပဲ သာသနာပြုရမှာ၊ ဒီကလမ်းဖောက် ပေးရုံပဲ' လို့ အမိန့်ရှိပါတယ်"ဟု ဘုန်းတော်ကြီး ဦးဇဝနက ပြောပြ ပါသည်။ မဟာစည် ဆရာတော်ဘုရားက ပြည်ပသာသနာအတွက် ချမ်းမြေ့ဆရာတော်ကို ဘယ်လောက်အားထားတယ်ဆိုတာကို ဘုန်းတော်ကြီး ဦးဇဝနအမိန့်ရှိ၍ သိရပါသည်။

www.dhammadownload.com



## ဆရာတော်ကြီးများက ချီးမြှောက်ခြင်း

ချမ်းမြေ့ဆရာတော်၏ ဆရာတော်ဘုရားကြီးများသည် အကြောင်းအားလျော်စွာ တပည့်ကိုအားထားသလို အကြောင်းသင့်သည့်အခါ တပည့်အား ချီးမြှောက်တော်မူကြပါသည်။ ပိုက်ကျိုးဆရာတော်ဘုရားကြီးသည် ကမ္ဘာအေးသို့ သာသနာ့ကိစ္စ ဆောင်ရွက်ရန် ကြွတော်မူလာသည့်အခါ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်တွင် သီတင်းမသုံးဘဲ ချမ်းမြေ့ရိပ်သာ၌ သီတင်းသုံးလျက် ကမ္ဘာအေး သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူပါသည်။ ယင်းသို့ ချမ်းမြေ့ရိပ်သာ၌ သီတင်းသုံးတော်မူခြင်းမှာ တပည့်အား ချီးမြှောက်တော်မူလို၍ ဖြစ်ပါသည်။ ချမ်းမြေ့ဆရာတော်ဘုရားကလည်း ပိုက်ကျိုးဆရာတော်ဘုရားကြီး ကြွလာလျှင် စံကျောင်းအပေါ်ထပ်၌ အေးအေးဆေးဆေး ချမ်းချမ်းသာသာ သီတင်းသုံးနိုင်ရန် စီမံ၍ ဆရာတော်မှာမူ အောက်ထပ်အိပ်ခန်း၌ပင် သီတင်းသုံးနေပါသည်။ အကြောင်းကိစ္စအားလျော်စွာ အပြင်သို့ကြွရန် ဆရာတော်ဘုရားကြီး အပေါ်ထပ်မှ ကြွလာလျှင် အောက်ထပ်ဧည့်ခန်းကိုဖြတ်၍ ကြွရပါသည်။ ထိုအခါ ဧည့်ခန်းအတွင်း၌ ဒကာဒကာမများ၏ အကန်တော့ခံနေသော ချမ်းမြေ့ဆရာတော်သည် ချက်ချင်း မတ်တပ်ရပ်၍ လက်အုပ်ချီလျက် နေပါသည်။ ဆရာတော်ဘုရားကြီး ဧည့်ခန်းကိုလွန်သွားမှ ပြန်၍ထိုင်ပါသည်။ ဤမျှ ဆရာတော်ကြီးများကို ရိုသေလေးစားပါသည်။ လိုလေသေး မရှိအောင်လည်း ပြုစုပါသည်။

ဆရာတော်ဘုရားကြီးများကလည်း တုန့်ပြန်လေးစားတော်မူကြပါသည်။ ပိုက်ကျိုးဆရာတော်ဘုရားကြီးသည် မွန်းမတည့်မီ ကွမ်း တယာ ဘုဉ်းပေးလေ့ရှိပါသည်။ သို့သော်လည်း ချမ်းမြေ့ရိပ်သာ၌

www.dhammadownload.com



ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရဟု စည်းကမ်းသတ်မှတ်ထားသဖြင့် စည်းကမ်းကို အရေးထား လေးစားကာ ချမ်းမြေ့ရိပ်သာ၌ သီတင်းသုံး နေသမျှကာလပတ်လုံး ဆရာတော်ဘုရားကြီးလည်း ကွမ်းမဘုဉ်းပေး တော့ပါ။

## အထင်ကရပုဂ္ဂိုလ်ဆိုတာ ဒီလိုပင့်ရတယ်

ရန်ကုန်ချမ်းမြေ့ရိပ်သာ တိုက်အုပ်ဆရာတော်ဖြစ်တဲ့ ဆရာ တော်ဦးဇဝနက မှတ်သားဖွယ်ရာတခု အခုလိုပြောပြပါသည်။ "ရန်ကုန်ချမ်းမြေ့ရိပ်သာ စတည်ထောင်တော့ ဦးမာယိန္ဒာစာရက လိုအပ်တဲ့ ဝေယျာဝစ္စဆောင်ရွက်ဖို့ လက်ဦးရောက်နှင့်နေပြီး လိုအပ်တာတွေ ပြည့်စုံအောင် ဆောင်ရွက်နေတယ်။ ဘုန်းကြီးက အားလုံးပြည့်စုံခါနီးမှ ရောက်သွားတယ်။ ဒီအချိန်မှာ ဆရာတော်က မဟာစည်ရိပ်သာမှာဘဲ ရှိသေးတယ်။ တရားကိစ္စဆောင်ရွက်နိုင် လောက်အောင် အားလုံးပြည့်စုံတော့ ဆရာတော်ကိုပင့်ဖို့ရာ မဟာစည်ဆရာတော်ဘုရားကြီးထံ ခွင့်ပန်ဖို့ စာကလေးရေးယူသွားပြီး ဆရာတော်ဘုရားကြီးကို ဆက်ကပ်လိုက်တယ်။ ဆရာတော်ဘုရား ကြီးက စာကိုကြည့်ပြီးတော့ 'နာယကဆရာတော်တပါးကြွဖို့ရာ ဒီလိုပင့်စာကလေးနဲ့တင် မလုပ်ရဘူး၊ အထင်ကရပုဂ္ဂိုလ်တပါးပင့်တယ် ဆိုတာ ဒကာ ဒကာမများလည်း ပါရတယ်၊ ဒီကလဲ လိုက်ပို့ကြရမယ်' လို့ အမိန့်ရှိပါတယ်။

"ဒါကြောင့် ဘုန်းကြီးက ဆရာတော့်ထံသွားပြီး ဆရာတော် ကိုအကျိုးအကြောင်းလျှောက်တော့ ဆရာတော်က 'ပရိသတ်တွေများ နေမှာ စိုးလို့ပါ၊ အခုတော့ ဆရာတော်ဘုရားကြီး အမိန့်ရှိတဲ့အတိုင်း

www.dhammadownload.com



လုပ်ကြရမှာပေ့ါ’ လို့ ပြောပါတယ်။ ဒါနဲ့ ချမ်းမြေ့ရိပ်သာမှာ တာဝန်ဆောင်နေတဲ့ ဒကာကြီး ဦးကျင်ဆိုင် (နောင်ချမ်းမြေ့ဝေယျာဝစ္စအဖွဲ့ ဘဏ္ဍာရေးမှူး)က စာသေသေချာချာရေးပြီးတော့ တခြားဒကာကြီး သုံးလေးယောက်နှင့်အတူ ဆရာတော်ဘုရားကြီးထံ ပင့်စာသွားကပ်ကြပါတယ်၊ အဲဒီတော့မှ ဆရာတော်ဘုရားကြီးက ‘အထင်ကရ ပုဂ္ဂိုလ်ဆိုတာ ဒီလိုပင့်ရတယ်’လို့ မိန့်ပါတယ်။ ဆရာတော် မဟာစည်ရိပ်သာမှ ချမ်းမြေ့ရိပ်သာကိုကြွတော့ သံဃာတော်များ၊ ယောဂီများနှင့် အဖွဲ့ဒကာကြီး တချို့ကို လိုက်ပို့စေပါတယ်။ နောင်ဒီမှာ ဝါဆိုသင်္ကန်းကပ်တော့လဲ ဆရာတော်ဘုရားကြီးကြွလာပြီး တရားချီးမြှင့်ပေးပါတယ်။ အဲဒီတုန်းက ဆရာတော်ဘုရားကြီးက “ကိုယ့်ပရိသတ်ကို ကိုယ်ဟောတာပဲကောင်းပါတယ်၊ ဒီလိုရိပ်သာတွေ လိုအပ်တယ်၊ မဟာစည်ရိပ်သာ တခုတည်းဆိုတော့ ယောဂီတွေ ကြပ်နေတယ်၊ ဒီလိုကမ္ဘာအေးမှာ ရိပ်သာရှိတော့ ကမ္ဘာအေး အနီးအနားမှာနေတဲ့ ယောဂီတွေ နီးနီးနားနားလာပြီး တရားအားထုတ်လို့ရတယ်။ ဒါကြောင့် ရိပ်သာခွဲတွေ လိုအပ်တယ် ” လို့ မိန့်ပါတယ်ဟု ဘုန်းတော်ကြီး ဦးဇဝနက ပြောပြပါသည်။

## မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏မိန့်ကြားချက်

ချမ်းမြေ့ဆရာတော်ဘုရားသည် မန္တလေးမြို့၊ စိန်ပန်းရပ်၊ ရတနာပုံသာသနာ့ရိပ်သာ၌ ပဓာနနာယကအဖြစ် တာဝန်ထမ်းဆောင်နေစဉ် တနေ့တွင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကို သွားရောက်ဖူးမြော်လိုသော စိတ်ဆန္ဒဖြစ်ပေါ်လာသဖြင့် အားလပ်သည့် တနေ့၌ ရိပ်သာမှ အမှုဆောင် ဒကာကြီး ဒကာမကြီး

www.dhammadownload.com



သုံးလေးယောက်နှင့်အတူ မဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားကြသည်။ ကျောင်း၌ ဆရာတော်ဘုရားကြီးကို အခန့်သင့်ပင် ဖူးမြော်ကြရသည်။ ဆရာတော်ဘုရားကြီးသည် သူ့ကျောင်းကလေးပေါ်၌ ကုလားထိုင် တလုံးပေါ်တွင် သက်သောင့်သက်သာ သီတင်းသုံးနေတော်မူသည်။

ဆရာတော်နှင့်ဒကာဒကာမများသည် ဆရာတော်ဘုရားကြီးကို ရိုသေစွာ ဦးချကန်တော့ကြသည်။ ဆရာတော်ဘုရားကြီးသည် ပါလာသော ဒကာကြီး ဒကာမကြီး တချို့ကို မူလကပင် သိကျွမ်းပြီးဖြစ်၍ စိန်ပန်းသာသနာ့ရိပ်သာမှ လာကြကြောင်းကို သိတော်မူသည်။ ဦးချပြီးကြသောအခါ ( ချမ်းမြေ့ ) ဆရာတော်ကို သူ၏ရှေ့နားညာဘက်ဘေးတွင်ရှိသော ကုလားထိုင်အလွတ်ပေါ်၌ ထိုင်ရန် နှုတ်ကလည်းမိန့် လက်ဖြင့်လည်းညွှန်ပြတော်မူပါသည်။ ဆရာတော်က ကုလားထိုင်၌ မထိုင်လို၍ အောက်မှာထိုင်ရတာ အဆင်ပြေကြောင်း လျှောက်ထားသော်လည်း ဆရာတော်ဘုရားကြီးက ကုလားထိုင်ပေါ်၌ ထိုင်ရန် အကြိမ်ကြိမ် မိန့်ကြားသဖြင့် ဆရာတော်သည် မနေသာတော့ဘဲကုလားထိုင်ပေါ်၌ ခပ်ရို့ရို့ ဝင်ထိုင်လိုက်ရသည်။

ဆရာတော်ဘုရားကြီးသည် ဒကာ ဒကာမများနှင့် အာလာပသလ္လာပစကားအနည်းငယ်မျှ ပြောပြီးလျှင် ဆရာတော်ဘက်သို့လှည့်၍ "ဘုန်းကြီးဦးဇနကရေ၊ တပည့်တော် အခုအသက်ကြီးလာတော့ သာသနာတော်အတွက် အရင်ကလောက် မဆောင်ရွက်နိုင်တော့ဘူး။ ဘုန်းကြီးတို့ကတော့ ငယ်သေးတော့ ရှေ့လျှောက်ပြီး အများကြီး ဆောင်ရွက်နိုင်ဦးမှာပါ၊ အနာဂတ်သာသနာတော်အတွက် ကြိုးစား

www.dhammadownload.com



ပြီး ဆောင်ရွက်ကြပါ"လို့ မိန့်ပါသည်။ ဆရာတော်က မှန်ပါဘုရား၊ တပည့်တော်များလဲ စွမ်းနိုင်သမျှဆောင်ရွက်နေပါသည် ဘုရားဟု လျှောက်ထားလိုက်သည်။

ထိုအခါ ဆရာတော်ဘုရားကြီးနှင့် အလွန်ရင်းနှီးသော ဒကာမကြီးတယောက်က "ဆရာတော်ဘုရားက ဒီဆရာတော်ကို အရင်ကတည်းက သိနေပါသလားဘုရား"ဟု လျှောက်ထားရာ ဆရာတော်ဘုရားကြီးက အရင်ကတည်းကသိနေကြောင်း မိန့်ကြားပါသည်။

အထက်ပါအကြောင်းအရာကို B.Sc အောင်ပြီးမှ ဘုန်းကြီးဝတ်လာသည့် ရဟန်းတော်တပါးက စကား စပ်မိ၍ ပြောပြပါသည်။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် ချမ်းမြေ့ဆရာတော်ဘုရားကို ခပ်ငယ်ငယ်ကတည်းကပင်သိ၍ သာသနာတော်အတွက် အားကိုးရမည့်သူဟု မှတ်ယူထားပုံရပါသည်။

## မုံရွာအသောကာရုံဆရာတော်ဘုရားကြီး မိန့်ကြားချက်

ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ တပည့်ယောဂီ မုံရွာဒေါ်မြင့်မြင့်က မုံရွာမြို့မှ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အသောကာရုံဆရာတော်ဘုရားကြီးကို ချမ်းမြေ့ဆရာတော်ဘုရား အကြောင်း သိသမျှမိန့်ကြားပေးပါရန် လျှောက်ထားပါသည်။ထိုစဉ်က သက်တော် ၈၉ နှစ် ဝါတော် ၆၉ ဝါ ရှိနေပြီဖြစ်သော အသောကာရုံဆရာတော်ဘုရားကြီးက အခုလိုမိန့်ကြားပါသည်။ "ချမ်းမြေ့ဆရာတော် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်းမှာ သီတင်းသုံးစဉ်က

www.dhammadownload.com



အတူနေခဲ့ကြတယ်၊ ညီအကိုလိုခင်ကြပြီး ဘယ်ကိစ္စမဆို တိုင်တိုင်ပင်ပင် ဆောင်ရွက်ခဲ့ကြတယ်၊ စည်ရှင်ဆရာတော်ဘုရားကြီး (ဦးကောသလ္လာဘိဝံသ)၊ ပိုက်ကျုံးဆရာတော်ဘုရားကြီး (ဦးဇာနေယျပုဒ္ဓိ )၊ အသောကာရုံဆရာတော်ဘုရာကြီး (ဦးသုဝဏ္ဏဇောတိ)၊ ဗာရာဏသီ ဆရာတော်ဘုရားကြီး (ဦးအာနန္ဒာပဏ္ဍိတ)အဲဒီဆရာတော်ဘုရားကြီးများရဲ့ ဆရာတူတပည့်တွေပေါ့၊ ဆရာသမားများက သူ့ကိုအားလဲ ကိုးကြတယ်။ အကြောင်းကိစ္စရှိလျှင်သူပါရတယ်။ အားလုံးက သူ့ကိုချစ်ခင်လေးစားကြတယ်။ သူကလဲအနေအထိုင်မှန်တယ်၊ ဆရာသမားများက ချီးမြှောက်ကြတယ်၊ ချီးမြှောက်သလောက်လဲ အရာရောက်သူဖြစ်တယ်" ဟု မိန့်ပါသည်။

## မင်းလှမဟာစည် ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်

ကျွန်မသည် မင်းလှမြို့ မဟာစည်သာသနာ့ရိပ်သာမှ သက်တော် ၉၁ နှစ်ရှိဆရာတော်ဘုရားကြီး (ဦးသာသန)ကို ချမ်းမြေ့ဆရာတော်ဘုရားနှင့်အတူ သီတင်းသုံးဖူးသည်ဟုသိရ၍ မေးမြန်းလျှောက်ထားရာ ဆရာတော်ဘုရားကြီးက အခုလိုမိန့်ကြားပါသည်။

"ဘုန်းကြီးက တောင်တွင်းကြီးမြို့ တောရဝိမာန်ကျောင်းတိုက်မှာ ချမ်းမြေ့ဆရာတော်နှင့်အတူ သုံးနှစ်သီတင်းသုံးခဲ့ပါတယ်၊ သူကကိုရင်ဘဝ၊ ဘုန်းကြီးက ရဟန်းငယ်ဘဝ၊ စစ်ပြီးစအချိန်ပေါ့၊ တောရဝိမာန်တိုက်က ရွှေကျင်မဟုတ်ပါဘူး၊ သုဓမ္မာပါဘဲ၊ သုဓမ္မာဖြစ်ပေတဲ့လဲ ရွှေကျင်စည်းကမ်းလိုပါဘဲ၊ ဆေးလိပ်မသောက်ရ၊ နေ့လွဲကွမ်းမစားရ၊ မြို့ထဲရွာထဲသွားရင် သင်္ကန်းရုံသွားရတယ်၊ မြို့နှင့်တမိုင်လောက်ဝေးတော့ စည်းကမ်းလိုက်နာဖို့ စောင့်ရှောက်

www.dhammadownload.com



ထိန်းသိမ်းဖို့ဆိုတာလွယ်ကူပါတယ်၊ ဒါကြောင့် နေရတာအဆင်ပြေပါတယ်။

"ချမ်းမြေ့ဆရာတော်က ကိုရင်ဘဝကတည်းက ဝိနည်းဆိုင်ရာမှာ တယ်ပြီးပီပီ ပြင်ပြင်ရှိတယ်၊ ဆရာတော်ဘုရားကြီးရဲ့ ဝေယျာဝစ္စကိုလဲ သေသေချာချာ ဆောင်ရွက်တယ်၊ သူနေတာထိုင်တာကလေးက ငယ်ငယ်ကတည်းက အချိုးကျတယ်၊ လူကြီးစိတ်ရှိတယ်၊ ဘာမဆိုလုပ်ရင်ဇွဲရှိတယ်၊ စာလဲကြိုးစားတယ်၊ တခါတရံ ညလုံးပေါက်စာကြည့်တယ်၊ ဉာဏ်ကလဲ ကောင်းတယ်၊ ဆရာတွေကလဲ ကောင်းတော့ ထိပ်ရောက်သွားတာပေါ့။ ကိုရင် ဘဝကတည်းက ဦးပဇင်းကလေးတွေနဲ့ ကိုရင်တွေကို စာချပေးတယ်၊ ငယ်ငယ်ကတည်းက စာသင်လဲ ဝါသနာပါတယ်၊ စာချလဲ ဝါသနာပါတယ်၊ ဘာကိုလုပ်လုပ် ပီပီပြင်ပြင် လုပ်လေ့ရှိတယ်။

"စစ်ပြီးလို့စာမေးပွဲတွေ ပြန်ကျင်းပတော့ ၁၉၄၆ ခုနှစ်လောက်ဖြစ်မယ် ထင်တယ်၊ သူစာမေးပွဲတွေဝင်ဖြေတယ်၊ ကိုရင်ဘဝနဲ့ပဲ အငယ်တန်း၊ အလတ်တန်းတွေအောင်တယ်၊ အလတ်တန်း အောင်ပြီးတော့သူရဟန်းပြုတယ်၊ ရဟန်းဖြစ်ပြီးတော့ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်စည်ရှင်ကျောင်းမှာ စာဆက်သင်တယ်၊ ဘုန်းကြီးလဲ သူ့အကြောင်းပြုပြီးတော့ သူနဲ့အတူလိုက်နေတယ်၊ သူက အေးအေးမှန်မှန်ပဲနေပြီးသူ့စာကိုပဲ ဂရုစိုက်တယ်၊ သူ့ကိုဉာဏ်ကောင်းမှန်းသိတော့ စည်ရှင်ဆရာတော်ဘုရားကြီးက အထူးအာရုံပြုတယ်၊ အဲဒီတုန်းက စည်ရှင်ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တော်က ဦးကောသလ္လာဘိဝံသတဲ့။

"အဲဒီမှာ ပထမကြီးတန်းကို ဆက်မဖြေသေးပဲနဲ့ သက္ကျသီဟ

www.dhammadownload.com



စာမေးပွဲဖြေဖို့ စာလိုက်တယ်၊ သကျသီဟဆိုတာ လွယ်တာမဟုတ်ဘူး၊ ဓမ္မာစရိယထက်ခက်တယ်၊ သကျသီဟစာမေးပွဲဝင်မည့်သူဆိုရင် စည်ရှင်ဆရာတော်ကြီးက အထူးအာရုံပြုအားပေးတယ်၊ သကျသီဟ စာသင်တန်း စာမေးပွဲဖြေတော့ သူနှစ်ချင်းအောင်တယ်၊ သကျသီဟ စာချတန်းကိုလဲဆက်ဖြေတယ်၊ အောင်တယ်၊ သကျသီဟစာသင်တန်း အောင်ပြီး နောက်တနှစ်မှာ ပထမကြီးတန်းဖြေတယ်၊ အောင်တယ်၊ အစိုးရစာချတန်းမှာလဲ တနှစ်တည်းနဲ့ ရှစ်ကျမ်းအောင်တယ်၊ ကျမ်းရင်းသုံးကျမ်းနဲ့ ဂုဏ်ထူးငါးကျမ်းပေါ့၊ ကျန်တဲ့ဂုဏ်ထူးတကျမ်း နောက်တနှစ်မှာ အောင်တယ်။

"စာမေးပွဲတွေပြီးတော့ သူရန်ကုန်မဟာစည်ရိပ်သာသွားပြီး တရား ၄ လ အားထုတ်တယ်၊ နောက်သံဃနာတင်ဖို့ ပြင်ဆင်ကြ တဲ့အခါမှာ ပိဋကတ်ကျမ်းစာ သုတ်သင်ရေးပဋိဝိသောဓက အဖွဲ့ဝင် အဖြစ် ဆောင်ရွက်တယ်၊ နောက်သီဟိုဠ်ကိုကြွသွားပြီး ၆ နှစ် သီတင်းသုံးတယ်။

"အင်္ဂလိပ်ဘာသာကိုလဲ သီဟိုဠ်မကြွခင်ကတည်းက အရေး အဖတ်အပြောပါ ကျွမ်းကျင်အောင်လေ့လာတယ်၊ ဒါကြောင့် ချမ်းမြေ့ဆရာတော်က ကမ္ဘာအနှံ့သာသနာပြုနိုင်ပြီး ကမ္ဘာကျော် နေတာပါပဲ၊ ပြောစရာမရှိအောင် တော်လည်းတော်၊ တတ်လည်းတတ် ထိပ်ရောက်နေတာပါပဲ၊ ချမ်းမြေ့မှာလဲ ပြည့်စုံတဲ့အပြင် လှူနေတာပဲ၊ သာသနာတော်အတွက် စံပြုထိုက်တဲ့ ပုဂ္ဂိုလ်တပါးပါပဲ"လို့ မင်းလှ ဆရာတော်ဘုရားကြီးက မိန့်ကြားပါသည်။

"ဘုန်းကြီးလဲ စည်ရှင်ကျောင်းမှထွက်ပြီးတော့ စစ်ကိုင်း

www.dhammadownload.com



ရွှေဟသ်ာတိုက်သစ်၊ ရန်ကုန်ခြောက်ထပ်ကြီး ဘုရားကြီးတိုက်တွေမှာ သီတင်းသုံးပြီး မဟာစည်သာသနာ့ရိပ်သာမှာ ၉ လ တရားအားထုတ်တယ်၊ အဲဒီမှာ မဟာစည်ဆရာတော်ဘုရားကြီးက တာဝန်ပေးလို့ အခု ဒီမင်းလှသာသနာ့ရိပ်သာမှာ တာဝန်ထမ်းဆောင်နေတာပါ" ဟု ဆရာတော်ဘုရားကြီးကမိန့်ပါသည်။

## မည်သူ့အပေါ်မှမေတ္တာမပျက်

တောင်တွင်းကြီးမြို့ ပုဏ္ဏဝတီကျောင်းမှ ဘုန်းတော်ကြီး ဦးဝိစိတ္တက ယခုလိုပြောပြပါသည်၊ ဘုန်းကြီးက "ချမ်းမြေ့ဆရာတော် မန္တလေးမှာစာသင်ရာက ကျန်းမာရေးအတွက် ဒီတောရဝိမာန်တိုက်ကို ပြန်ကြွလာပြီး တနှစ်သီတင်းသုံးတော့မှ ဆရာတော်ကို တွေ့ရပါတယ်၊ ဆရာတော်က အေးအေးမှန်မှန်ပဲ နေလေ့ရှိပါတယ်၊ စကားပြောလည်း အေးအေး ဖြေးဖြေးပဲ ပြောပါတယ်၊ ဘယ်သူ့အပေါ်မှ အထက်စီးက မပြောဘူး၊ အမြဲတမ်း မေတ္တာစိတ် ထားပုံရပါတယ်၊ ဘယ်သူ့ကိုမှ မေတ္တာပျက်တဲ့ စိတ်မရှိဘူး၊ အေးအေး ဆေးဆေးနေပြီး အေးအေးဆေးဆေး ပြောလေ့ရှိပါတယ်" ဟု ဘုန်းတော်ကြီး ဦးဝိစိတ္တက မိန့်ပါသည်။

## ကြမ်းကြမ်းတမ်းတမ်းစကားမပြော

ပြင်ဦးလွင်မြို့ ချမ်းမြေ့ရိပ်သာဆရာတော် ဦးပညာနန္ဒာဘိဝံသက ပြောပြသည်မှာ "ဒီနေရာက စာသင်တိုက်မဟုတ်ဘဲ တရားရိပ်သာဖြစ်တော့ အမျိုးသားရော အမျိုးသမီးတွေပါ ရှိတဲ့အတွက် တပည့်ရဟန်းသံဃာတွေ အမျိုးသမီးတွေနဲ့ကင်းကင်း ရှင်းရှင်းနေတတ်

www.dhammadownload.com



အောင် ဆရာတော်က လိမ္မာပါးနပ်စွာ ယဉ်ကျေးသိမ်မွေ့တဲ့ စကားလုံးတွေနဲ့ ဆုံးမတတ်တယ်၊ ကြမ်းကြမ်းတမ်းတမ်း နားမခံသာတဲ့ အသုံးအနှုန်းတွေနဲ့ဆုံးမတာ တခါမျှ မကြားဖူးဘူး"ဟု မိန့်ပါသည်။

## တိပိဋကဓရဆရာတော်ဦးသုမင်္ဂလ၏အမြင်

ရန်ကုန်ကမ္ဘာအေးမဟာဂန္ဓာရုံဆရာတော် ဦးသုမင်္ဂလာလင်္ကာရက ၂၀၀၉ ခုနှစ်၊ မတ်လ၌ထုတ်ဝေသော မဟာစည်သီတင်းလွှာ (အတွဲ ၁ အမှတ် ၆ )၌ အောက်ပါအတိုင်း ရေးသားထားပါသည်။

"၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလတွင် တောင်ငူမြို့၊ မဟာဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်းတိုက်အတွင်း၌ သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဒသမအကြိမ် ဂိုဏ်းလုံးကျွတ်သံဃာ့အစည်းအဝေး ကျင်းပပါသည်။

'ထိုအစည်းအဝေး၌ ဤစာရေးသူ (မဟာဂန္ဓာရုံဆရာတော်) သည် ချမ်းမြေ့ဆရာတော်၊ အမရပူရမဟာဂန္ဓာရုံဆရာတော် ဦးကုဏ္ဍလာဘိဝံသ၊ သီတဂူဆရာတော် စသော ဆရာတော်များနှင့် တကျောင်းထဲ တည်းခိုခဲ့ရပါသည်၊ ထိုစဉ်က ဤစာရေးသူသည် အခြားသီတင်းသုံးဖော်များနှင့်အတူ မဟာစည်ဆရာတော်ဘုရားကြီးအကြောင်း ပြောဆိုမိသည်၊ မိမိသည်အမှန်ဟု ယူဆချက်ဖြင့် ပြောနေ၏၊ သို့သော် စကားဝိုင်းတွင်မပါပဲ ခပ်လှမ်းလှမ်း၌ သီတင်း သုံးနေသော ချမ်းမြေ့ရိပ်သာဆရာတော်က မိမိပြောသည့် စကားများကြောင်း လှမ်းပြီးကန့်ကွက်လိုက်သည်မှာ မိမိအတွက် တသက်တာ မမေ့နိုင်စရာ ဖြစ်ခဲ့ရပါသည်။

www.dhammadownload.com



'မိမိက မဟာစည်ဆရာတော်ဘုရား၏ ပရိယတ်အရည်အချင်းသည် ဆဋ္ဌသံဂါယနာမတင်မီကတော့ အသင့်အတင့်သာဖြစ်တယ်၊ ဆဋ္ဌသံဂါယနာတင်ပွဲကြီးမှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းဂန်များကို အကြည့်များလာ၍ ပရိယတ္တိအရည်အချင်း အလွန်မြင့်မားသွားတယ်လို့ ဆရာတော်ဘုရားကြီးတပါးထံမှ ကြားဖူးပါတယ်" လို့ ပြောကြားမိရာ မိမိတို့ စကားဝိုင်းတွင်မပါ ခပ်လှမ်းလှမ်းတွင် သီတင်းသုံးပြီး အခြားသံဃာများနှင့် စကားပြောနေသော ချမ်းမြေ့ရိပ်သာ ဆရာတော်က "ဦးသုမင်္ဂလ၊ အဲဒီစကားလုံး၀ မှားတယ်၊ မဟာစည်ဆရာတော်ကြီး၏ ပရိယတ္တိအရည်အချင်းဟာ ဆဋ္ဌသံဂါယနာတင်ပွဲရောက်မှ အလွန်မြင့်မားလာတယ်ဆိုတဲ့ စကားဟာ အလွန်မှားတယ်၊ မှားတယ်ဆိုတာ အခိုင်အမာပြနိုင်ပါတယ်၊ ဆဋ္ဌသံဂါယနာမတိုင်မီကပင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ်အရည်အချင်း မြင့်မားနေကြောင်း သိချင်ရင် မဟာစည် ဆရာတော်ဘုရား ရေးသားတဲ့ ဝိပဿနာရှုနည်းကျမ်းကြီးကို ဖတ်ကြည့်ပါ၊ အဲဒီ ဝိပဿနာရှုနည်းကျမ်းကြီးကို လွတ်လပ်ရေးမရခင် စစ်အတွင်းမှာပင် ရေးသားရိုက်နှိပ်ခဲ့တယ်၊ ဒီဝိပဿနာရှုနည်းကျမ်းကြီးကို သာမန်ပညာရှင်တွေမရေးနိုင်ဘူး၊ ရေးသားစဉ်ကလဲပဲ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သက်တော်က နုနယ်နေသေးတယ်၊ ဒါကြောင့် မဟာစည်ဆရာတော်ဘုရားရဲ့ ပရိယတ်အရည်အသွေးဟာ ခပ်ငယ်ငယ်ကပင် အလွန်မြင့်မားနေတယ်ဆိုတာ အခိုင်အမာ **ပြောနိုင်တယ်" လို့ မိန့်ကြားပါတယ်။**

www.dhammadownload.com



'ချမ်းမြေ့ရိပ်သာဆရာတော်က စကားကို နှစ်ခါမပြောကြား တော့ပါ၊ ချမ်းမြေ့ရိပ်သာဆရာတော် စကားပြောပုံကလည်း ပြတ်သားလှ၏၊ ရဲရင့်လှ၏၊ တိကျ၏၊ ခိုင်မာလှ၏ မိမိ ကိုယ်တိုင်ကလည်းပဲ မဟာစည်ဆရာတော်ဘုရားကြီးအပေါ် ရှေးယခင်ကပင်အလွန် ကြည်ညိုလေးစား၏၊ ချမ်းမြေ့ရိပ်သာ ဆရာတော်ကိုလည်း ကြည်ညို လေးစားပါ၏၊ သို့အတွက် ချမ်းမြေ့ရိပ်သာဆရာတော် မိန့်ကြားသည့်အတိုင်း ဖြစ်ရ မယ်လို့ ချက်ချင်းပင် ဆုံးဖြတ်ချက်ချမိပါသည်။

'ချမ်းမြေ့ရိပ်သာဆရာတော်အပေါ် ယုံကြည်လေးစား၍ လည်းကောင်း၊ မအားလပ်၍လည်းကောင်း ဝိပဿနာရှုနည်း ကျမ်း ကြီးကို မကြည့်မိခဲ့သောမိမိသည် ချမ်းမြေ့ဆရာတော်၏ စကားကို ကြားနာပြီး ၁၂ နှစ်ကြာမှ အချိန်ရသဖြင့် ဝိပဿနာရှုနည်းကျမ်း ကြီးကို စေ့စေ့စပ်စပ် ကြည့်ရှုမိပါသည်၊ ကြည့်ရှုခြင်း၏အကြောင်းကတော့ မိမိအတွက် ဝိပဿနာ ရှုနည်းရလို၍ ကြည့်ရှုခြင်းပါပဲ။

'သို့အတွက် ကြည့်ရင်းကြည့်ရင်း မဟာစည်ဆရာတော် ဘုရား၏ အရေးအသားအဆင့်အတန်းမြင့်မားပုံ၊ အယူအဆ ပြတ်သားပုံ၊ စာပေနှံ့စပ်ကျွမ်းကျင်ပုံ၊ အထောက်အထား ခိုင်လုံပုံတို့ကို တွေ့ရတော့ ၁၂နှစ်ကျော်ကြာခဲ့တဲ့ ချမ်းမြေ့ ရိပ်သာဆရာတော်ရဲ့ "မဟာစည် ဆရာတော်ကြီး၏ ပရိယတ်အရည်အချင်းဟာ ဆဋ္ဌသံဂါယနာတင်ပွဲ ရောက်မှ အလွန်မြင့်မားလာတယ်ဆိုတဲ့စကားဟာ အလွန်မှားတယ်၊ မှားတယ်ဆိုတာ အခိုင်အမာပြနိုင်ပါတယ်၊ ဆဋ္ဌသံဂါယနာ

www.dhammadownload.com



မတိုင်မီကပင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ် အရည်အချင်း မြင့်မားနေကြောင်းသိချင်ရင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားတဲ့ ဝိပဿနာရှုနည်း ကျမ်းကြီးကို ကြည့်ပါ" ဆိုတဲ့စကားကို ပြန်လည်ကြားယောင်ပြီး ချမ်းမြေ့ဆရာတော့် စကားသည် "အလွန်မှန်လှပါပေစွ၊ အလွန်မှန်လှပါပေစွ" ဟု မကြာ မကြာတွေးပြီး မိမိအမြင်မှား ကို ဖယ်ရှားပေးသော ချမ်းမြေ့ရိပ်သာ ဆရာတော်၏ ကျေးဇူးကိုလည်းသတိရ၊ မဟာစည်ဆရာတော်ဘုရားကြီး ကိုလည်း ရှေ့ကထက် ပို၍ လေးနက်စွာ ကြည်ညိုလာရပါတယ်' ဟုရေးသားထားပါသည်။

## သံဃာ့ပရိသတ်ထဲမှာ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ

ချမ်းမြေ့ရိပ်သာ ဦးဥဗ္ဗောတနက မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက်မှ ဆရာတော်နှစ်ပါး ပြောဖူးသည့်စကားကို ယခုလို ပြန်ပြောပြပါသည်။ မဟာဝိသုဒ္ဓါရုံတိုက်မှ မင်္ဂလဗိမာန်ဆရာတော်က ပြောဖူးသည်မှာ "ချမ်းမြေ့ဆရာတော်က သာသနာတော်အတွက် တော်တော်အလုပ် လုပ်တာပဲ၊ သာသနာစိတ်တခုတည်းပဲ ရှိတယ်၊ လူမှုရေးတွေ ဘာတွေ သူ့စိတ်ထဲမှာ မရှိဘူး၊ ဘယ်သူ နေမကောင်းလို့ဆိုပြီး အိမ်သွား မေးတယ် မြန်းတယ်ဆိုတာ ငယ်ငယ်ကတည်းက မရှိဘူး၊ နိုင်ငံခြားကို မကြာခဏသွားပေတဲ့လဲ ပြန်လာရင် ဒကာဒကာမတွေကို ဘာပေး တယ် ညာပေးတယ်ဆိုတာလဲ မရှိဘူး၊ လူမှုရေး ဘာတခုမှ သူမှာ မရှိဘူး၊ သာသနာတော်အတွက် သက်သက်ပဲရှိတယ်၊ သံဃာ့ ပရိသတ်ထဲမှာ စကားပြောရင်လဲ တည်တည်ငြိမ်ငြိမ်ဣန္ဒြေရရနဲ့

www.dhammadownload.com



သင့်လျော်တဲ့စကားလုံး ရွေးပြီး ဖြေးဖြေးမှန်မှန် အေးအေးလေးနဲ့ တကယ့်ထေရ်ကြီးဝါကြီး ဆရာတော်ကြီးဆန်ဆန် လေးလေးနက်နက် ပြောလေ့ရှိတယ်” လို့ ပြောဖူးပါသည်။

ဇမ္ဗူမော်ဆရာတော်ကလည်း “ချမ်းမြေ့ဆရာတော်က စကားကို ချင့်ချင့်ချိန်ချိန် ပြောလေ့ရှိတယ်၊ တခွန်းဆိုတခွန်း ထိထိရောက်ရောက် ပြောတတ်တယ်၊ ဘယ်တော့မှ လက်လွှတ်စပယ် မပြောဘူး၊ ဆရာတော်က အနေအထိုင်တော်သလို စကားပြောလဲ သိပ်သည်းကျစ်လျစ်တယ်” ဟု ပြောဖူးကြောင်း ဦးဥက္ကာတနက ပြန်ပြောပြပါသည်။

ဆရာတော်ဘုရားက လူမှုရေး မလုပ်ဘူးဆိုသော်လည်း လေဘေး၊ ရေဘေး၊ မီးဘေးစတဲ့ သဘာဝဘေးရန်များကြောင့် ဒုက္ခရောက်နေသော လူများကိုမူ ဆင်းရဲသက်သာစေရန် တတ်နိုင်သမျှ ကူညီစောင့်ရှောက် လှူဒါန်းသမှုပြုပါသည်။

## စွယ်စုံရဆရာတော်

ဒေါက်တာဒေါ်ပိုပိုကလည်း အခုလို ပြောပြပါသည်။ “ဆရာတော်ဘုရားဟာ အများအပေါ် မေတ္တာစိတ်ထားပြီး အမြော်အမြင် ဆင်ခြင်ဉာဏ်လဲ အလွန်ကြီးမားပါတယ်၊ အသိပညာ၊ အတတ်ပညာလဲ စွယ်စုံရပြီး ဘာမျှမတတ်တာ မရှိသလိုပါပဲ၊ အဆောက်အအုံဆောက်တဲ့နေရာမှာလဲ ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်းက စပြီး နားလည်တော့ လုပ်တဲ့လူတွေကို သေသေချာချာ ညွှန်ပြပေးနိုင်ပါတယ်၊ လူကဲခတ်လဲတော်တယ်၊ လူတိုင်းရဲ့စိတ်ကိုလဲ သိနေတယ်လို့

www.dhammadownload.com



တောင် ထင်ရပါတယ်၊ ဒါကြောင့် ဆရာတော့်အကြောင်းကို သေသေချာချာသိတဲ့ ပုဂ္ဂိုလ်များက ရိုသေလေးစားကြ၊ ကြည်ညိုကြတယ်၊ နိုင်ငံခြားသား ယောဂီများကလဲ ဆရာတော်ဘုရားကြီးဟာ ဝိပဿနာ ပြပေးတဲ့ ဆရာတော်တပါးဖြစ်သလို ပညာဉာဏ်ထက်မြက်တဲ့ ဆရာတော်တပါးလဲ ဖြစ်ပါတယ်၊ သာသနာအကျိုး ဆောင်ရွက်ရာမှာလဲ ကိုယ်ရော စိတ်ပါ အနားမထားပဲ ပြည်တွင်း ပြည်ပ စေ့စေ့စပ်စပ် သေသေချာချာ ဆောင်ရွက်တာ တွေ့ရပါတယ်၊ ပြီးတော့ Sayadaw is gifted, genius, very smart and knows all လို့ အင်္ဂလိပ်လိုလဲ ပြောကြပါတယ်ဟု ဒေါက်တာဒေါ်ပိုပိုက ပြောပြပါသည်။

## ဓမ္မာစရိယ ဦးဌေးလှိုင်၏အမြင်

ချမ်းမြေ့ပဒေသာပင်ကျောင်းမှ ဘုန်းတော်ကြီးဦးဝါသဝက ယခုလိုပြောပြပါသည်။ "ဘုန်းကြီးသံဃတက္ကသိုလ်မှာ နေစဉ်က တချိန်မှာ ဓမ္မာစရိယဦးဌေးလှိုင်က အတန်းထဲမှာစာသင်နေရင်း အရှင်ဘုရားတို့၊ ချမ်းမြေ့ဆရာတော်ဘုရားကြီးလို ဖြစ်အောင် ကြိုးစားကြပါ၊ ဆရာတော်ဘုရားကြီးဟာ ဝိနည်းဘက်မှာရော စာပေဘက်မှာပါ ပြည့်စုံတယ်၊ စာရေးလည်းရှင်းတယ်၊ အတွေးလည်း ရှင်းတယ်၊ အပြောလည်းရှင်းတယ်၊ ဆရာတော်ကြီးရေးတဲ့ စာပေ တွေဖတ်လိုက်ရင် စိတ်ထဲရှင်းသွားတယ်၊ ဆရာတော်ကြီးက အမြဲတမ်း တည်ငြိမ်အေးချမ်းတယ်၊ ဒကာ ဒကာမနှင့်ဆက်ဆံရာမှာလည်း ဣန္ဒြေရတယ်၊ ပြုပြင်စရာရှိရင်လည်း အရင်းအဖျား ချမ်းသာဆင်းရဲ မခွဲခြားဘဲ အကျိုးအကြောင်းပြပြီး ပြုပြင်ပေးတယ်၊ ဆရာတော်ကြီးက သူကိုယ်တိုင်လည်း ဣန္ဒြေသိက္ခာနဲ့ အချိုးတကျနေထိုင်တယ်၊ အချိုး

www.dhammadownload.com



မကျတဲ့ ပုဂ္ဂိုလ်တွေရင်လည်း သာယာညင်းပျောင်း ဖျောင်းဖျောင်းဖျဖျနဲ့ ပြုပြင်ပေးတယ်၊ ဒီလိုဆရာတော်တွေ သာသနာတော်မှာ ထင်ရှား ရှိနေတာဟာ အရှင်ဘုရားတို့အတွက် အတုယူစရာကောင်းပါတယ်၊ ဒါကြောင့် ဒီလိုဆရာတော်ဘုရားကြီးတွေ မလွန်ခင်မှာ နည်းနာခံပြီး သာသနာမျိုးဆက်ဖြစ်တဲ့ အရှင်ဘုရားတို့ အတုယူကြပါလို့ ”ပြောပြ တိုက်တွန်းကြောင်း ဘုန်းတော်ကြီးဦးဝါသဝက ပြောပြပါသည်။

## ရာပြည့်သချ်ာဆရာ ဦးကြည်ဝင်း၏အမြင်

ရာပြည့်သချ်ာဆရာ ဦးကြည်ဝင်းသည် ဆရာတော်ဘုရား၏ ဥရောပ အမေရိက ဓမ္မခရီးများတွင် နှစ်ကြိမ်တိုင်တိုင် ဝေယျာဝစ္စ ကုသိုလ်ယူကာ ကပ္ပိယဒကာအဖြစ် ဆောင်ရွက်ဖူးပါသည်။ ဦးကြည် ဝင်းကသူ၏ အတွေ့အကြုံကို ပြောပြသည်မှာ “ဆရာတော်ဘုရားဟာ ကျောင်းဆရာရှုထောင့်ကကြည့်ရင် Teaching method သင်ကြားရေး နည်းစနစ် အလွန်ကျွမ်းကျင်တယ်လို့ပြောရမှာပဲ။ ဆရာတော်ရဲ့ နိုင်ငံခြားတရားစခန်းတွေမှာ တရားအားထုတ်သူ အများစုဟာ ဗုဒ္ဓဘာသာဝင်တွေမဟုတ်ပါဘူး၊ အဲဒီလူတွေကို ဆရာတော်ဘုရားက ဝိပဿနာအားထုတ်ပုံကို သေသေချာချာနားလည်အောင်၊ ကြိုးကြိုး စားစား အားထုတ်အောင်၊ စိတ်ဝင်စားလာအောင် ဟောပြောပြသနိုင် ပါတယ်။ နိုင်ငံခြားယောဂီတွေဟာ တနေ့ထက်တနေ့ ပိုပိုစိတ်ဝင် စားလာကာ ပိုပြီးကြိုးစားအားထုတ်လာတာကို တွေ့ရပါတယ်” ဟု ဦးကြည်ဝင်းက ပြောပြပါသည်။

www.dhammadownload.com



## တပည့်တွေကို ဥပေက္ခာပြုမထားဘူး

ချမ်းမြေ့ရိပ်သာ ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသက ပြောပြသည်မှာ "ဆရာတော်ကြီးက တပည့်တိုင်းကို တိုးတက်စေလိုတဲ့ ဆန္ဒ၊ ကြီးပွားစေလိုတဲ့ဆန္ဒ၊ ရဟန်းပီသစေလိုတဲ့ဆန္ဒ အမြဲရှိတယ်၊ ဒါကြောင့် တရားစာပေများများဖတ်ဖို့ လယ်တီဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီးတို့ ရေးတဲ့ဟောတဲ့ စာအုပ်တွေ ဖတ်ကြဖို့ တိုက်တွန်းတယ်၊ တရားဟောတဲ့အခါမှာလဲ တရားသား များများပါအောင်ဟောဖို့၊ ဝတ္တုကြောင်းတွေချည်း အားမကိုးဖို့ သိက္ခာသုံးပါး ဖြည့်ကျင့်တာဟာ ရဟန်းဘဝပဲဆိုတာ အမြဲသတိရဖို့ မကြာခဏ သတိပေးပါတယ်။

"တပည့်တယောက်ယောက် အပြစ်တခုခု ပြုမိရင်လည်း အပြစ်မတင်ဘဲ နောင်အခါမှာ ဒီအပြစ်မျိုးရော တခြားအပြစ်များပါ မပြုမိအောင် သတိထားဖို့ အကျိုးအကြောင်းပြပြီး ဆုံးမတယ်၊ တပည့်တွေကိုချီးမြှောက်ရင်လည်း တပည့်ရဲ့အရည်အချင်းအလိုက် ထိုက်သင့်သလို ချီးမြှောက်တယ်၊ တပည့်တွေကို ဘယ်တော့မှ ဥပေက္ခာပြု လျစ်လျူရှုမထားဘူး၊ အမြဲတမ်း သတိပြုကြည့်ရှု စောင့်ရှောက်တယ်"ဟု ဘုန်းကြီးကပြောပြပါသည်။

"ဆရာတော်ဘုရားကြီးက တပည့်တွေနဲ့ဆက်ဆံရာမှာလဲ မလိုအပ်တဲ့စကား အကျိုးမရှိတဲ့စကား၊ စကားဖြစ်ရုံမျှ စကားကို မပြောဘူး၊ တန်ဖိုးရှိတဲ့စကား အကျိုးရှိတဲ့စကားကိုပဲ လိုရင်းကို တိုတို ရှင်းရှင်းပဲ ပြောလေ့ရှိပါတယ်၊ တချို့ဆရာတော်ကြီးတွေကတော့ စကားပြောရင် ရှေးဟောင်းနှောင်းဖြစ်တွေကစပြီးတော့ တပည့်တွေနဲ့

www.dhammadownload.com



ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး မိန့်ကြားတတ်ကြတယ်၊ ဘုန်းကြီးတို့ ဆရာတော်ကြီးကတော့ အဲဒီလို ဘယ်တော့မှ မမိန့်ဘူး၊ လူငယ်စကား ဘယ်တော့အခါမှ မပြောဘူး၊ ဒါကြောင့် တပည့်တွေက အလိုလို ချစ်ကြောက်ရိုသေကြတယ်” လို့ ဘုန်းကြီးကပြောပြပါသည်။

ဆရာတော်ဘုရားသည် တပည့်များကို ဆုံးမရာမှာ အောက်ပါ တရားဆောင်ပုဒ်ကလေးမျိုးကို ရေး၍လည်း ရွတ်ဆိုစေသည်။

## စိတ်ထားဖြူစင်သူတော်စင်

စိတ်ထားဖြူစင်၊ သူတော်စင် ၊ အစဉ်ချမ်းသာသည်။
ကိုယ်ကျင့်ဖြူစင်၊ သူတော်စင်၊ အစဉ်ချမ်းသာသည်။
စိတ်ထားလဲဖြူ ကိုယ်ကျင့်ဖြူ ၊ နတ်လူချစ်ခင်သည်။
ဖြူစင်စိတ်ဓာတ်၊ သူတော်မြတ်၊ ရောက်လတ်နိဗ္ဗာန်ပြည်။

### အမြဲနှလုံးသွင်း လိုက်နာကျင့်သုံးရမည့်တရားများ

သူတပါးအပြစ်ကို မိမိ၏နှလုံးအိမ်မှာမစိမ်နှင့်။
အားလုံးအပေါ် မေတ္တာပွား၊ ခွင့်လွှတ်သည်းခံစိတ်၊ များများထား။
မိမိအပြစ်ကို အမြဲတစေ ကြည့်ရှုစစ်ဆေး၊ ကိုယ်၊ နှုတ်၊ စိတ် အပြစ်ကင်းအောင် ပြုပြင်ပေး။
အရာရာတွင်အကောင်းမြင်ဘက်မှကြည့်၍ သင့်တင့်အောင် နှလုံးသွင်း။
ယောနိသောမနသိကာရ လက်ကိုင်ထား။
အမြဲတစေ အကုသိုလ်ပါး ကုသိုလ်ပွားအောင် ကြိုးစား နေထိုင်ပါ။

www.dhammadownload.com



## ဝိနည်းသင်ပေးခြင်း

တာချီလိတ်မြို့ တောင်ပေါ်ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဦးဝိရောစနက ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ မေတ္တာရိပ်ကို ခိုလှုံရ၍ အကျိုးကျေးဇူးများပုံကို ယခုလိုပြောပြပါသည်။

"ဘုန်းကြီးချမ်းမြေ့ရိပ်သာမှာနေခဲ့စဉ်က ဆရာတော်က တပည့်သံဃာတွေ ဝိနည်းတော်နှင့်အညီ နေထိုင်တတ်အောင် ရဟန်းခံ၊ ကထိန်၊ သိမ်စတဲ့ အရေးကြီးတဲ့ ဝိနည်းအချက်အလက်တွေကို ရွေးပြီး အလုပ်များတဲ့ ကြားထဲကနေ သင်ပေးပါတယ်၊ အဲဒီတုန်းက ဆရာတော်ကြီးက အခုလောက် အလုပ်မများသေးတော့ နေ့စဉ်အချိန် အနည်းငယ်ရအောင်ယူပြီး သင်ပေးတာပါ၊ ဝိနည်းသင်တန်းလို့ ဆိုရမှာပါပဲ၊ ဝိနည်းနှင့်ပတ်သက်တဲ့ မသိဖူးမကြားဖူးသေးတဲ့ဗဟုသုတ တွေ အများကြီးသိရတယ်၊ အရေးကြီးတဲ့အချက်တွေပေါ့၊ ဒါကြောင့် ဝိနည်းဗဟုသုတဆည်းပူးလိုတဲ့ သံဃာတိုင်း ဆရာတော့် သင်တန်းကို အလွတ်မခံနိုင်ကြဘူး၊ အထူးကြိုးစားပြီး မှန်မှန်တက်ကြတယ်။

"အထူးသဖြင့် သိမ်အကြောင်းကို သင်ယူမှတ်သားရတဲ့အခါ ဦးပဇင်း ရှေးကမသိဖူး မမှတ်သားဖူးတဲ့ အကြောင်းအရာတွေကို မြောက်မြားစွာ သိခွင့်ရလို့ ဝမ်းသာလို့မဆုံးဘူး၊ ဒီလိုသိသင့် သိထိုက်တာ တွေကို သိခွင့်ရတာဟာ ဆရာတော်ဘုရား၏ တပည့်များအပေါ် ထားတဲ့ မေတ္တာကြီးမားလို့ပဲလို့ စဉ်းစားမိပြီး ဆရာတော်ဘုရားကို ပိုပြီး ကြည်ညိုလာပါတယ်" ဟု ဆရာတော်ဦးဝိရောစနက ပြောပြပါသည်။

ဆရာတော်ဘုရား ဥပုသ်နေ့တိုင်း ဩဝါဒပေးတဲ့အခါမှာ လည်း ဝိနည်းအကြောင်း အနည်းဆုံး တခုပဲဖြစ်ဖြစ် ပါတတ်ကြောင်း

www.dhammadownload.com



သိရပါသည်၊ မိမိဘက်က တာကို လုံအောင်လုပ်ဖို့ သတိပေးခြင်း ဖြစ်ပါသည်။

## သူများဦးချခံနိုင်အောင် နေထိုင်ကြ

မော်ဘီချမ်းမြေ့ရိပ်သာမှ ဘုန်းကြီး ဦးကိတ္တိဓဇက ယခုလိုပြော ပြပါသည်။ "ဆရာတော်ကြီးက တပည့်တွေကို ဩဝါဒပေးတော့ တချိန်မှာ စကားတခွန်းတည်းနဲ့ ပြည့်စုံအောင် ဆုံးမတာ မှတ်သား ရပါတယ်၊ အဲဒီစကားကတော့ "ကိုယ့်ကိုသူများ ဦးချခံနိုင်အောင် နေထိုင်ကြ" ဆိုတဲ့စကားပါပဲ၊ အဲဒီဩဝါဒကို သိပ်သဘောကျတာပဲ၊ သိပ်ကောင်းတာပဲ၊ စကားတလုံးတည်းနဲ့ အကုန်ပါသွားတယ်၊ ကိုယ့် ဘက်က ရဟန်းကျင့်ဝတ် မချွတ်ယွင်းပါမှ သူများဦးချခံနိုင်မယ်၊ မကျင့်ဘဲ ချွတ်ယွင်းနေရင်တော့ သူများက ဦးတကြိမ်ချတိုင်း ကိုယ့် အတွက် အပါယ်မှာ တမှတ်တိုးနေတာပေါ့၊ ဒီတော့ ဘာအမှတ်မှမရှိပဲ သူများဦးချခံနိုင်အောင် ကိုယ့်ဘက်က မလိုရအောင် ကျင့်ဖို့ အလွန် အရေးကြီးတယ်" ဆိုတဲ့သဘောပါပဲ။

## အသိမရှင်းတာမေးမြန်းလျှင် ရှင်းအောင်ဖြေကြားပေးခြင်း

လယ်ဝေးချမ်းမြေ့ရိပ်သာဆရာတော် ဦးဘဒ္ဒိယက တချိန်မှာ သူအသိမရှင်းတဲ့ တရားအချက်အလက်တခုကို မေးမြန်းလျှောက်ထား ရာ ဆရာတော်ဘုရားက တိုတိုကျဉ်းကျဉ်း လိုရင်းကိုဖြေကြားပေး သဖြင့် အသိရှင်းသွားကြောင်း ယခုလို ပြောပြပါသည်။

"တပည့်တော် စာအုပ်တအုပ်မှာ 'ဆုတောင်းတဲ့အခါ ကိုယ်လိုတဲ့ဆုနဲ့ပြည့်စုံဖို့ သဒ္ဓါရှပေက္ခာဉာဏ်နဲ့ ပြည့်စုံရမယ်' လို့

www.dhammadownload.com



ဖတ်ရပါတယ်ဘုရား၊ အဲဒါ ဟုတ်ပါသလားဘုရားလို့ မေးလျှောက်ပါတယ်၊ ဆရာတော်ဘုရားက မဆိုင်းမတွပဲ ဆုတောင်းပြည့်ဖို့ဆိုတာ သင်္ခါရုပေက္ခာဉာဏ်နဲ့ မသက်ဆိုင်ပါဘူး၊ အဲဒီစာအုပ်ရေးသားသူဟာ **သင်္ခါရုပေက္ခာဉာဏ်**နှင့် **သင်္ခါရုပပတ္တိသုတ်**ကို အမှတ်မှားသွားပုံရပါတယ်၊ **ဥပရိပဏ္ဏာသ** ပါဠိတော်မှာ **သင်္ခါရုပပတ္တိသုတ်** ဆိုတာပါပါတယ်၊ အဲဒီသုတ်မှာ မြတ်စွာဘုရားက သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဒီတရား ငါးပါးပြည့်စုံတဲ့သူမှ လိုချင်တဲ့ဆုတောင်း ပြည့်စုံနိုင်ကြောင်း မိန့်ကြားထားပါတယ်။ မိမိလိုချင်တဲ့ ဆုတောင်းပြည့်စုံဖို့ရာ ရတနာသုံးပါးကို ဉာဏ်နဲ့သက်ဝင် ယုံကြည်တဲ့**သဒ္ဓါ၊ စတုပါရိသုဒ္ဓိသီလ**၊မြတ်စွာဘုရားတရားတော်ကို များစွာနာကြားခြင်း **သုတ**၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း **စာဂ**၊ မိမိ၏ကောင်းမှုမကောင်းမှုသည်သာလျှင် မိမိ၏ကိုယ်ပိုင်ဥစ္စာပဲဟု ယုံကြည်သိမြင်တဲ့ **ကမ္မဿကတာသမ္မာဒိဋ္ဌိ**ခေါ်တဲ့**ပညာ** ဒီငါးပါးပြည့်စုံအောင်အားထုတ်ရပါတယ်၊ အဲဒီငါးပါး ပြည့်စုံမှ မိမိလိုအပ်တဲ့ဆုတောင်း ပြည့်စုံကြောင်း ဆရာတော်ကြီးက မိန့်ကြားပါတယ် ” ဟု ဆရာတော် ဦးဘဒ္ဒိယက ပြောပြပါသည်။ မိမိ၏ အသိမရှင်းတာ ရှင်းသွားတဲ့အတွက် အထူးဝမ်းသာပြီး ဆရာတော်ကိုလည်း ရှေးကထက်ပိုမိုပြီး ကြည်ညိုအားထားစိတ်ဖြစ်ပေါ်ကြောင်း ပြောပြပါသည်။

## ရဟန်းသံဃာတပည့်များသာ မဟုတ်

ဆရာတော်ဘုရားသည် ရဟန်းသံဃာတပည့်များကိုသာ မဟုတ်၊ လူတပည့်များကိုလည်း စိတ်နေစိတ်ထား၊ အပြောအဆို၊ အနေအထိုင်တို့ကို နည်းလမ်းညွှန်ပြ ဆုံးမသွန်သင်ပါသည်။

www.dhammadownload.com



ဆရာတော်ဘုရား၏ ဆုံးမသွန်သင်မှုကို လေးလေးစားစား လိုက်နာနေထိုင်ကြသူများမှာ ဘယ်နေရာသွားသွား အစစအရာရာ အောက်တန်းမကျပဲ အဆင့်ရှိရှိ အဆင်ပြေပြေ နေတတ်၊ ထိုင်တတ်၊ ပြောဆိုဆက်ဆံတတ်ကြ၍ လူထဲသူထဲ ဝင်ဆံ့ကာ ချမ်းသာကြပါသည်။

## ဆရာကောင်းတပည့်ပန်းကောင်းပန်

ကျွန်မသည် ပညာရေးဝန်ထမ်းဖြစ်၍ အနယ်နယ်အရပ်ရပ်သို့ ပြောင်းရွှေ့ အမှုထမ်းရပါသည်။ ရောက်လေရာနေရာတိုင်းမှာ အခွင့်သင့်တိုင်း နီးရာတရားရိပ်သာ၌ အချိန်ရသလောက် တရားဝင်လေ့ရှိပါသည်။ ဟသ်ာတမှာ တာဝန်ကျစဉ်က မဟာစည်သာသနာ့ရိပ်သာ၌ ဝင်ရောက်တရားအားထုတ်ပါသည်။ တရားပြတဲ့ဆရာတော်က အရင်ကတရားဝင်ဖူးခြင်း ရှိမရှိမေးမြန်းပါသည်။ ရန်ကုန်ချမ်းမြေ့ရိပ်သာ၌ အခွင့်သင့်တိုင်း ဝင်ရောက်အားထုတ်ကြောင်း လျှောက်ထားရာ ဆရာတော်က 'ချမ်းမြေ့ဆရာတော်ဘုရားကြီးရဲ့ တပည့်ဆိုရင် ဘုန်းကြီးတို့က အထူးပြောဖို့ မလိုတော့ပါဘူး၊ စည်းကမ်းရှိပြီးသား အချိုးကျပြီးသား ဖြစ်မှာပါ' ဟု မိန့်ပါသည်။ တရားဝင်ချိန်မှစ၍ ရန်ကုန်ချမ်းမြေ့ရိပ်သာတွင် ဆရာတော်ဘုရားသွန်သင်ညွှန်ကြားဆုံးမထားသည့်အတိုင်း ယခုလည်းအသေးစိတ်အမူအရာမှစပြီး မလွတ်ရအောင် ရှုမှတ်လျက် အထူးဂရုစိုက်ကာ ကြိုးကြိုးစားစား အားထုတ်ပါသည်။ တရားပြဆရာတော်က တခြားယောဂီများကိုလည်း ဒီယောဂီလို အသေးစိတ်အမူအရာမှစပြီး မလွတ်ရအောင် ကြိုးကြိုးစားစား ရှုမှတ်ကြဖို့ ဩဝါဒပေးသည်ဟု ကျွန်မ၏ ဓာတုဗေဒဌာနမှ ဆရာမများ ပြန်ပြောပြ၍ သိရပါသည်။ ဆရာကောင်း၍

www.dhammadownload.com



တပည့်ပန်းကောင်းပန်ရခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရား၏ ကျေးဇူးတရားကြီးမားလှပါသည်။

## ယောဂီများကို ဂရုစိုက်ခြင်း

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် တပည့်ယောဂီများကို အထူးဂရုစိုက်ပါသည်။ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေးမှစပြီး မလိုရအောင် စောင့်ရှောက်ပါသည်။ တရားအားထုတ်ပုံ အားထုတ်နည်းကိုလည်း သတိပဋ္ဌာန်ဆိုတဲ့စကားလုံး၊ ဝိပဿနာဆိုတဲ့ စကားလုံးများရဲ့ အဓိပ္ပါယ်မှစ၍ သေသေချာချာ သဘောပေါက် အောင် အရပ်စကားဖြင့် အကြိမ်ကြိမ်ရှင်းပြပါသည်။ ရှုမှတ်မှုသတိချင်း ဆက်စပ်မိအောင် အားထုတ်ဖို့လိုကြောင်းကိုလည်း အကျိုးအကြောင်း ဆက်စပ်ကာ သဘာဝကျကျ ရှင်းပြပါသည်။

## တရားစစ်ရာ စိတ်ရှည်ပါသည်

ယောဂီများ မိမိတို့အားထုတ်သည့်တရားကို လျှောက်ထားသည့်အခါ ဆရာတော်သည် စိတ်ရှည်လက်ရှည် ဂရုစိုက်၍နားထောင်ပါသည်။ တရားလျှောက်တာကို တည်တည်ငြိမ်ငြိမ် အေးအေးလေးနှင့် ယောဂီလျှောက်ထားသည့်စကား ပြီးဆုံးအောင် သေသေချာချာ နားထောင်ပါသည်။ ယောဂီတရားလျှောက်လို့ ဆုံးသွားမှ ပြုပြင်သင့်သော အချက်တွေကို ပြုပြင်ပေးပါသည်။ ယောဂီက စိတ်ကူးတွေ၊ ကြားဖူး နားဝတွေ၊ စာတရားတွေလျှောက်ရင်တော့ ချက်ချင်းသိပြီး အဲဒါတွေ ဟာ တရားမဟုတ်ဘူး၊ အားထုတ်ရင်း မိမိကိုယ်တိုင်တွေ့တာမှ တရား၊ အဲဒါကိုသာ လျှောက်လို့ ချက်ချင်းမိန့်ပါသည်။

www.dhammadownload.com



ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ အမှူးဆောင်တဦးဖြစ်သူ ဒေါ်ခင်မြင့်က ယခုလိုပြောပြပါသည်။ "ဆရာတော်ဘုရားက မဟာစည်ရိပ်သာမှာ သီတင်းသုံးစဉ်ကတည်းက ယောဂီတွေကို တရားစစ်တဲ့အခါ မျက်နှာထား တည်တည် အေးအေးထားပြီး ယောဂီလေးစားမှုရှိအောင် ဟောပြောပြသ ပြုပြင်ပေးပါတယ်၊ ဒါပေမယ့် တရားဟောရာမှာတော့ ဆရာတော်မေးသမျှ ယောဂီများဖြေဝံ့အောင် ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ယောဂီများကို ဟောပြောလိုက်၊ မေးလိုက်၊ ဖြေလိုက်နှင့် ခပ်ရွှင်ရွှင်လေး ဟောပြောပါတယ်" လို့ ဒေါ်ခင်မြင့်က ပြောပြပါသည်။

## ယောဂီစောင့်ရှောက်တာ မပေါ့ကြပါနှင့်

ဆရာတော်ဘုရားသည် ယောဂီများအားထုတ်နိုင်သလောက် ရက်အတွင်းမှာ ဖြစ်နိုင်သမျှ တရားသိစေ၊ တွေ့စေလိုတဲ့ဆန္ဒ အမြဲရှိပါသည်။ ဒါကြောင့် ယောဂီများ ကြိုးကြိုးစားစား အားထုတ်ကြစေရန် တပည့်များကို နှစ်ပါးတတွဲ အလှည့်ကျ စောင့်ရှောက်ဖို့ တာဝန်ပေးထားပါသည်။ မကြာခဏလည်း စောင့်ရှောက်မှုမပေါ့ဖို့ သတိပေးပါသည်။ "ဦးပဇင်းတို့ ယောဂီတွေကို စောင့်ရှောက်တာ မပေါ့ကြပါနဲ့၊ စကားမပြောအောင် အသေးစိတ်အမူအရာကအစ စေ့စေ့စပ်စပ်ရှုမှတ်အောင် တိုက်တွန်းကြ၊ စောင့်ရှောက်ကြပါ။ သူတို့ဟာ အချိန်အားနေလို့ လာပြီး အားထုတ်ကြတာ မဟုတ်ဘူး၊ အိမ်ကအလုပ်တွေကို မဖြစ်ဖြစ်အောင်ထားခဲ့ပြီး မအားတဲ့ကြားထဲကနေ လာအားထုတ်ကြတာပါ၊ သူတို့အားထုတ်နိုင်တဲ့ရက်နဲ့ ထိုက်တန်တဲ့တရား အသိ၊ တရားအတွေ့ရသွားစေချင်ပါတယ်၊ ဒါကြောင့် သေသေချာချာ

www.dhammadownload.com



စောင့်ရှောက်ကြပါ၊ တရားဟောတဲ့အခါမှာလဲ ယောဂီအကျိုးရှိမယ့် တရား အလေးထားပြီး ဟောကြားကြပါ” လို့ မကြာခဏ သတိပေး ပါသည်။

## မငေါက်မမာန်ပါနှင့်

တခါတလေတော့ ပြောစကားနားမထောင်တဲ့ ယောဂီမျိုး လည်း အနည်းအပါး တွေ့ရတတ်ပါတယ်၊ အဲဒီလိုယောဂီမျိုးတွေ့ရင် ငေါက်တာမာန်တာတော့ မလုပ်ကြပါနှင့်၊ ကောင်းရာကောင်းကြောင်း ပြောကြားညွှန်ပြတဲ့စကားကို နားမထောင်ရင် သူ့ထိုက်နဲ့ သူ့ကံပဲလို့ ထားလိုက်ကြပါ၊ ယောနိသော မနသိကာရပေါ့။ ယောဂီသာမဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ငေါက်တာမာန်တာတော့ မလုပ်ကြပါနဲ့၊ ကောင်းတဲ့ အလေ့အကျင့်မဟုတ်ပါဘူး၊ သာယာညင်းပျောင်း အကျိုး အကြောင်း ပြောပြတာ အကောင်းဆုံးပါပဲ၊ ဒါမှ မလိုက်နာရင်တော့ မတတ်နိုင် ဘူးပေါ့ဟု ဆရာတော်က နည်းပေးညွှန်ကြားပါသည်။ ဆရာတော်ဘုရား သည်လည်း သက်တော်ငယ်စဉ်က တခါတရံ စိတ်အခန့်မသင့်လျှင် ငေါက်တတ်မာန်တတ်သော်လည်း သက်တော် နည်းနည်းရင့်လာသည့် အချိန်မှစ၍ မငေါက်မမာန်တော့ပါ၊ ငေါက်စရာ မာန်စရာလည်း မလိုတော့ပါ၊ ဆရာတော်ဘုရား၏ ကြီးရင့်လာသော သက်တော် ရှယ်တော်နှင့် တည်ကြည်ငြိမ်သက်သော ဣန္ဒြေသိက္ခာကြောင့် ဖူးမြော်သူ သူတော်စင်တိုင်း ရိုသေလေးစား ခန့်ညားကြပါသည်။ ရှေးဘုန်းရှေးကံ အရှိန်အဝါလည်းပါသည်ဟု ဆိုရမည် ထင်ပါ သည်။

www.dhammadownload.com



## ဘိုးဘွားတို့ပေးသောဆု

ကျွန်မတို့ မြန်မာ့ယဉ်ကျေးမှုအရ နှစ်သစ်ကူးအခါတော်နှင့် သီတင်းကျွတ်အခါတော်များတွင် ဘိုးဘွားများကို ပူဇော်ကန်တော့ကြပါသည်၊ ထိုအခါ ဘိုးဘွားတိုင်းလိုလိုက "ဘုန်းကြီးကြပါစေ၊ အသက်ရှည်ကြပါစေ" ဟု ဆုပေးကြပါသည်၊ ဘိုးဘွားတို့၏ ထိုဆုပေးသည် ကြောင်းကျိုးဆီလျော်ညီညွတ်၍ သဘာဝကျလှပါသည်။

ပူဇော်ကန်တော့သူတို့သည် မိမိတို့၏ ကိုယ်နှင့်စိတ်ကို နှိမ့်ချ၍ ဘိုးဘွားတို့၏ ကြည်ညိုမြတ်နိုးဖွယ်၊ ရိုသေလေးစားဖွယ်ဂုဏ်သိက္ခာတို့ကို စိတ်မှာထားလျက် ရိုသေစွာ ကန်တော့ခြင်းဟူသော အကြောင်းကြောင့် ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်းစသော အကျိုးများကို ရရှိသည်မှာ သဘာဝကျ၍ ကြောင်းကျိုးညီညွတ်လှပါသည်။

## ဂါရဝ နိဝါတ

ချမ်းမြေ့ဆရာတော်ဘုရားသည် သိက္ခာဝါကြီးသူများကို လွန်စွာ ရိုသေကိုင်းရှိုင်းပါသည်။ အမြဲအတူနေ မဟုတ်ဘဲ တခါတရံ တွေ့ရသော ရဟန်းတော်များကိုလည်း ဆရာတော်ထက် တဝါနှစ်ဝါမျှ ကြီးသောသူများကိုပင် ဦးချကန်တော့လေ့ရှိပါသည်။ ဆင်းရဲနွမ်းပါးသော သိက္ခာဝါကြီးသူများကိုလည်း အရိုအသေပေးလေ့၊ ဂါရဝပြုလေ့ရှိပါသည်။ ဆရာတော်ဘုရား၏ ရှေးဘဝတွေမှာ ပြုခဲ့သော ဂါရဝ နိဝါတကုသိုလ်၊ ယခုဘဝမှာပြုသော ဂါရဝ နိဝါတကုသိုလ်များက ဘိုးဘွားတို့ ဆုပေးသလို ဘုန်းကံအရှိန်အဝါများ ရစေသည်ဟု ဆိုရမည်ထင်ပါသည်။

www.dhammadownload.com



## ဘုန်းတန်ခိုး အရှိန်အဝါ

တချိန်က ချမ်းမြေ့မြိုင်ဆရာတော် ဦးကုန္ဒကက ယခုလိုပြော ပြပါသည်။ "လောကမှာ တန်ခိုးကြီးတယ်ဆိုတာ အရှိန်အဝါ ကြီးတာ ပါပဲ၊ မန္တလေးမြို့ မဟာမြိုင်ဆရာတော်က တခါပြောဖူးပါတယ်၊ 'တနေ့မှာ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မယ် ဆရာ၊ ဆရာမ ကျောင်းသူ ကျောင်းသားများ စုပေါင်းပြီး ဝါဆိုသင်္ကန်းကပ်ကြတယ်၊ ကျောင်းသားတွေဆိုတော့ ပျော်ပျော်ပါးပါး တဦးနှင့်တဦး နောက် ပြောင်ပြီး ပြောင်လှောင်ပြောဆို နေကြတယ်၊ ဆူညံနေတာပေါ့။ ပင့်ထားတဲ့ သံဃာတချို့ကြွလာကြတော့လဲ ကျောင်းသားတွေက အဆူမရပ်ကြဘူး၊ မဟာမြိုင်က သံဃာငါးပါး ကြွလာတော့လဲ ဆူညံမြဲ ဆူညံနေတာပဲ၊ ချမ်းမြေ့ဆရာတော်ကြီးလဲ ကြွလာရော မီးကိုရေနဲ့ ငြိမ်းသတ်လိုက် သလို ငြိမ်ကျသွားတယ်၊ ဘာဆူညံသံမှ မရှိတော့ဘူး၊ ဘုန်းတန်ခိုး အရှိန်အဝါကြီးတယ်ဆိုတာ အဲဒါပဲ'လို့ မဟာမြိုင် ဆရာတော်က မိန့်ပါ တယ်" ဟု ဆရာတော် ဦးကုန္ဒကက ပြောပြပါသည်။

" နောက်တခုက ဘုန်းကြီးတို့မှော်ဘီချမ်းမြေ့ရိပ်သာမှာပါ၊ ၁၉၉၇ ခုနှစ်တုန်းက မှော်ဘီ အ.ထ.က(၈) က ကထိန်ခင်းဖို့ ကထိန် လှူဖွယ်တွေ လာပို့ကြပါတယ်၊ ကျောင်းသားတွေက မူလတန်းကစပြီး တက္ကသိုလ်ဝင်တန်းအထိ အကြီးရောအငယ်ပါ အရွယ်စုံပါလာပါ တယ်၊ မွှာရုံကြီးအပြည့်ပါပဲ၊ အဲဒီမှာလဲ စောစောပိုင်းမှာ ကျောင်းသား တွေ အချင်းချင်း ပြောကြ၊ ဆိုကြ၊ ပြောင်ကြ၊ လှောင်ကြ ဆူညံနေတာ ပဲ၊ ကလေးငယ်တွေလဲပါတော့ ငိုတဲ့သူကလဲ ငိုလို့၊ ရယ်တဲ့သူကလဲ ရယ်လို့၊ တိတ်တိတ်နေဘို့ရာ ဘုန်းကြီးတို့ ပြောလို့လဲ မရဘူး၊ သူတို့

www.dhammadownload.com



ဆရာမတွေလဲမနိုင်ဘူး၊ ခဏကြာတော့ ချမ်းမြေ့ဆရာတော်ကြီး ကားနဲ့ ကြွလာပြီး ကားပေါ်ကလဲ ဆင်းလိုက်ရော ကျောင်းသားတွေ အားလုံး ငြိမ်ကျသွားတာပဲ၊ ဘာအသံမှ မကြားရတော့ဘူး၊ အဲဒါ သိသိသာသာ ခံစားလိုက်ရတယ်။

ဘုန်းကြီးတခုစဉ်းစားမိတာက ကျောင်းသားကြီးတွေကတော့ ကြီးတဲ့လူတွေမို့ အသိဉာဏ်ရှိလို့ ရိုသေထိုက်၊ လေးစားထိုက်သူရှိရင် မဆူရဘူးဆိုတဲ့ အသိဉာဏ်နဲ့ ငြိမ်ကျသွားတာ သဘာဝကျပါတယ်၊ ဒါပေမယ့် ကလေးတွေကျတော့ အဲဒီလိုဘယ်သိတတ်မလဲ၊ မသိတတ် သော်လဲ ဆရာတော်ကြီးရဲ့ ဘုန်းကံအရှိန်အဝါကြောင့် သူတို့ကလေး တွေ ငြိမ်ကျသွားတယ်လို့ ဘုန်းကြီးက စဉ်းစားမိတယ်" ဟု ဆရာတော် ဦးကုန္ဒကက မိန့်ပါသည်။

## ဆရာတော့်ဘုန်း မိုးမချုန်း

ကျွန်မသည် ၂၀၁၁ ခုနှစ် သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာသို့ ယဉ်ကျေးမှုသင်တန်းအတွက် စာသွား သင်ပေးရပါသည်။ ပြင်ဦးလွင် အနီးစခန်း အကယ်ဒမီပညာဗိမာန် ကျောင်းမှ ကျောင်းသူကျောင်းသားများကို ပြင်ဦးလွင်ချမ်းမြေ့ရိပ်သာ ၌ ယဉ်ကျေးမှုသင်တန်း သင်ပေးပါသည်။ ထိုအချိန်တွင် မြန်မာပြည် အလယ်ပိုင်း၌ မုန်တိုင်းဝင်၍ ပြင်ဦးလွင်မှာ ၂ ရက်လောက် မိုးတွေ အုံ့ပြီး မိုးရွာပါသည်။ ထိုအတောအတွင်း၌ ချမ်းမြေ့ဆရာတော်ဘုရား ကြီးသည်လည်း ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ၌ စာရေးတံမဲအလှူပွဲပြု လုပ်ရန်နှင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း၌ တရားပွဲချီးမြှင့်

www.dhammadownload.com



ရန် ပြင်ဦးလွင်သို့ ကြွလာပါသည်။ တရားပွဲကို နိုဝင်ဘာလ ၂၀ ရက် နေ့ ညနေတွင် ဟောကြားချီးမြှင့်ရန် ဖြစ်ပါသည်။ မိုးတွေရွာနေလို့ တရားပွဲပျက်မည်ကို အားလုံးက စိုးရိမ်နေကြပါသည်။ တရားဟော မည့်နေ့ နံနက်ပိုင်းတချိန်လုံးနှင့် မွန်းလွဲပိုင်းတွင် ရွာနေသောမိုးသည် ညနေ ၄ နာရီလောက်တွင် မည်းမှောင်နေရာမှ တိတ်သွားပြီးလျှင် နေထွက်လာပါသည်။ ထိုအချိန်မှစ၍ မိုးမရွာတော့ဘဲ လင်းလင်း ချင်းချင်း ခြောက်ခြောက် သွေ့သွေ့ ဖြစ်သွားရာ ၆ နာရီခွဲတွင် ချီးမြှင့်သည့် တရားပွဲကို တရားနာပရိသတ်များ ခြောက်ခြောက် သွေ့သွေ့ဖြင့် အဆင်ပြေပြေ နာကြားရလို့ အထူးဝမ်းသာကြပါသည်။ အဲဒီနေ့က မှတ်မှတ်ရရ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ဖြစ် ပါသည်။ တနံနက် လုံး တနေ့ခင်းလုံး မည်းမှောင်ပြီး ရွာနေတဲ့မိုးဟာ တရားဟောခါနီးမှ တိတ်သွားသည်မှာ တရားတော်၏ ဘုန်းတန်ခိုးနှင့် ဆရာတော်ကြီး၏ ဘုန်းတန်ခိုးကြောင့် ဖြစ်သည်ဟု ယူဆကြပါသည်။

## ဒကာဒကာမများနှင့်ဆက်ဆံရေး

ဆရာတော်ဘုရားသည် ဒကာဒကာမများနှင့်ဆက်ဆံရာတွင် တည်ငြိမ်သော ဣန္ဒြေသိက္ခာနှင့် အေးအေးမှန်မှန် ဆက်ဆံပြောဆို လေ့ရှိပါသည်။ ရယ်ရွှန်းပတ်ရွှန်း ဆက်ဆံပြောဆိုခြင်း၊ မြှောက်ပင့်ပြော ဆို ဆက်ဆံခြင်း၊ အကြိုက်လိုက်၍ပြောဆို ဆက်ဆံခြင်းများ လုံးဝမရှိ ပါ။ ဆုံးမစရာ ပြုပြင်ပေးစရာရှိလျှင် ဂုဏ်ရှိဂုဏ်မဲ့ အရင်းအဖျား မခွဲခြားဘဲ ကြောင်းကျိုးပြ၍ ဆုံးမသွန်သင် ပြုပြင်ပေးပါသည်။

မကြာခဏလာလေ့ရှိသူနှင့် ယခုမှလာသူ၊ ရင်းနှီးသူနှင့်

www.dhammadownload.com



မရင်းနှီးသူဟူ၍ ခွဲခြားဆက်ဆံမှု မရှိပါ၊ အားလုံးကို တပြေးညီ ဆက်ဆံ ပါသည်၊ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝခြင်း၊ ရာထူးဌာနန္တရ ကြီးမြင့်ခြင်းကြောင့် ဦးစားပေးဆက်ဆံမှုမျိုး လုံးဝမရှိပါ။

တချို့ကမူ ဆရာတော်ဘုရား၏ တည်ကြည်ငြိမ်သက်၍ ဣန္ဒြေသိက္ခာရှိသောဆက်ဆံမှုကို အကြောင်းမသိသေးသဖြင့် ကြောက်ရွံ့ကြသော်လည်း ကြည်ညိုရိုသေ လေးစားကြပါသည်။

တစုံတယောက်က ဆရာတော်ဘုရားထံ လာရောက်၍ ကိစ္စ တခုခုလျှောက်ထားလျှင် လျှောက်ထားသည့်စကားကို စိတ်ဝင်တစား ဂရုစိုက်နားထောင်၍ ကိစ္စပြီးအောင်တော့ အေးအေးမှန်မှန် ဆက်ဆံ ပြောဆိုပါသည်။ ကိစ္စပြီးပါလျက် ရပ်စကား ရွာစကားများကို ဆက်လက်ပြောဆိုနေသည်ကိုမူ မနှစ်သက်ပါ၊ ဆရာတော်ဘုရား သည် အမြဲအလုပ်လုပ်နေသော ဆရာတော်ဖြစ်၍ မလိုအပ်တဲ့ အပို စကားတွေကို နားထောင်ဖို့ ဆရာတော်မှာ အချိန်မရှိပါ၊ မည်သူ့ကိုပဲ ဖြစ်ဖြစ် ကိစ္စပြီးလျှင် ပြန်စေချင် သွားစေချင်ပါသည်။ သို့သော် နှုတ်က ထုတ်ဖော်ပြီး မပြောရက်သဖြင့် သည်းခံပြီး နားထောင်တော် မူပါသည်။ အကဲသိ အလိုက်သိသူများကတော့ အခြေအနေကို ရိပ်စားမိသဖြင့် ဦးချပြီးပြန်ကြပါသည်။ ဧည့်သည် ထသွားလျှင်သွားချင်း ဆရာတော်ဘုရားသည် လုပ်ဆဲဖြစ်သည့် စာရေး၊ စာဖတ်၊ စာမူ တည်းဖြတ်သည့် အလုပ်ကို ဆက်၍လုပ်ပါသည်။

## တဦးပြီးမှတဦး

မေတ္တာရိပ်သာဆရာတော် ဘုန်းတော်ကြီးဦးသောဘိတာဘိ ဝံသက မိန့်သည်မှာ ဆရာတော်ဘုရားသည် သာသနာတော်၏

www.dhammadownload.com



အသက်ဖြစ်သော ဝိနည်းတရားကို လေးစားသောကြောင့် သီလနှင့် ပြည့်စုံပါသည်။ သိက္ခာသုံးပါးတွင် အခြေခံဖြစ်သော သီလပြည့်စုံခြင်းကြောင့် သမာဓိ ပညာလည်း အထိုက်အလျောက်ပြည့်စုံပါသည်။ စိတ်တည်ကြည် ငြိမ်သက်ခြင်း သမာဓိနှင့်ပတ်သက်၍ ပြောရလျှင် ဆရာတော်ဘုရားသည် လူတယောက်နှင့် စကားပြောနေစဉ် စကားဖြတ်၍ အခြားတယောက်နှင့်စကားပြောလေ့မရှိပါ။ ပထမလူနှင့် စကားပြီးဆုံးအောင် အေးအေးဆေးဆေး ပြောဆိုပြီးမှ ဒုတိယလူနှင့် စကားစပြောပါသည်။ တဦးနှင့် အေးအေးဆေးဆေး ပြောဆိုပြီးမှ အခြားတဦးကို ပြောဆိုခြင်းသည် စိတ်တည်ကြည် ငြိမ်သက်ခြင်း သမာဓိ၏ သဘောဖြစ်သည်။

ပထမလူနှင့် အေးအေး ဆေးဆေး ပြည့်ပြည့်စုံစုံ ပြောဆိုပြီးမှ ဒုတိယလူနှင့် စတင်ပြောဆိုခြင်းသည် တည်ကြည်ငြိမ်သက်သော သမာဓိ၏ စွမ်းအင်ဖြစ်ပါသည်။

ဆရာတော်ဘုရားသည် သူတပါး၏စကားကို ဂရုစိုက်၍ သေသေချာချာ နားထောင်သလို မည်သည့်အလုပ်ကိုလုပ်လုပ် တော်အောင်လျော်အောင် ပေါ့ပေါ့တန်တန် မလုပ်ဘဲ သေသေချာချာ စေ့စေ့စပ်စပ် လုပ်လေ့ရှိပါသည်။

## ဒါနကုသိုလ်များ

ဆရာတော်ဘုရားသည် ဒါန သီလ ဘာဝနာ ကုသိုလ်သုံးမျိုးလုံး ပြုဖို့ရာ ဝါသနာပါပါသည်။ ဆရာတော်ဘုရား၏ သီလကုသိုလ်နှင့် ဘာဝနာကုသိုလ်များအကြောင်းကို သိသာလောက်အောင်

www.dhammadownload.com



ဖော်ပြခဲ့ပါပြီ။ ယခု ဆရာတော်ဘုရား၏ ဒါနကုသိုလ်အကြောင်းကို ဖော်ပြလိုပါသည်။

ဆရာတော်ဘုရားသည် ဒါနစေတနာ အလွန်အားကောင်း၍ ဒါနပြုဖို့ရာ ဝါသနာကြီးလှပါသည်။ ယခုဘဝမှာသာ မဟုတ်၊ ရှေးဘဝတွေမှာလည်း ဒါနစေတနာ အတော်အားကောင်းခဲ့ပုံ ရပါသည်။ ထို့ကြောင့် ယခုဘဝမှာ သံဃာတော်တပါးအနေနှင့် ဖြစ်စေ၊ ကျောင်းထိုင်ဆရာတော်တပါးအနေနှင့်ဖြစ်စေ လိုအပ်သမျှ ပြည့်စုံရှိမှုမကဘဲ ပိုလျှံနေပါသည်။ နှစ်စဉ်ပြုနေကျ အလှူကြီးသုံးကြိမ်တို့၌ မွန်မွန်မြတ်မြတ် ထိုက်ထိုက်တန်တန် လှူဖွယ်ပစ္စည်းများကို ဖောဖောသီသီ လှူဒါန်းသော်လည်း ဆရာတော့်မှာရှိသော လှူဖွယ်ဝတ္ထုများ ကုန်မသွားဘဲ နောက်တနှစ် လှူဒါန်းရန် ပြည့်စုံနေပါသည်။ တပည့်ရဟန်းသံဃာ ဒကာ ဒကာမတို့ကလည်း ဆရာတော်ကို အတုလိုက်၍ ဆရာတော်ဘုရား၏ အလှူတိုင်းတွင် ပါဝင်လှူဒါန်းကြသည်မှာ အားရစရာကောင်းလှပါသည်။ ထို့ကြောင့် ရှေးဘဝတွေမှာလည်း ဒါနစေတနာ အတော်အားကောင်းခဲ့သည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ချမ်းမြေ့ရိပ်သာ ဦးပဥ္စင်းဦးဥဇ္ဇောတနက ပြောပြသည်မှာ "ဆရာတော်ဘုရားကြီး၏ ရှေးဘဝကုသိုလ်တွေကလည်းအားကောင်း ဒီဘဝကုသိုလ်တွေကလည်း အားကောင်းတော့ ဘာမှမလိုရအောင် ပြည့်ပြည့်စုံစုံအကျိုးပေးတာပေါ့။ စိတ်ကောင်းလဲရှိ၊ ဒါနစေတနာကလဲ အပြည့် ဆိုတော့ ကောင်းကောင်းအကျိုးပေးတော့တာပေါ့၊ ဘယ်သူ့ကိုဖြစ်ဖြစ် စေတနာအပြည့်နှင့် ထိုက်ထိုက် တန်တန်လှူတယ်၊

www.dhammadownload.com



တော်ရုံတန်ရုံပစ္စည်းမလှူဘူး၊ အဲဒီစေတနာတွေကအကျိုးပေးတာပဲ။ အဟောင်းအနွမ်း ဘယ်တော့မှမလှူဘူး၊ အသစ်ပဲလှူတယ်။

"တခါက သီတင်းသုံးဖော် ဆရာတော်တပါးက ချမ်းမြေ့ သုံးနေတာလေးကြိုက်တယ်၊ အဲဒါလေးပေးစမ်းပါလို့ ပြောတော့ အဟောင်းကို တန်းမပေးလိုက်ဘူး၊ ဖွပ်လျှော် မီးကြွေတိုက်ပြီးမှ လှူလိုက်တယ်။ ပြီးတော့ သင်းပိုင်သက်သက် ကေသီသက်သက် ဘယ်တော့မှ မလှူဘူး၊ အစုံလိုက်မှဘဲ လှူတယ်။ လှူတော့လဲ စိတ်ထားဖြူဖြူစင်စင်နဲ့ စိတ်ရှင်းရှင်းထားပြီးလှူတာ၊ လှူဖွယ်ပစ္စည်း နည်းတာများတာ အဓိကမဟုတ်ဘူး၊ စိတ်ထဲက ကျေကျေနပ်နပ် လှိုက်လှဲဝမ်းသာ လှူလိုက်တာ၊ အဲဒီတော့ အကျိုးပေးတော့တာပေါ့" ဟု ဦးဥဗ္ဗောတနက ပြောပြပါသည်။

"ဒါပေတဲ့တပတ်ရစ်သင်္ကန်းတွေတော့ အဲဒီသင်္ကန်းများ နှင့်ထိုက်တန်တဲ့သူတွေကိုလှူတယ်။ ဆရာတော်ဘုရားက သင်္ကန်းတစုံကို သုံးလေးခါလောက်ဝတ်ပြီးရင် သိပ်မလတ်တော့လို့ အဲဒီ သင်္ကန်းကို ဖွပ်လျှော်မီးကြွေတိုက်ပြီး သိမ်းထားရတယ်။ အဲဒီလို သင်္ကန်းတွေများလာတော့ ဒီသင်္ကန်းတွေဟာ ကိုရင်တွေနဲ့ တော်တယ် ဆိုပြီး ရွာကျောင်းက ကိုရင်တွေကို လှူလိုက်တယ်။ ရွာကျောင်းက ကိုရင်တွေကတော့ သင်္ကန်းတွေကဈေးကြီးလို့ သင်္ကန်းရှားပါး ကြတယ်။ ဒီသင်္ကန်းတွေက ဖွပ်လျှော်မီးကြွေတိုက်ပြီး သိမ်းထားတာ ဆိုတော့ ကိုရင်လေးတွေအတွက်တော့ အသစ်နီးပါးပါပဲ" လို့ ဦးဥဗ္ဗောတနက ပြောပြပါသည်။

www.dhammadownload.com



## လှူဖို့ပဲစိတ်ကူးနေတာ

ဆရာတော်ဘုရားသည် နှစ်စဉ်နှစ်တိုင်း စာရေးတံမဲ အလှူပွဲကို ဝါခေါင်လထဲ၌ ပြုလုပ်လေ့ရှိပါသည်။ စာရေးတံမဲအလှူပွဲ၌ စနစ်တကျလှူနိုင်ရန် ဆရာတော်ဘုရား၏တပည့် ရဟန်းတော်များ၊ ကျောင်းသားများသည် အလှူပွဲမတိုင်မီ ရက်တပတ်ကျော်ကျော်ကတည်းက လှူဖွယ်တွေကို စီစဉ်ကြရပါသည်။ လှူဖွယ်တွေကလည်း စေတနာရှင်တွေက ဝိုင်းဝန်းလှူကြတော့ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ရေအေးစက်၊ မီးစက်၊ ပီစီကွန်ပျူတာ၊ လက်(ပ်)တော့ကွန်ပျူတာ၊ လက်ကိုင်ဖုန်း၊ ကင်မရာ၊ ဗီဒီယိုကင်မရာ၊ နာရီမျိုးစုံ၊ ပန်ကာမျိုးစုံ၊ ပေါင်မုန့်ဖုတ်စက်၊ မီးပူ၊ စောင်၊ ခြင်ထောင်၊ သင်္ကန်း၊ ထီး၊ ဖိနပ်စသည်ဖြင့် များပြားလှပါသည်။ သံဃာများနှင့် ကျောင်းသားများသည် အလှူပွဲအကြိုနေ့ ညဉ့်နက်သည်အထိ ပင့်သံဃာ ၁၅၀ အတွက် မဲစာရင်းမှန်ကန်အောင် ကြိုးစား ဆောင်ရွက်ကြရပါသည်။

တချိန်တွင် အလှူပွဲနီးသော်လည်း မန္တလေးမှ မောင်နန္ဒက မလာသေးသဖြင့် ဦးဥတ္တမကောတန က "ဟေ့ နန္ဒ၊ နီးနေပြီ၊ မြန်မြန်လာ၊ တော်ကြာအချိန်မီမပြီးဘဲ နေလိမ့်မယ်၊ ဒို့ဆရာတော်က အားအားရှိ လှူဖို့ပဲစိတ်ကူးနေတာ၊ ငါတို့လည်း လုပ်ရတာမနိုင်တော့ဘူး" ဟု တယ်လီဖုန်းဆက်၍ပြောကြောင်း သိရပါသည်။

## ဉာဏကာနဥ္စသင်္ဂဟော

ဆတ်သွားမဟာဂန္ဓာရုံဘုံကျော် ဆရာတော်ကအမိန့်ရှိသည်မှာ "ချမ်းမြေ့ဆရာတော်တို့ ဘုန်းကံကြီးတယ်ဆိုတာ ကိုယ်ကျင့်

www.dhammadownload.com



သီလကလည်း စင်ကြယ်၊ စိတ်ထား နှလုံးသားကလည်းဖြူစင်၊ စာရေးတံမဲအလှူပွဲ၊ ဆွမ်းကြီးလောင်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းပွဲ၊ ကလေးတွေရှင်ပြုပွဲ၊ ဘိုးဘွားတွေပူဇော်ပွဲစသည်ဖြင့် နှစ်စဉ်နှစ်တိုင်း အလှူပွဲတွေကို စေတနာထက်ထက်သန်သန်နှင့် အကြီးအကျယ် လုပ်တယ်။ လေဘေး၊ ရေဘေး၊ မီးဘေးစသည်ဖြင့် သဘာဝ ဘေးသင့်သူတွေကိုလည်း စွမ်းနိုင်သမျှ လှူဒါန်းထောက်ပံ့တယ်။ ဒါတွေဟာ ဘုန်းကံကြီးမားခြင်းရဲ့အကြောင်းတွေပေါ့။

"ပြီးတော့ ဒို့ ဒီတောင်တွင်းနယ်က ဖွံ့ဖြိုးမှုအားနည်းတော့ ဒကာ ဒကာမတွေရော ရဟန်းသံဃာတွေပါ တခြားဒေသတွေ လောက် မပြည့်စုံကြဘူး။ အဲဒါကို ချမ်းမြေ့ဆရာတော်သိလို့ ကိုယ့်မြို့ ကိုယ့်ရွာကို လာပြီး ဆွမ်းကြီးလောင်းတယ်၊ ဆွမ်းဆန်စိမ်း လောင်း တယ်၊ ကလေးတွေကို ရှင်ပြုပေးတယ်၊ ဘိုးဘွားတွေကိုလဲ လှူဒါန်း တယ်၊ စာသင်တိုက်တွေကို တတ်နိုင်သမျှ လှူဒါန်းတယ်၊ လူမှုရေး အသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့တွေကိုလဲ တတ်နိုင်သမျှ ကူညီ ဖြည့်ဆည်းတယ်။ ဒါတွေဟာ ကိုယ့်အရပ် ကိုယ့်ဒေသကို အားပေးတာ တွေပဲ။ ဆရာတော်က ဉာတကာ နဥ္စသင်္ဂဟောမင်္ဂလာ တော်တော် အားထုတ်တယ်လို့ ဘုန်းကြီးက ကျောင်းကသံဃာတွေကို ပြောပြရတယ်" ဟု မိန့်ပါသည်။

## မင်းတို့ကဆုတောင်းပြည့်ကြတယ်

ဘုံကျော်ဆရာတော် မိန့်ကြားသော မှတ်သားဖွယ်ရာ စကား တခွန်းကိုလည်း ဦးတင်ထွန်းအောင်ပြောပြ၍ သိရပါသည်။ ဘုံကျော် ဆရာတော်က တောင်တွင်းကြီး ဦးတင်ထွန်းအောင်ကို တချိန်တွင်

www.dhammadownload.com



"မင်းတို့ကတော့ ဆုတောင်းပြည့်တဲ့သူတွေပဲ" ဟု မိန့်ပါသည်။ ဆရာ တော်ကဆက်၍ "မင်းတို့ချမ်းမြေ့ရိပ်သာရဲ့ ဆုတောင်းအမျှဝေမှာ "ဤသို့လျှင် သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရား၏ ဘုန်းတော်၊ ဂုဏ်တော်၊ တန်ခိုးတော်နှင့် ဉာဏ်တော်အဖုံဖုံ ကျေးဇူးဂုဏ်ကို ကြည်ယုံမျှော်မှန်း လှူဒါန်းဆက်ကပ်ရသော ဒါန ကောင်းမှု၊ ဆောက်တည်ရသော သီလကောင်းမှု၊ ပွားများရသော ဘာဝနာကောင်းမှု အစုစုတို့ကြောင့် တပည့်တော်တို့သည် ပညာရှိ သူတော်ကောင်းတို့နှင့်သာ တွေ့ကြုံဆုံဆည်း ပေါင်းသင်းဆက်ဆံရ၍ ပညာရှိ သူတော်ကောင်းတို့ ဟောပြောသော တရားမှန်စကားမှန် တို့ကို နာခံမှတ်သားရသဖြင့် ပညာရှိသူတော်ကောင်းတို့ ကျင့်ကြံ နေထိုင်ကြသည့်အတိုင်း ဆင်းရဲငြိမ်းကြောင်း အကျင့်ကောင်း အကျင့်မှန်တို့ကို ကျင့်ကြံပွားများ ကြိုးစားအားထုတ်နိုင်ကြသဖြင့် ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုရပါလိုကုန်၏ အရှင်ဘုရား" ဆိုတဲ့အတိုင်း တကယ့်ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ကိုးကွယ်ခွင့် ရကြတာ အင်မတန်ကုသိုလ် ကောင်းပြီး ဆုတောင်းပြည့်ကြတာပဲ။ လောကီစီးပွား၊ လောကုတ္တရာ စီးပွား အကျိုးများလှပါပေတယ်" ဟု ဘုံကျော်ဆရာတော်က မိန့်ကြား ကြောင်း ဦးတင်ထွန်းအောင်ပြောပြ၍ သိရပါသည်။

## မွေးနေ့အလှူပွဲသီးသန့်မလုပ်ပါ

ဆရာတော်ဘုရားသည် မွေးနေ့ကျမှ အလှူအတန်းလုပ်ရ သည်ဟု အယူအဆမရှိပါ။ ထို့ကြောင့် မွေးနေ့အလှူပွဲ သီးသန့်မလုပ် ပါ။ စာရေးတံမဲအလှူပွဲကိုသာ နှစ်စဉ်နှစ်တိုင်း အဆင်ပြေသည့်

www.dhammadownload.com



တနင်္ဂနွေ တနေ့နေ့တွင် ပြုလုပ်ပါသည်။ နေ့ရက်သတ်မှတ်၍လည်း မထားပါ။ မွေးနေ့အလှူပွဲကိုတော့ ဒကာ ဒကာမများ အထူးလျှောက်ထားမှသာ ခွင့်ပြုပါသည်။

## ဆရာတော်ဘုရားပြုသော ဒါနကုသိုလ်များ

ဆရာတော်ဘုရားသည် သီလ သမာဓိ ပညာ သိက္ခာသုံးရပ်ကို မိမိလည်းကောင်းစွာကျင့်၍ သူတပါးတို့လည်းကောင်းစွာကျင့်နိုင်ရန် ဟောပြောညွှန်ပြပေးရုံမျှမက သာသနာတော်နှင့်စပ်သော ဒါနကုသိုလ်၊ လူမှုဖွံ့ဖြိုးရေးနှင့်စပ်သော ဒါနကုသိုလ်တို့ကိုလည်း အများအကျိုးကို ရည်ရွယ်၍ ဦးစီးဦးဆောင်ပြုကာ စွမ်းနိုင် သမျှ လှူဒါန်းပြုစုပါသည်။

## ကျောင်းနှစ်ပတ်လည် ဆွမ်းလောင်းပွဲ

နှစ်စဉ်နှစ်တိုင်း မြန်မာနှစ်၏ အဦးအစဖြစ်သော နှစ်ဆန်းလေးရက်နေ့၌ ကျောင်းနှစ်ပတ်လည် အထိမ်းအမှတ်ပွဲအဖြစ် သံဃာတော် ၃၀၀ ကိုပင့်၍ ဆွမ်းကြီးလောင်းလှူပါသည်။ ဆွမ်းကြီးလောင်းလှူပွဲဆိုသော်လည်း ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်ပဲသရေစာများသာ မဟုတ်ဘဲ သင်္ကန်း၊ ထီး၊ ဖိနပ်၊ မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာစသော စာသင်သားရဟန်းတော်များ လိုအပ်သည့် လှူဖွယ်များကိုပါ လောင်းလှူကြပါသည်။

www.dhammadownload.com



## ကဆုန်လပြည့် ဗုဒ္ဓနေ့ပူဇော်ပွဲ

နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့၌ ဗုဒ္ဓနေ့ပူဇော်ပွဲကျင်းပပါသည်။ ဤဗုဒ္ဓနေ့ပူဇော်ပွဲ၌ ကဆုန်လဆန်း ၁၄ ရက် အဖိတ်နေ့ နံနက်မှစပြီး တနေ့လုံး တညလုံး ဓမ္မာရုံအထက်ထပ်၌ ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီးဝလံစသည်တို့ကို ခမ်းခမ်းနားနား လှလှပပ ပြင်ဆင်ကြပြီးလျှင် လပြည့်နေ့နံနက် ၄နာရီမှစ၍ ဘုရား၊ တရား၊ သံဃာဂုဏ်တော်တို့ကို အကျယ်ရွတ်ဆို၍ ဘုရားရှိခိုးခြင်း၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်စသော တရားတော်တို့ကို ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာဘာဝနာ၊ ဝိပဿနာဘာဝနာ ပွားများအားထုတ်ခြင်း၊ နံနက်၅နာရီခွဲတွင် အရုဏ်ဆွမ်းနှင့် ၁၀နာရီခွဲတွင် နေ့ဆွမ်းတော်များ ကပ်လှူပူဇော်ခြင်း စသည်ဖြင့် တနေ့တာ ဗုဒ္ဓပူဇော်ပွဲ ကျင်းပကြပါသည်။

## စာရေးတံမဲအလှူပွဲ

စာရေးတံမဲအလှူပွဲကို နှစ်စဉ်များသောအားဖြင့် ဝါခေါင်လ၌ ကျင်းပပါသည်။ ဤအလှူပွဲ၌ နှစ်စဉ်ကျပ်သိန်း (၁၂၀)မှ သိန်း(၅၀၀) အထိ တန်ဖိုးရှိသော လှူဖွယ်ပစ္စည်းများကို သံဃာတော် ၁၄၀တို့အား စာရေးတံမဲချ၍ လှူဒါန်းကြပါသည်။ ၂၀၁၄ ခုနှစ် ဝါခေါင်လ၌မူ စာရေးတံမဲ အလှူပွဲတွင် ကျပ်သိန်း (၁၁၆)သိန်း တန်ဖိုးရှိသော ဟွန်ဒါဖစ် (Honda Fit) မော်တော်ယာဉ်တစီးကို ဆရာတော်ဘုရား၏ သက်တော် (၈၈)နှစ် အထိမ်းအမှတ်အဖြစ် မဲနံပါတ် (၈၈)ဖြင့် စာရေးတံမဲချ၍ လှူဒါန်းပါသည်။ ယခု ၂၀၁၆ ခုနှစ် ၃၃ ကြိမ်မြောက် စာရေးတံမဲအလှူပွဲ၌ ကျပ်သိန်း ၅၂,၄၄၅,၇၀၀ တန်ဖိုးရှိသော လှူဖွယ်ပစ္စည်းများကို ပင့်သံဃာတော်တို့အား လှူဒါန်းကြပါသည်။

www.dhammadownload.com



## သံဃာ ၅၀၀ ဆွမ်းကြီးလောင်းလှူပွဲ

ထို့သို့ ပြုနေကျ ကုသိုလ်များအပြင် ၂၀၀၇ခုနှစ်၌ ဆရာတော်ဘုရားကြီးအမှူးပြု၍ တပည့်ဒကာ ဒကာမများ စုပေါင်းပါဝင်လျက် တောင်တွင်းကြီးမြို့ပေါ် ရှိ သံဃာတော် ၅၀၀ကျော်တို့အား ဆွမ်းကြီးလောင်းလှူပွဲ ဆင်နွှဲကျင်းပကြပါသည်။ ဆွမ်း၊ ဆွမ်းဟင်း အချိုပွဲများ သာမကဘဲ သင်္ကန်း၊ ထီး၊ ဖိနပ်၊ မျက်နှာသုတ်ပုဝါ၊ စောင်စသော လှူဖွယ်ဝတ္ထုတို့ကိုပါ လောင်းလှူကြပါသည်။

## ဆွမ်းဆန်တော်လောင်းလှူပွဲ

ဆရာတော်ဘုရားသည် ဇာတိရွာဖြစ်သော တောင်တွင်းကြီးမြို့ ပျဉ်းမရွာ၌ ၂၀၀၈ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း တပို့တွဲလဆန်း တရက်ရက်၌ ကျေးရွာကျောင်းများနှင့် တောင်တွင်းကြီးမြို့ပေါ် ကျောင်းများမှ သံဃာတော်အပါး ၂၀၀ တို့အား ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပပါသည်။ ဤဆွမ်းဆန်တော်လောင်းလှူပွဲ၌ ရန်ကုန်နှင့် မှော်ဘီ ချမ်းမြေ့ရိပ်သာတို့မှ ပြည်တွင်း ပြည်ပယောဂီများ၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်၊ နောင်ချိုတို့မှ ယောဂီများ၊ တောင်တွင်းကြီးမြို့မှ အလှူရှင်များနှင့် အနီးအပါးရွာများမှ အလှူရှင်များပါဝင် လောင်းလှူကြသဖြင့် ဆွမ်းဆန်တော်သာမဟုတ်ပဲ ဆီ၊ ဆား၊ ကြက်သွန်၊ လက်ဖက်ခြောက် စသော နေ့စဉ်သုံးပစ္စည်းတို့ကို လည်းကောင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ သင်ဖြူးဖျာ၊ အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ စသော အသုံးအဆောင်တို့ကိုလည်းကောင်း၊ ပန်ကာ၊ နာရီ၊ ဓာတ်ဗူး၊ လက်နှိပ်ဓာတ်မီး၊ လက်ဆွဲအိတ်၊ ခရီးဆောင်သေတ္တာစသော

www.dhammadownload.com



အသုံးအဆောင်တို့ကိုလည်းကောင်း၊ ပန်းကန်ပြား၊ ပန်းကန်လုံး၊ လက်ဆေးဇလုံ၊ ရေနွေးကရား၊ လက်ဖက်ရည် အကြမ်းပန်းကန် စသော အသုံးအဆောင်တို့ကိုလည်းကောင်း၊ ဆေးအမျိုးမျိုး တို့ကို လည်းကောင်း ဝိုင်းဝန်းလောင်းလှူကြရာ ဒေသအလိုက် လွန်စွာ ကြီးကျယ် စည်ကားသော အလှူပွဲကြီးဖြစ်လာကာ လွန်စွာပင် ကြည်နူးဝမ်းသာ ပျော်စရာ ကုသိုလ်ပွဲကြီးတခု ဖြစ်ပါတော့သည်။

၂၀၁၁ ခုနှစ်၌ ဆွမ်းဆန်တော်လောင်းလှူပွဲအပြီး ၃ရက် အကြာတွင် ဆွမ်းဆန်တော်လောင်းလှူပွဲသို့ သံဃာတော်အပါး ၁၀၀ ကြွခဲ့သော စာသင်တိုက်တတိုက်သို့ အကြောင်းသင့်သဖြင့် ဦးတင်ထွန်းအောင် ရောက်သွား၍ သံဃာတော်တပါးကို လျှောက် ထား ကြည့်ရာ ဆွမ်းဆန်တော် ၇၅တင်းနှင့် ဆီ ၅၅ပိဿာရကြောင်း သိရပါသည်။

## ရှင်ပြုအလှူပွဲ

နှစ်စဉ်နှစ်တိုင်း ဆွမ်းဆန်တော်လောင်းလှူပွဲအပြီး နောက် တနေ့တွင် ရှင်ပြုအလှူပွဲ ဆင်နွှဲကျင်းပပါသည်။ ဤရှင်ပြုအလှူ ပွဲ၌ ပျဉ်းမ၊ ကြီးအင်းကုန်း၊ အောင်သုခရွာများမှ အရွယ်ရောက်သော် လည်း ရှင်မပြုရသေးသောကလေးများနှင့် တောင်တွင်းကြီးမြို့ တောရဝိမာန်ကျောင်းတိုက်မှ ရှင်မပြုရသေးသောကျောင်းသားများကို ရှင်ပြု ပေးပါသည်။ ရှင်ပြုပြီးသော်လည်း နောက်ထပ်တဖန် ရှင်ပြုလို သော ကလေးများကိုလည်း ရှင်ပြုပေးပါသည်။ ဤသို့လျှင် နှစ်စဉ် နှစ်တိုင်းပျမ်းမျှအရေအတွက်အားဖြင့် ကလေး ၃၀ တို့ကို ရှင်သာမဏေ အဖြစ်သို့ ချီးမြှင့်ပေးပါသည်။ ရံဖန်ရံခါ ကလေး ၇၀ခန့် ရှင်ပြု

www.dhammadownload.com



ပေးရသည့်အခါလည်း ရှိပါသည်။ ၂၀၁၄ခုနှစ် တပို့တွဲလ၌မူ ကလေး ၁၁၀ ကို ရှင်ပြုပေးခွင့်ရသဖြင့် ရှင် ၁၀၀ ကျော် အလှူပွဲကြီးကို ဝမ်းပန်းတသာ ဆင်နွှဲကြရပါသည်။ ရှင်ပြုပွဲသို့ ပင့်သဖြင့် ကြွရောက်လာကြသော ပင့်သံဃာတော်များအားလည်း မွန်မြတ်သော ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များနှင့် သင်္ကန်း၊ ထီး၊ ဖိနပ်စသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းကြပါသည်။

ဆရာတော်ဘုရား၏ အလှူပွဲဖြစ်၍ အလှူပွဲ၌ကုသိုလ်ပွားရန်၊ ဆရာတော်ကို ဖူးမြော်ကန်တော့ရန်၊ ဆရာတော် ဟောကြားသောတရားတော်ကို နာကြားရန်၊ ဒေသထွက် လှူဖွယ်ဝတ္ထုများ လှူဒါန်းရန် ရပ်ဝေးရပ်နီးမှ တကြိုးတပမ်း လာရောက်၍ ကုသိုလ်ပွားကြသော ဧည့်ပရိသတ် ၁၀၀၀ ကျော်တို့အားလည်း မွန်မြတ်သော ထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေး လှူဒါန်းကြပါသည်။

ယင်းသို့ နှစ်စဉ် တပို့တွဲလ၌ ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ရှင်ပြုပွဲကျင်းပခဲ့ရာ ယခု ၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်နေ့ (၁၉၊၂၊၂၀၁၆)၌ ၉ ကြိမ်မြောက်ဖြစ်သော အလှူပွဲ ဆင်နွှဲကျင်းပကြပါသည်။ အလှူပွဲတိုင်းတွင် ပင့်သံဃာတော်များကိုလည်း မွန်မြတ်သော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ချိုချဉ်ရသာများနှင့်တကွ သင်္ကန်း၊ ထီး၊ ဖိနပ်စသော လှူဖွယ်ဝတ္ထုတို့ကိုလည်း လှူဒါန်း ကြပါသည်။ ဤအလှူပွဲ ၉ ကြိမ်ကို မှတ်တမ်းပြုစုထားခဲ့ရာ နှစ်အလိုက် အောက်ပါအတိုင်း လှူဒါန်းခဲ့ကြပါသည်။

| ခုနှစ် | လှူဒါန်းငွေကျပ် |
|---|---|
| ၂၀၀၈ | ၁၂၂ သိန်းကျော် |

www.dhammadownload.com



| | |
|---|---|
| ၂၀၀၉ | (မှတ်တမ်းရှာမတွေ့) |
| ၂၀၁၀ | (မှတ်တမ်းရှာမတွေ့) |
| ၂၀၁၁ | ၃၁၆ သိန်းကျော် |
| ၂၀၁၂ | ၂၁၈ သိန်းကျော် |
| ၂၀၁၃ | ၁၆၅ သိန်းကျော် |
| ၂၀၁၄ | ၂၅၆ သိန်းကျော် |
| ၂၀၁၅ | ၂၆၇ သိန်းကျော် |
| ၂၀၁၆ | ၂၉၂ သိန်းကျော် |

## ဘိုးဘွားတို့အား ဂုဏ်ပြုလှူဒါန်းခြင်း

ရှင်ပြုပွဲပြီးသော နောက်တနေ့၌ အသက် ၇၀နှင့် ၇၀အထက် ရှိကြပြီဖြစ်သော ဘိုးဘွားတို့၏ ဝယဝုဍ္ဍိဂုဏ်ကို ဂုဏ်ပြု လှူဒါန်းပွဲလည်း ကျင်းပကြပါသည်။ ဤအလှူပွဲ၌လည်း စေတနာရှင်များ ပါဝင် လှူဒါန်းကြသဖြင့် နှစ်စဉ်နှစ်တိုင်း ဘိုးဘွား ၁၇၀ခန့်အား အဝတ် အထည်၊ ဘီစကွတ်မုန့်ပုံးများနှင့် အခြားသောမွန်မြတ်သည့် စားသောက်ဖွယ်များကို လှူဒါန်းကြရုံမျှမက တဦးလျှင် ကျပ်တထောင် ထက် မနည်းသော အလှူငွေတို့ဖြင့် ဂုဏ်ပြုလှူဒါန်းကြပါသည်။

ဤသို့လျှင် ဆရာတော်ဘုရားသည် ဒါနကုသိုလ်များကို ဝမ်းပန်းတသာ စေတနာထက်သန်စွာ ပြုစုဆည်းပူးပါသည်။ ဆရာတော်ဘုရား၏ ပါရမီဖြည့်ဘက်များဖြစ်ကြသော တပည့်ရဟန်း သံဃာ၊ ဒကာ ဒကာမတို့သည်လည်း ဆရာတော်ဘုရား၏ အလှူဒါန ပွဲတိုင်းတွင် ပါဝင်ခွင့်ရသဖြင့် ဝမ်းမြောက်ကြည်နူး အထူးကုသိုလ် ပွားကာ အကျိုးကျေးဇူးများလှပါသည်။

www.dhammadownload.com



## အထွေထွေဒါနလှူဒါန်းရ

ဆရာတော်ဘုရားသည် ဖော်ပြခဲ့သည့်အတိုင်း နှစ်စဉ်အလှူပွဲများကို လှူဒါန်းရုံမျှမဟုတ်ဘဲ ဒါနပြုခွင့် ကြုံလာသည့်အခါတိုင်း လက်လွှတ်မခံဘဲ စွမ်းနိုင်သမျှ ဒါနပြုပါသည်။ ဆရာတော်ဘုရား ဇာတိရွာဖြစ်သော ပျဉ်းမရွာဦးကျောင်း၌ ပင်မကျောင်းဆောင် ဟောင်းနွမ်း ပျက်စီးနေသည်ကို တွေ့မြင်ရ၍ ဆရာတော်က သုံးသိန်း မတည်ကာ ကျေးရွာဒကာဒကာမတို့၏ ပါဝင်လှူဒါန်းမှုဖြင့် ပြင်ဆင် ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ထို့ပြင်လည်း ရွာဦးကျောင်း အတွင်း၌ပင် ဥပုသ်သည်များ ချမ်းချမ်းသာသာ ဥပုသ်သီလဆောက်တည်နိုင်ရန် သပ်ရပ်သော ဥပုသ်ဇရပ်တဆောင် ဆောက်လုပ် လှူဒါန်းပါသည်။

ပျဉ်းမမြောက်ကျောင်းဟုခေါ်သော နေကျော်ကျောင်း၌လည်း ပင်မကျောင်းဆောင်ကြီးကို ကျပ်သိန်းတရာကျော် အကုန်အကျခံ၍ ပြုပြင်လှူဒါန်းခဲ့ပါသည်။ ထို့ပြင်လည်း နေကျော်ကျောင်း၌ ကျောင်းသား ကိုရင်များပြားသောကြောင့်လည်းကောင်း၊ ဆရာတော့် ဇာတိရွာသို့ကြွလျှင် နောက်ပါသံဃာတော်များ၊ ဒကာ ဒကာမများပါ တည်းခိုရာဖြစ်သောကြောင့်လည်းကောင်း နေရာထိုင်ခင်း ပြည့်စုံလုံလောက်စေရန် တထပ်အုတ်ကျောင်းတဆောင်၊ နှစ်ထပ်အုတ်ကျောင်း နှစ်ဆောင်၊ ဆွမ်းကျောင်းတဆောင်၊ ရေလောင်းကုဋီများပါ ဆောက်လုပ်လှူဒါန်းပါသည်။ ရေတွင်း၊ ရေစင်၊ ရေကန်၊ ရေစက်၊ ရေချိုးအိမ် စသည်တို့ကိုလည်း ပြည့်စုံအောင် လှူဒါန်းပါသည်။ အောင်သုခ ဘုန်းကြီးကျောင်း၌လည်း ဆွမ်းစားကျောင်းတဆောင် လှူဒါန်းထားပါသည်။

www.dhammadownload.com



## ချမ်းမြေ့မေတ္တာဆေးခန်း

ပျဉ်းမရွာနှင့် အနီးအပါးရွာများ၊ မလှမ်းမကမ်းရွာများမှ မကျန်းမာသူများ ဆေးကုသမှုလွယ်ကူစေရန် နေကျော်ကျောင်း အတွင်း၌ ကျေးရွာဆေးပေးခန်းတခု ဆောက်လုပ်လှူဒါန်းထားပါသည်။ ဆေးခန်းတွင်လိုအပ်သော နားကြပ်၊ သွေးချိုဖောက်စက်၊ သွေးတိုင်း ကိရိယာ၊ အီးစီဂျီစက်စသော ဆေးခန်းသုံးကိရိယာများကိုလည်း ပြည့်စုံအောင်လှူဒါန်းထားပါသည်။ ဆေးဝါးများကိုလည်း အမြဲတမ်း ပြည့်စုံနေအောင် လှူဒါန်းထားပါသည်။ တောင်တွင်းကြီးမြို့မှ စေတနာ ရှင် ဆရာဝန်များက သီတင်းတပတ်လျှင် သုံးရက် အလှည့်ကျ လာရောက်၍ ဆေးကုသမှု ကျန်းမာရေးဒါနကုသိုလ် ယူကြပါသည်။ ဆေးကုသမှုခံယူလိုသော ဝေဒနာရှင်များသည် တနယ်တကျေး အ လွန် ဝေးလံလှသော နေရာဒေသများမှပင် လာရောက်ကုသကြသဖြင့် တချို့နေ့များတွင် ဆရာဝန်များသည် လူနာတရာကျော်အောင် ပင်ဆေးကုသမှု ကျန်းမာရေးဒါန ကုသိုလ်ယူကြရပါသည်။ ဆရာဝန် များ၏မှတ်တမ်းအရ ၂၀၁၆ ခုနှစ် မတ်လစာရင်းချုပ်တွင် ရွာပေါင်း ၂၄ ရွာမှ ဝေဒနာရှင်ပေါင်း ၂၃၇ ဦး လာရောက်ကုသကြောင်း၊ ဩဂုတ်လ စာရင်းချုပ်တွင် လဝက် ၁၅ ရက်ထိ ရွာပေါင်း ၁၂ ရွာမှ ဝေဒနာရှင်ပေါင်း ၄၂၄ ဦး လာရောက်ကုသကြောင်း သိရပါသည်။

ဆရာတော်ဘုရားသည် ဖော်ပြပါချမ်းမြေ့ မေတ္တာဆေးခန်း အတွက် လိုအပ်သောဆေးများ ပြည့်စုံစေရန် ရန်ကုန် ချမ်းမြေ့ရိပ်သာ၌ **ချမ်းမြေ့မေတ္တာဆေးပဒေသာပင်** စိုက်ထူထားသဖြင့် အလှူရှင်များ လှူဒါန်းခွင့်ရကြ၍ ကုသိုလ်တိုးပွား အကျိုးများကြပါသည်။

www.dhammadownload.com



## ကျောက်ချောလမ်းနှင့် အပန်းဖြေဇရပ်အလှူ

ပြည်-တောင်တွင်းကားလမ်းမကြီးမှ ဆေးခန်းရှိရာ ပျဉ်းမကျေးရွာသို့ ခွဲသွားသောလမ်းကို လမ်းအရှည် ၈၁၃၁-ပေ၊ အကျယ် ၁၂-ပေ၊ အမြင့်၃-ပေရှိသော အမာခံကျောက်ချောလမ်း အဖြစ် ဆရာတော်ဘုရား ကျပ်သိန်း ၄၀၀ကျော် အကုန်ကျခံကာ ၂၀၀၆ ခုနှစ်တွင် ဖောက်လုပ်လှူဒါန်းထားသဖြင့် သွားရေးလာရေး လွယ်ကူချောမောကြခြင်းကြောင့် ချမ်းမြေ့မေတ္တာဆေးခန်းသို့ လာရောက်ကြသော ဝေဒနာရှင်များသည် အလွန် ကံကောင်းကြပါသည်။

ခရီးသွားများ နားနေရန်အတွက် ပြည်-တောင်တွင်းလမ်းမကြီးနှင့် ပျဉ်းမကျေးရွာလမ်းဆုံ၌ ဇရပ်တဆောင်၊ ပျဉ်းမကျေးရွာသို့သွားသော လမ်းတဝက်၌ ဇရပ်တဆောင်တို့ကို ဆရာတော်ဘုရား ဆောက်လုပ် လှူဒါန်းထားပါသည်။

## ပညာဒါန

ထို့ပြင်လည်း ဆရာတော်ဘုရားသည် ပျဉ်းမကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း၌ နှစ်ထပ်သစ်သားကျောင်း တဆောင်နှင့် ပေ ၆၀ × ပေ ၄၀ ကျယ်ဝန်းသော အုတ်ကျောင်းဆောင် တဆောင်တို့ကို လှူဒါန်းထားပါသည်။

ဆရာတော်ဘုရားသည် ကလေးများ၏ ပညာသင်ကြားရေးကို စိတ်ပါဝင်စားသဖြင့် ပျဉ်းမရွာ မူလတန်းကျောင်းမှ မူလတန်း အောင်မြင်ပြီးလျှင် အလယ်တန်း အထက်တန်းများတွင် ပညာ ဆက်လက်သင်ကြားရန် အခက်အခဲတွေ့နေသော ကျောင်းသားငယ်

www.dhammadownload.com



များ ပညာဆက်လက်သင်ကြားနိုင်ရန် ၁ နှစ်လျှင် ကျောင်းသားငယ် ၃ ဦးကို ပညာသင်စရိတ် နှစ်စဉ်ထောက်ပံ့လှူဒါန်းပါသည်။ ထို့အတူ ပင် ၁၀ တန်းအောင်ပြီး၍ တက္ကသိုလ်သို့တက်ရောက် ပညာသင်ကြား နိုင်ရန် ၁ နှစ်လျှင် ကျောင်းသား ၃ ယောက်တို့အား ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းပါသည်။

## သရဏဂုံဇရပ်လှူဒါန်းခြင်း

ပျဉ်းမန္တာသုသာန်၌ နာရေးကိစ္စများတွင် ပင့်သံဃာတော်များ နှင့် အသုဘပို့ဆောင်သူများ ချမ်းချမ်းသာသာ သီတင်းသုံးနေထိုင် နိုင်ကြရန် သရဏဂုံဇရပ် တဆောင်ကိုလည်း လှူဒါန်းထားပါသည်။

## သဘာဝဘေး သက်သာရေး

တိုင်းပြည်ထဲ၌ မည်သည့်နေရာဒေသတွင်မဆို မီး၊ ရေ၊ လေ စသော သဘာဝဘေးရန်များ ကျရောက်သည်ကို သိရလျှင် သဘာဝ ဘေးဒဏ်သင့်နေသူများ ဆင်းရဲဒုက္ခ သက်သာနိုင်သမျှ သက်သာစေရန် ဆရာတော်ဘုရားက မ,တည်၍ တပည့်ဒကာ ဒကာမများကို နှိုးဆော်ကာ တတ်နိုင်သမျှ လှူဒါန်းထောက်ပံ့ပါသည်။

## ၂၀၀၈ ခုနှစ်၊ လေဘေးအလှူ

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်၊ ၃ ရက်နေ့တို့တွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် များစွာပျက်စီးသွားသည့် လပွတ္တာနှင့်ဘိုကလေးမြို့နယ်များရှိ ကျေးရွာများသို့ အဝတ်အထည် အိုးခွက်ပန်းကန်များအပါအဝင် ပစ္စည်းမျိုးစုံ အရေအတွက်အားဖြင့်

www.dhammadownload.com



တသောင်းကျော်၊ တန်ဘိုးအားဖြင့် သိန်း ၂၀၀ ကျော်တို့ကို မေလ ၁၅, ၁၆ ရက်တို့၌ ချမ်းမြေ့ဒကာများ သွားရောက်၍ ဒေသခံဘုန်းတော်ကြီးများထံ အပ်နှံကာ ပထမအကြိမ်အဖြစ် လှူဒါန်းခဲ့ပါသည်။

ထို့နောက် ဒုတိယအကြိမ် လေဘေးအလှူအဖြစ် ဖျာပုံမြို့ ဇီဝကာရာမကျောင်းတိုက်၌ ပျက်စီးသွားသည်တို့ကို ပြုပြင်ရန် ကျပ်သိန်း ၃၀ တို့ကို လှူဒါန်းခဲ့ပါသည်။ ဘိုကလေးမြို့နယ်ရှိကျေးရွာတချို့အား ထွန်စက်တစီးနှင့်ဆန်အိတ် ၁၀၀၊ တန်ဘိုးအားဖြင့် ကျပ် ၃၅ သိန်း လှူဒါန်းခဲ့ပါသည်။ လပွတ္တာကျေးရွာများအတွက်လည်း ကျပ်သိန်း ၃၀ တန်ဘိုးရှိသော ထွန်စက်နှစ်စီးကိုလည်းကောင်း၊ တလုံးလျှင် ကျပ် ၉ သိန်းကျဖြင့် အိမ် ၁၀ လုံးဆောက်လုပ်ရန် ကျပ် သိန်း ၉၀ တို့ကိုလည်းကောင်း လှူဒါန်းခဲ့ပါသည်။ စုစုပေါင်း ကျပ် ၁၈၅ သိန်းတို့ကို ဒုတိယအကြိမ် လေဘေးအလှူအဖြစ် လှူဒါန်းခဲ့ပါသည်။

တတိယအကြိမ် လေဘေးအလှူအဖြစ် ဘိုကလေးမြို့နယ် ဘုရားကျောင်းကျေးရွာ၌ အားကိုးရာမဲ့နေသော အဘိုးအဘွားများအတွက် အိမ် ၅ လုံးဆောက်ရန် ကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ အခြားကျေးရွာတရွာ၌ အိမ်တလုံးဆောက်ရန် ကျပ် ၆ သိန်းကိုလည်းကောင်း တတိယအကြိမ် လေဘေးအလှူအဖြစ် လှူဒါန်းခဲ့ပါသည်။

## မူလတန်းကျောင်း နှစ်ကျောင်းအလှူ

ထို့နောက် စတုတ္ထအကြိမ်လေဘေးအလှူအဖြစ် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနောရွာ၌ မူလတန်းကျောင်းတကျောင်း၊ အင်လုံးရွာ၌

www.dhammadownload.com



မူလတန်းကျောင်းတကျောင်းတို့ကို တကျောင်းလျှင် ကျပ်သိန်း ၁၂၅၊ နှစ်ကျောင်းပေါင်း ကျပ်သိန်း ၂၅၀ တို့ဖြင့် ဆောက်လုပ်၍ စတုဒ္ဒအကြိမ် လေဘေးအလှူအဖြစ် လှူဒါန်းခဲ့ပါသည်။ ဤမူလတန်းကျောင်းအလှူ၌ ဆရာတော်က ကျပ်သိန်း ၅၀ မတည်၍ ကနေဒါ၊ ဂျပန်၊ ထိုင်းနိုင်ငံတို့မှ အလှူရှင်တို့က ပါဝင်လှူဒါန်းကြပါသည်။

## ၂၀၁၂ ခုနှစ်၊ မီးဘေးသင့်အလှူ

ရခိုင်ပြည်နယ်၌ မီးဘေးသင့်ဘုန်းကြီးကျောင်းများအား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျပ် ၉၁ သိန်း၊ ၂ သောင်း၊ ၃ ထောင် မီးဘေးသင့်အလှူအဖြစ် လှူဒါန်းခဲ့ပါသည်။

မုံရွာမြို့နယ် လက်ပံတောင်းတောင် အရေးအခင်း၌ မီးသင့်ခံရသော သံဃာတော်များအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဆေးဝါးအလှူအဖြစ် ကျပ် ၅၁ သိန်း၊ ၉ သောင်း၊ ၁ ထောင်၊ ၅၀ ကို လှူဒါန်းခဲ့ပါသည်။

## ၂၀၁၃ ခုနှစ်၊ စစ်ဘေးရှောင်အလှူ

ကချင်ပြည်နယ်၌ စစ်ဘေးမှ တိမ်းရှောင်နေရသော ဒုက္ခသည်များအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကျပ် ၁၈ သိန်း၊ ၃ သောင်း၊ ၁ ထောင်တို့ကို စစ်ဘေးဒုက္ခသည်အလှူအဖြစ် လှူဒါန်းခဲ့ပါသည်။

## ရေဘေးသင့်အလှူ

ကရင်ပြည်နယ်၌ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ရေဘေးသင့်

www.dhammadownload.com



ကြရာ ဆရာတော်ဘုရားဦးဆောင်သော စေတနာရှင်များက ကျပ် ၂၅ သိန်း၊ ၃ သောင်း လှူဒါန်းခဲ့ပါသည်။

## တံတားဦးရေဘေး

၂၀၁၃ ခုနှစ်၌ပင် မန္တလေးတိုင်း၌ ရေဘေးသင့်ကြရာ ဆရာတော်ဘုရားသည် မန္တလေးရှိ နီးစပ်ရာဒကာများကို ညွှန်ကြား၍ ဆရာတော်ဘုရားဦးဆောင်လျက် တံတားဦးမြို့နယ် ရေဘေးသင့်သူတို့အား ကျပ် ၂၅ သိန်း လှူဒါန်းစေပါသည်။

## ၂၀၁၅ ခုနှစ်၊ မကွေးနှင့် ကလေးမြို့ ရေဘေးအလှူ

၂၀၁၅ ခုနှစ်၌ တနိုင်ငံလုံးနီးပါး ရေဘေးသင့်ရာတွင် မကွေးမြို့နယ် ရေဘေးသင့်သူများအား ဆရာတော်ဘုရား ဦးဆောင်၍ ကျပ်သိန်း ၁၅၀ လှူဒါန်းပါသည်။ ကလေးမြို့နယ် ရေဘေးသင့်သူများအား ကျပ်သိန်း ၅၀ လှူဒါန်းပါသည်။

## မော်တော်ယာဉ်အလှူ

၂၀၁၅ ခုနှစ်၌ပင် ရေဘေးသင့်သော အောင်လံမြို့နှင့် ပတ်ဝန်း ကျင် ကျေးရွာများအား ကျပ်သိန်း ၁၀၀ နှင့် ဆန်အိတ် ၂၀၀ တို့ကို လှူဒါန်းခဲ့ပါသည်။ အောင်လံမြို့၌ မြို့သူမြို့သားတို့၏ ကျန်းမာရေး ကူညီစောင့်ရှောက်ပေးနေသော အသင်းအဖွဲ့ဖြစ်သည့် **ကရုဏာကြယ်စင်ကျန်းမာမှုကူညီစောင့်ရှောက်ရေးအဖွဲ့၌** အသုံးပြုရန် မော်တော်ယာဉ်တစီး လိုအပ်နေရာ အဖွဲ့၌ ရံပုံငွေ သိန်း ၃၀ မျှသာရှိသဖြင့် မော်တော်ယာဉ်ရရှိရေးအတွက် အခက်အခဲ ဖြစ်နေပါ

www.dhammadownload.com



သည်။ ထိုအခက်အခဲ ပြေလည်စေရန် ချမ်းမြေ့ဆရာတော်နှင့် ဒကာ ဒကာမ များက ကျပ်သိန်း ၁၀၀ ကျော် ထပ်ဖြည့်၍ မော်တော်ယာဉ်တစီး ဝယ်ယူပြီးလျှင် တရုဏာကြယ်စင်အသင်းအား လှူဒါန်းလိုက်ပါသည်။

၂၀၁၅ ခုနှစ်၌ပင် ပြည်မြို့၌ ရေဘေးသင့်သူများအား ကျပ်သိန်း ၂၀၀ လှူဒါန်းခဲ့ပါသည်။

## ၂၀၁၆ခုနှစ်၊ မီးဘေးသင့်အလှူ

၂၀၁၆ ခုနှစ် ဧပြီလတွင် တောင်တွင်းကြီးမြို့နယ်၌ ရွာလုံးကျွတ် မီးဘေးသင့်ခံရသော ဖျောက်ဆိတ်ကုန်းရွာအား ကျပ်သိန်း ၃၀ လှူဒါန်းခဲ့ပါသည်။

တောင်တွင်းကြီးမြို့နယ်၌ပင် ရိုးမတောင်ခြေ၌ တည်ရှိသော အိုးပေါက်ရွာ၌လည်း အိမ် ၂၃ လုံး မီးဘေးသင့်ခံရသဖြင့် ပြာကျသွားပါသည်။ အိမ်ရှင်များ နေစရာမရှိအောင် ဒုက္ခရောက်နေ၍ ထိုအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရန် အိမ်တလုံးလျှင် ကျပ် ၇ သိန်းကျဖြင့် အိမ် ၂၃ လုံးအတွက် ကျပ် ၁၆၁ သိန်းကို လှူဒါန်းခဲ့ပါသည်။ ထို့အပြင် လည်း အဝတ်အထည်၊ စောင်၊ ခြင်ထောင်စသော နေ့စဉ်သုံး ပစ္စည်းများကိုလည်း လှူဒါန်းခဲ့ပါသည်။

## ထိုင်းမြန်မာ ကုသိုလ်ဖြစ် မျက်စိကုသရေးအဖွဲ့

ချမ်းမြေ့ဆရာတော်ဘုရား၏ တပည့်ဒကာဒကာမများဖြစ်ကြသော ထိုင်းနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့သည်

www.dhammadownload.com



၂၀၁၃ ခုနှစ်၊ မတ်လ ပထမပတ်၌ ရန်ကုန်ချမ်းမြေ့ရိပ်သာသို့ လာ၍ ဆရာတော်ဘုရားကြီးအား ကုသိုလ်ဖြစ်မျက်စိကုသရေးနှင့် ပတ်သက်၍ လျှောက်ထားကြပါသည်။ ဆရာဝန်ကြီးများက လျှောက်ထားကြသည်မှာ သူတို့သည် မြန်မာပြည်၌ သံဃာတော်များကို ပဓာနထား၍ မျက်စိဝေဒနာရှင်များကို အခမဲ့ ခွဲစိတ်ကုသပေးလိုကြောင်း၊ မျက်စိဝေဒနာရှင်များအား ဆေးဝါးများနှင့် မျက်ကပ်မှန် နေကာမျက်မှန်တို့ကိုလည်း လှူဒါန်းလိုကြောင်း၊ ဆရာတော်ဘုရား၏ ဩဝါဒကိုခံယူ၍ ကုသိုလ်ဖြစ် မျက်စိကုသမှုဒါန ပြုလုပ်လိုပါကြောင်း လျှောက်ထားကြပါသည်။

## မော်ဘီချမ်းမြေ့ရိပ်သာ ရွေးချယ်ပါ

ဆရာတော်ဘုရားသည် ထိုင်းဆရာဝန်ကြီးများ၏ လျှောက်ထားချက်ကို နှစ်သက်လှ၍ မျက်စိခွဲစိတ်ကုသရန် သင့်လျော်မည့်နေရာကို စဉ်းစားရာ မော်ဘီချမ်းမြေ့ရိပ်သာသည် ဧက ၂၀ ကျော်ကျယ်ဝန်း၍ သစ်ရိပ် ဝါးရိပ်တို့ဖြင့် သာယာသန့်ရှင်း တိတ်ဆိတ်သောကြောင့် လည်းကောင်း၊ မျက်စိဝေဒနာရှင်များ နေထိုင်ရန် အဆောက်အအုံများ ပြည့်စုံသောကြောင့်လည်းကောင်း၊ မျက်စိခွဲစိတ်ကုသရေး အစီအစဉ်အတွက် အဆင်ပြေလိမ့်မည်ဟု စဉ်းစားမိသဖြင့် ဆရာဝန်ကြီးများကို ပြောပြရာ ဆရာဝန်ကြီးများအဖွဲ့၌ မော်ဘီချမ်းမြေ့ရိပ်သာသို့ ရောက်ဖူးသူများနှင့် တရားအားထုတ်ဖူးသူများ ပါဝင်သဖြင့် မျက်စိခွဲစိတ်ကုသရေးအတွက် အလွန်သင့်လျော်သော နေရာဖြစ်ကြောင်း လျှောက်ထားကြသည်။ ဆရာတော်ဘုရားက ဤအစီအစဉ်အတွက် ဒကာများနှင့် တိုင်ပင်၍ လိုအပ်သည့်ကိစ္စများ စီစဉ်ဦးမည်

www.dhammadownload.com



ဖြစ်ကြောင်း၊ အားလုံး အဆင်သင့်ဖြစ်သည့်အခါ အကြောင်းကြား လိုက်မည်ဖြစ်ကြောင်း ဆရာဝန်ကြီးများအား မိန့်ကြားလိုက်သဖြင့် ဆရာဝန်ကြီးများသည် ဝမ်းမြောက်ဝမ်းသာဖြင့် ထိုင်းနိုင်ငံသို့ ပြန်သွားကြပါသည်။

## မျက်စိကုသရေး ဆေးခန်းဆောက်လုပ်ခြင်း

ဆရာတော်ဘုရားသည် ဆရာဝန်ကြီးများ ပြန်သွားသောအခါ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့အမှူးဆောင် ဒကာကြီးများနှင့် မျက်စိ အထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသော ဦးမြအောင်၊ ဦးအောင်မြတ်စိုး နှင့် ဒေါ်သောင်းသောင်းဆိုင်တို့ကို အကျိုးအကြောင်း ပြောပြရာ ဒကာ ကြီးများသည်လည်း ဝမ်းပန်းတသာဖြစ်ကြပြီးလျှင် စည်းဝေးတိုင်ပင်၍ ကုသိုလ်ဖြစ် မျက်စိခွဲစိတ်ကုသရေးလုပ်ငန်း အဆင်ပြေချောမောစေရန် အကောင်အထည် ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ အထောက်အကူပြု ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းစတင် ဆောင်ရွက်ကြသည်။ ပထမဆုံး လိုအပ်ချက်ဖြစ်သော မျက်စိကုသရေး ဆေးခန်းကို ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့နှင့် အင်ဂျင်နီယာများက မျက်စိအထူးကု ဆရာဝန်ကြီးများ၏ အကြံ ဉာဏ်ကို ရယူကာ မျက်စိခွဲစိတ်ကုသရေး လုပ်ငန်းအားလျော်သော ဆေးခန်းပုံစံထုတ်၍ ဆောက်လုပ်ကြပါသည်။ ဆေးခန်းဆောက်လုပ် ရာတွင် ကုန်ကျသော ကျပ်သိန်း ၁၇၀၂ သိန်းကျော်ကို စေတနာရှင်များ စုပေါင်းလှူဒါန်းကြပါသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာ ရေးဝန်ကြီးထံသို့ ခွင့်ပြုချက်တောင်းခံ ရယူခြင်း၊ သာသနာရေးဝန်ကြီးထံ

www.dhammadownload.com



တင်ပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြခြင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး၊ မှော်ဘီမြို့နယ် ဆရာဝန်ကြီးတို့နှင့် တွေ့ဆုံတင်ပြခြင်း၊ အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံတင်ပြခြင်းစသော လိုအပ် သမျှသောကိစ္စတို့ကို ဆောင်ရွက်ကြပါသည်။

ကိစ္စအဝဝ ပြီးစီး၍ ခွဲစိတ်ကုသရန် အဆင်သင့်ဖြစ်သောအခါ ဘန်ကောက်မြို့ရှိ ထိုင်းဆရာဝန်ကြီးများထံသို့ အကြောင်းကြားလိုက် ကြသည်။

ထိုင်းနိုင်ငံမှ ဒေါက်တာမန်ထနီပိုင်ရာချဝပ် (Dr Manthanee pairachavet) ဦးဆောင်သော ဆရာဝန်ကြီး ၆ ယောက်နှင့် သူနာ ပြုဆရာမများ၊ စက်မှု ပညာရှင်များ၊ အကူပညာရှင်များ အပါအဝင် မျက်စိကုသရေး ဝေယျာဝစ္စကုသိုလ်ရှင် ၃၀ ခန့်တို့သည် မှော်ဘီ ချမ်းမြေ့ရိပ်သာသို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့၌ ချောမောစွာ ရောက်လာကြပါသည်။

ဒီဇင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ မျက်စိဝေဒနာရှင်များဖြစ်ကြ သော သံဃာတော်များ၊ သီလရှင်များ၊ လူဒကာဒကာမများကို ပထမ အကြိမ်အဖြစ် ကုသိုလ်ဖြစ် မျက်စိကုသမှုကို ဆောင်ရွက်ကြပါသည်။

## မျက်စိစမ်းသပ် စစ်ဆေးခြင်း

ရှေးဦးစွာ မျက်စိဝေဒနာရှင်များကို ရန်ကုန်ချမ်းမြေ့ရိပ်သာ၌ မြန်မာဆရာဝန်ကြီးများက မျက်စိ စမ်းသပ်စစ်ဆေးမှု (Screening) ပြုလုပ်ပါသည်။ မြန်မာဆရာဝန်မလေးများနှင့် ဆရာမများက

www.dhammadownload.com



ကူညီကြပါသည်။ စမ်းသပ်စစ်ဆေးချက်အရ ခွဲစိတ်ကုသဖို့ မလိုသော ဝေဒနာရှင်များကို လိုအပ်သည့် ဆေးပေး၍ ပြန်လွှတ်ကြပါသည်။ ခွဲစိတ်ကုသရန် လိုအပ်သော ဝေဒနာရှင်များကိုမူ မှော်ဘီချမ်းမြေ့ ရိပ်သာသို့ ပို့ဆောင်၍ ခွဲစိတ်ကုသမှုခံယူရန် အဆောင်များ၌ ချမ်းချမ်းသာသာထားကြပါသည်။

လိုက်ပါစောင့်ရှောက်သူများအပါအဝင် မျက်စိဝေဒနာရှင်များ၏ ချမ်းသာစွာ နေထိုင်စားသောက်ရေးတို့ကို ရန်ကုန်ချမ်းမြေ့ ရိပ်သာနှင့် မှော်ဘီချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဝေယျာဝစ္စ ယောဂီများက တာဝန်ယူ စောင့်ရှောက်ကြပါသည်။

## ခွဲစိတ်ကုသခြင်း

စမ်းသပ်စစ်ဆေးပြီးနောက် ၃ရက်မြောက်၌ မှော်ဘီချမ်းမြေ့ရိပ်သာ ကုသိုလ်ဖြစ် မျက်စိကုသရေးဆေးခန်း၌ ခွဲစိတ်ကုသမှု ပြုကြပါသည်။ ဝေဒနာရှင်များကိုထိုင်းဆရာဝန်ကြီးများ ခွဲစိတ်ကုသရာတွင်မြန်မာ ဆရာဝန်ကြီးများကလည်း ကူညီပူးပေါင်း ဆောင်ရွက်ကြပါသည်။

ခွဲစိတ်ကုသပြီးလျှင် ဝေဒနာရှင်များအား လိုအပ်သော မျက်ကပ်မှန်များ၊ နေကာမျက်မှန်များ၊ မျက်စဉ်းများ၊ စားဆေးများ လှူဒါန်းလိုက်ကြပါသည်။ ခွဲစိတ်ကုသပြီး နောက်တနေ့၌ ဝေဒနာရှင်များကို ခွဲစိတ်ကုသမှု အဆင်ပြေမပြေ စစ်ဆေးကြပါသည်။အားလုံးပင် ခွဲစိတ်ကုသမှု အောင်မြင်ကြောင်း တွေ့ရပါသည်။

www.dhammadownload.com



ဤနည်းဖြင့်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ ပထမအကြိမ်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၈ ရက်အထိ ဒုတိယအကြိမ်

၂၀၁၄ ခုနှစ်၊ မေလ ၄ ရက်မှ ၁၀ ရက်အထိ တတိယအကြိမ်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်မှ ၉ ရက်အထိ စတုတ္ထအကြိမ်

၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်မှ ၂၈ ရက်အထိ ပဉ္စမအကြိမ်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်မှ ၂၀ ရက်အထိ ဆဋ္ဌမအကြိမ် ခွဲစိတ်ကုသပေးကြပါသည်။

ဤသို့ မျက်စိခွဲစိတ်ကုသရာတွင် ထိုင်းဆရာဝန်ကြီးများသည် စေတနာထက်သန်စွာဖြင့် မျက်စိဝေဒနာရှင်များကို ခွဲစိတ်ကုသပေးကြပါသည်။ ခွဲစိတ်ကုသပြီး နောက်တနေ့၌ မြန်မာမျက်စိအထူးကု ဆရာဝန်ကြီးများက ဝေဒနာရှင်တို့၏ မျက်စိအခြေအနေ အဆင်ပြေမပြေကို သေသေချာချာ စစ်ဆေးကြည့်ရှုကြပါသည်။

ခွဲစိတ်ကုသသည့် ၆ - ကြိမ်တွင် စုစုပေါင်း မျက်စိဝေဒနာရှင် ၁၀၁၄ - ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့ရာ အားလုံးပင် ခွဲစိတ်ကုသမှု အဆင်ပြေ၍ အောင်မြင်ကြပါသည်။ တချို့ဝေဒနာရှင်များမှာ လွန်ခဲ့သည့် ၂ နှစ်၊ ၃ နှစ်ပတ်လုံး မျက်စိကွယ်နေခဲ့ရာ ယခုခွဲစိတ်ကုသလိုက်သည့်အခါ ပကတိအတိုင်းလိုပင် ကြည်ကြည်လင်လင် မြင်ရ၍ ဝမ်းသာမဆုံး ဖြစ်နေကြပါသည်။

www.dhammadownload.com



## ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့၏ဒါနကုသိုလ်

မျက်စိခွဲစိတ်ကုသသော ထိုင်းဆရာဝန်ကြီးများ၊ မြန်မာဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ အကူပညာရှင်များ၏ ချမ်းချမ်းသာသာ နေထိုင်ရေးနှင့် နေ့စဉ် အရက်၊ နေ့၊ ည စားရေးသောက်ရေးတို့ကို ရန်ကုန်ချမ်းမြေ့ရိပ်သာနှင့် မှော်ဘီချမ်းမြေ့ရိပ်သာအဖွဲ့တို့က အထူးတာဝန်ယူ စောင့်ရှောက်ကြပါသည်။

ထိုင်းကုသိုလ်ဖြစ် မျက်စိကုသရေး အဖွဲ့ဝင်များ ဘုရားဖူး၊ ဈေးဝယ်စသည်ဖြင့် သွားလိုရာနေရာများသို့ ချမ်းမြေ့အဖွဲ့ဝင်များက တပျော်တပါး လိုက်ပို့ကြပါသည်။ ထိုင်းအဖွဲ့ ပြန်ခါနီး၌လည်း အမှတ်တရအဖြစ် မွန်မြတ်သော ဘာသာရေးလက်ဆောင်များကို ပေးလိုက်ကြပါသည်။

## လာကြဦးမည်

ထိုင်းဆရာဝန်ကြီးများသည် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ပထမပတ်၌ ခုနစ်ကြိမ်မြောက်အဖြစ် မျက်စိကုသမှုကုသိုလ် ယူကြမည်ဖြစ်ကြောင်း သိရပါသည်။

## လောလောလတ်လတ် နောက်ထပ်အလှူ

ယခု ဤစာရေးနေစဉ်အချိန် ၂၀၁၆ခုနှစ် ဇွန်လ၉ရက်နေ့၌ တောင်တွင်းကြီးမြို့မှ ဒေါက်တာဦးမျိုးမြင့်သိန်းက တောင်တွင်းကြီးဆေးရုံဝင်းအတွင်း၌ လူနာစောင့်များတည်းခိုသည့်အဆောင် ပျက်စီးနေကြောင်း၊ အသစ်ဆောက်လုပ်လျှင်သိန်း ၈၀ ခန့် ကုန်ကျမည်

www.dhammadownload.com



ဖြစ်ကြောင်း ဆရာတော်အားလျှောက်ထား အကြောင်းကြားပါသည်။ ဆရာတော်ဘုရားက ကျေးရွာများမှ မြို့သို့လာ၍ဆေးရုံတက်သည့် လူနာကိုစောင့်ရှောက်သူတို့သည် မြို့၌တည်းခိုရန်နေရာ အခက်အခဲကြောင့် လွန်စွာဒုက္ခရောက်ကြသည်ကို သိသဖြင့် ကိုယ်ချင်းစာလျက် ထိုဒုက္ခမှ သက်သာ စေရန်ဆရာတော်လှူမည်ဖြစ်ကြောင်း၊လူနာစောင့် အမျိုးသားတည်းခိုဆောင်တဆောင်၊ အမျိုးသမီးတည်းခိုဆောင် တဆောင်၊ နှစ်ဆောင် လှူဒါန်းမည် ဖြစ်ကြောင်း အကြောင်းကြားလိုက်ပါသည်။ (ယခု နှစ်ဆောင်တွဲ ဆောက်လုပ်ပြီး၍ ကျပ် ၃၀၃ သိန်း ကုန်ကျကြောင်း သိရပါသည်။)

ယခု ၂၀၁၆ ခုနှစ် လောလောဆယ်ဖြစ်သော မိုးရာသီရေဘေး၌လည်း ဟင်္သာတမြို့နယ် ခေါင်းဆေးကျွန်းအုပ်စု ကျေးရွာလေးရွာသို့ ဘုန်းကြီးဦးဥက္ကဋ္ဌတန၊ ဦးဝါသဝ၊ ဦးကဝိဿရတို့ ချမ်းမြေ့ဒကာများနှင့် သွားရောက်၍ အိမ်ထောင် ၃၉၉ အိမ်ထောင်အား တအိမ်ထောင်လျှင် ဆီ ၂ ပိဿာကျကိုလည်းကောင်း၊ လူဦးရေ ၁၅၅၈ ဦးအား တဦးလျှင် ဆန် ၅ ပြည်ကျကိုလည်းကောင်း စုစုပေါင်း ကျပ်ငွေ ၁၀၁ သိန်း ၂ သောင်း တန်ဘိုးရှိသော လှူဖွယ်ပစ္စည်းတို့ကို လှူဒါန်းခဲ့ပါသည်။

ထို့ပြင်လည်း ၂၀၀၆ခုနှစ်က ဆရာတော်ဖောက်လုပ် လှူဒါန်းထားသော ကျောက်ချောလမ်း၌ ပြုပြင်စရာရှိသည်တို့ကို ဤနှစ်ဝါွန်လ၌ပင် ကျပ်သိန်း ၂၀၀ အကုန်ကျခံ၍ ပြုပြင်လှူဒါန်းပါသည်။

ဤသို့လျှင် ချမ်းမြေ့ဆရာတော်ဘုရား၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်တော်များနှင့် ဒါန စေတနာတို့ကို အကြောင်းပြု၍ ရှင်လူအများ ချမ်းသာကြရ ကုသိုလ်ပွားကြရသည်ကို ကျွန်မသိသမျှ ဖော်ပြရပါသည်။

www.dhammadownload.com



## စာအုပ်များ ရေးသားထုတ်ဝေခြင်း

ဆရာတော်ဘုရားသည် ပရိယတ် ပဋိပတ်အလုပ်များ၊ ရိပ်သာ စီမံခန့်ခွဲ အုပ်ချုပ်ရေးအလုပ်များ၊ ပြည်တွင်း ပြည်ပတရား စခန်းများနှင့်၊ သီးသန့်ပင့်သော တရားပွဲများ၌ ဟောပြောပြသခြင်း၊ ဗုဒ္ဓတရားတော်နှင့် ပတ်သက်သော အချက်အလက်များကို ဆွေးနွေး မေးမြန်းသောသူများအား ဖြေရှင်းပေးခြင်း၊ နိုင်ငံခြားသားများကို တရားဟောကြားပြသခြင်း၊ ရဟန်းပြုပေးခြင်း၊ ကလေးများအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ပေးခြင်း၊ ရိပ်သာခွဲများနှင့် ပတ်သက်သောကိစ္စများ ကို စီမံခန့်ခွဲပေးခြင်းစသော သာသနာ့ကိစ္စ များဖြင့် မအားလပ်သည့်ကြားမှပင် အချိန်ရအောင်ယူကာ လောကီ လောကုတ္တရာ အကျိုး ကျေးဇူးများသည့် စာအုပ်များကို ရေးသား ပြုစုကာ ချမ်းမြေ့စာစဉ်အဖြစ် ထုတ်ဝေပါသည်။ ရန်ကုန်ချမ်းမြေ့ ရိပ်သာ၌ သီတင်းသုံးနေစဉ် အချိန်ရ နည်းပါး၍ အချို့သောစာအုပ် များကို ခရီးသွားရင်း လေယာဉ်ပေါ် သင်္ဘောပေါ်တို့၌ ရေးသားပြုစု တည်းဖြတ်သုတ်သင်ကာ စာအုပ်အဖြစ်သို့ ရောက်စေပါသည်။ ထုတ်ဝေပြီးသော စာအုပ်များမှာ မြန်မာဘာသာဖြင့် ၃၉ အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ၁၃ အုပ်ရှိပါပြီ။ ယင်းစာအုပ်များမှာ-

၁။ ဓမ္မခရီးမှ ပေးစာများ
၂။ အခြေပျိုးဗုဒ္ဓဘာသာ
၃။ ချမ်းမြေ့မင်္ဂလာ သင်စရာ
၄။ ယောဂီသိဖွယ် အသွယ်သွယ်
၅။ ဂုဏ်တော်ဘုရားရှိခိုး (ရဟန်း)
၆။ ဂုဏ်တော်ဘုရားရှိခိုး (ရှင်သာမဏေ)

www.dhammadownload.com



၇။ ဂုဏ်တော်ဘုရားရှိခိုး (အမျိုးသား အမျိုးသမီး)
၈။ လျှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကိုရှုယ်
၉။ ဆင်းရဲငြိမ်းအေး ချမ်းသာရေး
၁၀။ တက္ကသိုလ်ဓမ္မသဘင်
၁၁။ ကံနှင့်တမလွန်ဘဝ
၁၂။ ဘဝအတန်တန် ကံအထွေထွေ
၁၃။ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိ (Dr.အေးအေးမြင့်ရေး)
၁၄။ ဗုဒ္ဓသာသနာတော် စတင်ပြန့်ပွားပုံ
၁၅။ အသံလွှင့်တရားတော်များ
၁၆။ နိုင်ငံခြားဘုန်းတော်ကြီးတပါး၏ ဗုဒ္ဓဘာသာအမြင် အမေးအဖြေ
၁၇။ ပြည်ပဓမ္မခရီးစဉ်များ
၁၈။ တတိယအကြိမ် ဓမ္မခရီး (ဦးကြည်ဝင်း ရေး)
၁၉။ ၂၂ ကြိမ်မြောက် ဓမ္မခရီး (မောင်ဇော်လင်း ရေး)
၂၀။ အာဖရိက ဓမ္မခရီး (၁)
၂၁။ အာဖရိက ဓမ္မခရီး (၂)
၂၂။ ယဉ်ကျေးမှုသင်တန်း အမေးအဖြေများ
၂၃။ စည်းကမ်းနှင့်ဩဝါဒ
၂၄။ စျင်းဆိုသည်မှာ
၂၅။ သတိပဋ္ဌာန်ဝိပဿနာ အားထုတ်ပုံ
၂၆။ နံနက်ချိန်ခါ ဩဝါဒဒေသနာ
၂၇။ သစ်တုံးဥပမာ ဒေသနာ တရားတော်
၂၈။ ဓမ္မကဗျာ ပဒေသာ
၂၉။ ကိလေသာသုံးဖြာ သိက္ခာသုံးပါး တရားတော်
၃၀။ လောကပါလ တရားတော်
၃၁။ မေတ္တာစိတ်မြတ် အအေးဓာတ် တရားတော်

www.dhammadownload.com



၃၂။ စိတ်ထားဖြူစင် သူတော်စင်
၃၃။ သစ္စာလေးပါး တရားတော်
၃၄။ ပစ္စည်းလေးပါး တရားတော်
၃၅။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ နိဿယနိဒါန်း
၃၆။ တက္ကသိုလ်ဓမ္မသဘင် အမေးအဖြေများ
၃၇။ မဟာစည်ဓမ္မခရီး ဘီဘီစီအသံလွှင့် ဆောင်းပါးများ
၃၈။ နတ်တို့ပျော်သံ တရားတော်
၃၉။ မင်္ဂလာနှင့်မေတ္တာ
၄၀။ Vipassana Meditation
၄၁။ Vipassana Meditation Guideline
၄၂။ Ordination Procedure and Some Vinaya Rules
၄၃။ Parable of the Log (English)
၄၄။ Parable of the Log (Chinese)
၄၅။ Practical Insight Meditation
၄၆။ Developement of Insight
၄၇။ The Four Noble Truths
၄၈။ Interview with Ven.Chanmyay Sayadaw
၄၉။ Mettabhavana
၅၀။ Fundamental Doctrine of Buddhism
၅၁။ Talks on Meditation, Blue Mountains, Australia
၅၂။ Talks on Meditation, Canberra, Australia (Manu script)

www.dhammadownload.com



## စာအုပ်အညွှန်း

အထက်ပါစာအုပ်များထဲမှ အချို့သောစာအုပ်များ၌ ပါဝင်သော အချက်အလက်တို့ကို စာရှုသူများ အကြမ်းဖျင်း ကြိုတင်သိထားကြစေရန် ဤစာအုပ်အညွှန်းကိုရေးခြင်းဖြစ်ပါသည်။

### ၄။ ယောဂီသိဖွယ် အသွယ်သွယ်

ယောဂီများ မဂ္ဂင်ရှစ်တန်နှင့် သတိပဋ္ဌာန်ဝိပဿနာကို ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီးလျှင် စနစ်တကျ အားထုတ်တတ်ရန် ညွှန်ကြားပြသထားပါသည်။ ယောဂီများ သိသင့်သိထိုက်သော အချက်အလက် အတော်ပြည့်စုံအောင် ဖော်ပြထားပါသည်။

### ၅၆၊၇၊ ဂုဏ်တော်ဘုရားရှိခိုး စာအုပ်များ

အရဟံစသောဘုရားဂုဏ်တော်များ၊ သွာက္ခာတစသော တရားဂုဏ်တော်များ၊ သုပ္ပဋိပန္နစသော သံဃာဂုဏ်တော်များ၏ အဓိပ္ပါယ်တို့ကို တိုတိုကျဉ်းကျဉ်း ရှင်းလင်းလွယ်ကူစွာ သိနားလည်ကာ အာရုံပြု ရွတ်ဆိုရှိခိုးနိုင်ရန် စီစဉ်ထားပါသည်။ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ သစ်သီးများ ကပ်လှူလျှင်လည်း နှုတ်ကရွတ်ဆို၍ ကပ်လှူတတ်အောင် စီစဉ်ထားပါသည်။

ရဟန်းတော်များ၏ ဂုဏ်တော်ဘုရားရှိခိုးစာအုပ်၌မူ ရဟန်းတော်တို့၏ ဝိနည်းသိက္ခာပုဒ်များကို မြန်မာလို လိုရင်း တိုရှင်း ဘာသာပြန်၍ အပြည့်အစုံနီးပါး ဖော်ပြထားပါသည်။

www.dhammadownload.com



## ၈။ လူ့ကထိန်သက်န်းနှင့် မဂ်လမ်းကိုရှုယ်

ကထိန်နှင့်ပတ်သက်၍ ရှင်ရောလူပါ သိသင့်သိထိုက်သော အချက်လက်များပါဝင်ပါသည်။ ကထိန်သင်္ကန်းလှူဒါန်းသော ဒါယကာ၊ ကထိန်ခင်းသောသံဃာ၊ ကထိန်ခင်းသောရဟန်း ပြည့်စုံရမည့်အင်္ဂါ၊ ကထိန်ခင်းခြင်းကြောင့် ရနိုင်သည့်အကျိုး အာနိသင်၊ တခြားသင်္ကန်း အလှူနှင့် မတူကွဲပြား ခြားနားပုံ၊ မိုးပေါ်ကျ သင်္ကန်း၊ မသိုးသင်္ကန်းတို့၏အဓိပ္ပါယ်၊ ပုဂ္ဂိုလ်အားလှူသောသင်္ကန်းဖြင့် ကထိန် မခင်းနိုင်၊ သံဃာအား လှူဒါန်းသော သံဃိကသင်္ကန်းဖြင့်သာ ကထိန်ခင်းနိုင်ခြင်းစသော အချက်များ ပါဝင်ပါသည်။

## ၉။ ဆင်းရဲငြိမ်းအေးချမ်းသာရေး

ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များ ကောင်စီက ပင့်ဖိတ်၍ ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီးအတွင်း၌ ခရစ်ယာန်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များအား ချမ်းမြေ့ဆရာတော် သုံးရက်ဟောကြားသော တရားတော်ဖြစ်ပါသည်။ သဒ္ဓါတရားရှိသော ဘာသာဝင်တိုင်း လွယ်လွယ်ကူကူနှင့် ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်ကို အစ၊ အလယ်၊ အဆုံး ခြုံငုံ၍ သိနားလည်စေရန် (၁) **ကြည်ညိုယုံကြည်မှုအပိုင်း၊ (၂) လိုက်နာစရာ ဩဝါဒအပိုင်း၊ (၃) ကိုယ်ကျင့်သီလ အပိုင်း၊ (၄) လက်တွေ့ကျင့်ကြံ ပွားများအား ထုတ်မှုအပိုင်း**ဟူ၍ လေးပိုင်းခွဲခြားလျက် ရှင်းလင်းလွယ်ကူစွာ ဟောကြားထားပါသည်။

www.dhammadownload.com



## ၁၀။ တက္ကသိုလ်ဓမ္မသဘင်

၁၉၈၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ပင့်၍ ချမ်းမြေ့ဆရာတော်ဘုရား တက္ကသိုလ်များဓမ္မာရုံ၌ သုံးရက် ဟောကြားသော တရားတော်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏ အခြေခံမှ စ၍ အဆုံးဖြစ်သော ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကိုရဖို့ရာ လက်တွေ့ကျင့်ကြံပွားများပုံအထိ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ပြည့်စုံအောင် ဟောထားသော တရားတော်ဖြစ်ပါသည်။ တရားပွဲ အပြီးတွင် တက္ကသိုလ်ပရိသတ် မေးမြန်းသော မေးခွန်းတို့ကိုလည်း ပြည့်စုံအောင် ဖြေကြားထားပါသည်။

## ၁၁။ ကံနှင့် တမလွန်ဘဝ

မည်သည့်ဘာသာဝင်မဆို ဖတ်သင့်သော စာအုပ်ဖြစ်ပါသည် ကံ ကံ၏အကျိုးတရားနှင့် တမလွန်ဘဝ နောက်ဘဝ အကြောင်းကို ဗုဒ္ဓတရားတော် အဆိုအမိန့် အကိုးအကားမပါဘဲ ခေတ်အမြင်ရ အကျိုးအကြောင်းပြ၍ သဘာဝကျကျ ရှင်းပြထားပါသည်။

## ၁၂။ ဘဝအတန်တန် ကံအထွေထွေ

ဤစာအုပ်သည် ကံနှင့် တမလွန်ဘဝစာအုပ်၏ အကျယ်ဖြစ် ပါသည်။ ကံနှင့် တမလွန်ဘဝ၏ သဘောကို သဘာဝယုတ္တိရှုထောင့်၊ အနောက်တိုင်းသားတို့၏ ရှုထောင့်၊ ဗုဒ္ဓတရားတော် ရှုထောင့်တို့မှ သဘာဝကျကျ စုံလင်စွာ ရှုကြည့်သုံးသပ်လျက် ရှင်းပြထားပါသည်။ ဗုဒ္ဓ၏ တရားတော်၌လာသော ကံအမျိုးမျိုးတို့ကိုလည်း ဝတ္ထုသာဓက

www.dhammadownload.com



များနှင့်တကွ ရှင်းပြထားပါသည်။ အများ ယုံကြည်ပြောဆိုနေကြသော သရဲတစ္ဆေဆိုသည်မှာ မည်သည့်သတ္တဝါများဖြစ်သည်ကိုလည်း ကောင်း၊ ကြောက်ရမည့် သတ္တဝါများလား သနားရမည့်သတ္တဝါ များလား ဆိုသည်ကိုလည်းကောင်း ရှင်းပြထားပါသည်။ သရဲခြောက် သည် တစ္ဆေခြောက်သည်ဆိုသည်မှာ ဘယ်လိုဟာလဲ၊ ဘာကခြောက် တာလဲစသည်ဖြင့် စဉ်းစားဖွယ် မှတ်သားဖွယ် အချက်များ ပါဝင်ပါ သည်။ **အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အနတ္တရာဘဝဒိဋ္ဌိ** အယူများ တို့ကိုလည်း ရှင်းပြထားပါသည်။ နိဗ္ဗာန်ဆိုသည်မှာ ပျော်စရာလည်း မဟုတ်၊ ပျင်းစရာလည်းမဟုတ်၊ ရချင်စရာသာ ဖြစ်ကြောင်းကိုလည်း ရှင်းပြထားပါသည်။ ကံနှင့် တမလွန်ဘဝနှင့်စပ်၍ အမေရိကနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော ကေစီဆိုသူ ပုဂ္ဂိုလ်ထူးတယောက်၏ အကြောင်း ကိုလည်း ဖော်ပြထားပါသည်။

## ၁၄။ ဗုဒ္ဓသာသနာတော် စတင်ပြန့်ပွားပုံ

မြန်မာ၊ ထိုင်း၊ လော၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ မွန်ဂိုလီးယား၊ နီပေါ၊ ဘူတန်၊ ဆိကင်၊ တိဘက်၊ သီရိလင်္ကာစသော ဗုဒ္ဓဘာသာနိုင်ငံများ၌ ဗုဒ္ဓဘာသာ မည်သည့် အချိန်၌ မည်သို့ ရောက်ရှိလာသည်ကို ဖော်ပြထားပါသည်။ မြန်မာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုတခုဖြစ်သော သာသနာတော်လျှောက်စာတန်း ယဉ်ကျေးမှုကိုလည်း ခေတ်နည်းခေတ်ဟန်ဖြင့် ပြန်လည်ဖော်ထုတ်ထား ပါသည်။ သာသနာတော်လျှောက်စာတန်း၌ သာသနာတွင် အရေး ကြီးသော လတိုင်း ရက်တိုင်း၏ အရေး တက်ချိန်တို့ကို ဖော်ပြထား ပါသည်။ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ခေမာ

www.dhammadownload.com



စသော ရှေးစာဆိုတော်တို့၏ ၁၂ လရာသီ အစီအကုံး အနှုန်းအဖွဲ့ တို့ကိုလည်း ဖတ်ရှုရပါမည်။ သံဂါယနာခြောက်တန် အကြောင်း ကိုလည်း ဗဟုသုတဖြစ်ဖွယ်ရာ ဖတ်ရှုနိုင်ပါသည်။

## ၁၅။ အသံလွှင့်တရားတော်များ

ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန၏ လျှောက်ထားစီစဉ်ချက်အရ ချမ်းမြေ့ဆရာတော်ဘုရား သုံးရက် အသံလွှင့် ဟောကြားသော အသိအမြင်မှန်မှ ချမ်းသာရတရားတော်၊ သိပယ်ဆိုက်ပွား တရားတော်၊ ဗုဒ္ဓနည်းကျချမ်းသာစွာ နေထိုင်နည်း တရားတော် သုံးပုဒ်တို့ကို တအုပ်တည်းစုပေါင်း၍ ပုံနှိပ်ထားပါသည်။ ဤတရားတော်သုံးပုဒ်တို့ကို နာကြားသူ ဖတ်ရှုသူများသည် ရုပ်နှင့်နာမ် ခန္ဓာကိုယ်နှင့်စိတ်ကို သတိဦးစီးသောစိတ်ဖြင့် စောင့်ကြည့် ရှုသိခြင်း သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန်တရားကို ကျင့်ကြံပွားများ အားထုတ်ခြင်း အားဖြင့် အသိမှန် အမြင်မှန်ရ၍ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အသိများ အမြင်များကို ပယ်ရှားနိုင်သဖြင့် အသိများ အမြင်များကြောင့် ဖြစ်ပေါ်သော ဆင်းရဲမဖြစ်ပေါ်ဘဲ ဆင်းရဲငြိမ်းနေမှုကို မျက်မှောက်ပြု ရ၍ ဆင်းရဲမရှိဘဲ ချမ်းသာစွာ နေထိုင်ရကြောင်းကို ရှင်းလင်းလွယ် ကူစွာ နားလည်သဘောပေါက်ကြမည် ဖြစ်ပါသည်။

## ၁၆။ နိုင်ငံခြားသားဘုန်းတော်ကြီးတပါး၏ ဗုဒ္ဓဘာသာအမြင်

ဩစတြေးလျနိုင်ငံသား ဗုဒ္ဓဘာသာဘုန်းတော်ကြီးတပါး အင်္ဂလိပ် ဘာသာဖြင့်ရေးသားသော Questions and Answers စာအုပ် ကို ချမ်းမြေ့ဆရာတော်ဘုရား ဘာသာပြန်ထားခြင်းဖြစ်ပါသည်။

www.dhammadownload.com



ဤစာအုပ်၌ ဗုဒ္ဓဘာသာဝင်အများစု သိချင်မေးချင်နေသော အချက်အလက်တို့ကို ခေတ်အမြင်ဖြင့် ရှင်းလင်းဖြေကြားထားပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်သင့်သောစာအုပ်ဖြစ်ပါသည်။

## ၂၀၊ ၂၁။ အာဖရိကဓမ္မခရီး(၁) ၊ အာဖရိကဓမ္မခရီး ၂

သာမန်လူတို့ အရောက်အပေါက်နည်း၍ တောရိုင်းတိရစ္ဆာန်များပေါများသော အသားမဲလူမျိုးတို့ နေရာဖြစ်သည့် တောကြီးတောင်ကြီး ဟု အများသိမှတ်ထားကြသည့် အာဖရိကတိုက်ကြီးတွင် ချမ်းမြေ့ဆရာတော်ဘုရား ဗုဒ္ဓတရားတော်များ ပြန့်ပွားအောင် ဆောင်ရွက်ပုံတို့ကို ဖော်ပြထားပါသည်။ အာဖရိကတိုက်၏ တောတောင်ရေမြေသဘာဝ၊ အာဖရိကလူမျိုးတို့၏ ဓလေ့ထုံးစံ၊ အာဖရိကတောရိုင်း တိရစ္ဆာန်များ၏သဘာဝစသော သိမှတ်ဖွယ်ရာတို့ကို ဖော်ပြထားပါသည်။ ဆရာတော်ဘုရားသည် အာဖရိကတိုက်သို့ ၁၉၉၅ခုနှစ်၌ တကြိမ်၊ ၁၉၉၇ခုနှစ်၌တကြိမ်၊ ၁၉၉၉ခုနှစ်၌တကြိမ်၊ ၂၀၁၅ခုနှစ် ဒီဇင်ဘာလ၌တကြိမ် ကြွရောက်၍ ဗုဒ္ဓတရားတော်များ ဟောပြော ပြသခဲ့ပါသည်။

## ၂၂။ ယဉ်ကျေးမှုသင်တန်းအမေးအဖြေများ

ချမ်းမြေ့ရိပ်သာကျောင်း၌ နွေရာသီကျောင်းပိတ်ချိန်တွင် အသက် ၁၀နှစ်မှ အသက် ၂၀ကြား ကလေးသူငယ်များကို သင်ကြားပေးသော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၌ စာမေးပွဲစစ်ရာတွင် သင်တန်းသူ သင်တန်းသားများ ဖြေကြားသော အဖြေများထဲမှ သင့်လျော်သော အဖြေများကို ရွေးချယ်၍ စံပြအဖြစ် အမေး

www.dhammadownload.com



အဖြေစာအုပ် ပြုလုပ် ထုတ်ဝေထားခြင်းဖြစ်ပါသည်။ ဤအမေး အဖြေများ၌ သင်တန်းသူ သင်တန်းသားတို့၏ အံ့သြဖွယ်ရာ အဆင့် အတန်းမြင့်လှသော အဖြေများကို ဖတ်ရှုရပါမည်။

## ၂၃။ စည်းကမ်းနှင့် ဩဝါဒ

မည်သည့်နေရာဒေသ မည်သည့်လုပ်ငန်းကိစ္စမဆို စည်းကမ်း အရေးကြီးကြောင်းဖော်ပြထားပါသည်။ စည်းကမ်းရှိမှ သက်ဆိုင်ရာ လုပ်ငန်းကိစ္စ ချောချောမောမော ပြီးစီးအောင်မြင်နိုင်ကြောင်းဖော်ပြ ထားပါသည်။ အထူးသဖြင့် တရားရိပ်သာများ၌ တရားအားထုတ်ရာ တွင်စည်းစနစ်ကျကျ စည်းကမ်းနှင့် အညီ အားထုတ်မှ တရားတိုး တက်နိုင်ကြောင်း တရားပြည့်စုံနိုင်ကြောင်း ဖော်ပြထားပါသည်။

## ၂၄။ ဈေးဆိုသည်မှာ

ဈေးဗုဒ္ဓဘာသာ ဈေးဝါဒဟု အများပြောနေကြသော ဈေးအကြောင်း သိကောင်းစရာများကို ဗဟုသုတဖြစ်ဖွယ်ရာ ဖော်ပြ ထားပါသည်။

## ၂၅။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ပုံ

ဗုဒ္ဓတရားတော်တွင် အရေးအကြီးဆုံးဖြစ်သော သတိပဋ္ဌာန် ဝိပဿနာကို နည်းမှန်လမ်းမှန် စနစ်တကျ အားထုတ်တတ်အောင် ညွှန်ပြထားပါသည်။

www.dhammadownload.com



## ၂၇။ သစ်တုံးဥပမာ ဒေသနာတရားတော်

မြစ်ရေကြော၌ မျောလာသော သစ်တုံးကို ဥပမာပြု၍ မြတ်စွာဘုရားဟောထားသော သံယုတ္တနိကာယ်လာ ဒါရုက္ခန္ဓောပမသုတ် ဒေသနာတော်ကို မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း မြန်မာဘာသာဖြင့် ရှင်းလင်းလွယ်ကူစွာ ဟောကြားထားသောတရားတော်ဖြစ်ပါသည်။

## ၂၈။ ကိလေသာသုံးပြာ သိက္ခာသုံးပါးတရားတော်

ကိုယ်နှုတ်လွန်ကျူးမှု **(ဝီတိက္ကမ)** ကိလေသာကိုသီလသိက္ခာ သီလအကျင့်ဖြင့်ပယ်ပုံ၊ စိတ်ထဲတွင် ထကြွဖြစ်ပေါ်သော **(ပရိယုဋ္ဌာန)** ကိလေသာကို သမာဓိသိက္ခာ၊ သမာဓိအကျင့်ဖြင့်ပယ်ပုံ၊ မဂ်ဉာဏ်ဖြင့် မပယ်ရသေးသောကြောင့် အမြဲကိန်းနေသော ကိလေသာမျိုးစေ့ ကိလေသာသတ္တိ **(အနုသယ)** ကိလေသာကိုပညာသိက္ခာ ပညာအကျင့်ဖြင့်ပယ်ပုံတို့ကို လက်တွေ့အားထုတ်သူများ နားလည်နိုင်လောက်အောင် ရှင်းပြထားပါသည်။

## ၃၀။ လောကပါလတရားတော်

လောကကိုငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သော**ဟိရီ ဩတ္တပ္ပ**တရားနှစ်ပါးကို လောကပါလတရားဟု မြတ်စွာဘုရားမိန့်တော်မူသည်။ မကောင်းမှု မတရားမှုကိုပြုလုပ်ပြောဆိုရမှာ ရှက်သည့်စိတ် **(ဟိရီ)**နှင့် ကြောက်သည့်စိတ် **(ဩတ္တပ္ပ)** ရှိသောသူသည် မကောင်းမှု မတရားမှုတို့ကို မပြုတော့ပေ။ ထို့ကြောင့် ရှက်စိတ်

www.dhammadownload.com



ကြောက်စိတ်တို့သည် သူတော်ကောင်းစိတ်များဖြစ်ကြသည်။ မကောင်းမှု မတရားမှုကို ပြုလုပ်ရမှာ မရှက်မကြောက်သောသူသည် မကောင်းမှု မတရားမှုတို့ကို ပြောင်ပြောင်တင်းတင်း ရဲရဲဝံ့ဝံ့ပြုလုပ်ပြောဆို ကြံတွေးသည်။ ဤသူမျိုးသည် သူယုတ်မာဖြစ်သည်။ သူယုတ်မာသည် ရှက်ရမှန်း ကြောက်ရမှန်းမသိပေ၊ သူသည် မရှက်တတ် မကြောက်တတ်ခြင်းကြောင့် ဆိုးကျိုး ဆင်းရဲကျိုးကို ခံစားရမည်ဖြစ်ကြောင်း ရှင်းပြထားသည်။ သက်သေသာဓက ဝတ္ထုကြောင်းများလည်းပါသည်။

## ၃၁။ မေတ္တာစိတ်မြတ် အအေးဓာတ်တရားတော်

သတ္တဝါများကို ချမ်းသာစေလိုသောစိတ် သတ္တဝါများ၏ ကောင်းကျိုးချမ်းသာကို လိုလားသောစိတ်သည် မေတ္တာစိတ်ဖြစ်သည်။ ထိုမေတ္တာ စိတ်မိမိသန္တာန်၌ဖြစ်ပွားအောင် ဆင်ခြင်နှလုံးသွင်း ပွားများခြင်းသည် မေတ္တာဘာဝနာ၊ ဤမေတ္တာဘာဝနာကို ပွားများတတ်အောင် ဤစာအုပ်ငယ်က သင်ကြားပေးထားပါသည်။

## ၃၂။ စိတ်ထားဖြူစင်သူတော်စင်

စိတ်ကောင်းစိတ်မြတ်ထား၍ စိတ်ထားဖြူစင်သူတို့ကို လူအများ ချစ်ခင်မြတ်နိုးကြသည်။ ယုတ်မာညစ်မဲသော စိတ်တို့ဖြင့် စိတ်ထားညစ်မဲသောသူတို့ကို လူအများရွံရှာ မုန်းတီးကြသည်။ ထို့ကြောင့် စိတ်ထားဖြူစင်ဖို့ အရေးကြီးလှပုံကို ရှင်းပြထားသည်။

www.dhammadownload.com



## ၃၃။ သစ္စာလေးပါးတရားတော်

ဒုက္ခ သမုဒယ နိရောဓ မဂ္ဂတည်းဟူသော သစ္စာလေးပါး အမှန်တရားကို လူတိုင်းသဘောပေါက်အောင် အရပ်စကားဖြင့် ရှင်းလင်းလွယ်ကူစွာ ရှင်းပြထားပါသည်။

## ၃၄။ ပစ္စည်းလေးပါးတရားတော်

ထာဝရ ပစ္စည်း၊ ဇင်္ဂမ ပစ္စည်း၊ အင်္ဂသမ ပစ္စည်း၊ အနုဂါမိက ပစ္စည်းတည်းဟူသော ပစ္စည်းလေးပါးတို့ကို ရှင်းပြထားပါသည်။ အနည်းငယ်နက်နဲ၍ စဉ်းစဉ်းစားစား ဖတ်ရှုရမည့် တရားဖြစ်ပါသည်။ ထိုပစ္စည်းလေးမျိုးအနက် အနုဂါမိကရွှေအိုးကို မြှုပ်ဖြစ်အောင် မြှုပ်ထားကြဘို့လိုပါသည်။

## ထေရုပ္ပတ္တိ ပုံပေါ်ရုံမျှ

ကျွန်မသည် ဆရာတော်ဘုရားနှင့်ပတ်သက်သော ကျွန်မ သိသမျှ မှတ်မိသမျှ အကြောင်းအရာအချက်အလက်များနှင့် ရှာဖွေ မေးမြန်း စုဆောင်းမိသမျှ အကြောင်းအရာအချက်အလက်များထဲမှ အချို့သော အကြောင်းအရာအချက်အလက်တို့ကို ဆရာတော်ဘုရား ၏ ထေရုပ္ပတ္တိပုံပေါ် ရုံမျှ ဖော်ပြရေးသားခဲ့ပါသည်။ မဖော်ပြရသေး သော အကြောင်းအရာအချက်အလက်များစွာ ရှိပါသေးသည်။ သို့ သော်လည်း ဤအနည်းငယ်မျှသော အချက်အလက်များကို ဖော်ပြ ရေးသားရုံမျှဖြင့် ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ ပုံပေါ် လောက်ပြီဟု ယူဆသဖြင့် ဤမျှသာ ဖော်ပြရေးသားပါသည်။

www.dhammadownload.com



## သက်တော် ၈၅ နှစ်မှစ၍ ဘဝခရီးစဉ်

ကျွန်မသည် ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိပထမတွဲကို ရေးသားပြီးလျှင် ဒုတိယတွဲကို ဆက်လက်ကြိုးစား၍ရေးသားရာတွင် ဆရာတော်ဘုရားကြီး၏ အနေအထိုင်၊ အပြောအဆို၊ အဟောအပြော၊ စိတ်နေစိတ်ထား၊ အကျင့်သိက္ခာ၊ ဆက်ဆံရေးစသည်တို့ကို စွမ်းနိုင်သမျှ ဖော်ပြရေးသားရန်နှင့် ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံကော်မူကြသော သီတင်းသုံးဖော် ဆရာတော်သံဃာတော်တို့၏ ဆရာတော်ဘုရားကြီး အပေါ် ရှုမြင်ပုံများကို ဖော်ပြရန်သာ ရည်ရွယ်ပါသည်။

သို့သော်လည်း ပထမတွဲ၌ ခရစ်နှစ် ၂၀၁၂ ခုနှစ် ဆရာတော်ဘုရားကြီး သက်တော် ၈၅ နှစ်အရွယ်တော်အထိ ပြည်တွင်းပြည်ပ သာသနာအတွက် ဆောင်ရွက်ချက်တို့ကို ဖော်ပြခဲ့သလို ၂၀၁၃ခုနှစ်မှ စ၍ဆရာတော် ဘုရားကြီး၏ ပြည်တွင်းပြည်ပ သာသနာအတွက် ဆောင်ရွက်ချက်တို့ကိုလည်း သိလိုကြသဖြင့် ကျွန်မမှတ်သားမိသမျှ ဆက်လက်ရေးသားရပါသည်။ အချို့အကြောင်းအရာများကို ဆရာတော်ဘုရား ဖြည့်စွက် ရေးသား ချီးမြှင့်ပါသည်။

## ၅၁ ကြိမ်မြောက် ဓမ္မခရီး (၂၀၁၃ ခုနှစ် ဧပြီနှင့် မေလ)

၎င်း ၅၁ ကြိမ်မြောက်ဓမ္မခရီး၌ ဆရာတော်ဘုရားသည် တရုတ်ပြည် ကူမင်းမြို့နှင့် ရှန်ဟဲမြို့သို့ ကြွရပါသည်။ ရှန်ဟဲမြို့ အနုပညာတက္ကသိုလ် (University of Practical Art) ၌ မေတ္တာဘာဝနာတရား ဟောပြောရပါသည်။ ဒေါ်ခင်ထွေး ဘာသာပြန်ပါသည်။

www.dhammadownload.com



ထို့နောက် ပေကျင်းမြို့မှတဆင့် လော့ယန်မြို့သို့ကြွ၍ လော့ယန် (Luoyang)မြို့ အနီးရှိ လောင်းမင်းဂူ(Longmen Grottoes) ဘုရားများကို ဖူးမြော်ပြီးလျှင် ပေကျင်းမြို့သို့ ပြန်ကြွပါသည်။ ပေကျင်းမြို့၌ ဗုဒ္ဓမြတ်စွာ၏ စွယ်တော်မြတ်ကို ဖူးမြော်ကြပါသည်။ မေလ ၁၁ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ကြွတော်မူပါသည်။ မောင်နန္ဒ ဝေယျာဝစ္စ ကုသိုလ်ယူပါသည်။

## ၅၂ ကြိမ်မြောက်ဓမ္မခရီး(၂၀၁၃ ဇွန်နှင့် ဇူလိုင်လ)

ဆရာတော်ဘုရားသည် ဇွန်လ ၅ ရက်နေ့တွင် ၅၂ ကြိမ်မြောက် ဓမ္မခရီးကြွရပါသည်။ ဤဓမ္မခရီး၌ အမေရိကနိုင်ငံ ချီကာဂို၊ စပရင်းဖီးလ်၊ အင်ဒီယားနားပြည်နယ် ဖို့ဝိန်းမြို့၊ ကော်လိုရာဒိုပြည်နယ် ဘိုးလ်ဒါးမြို့၊ ဒင်ဗာမြို့များသို့ ကြွရောက် ဟောပြောပြသ လေ့လာကြပြီးလျှင် ဇူလိုင်လ ၁၀ ရက်နေ့၌ မြန်မာပြည်သို့ ပြန်ကြွခဲ့ပါသည်။ မောင်နန္ဒ ဝေယျာဝစ္စကုသိုလ်ယူပါသည်။

## ၅၃ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၃ နိုဝင်ဘာလ)

ဤဓမ္မခရီး၌ နိုဝင်ဘာလ ပထမပတ်တွင် စင်္ကာပူနိုင်ငံသို့ကြွ၍ တရားဓမ္မဟောပြောပြသပြီးလျှင် မြန်မာနိုင်ငံသို့ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြန်ကြွပါသည်။ မောင်အောင်မြင့်စိုး ဝေယျာဝစ္စ ကုသိုလ်ယူပါသည်။

www.dhammadownload.com



## ၁၄ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၃ နိုဝင်ဘာမှ ၂၀၁၄ ဖေဖော်ဝါရီ)

ဤဓမ္မခရီးကို ဆရာတော်ဘုရားကြီး မကြွနိုင်၍ ဘုန်းတော်ကြီး ဦးသောဘိတ ကြွရောက်ဆောင်ရွက်ပါသည်။ ကြွရောက်ဟော ပြောပြသရသည့် နေရာများမှာ ထိုင်းနိုင်ငံ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း၊ ဓမ္မောဒယ ချမ်းမြေ့ရိပ်သာ၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဆုဘန်ဂျယဗုဒ္ဓဘာသာအသင်း၊ အင်ဒိုနီးရှားနိုင်ငံ ဘကုမ့်တရားရိပ် သာနှင့် ဆေမာရန်းတရားရိပ်သာတို့ ဖြစ်ကြပါသည်။ မောင်မိုးဇော် ဝေယျာဝစ္စကုသိုလ်ယူပါသည်။

## တပည့်များ၏ ပထမအကြိမ် ပူဇော်ပွဲ

ခရစ်နှစ် ၂၀၁၄ ခုနှစ် မတ်လ ၁၃၊ ၁၄၊ ၁၅ ရက်နေ့များတွင် ရန်ကုန်ချမ်းမြေ့ရိပ်သာ၌ ချမ်းမြေ့ယောဂီတပည့်များ စုပေါင်း၍ ပထမအကြိမ် ပူဇော်ပွဲကျင်းပကြပါသည်။ ပြည်တွင်းပြည်ပ ချမ်းမြေ့ ရိပ်သာခွဲများမှ တပည့်ယောဂီများက ဆရာတော်ဘုရားအား စုပေါင်း ပူဇော်လိုကြ၍ ပူဇော်ပွဲစီစဉ်ပေးပါရန် ရန်ကုန်ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ အမှုဆောင်များထံ စာရေးသား မေတ္တာရပ်ခံခဲ့ ကြသည်မှာ ၃နှစ်ခန့် ရှိသွားပါပြီ၊ ရန်ကုန် အမှုဆောင်များက အချိန်မကျသေးဟု ယူဆ၍ ဆိတ်ဆိတ်နေခဲ့ကြပါသည်။

ယခု ၂၀၁၄ ခုနှစ်တွင်မူ မေတ္တာရပ်ခံကြသော ဓမ္မမိတ်ဆွေ များ၏ ထက်သန်လှသော သဒ္ဓါ၊ စေတနာတို့ကို ဝမ်းသာအားရ လေးစားကြသောကြောင့်လည်းကောင်း၊ ကုသိုလ်တရားတိုးပွားကြ မည်ကို ဆင်ခြင်စဉ်းစားမိကြသောကြောင့် လည်းကောင်း၊ ချမ်းမြေ့

www.dhammadownload.com



ဓမ္မမိတ်ဆွေအချင်းချင်း နှစ်စဉ်တွေ့ဆုံကြ၍ ပိုမိုရင်းနှီးခင်မင်ကာ မေတ္တာတရားတိုးပွားကြမည် ဖြစ်သောကြောင့်လည်းကောင်း၊ မိမိတို့၏ တရားရိပ်သာများ တိုးတက်ရေးကို တင်ပြဆွေးနွေးအကြံပေးခြင်းစသော အခွင့်အရေးတို့ကို ရကြမည်ဖြစ်သောကြောင့်လည်းကောင်း ဤသို့လျှင် အကြောင်းကြောင်းတို့ကို ထောက်ရှု၍ ပူဇော်ပွဲပြုလုပ်သင့်သည်ဟု သဘောရကြသဖြင့် ဆရာတော်ဘုရားထံ ခွင့်ပန် လျှောက်ထား၍ ဆရာတော်ဘုရား၏ ခွင့်ပြုချက်ရရှိသောအခါ ချမ်းမြေ့ရိပ်သာခွဲအားလုံးမှ အမှုဆောင်များနှင့် ပူဇော်ပွဲပြုလုပ်ရေး စည်းဝေးတိုင်ပင်ကာ နေ့ရက်သတ်မှတ် ဆုံးဖြတ်ကြပြီးလျှင် စုပေါင်းပူဇော်ပွဲ ဆင်နွှဲကျင်းပကြခြင်းဖြစ်ပါသည်။

ဤပူဇော်ပွဲ၌ ၃ ရက်ပတ်လုံး နံနက် ၄ နာရီမှစ၍စုပေါင်း ညီညာစွာ ဘုရားရှိခိုးခြင်း၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်စသော သုတ်ဒေသနာတော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပွားခြင်း၊ မေတ္တာပို့ခြင်း၊ ဝိပဿနာတရား ပွားများအားထုတ်ခြင်းစသော ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြပါသည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီး စသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ဆရာတော် ဘုရားအမှူးထားလျက် ပူဇော်ပွဲသို့ လာရောက်ကြသော ဓမ္မမိတ်ဆွေ အားလုံး ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွား၍ ဘုရား၊ တရား၊ သံဃာ့ဂုဏ်တော်တို့ကို အာရုံပြု ရွတ်ဆိုကာ ရှိခိုးပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူ ပူဇော်ခြင်း၊ လျှပ်စစ်မီး ညလုံးပေါက် ပူဇော်ခြင်းစသော အာမိသပူဇာတို့ဖြင့်လည်း ပူဇော်ကြပါသည်။

www.dhammadownload.com



## ဩဝါဒဒေသနာတော်

ဤပထမအကြိမ် ပူဇော်ပွဲ၌ ဆရာတော်ဘုရား ဩဝါဒတရား ချီးမြှင့်ရာတွင် နဂရဝိန္ဒေယျသုတ်တော်မှ ထုတ်နုတ်၍ ဆောင်ပုဒ်လုပ်ကာ ဩဝါဒဒေသနာ ချီးမြှင့်ပါသည်။ ဆောင်ပုဒ်များမှာ ရွတ်ဖတ် လိုက်လျှင်ပင် အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း သိနိုင်နားလည်နိုင်သော ဆောင်ပုဒ်များဖြစ်ပါသည်။

### အပူဇော်ခံထိုက်သူ

**အဆင်းစသား၊ အာရုံများ၌၊ ကင်းပြားရာဂ၊ ကင်းဒေါသ၊**
**မောဟကင်းရှင်းသူ။**
**မကင်းသေးလဲ၊ ကင်းအောင်ပဲ၊ အမြဲအားထုတ်သူ။**
**ကိုယ်တွင်းသန္တာန်၊ ငြိမ်းအေးမှန်၊ ဆယ်တန်သုစရိုက်ပြည့်ဝသူ။**
**ပူဇော်ထိုက်လှ၊ ပူဇော်ကြ၊ ဗုဒ္ဓမိန့်တော်မူ။**

ဆရာ မမှားစေရန်၊ အပူဇော် မမှားစေရန် ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားဆုံးမထားသော တရားတော်ကို ဆရာတော်ဘုရား ကိုးကား၍ ဩဝါဒတရား ချီးမြှင့်တော်မူခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရား အမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား၊ မွန်မြတ်သော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းပူဇော်ကြပါသည်။ ပူဇော်ပွဲလာ ရဟန်း၊ ရှင်၊ လူအားလုံးတို့ကို ပူဇော်ပွဲအကြိုနေ့မှစ၍ ၅ ရက်တိုင်တိုင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအဖျော်ယမကာတို့ဖြင့် ဧည့်ခံကျွေးမွေး ပြုစုလှူဒါန်းကြပါသည်။

www.dhammadownload.com



ပူဇော်ပွဲ ၃ရက်ပတ်လုံး အရဏ်အချိန်၌ စားဖွယ် သောက်ဖွယ်များကို မိမိတို့ အလိုရှိသလို ယူ၍သုံးဆောင်နိုင်သော ဘူဖေးအလှူကိုလည်း လှူဒါန်းကြပါသည်။ ဤဘူဖေးအလှူ၌ အလှူရှင် အသီးသီးတို့က စားဖွယ်သောက်ဖွယ် အမျိုးမျိုးတို့ကို အထူးစီမံ၍ သဒ္ဓါတရားထက်သန်စွာ တပျော်တပါး အားပါးတရ လှူဒါန်းပူဇော်ကြပါသည် သံဃာတော်အရှင်မြတ်များလည်း အရုဏ်ဘူဖေးဆွမ်းခံ ကြွကြပါသည်။

ပူဇော်ပွဲအထိမ်းအမှတ်အဖြစ်ဖြင့် **သူတော်လမ်းပြ လောကပါလ**တရားတော်စာအုပ်၊ **မဟာထေရပူဇာ ရွှတ်စ**ရာစာအုပ်နှင့် **မင်္ဂလာနှင့်မေတ္တာနှစ်အုပ်တွဲ**စာအုပ်တို့ကို ထုတ်ဝေပူဇော်ကြပါသည်။ ဤသို့လျှင် အာမိသပူဇာ၊ ဓမ္မပူဇာ နှစ်မျိုးလုံးဖြင့် သဒ္ဓါရွှင်လန်း လှူဒါန်းပူဇော်ကြပါသည်။

ဤပထမအကြိမ် ပူဇော်ပွဲ၌ ထူးခြားသော အာမိသပူဇာမှာ ဆရာတော်ဘုရားကြီးအား ဓာတ်လှေခါးဖြင့် ပူဇော်ခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် သက်တော်ကြီးရင့်သဖြင့် ဓမ္မာရုံတော်ကြီး အထက်ထပ်သို့ ကြွရောက်သည့်အခါ သက်သက်သာသာဖြင့် ကြွရောက်နိုင်စေရန် ဓမ္မာရုံတော်ကြီးတွင် ဓာတ်လှေခါးတပ်ဆင်၍ ပူဇော်ကြပါသည်။ ဓာတ်လှေခါး မတည်အလှူရှင်မှာ **သိန်းမင်းသက်န်းတိုက်**မှ ဦးစိုးသိန်း၊ ဒေါ်ရင်ရင်သိန်း မိသားစုတို့ ဖြစ်ကြပါသည်။ အခြားစေတနာရှင်များကလည်း စုပေါင်းကုသိုလ် ပါဝင်ကြပါသည်။ ထို့ပြင်လည်း ထရန်စဖော်မာတလုံးကိုလည်းကောင်း၊ ဓမ္မာရုံတော်ကြီးအထက်ထပ်တွင် လိုအပ်သော လေအေးစက် ၆ လုံး ကိုလည်းကောင်း တပ်ဆင် ပူဇော်ကြပါသည်။ ဆရာတော်ဘုရား

www.dhammadownload.com



ခရီး ကြွရာတွင် သက်သက်သာသာ ကြွနိုင်စေရန် E300 မာစီဒီးဘင့်ဇ် ဆလွန်းကား အသစ်တစီးဖြင့်လည်း ပူဇော်ကြပါသည်။

## ၅၅ ကြိမ်မြောက် ဓမ္မခရီး ( ၂၀၁၄ မေလ )

ဤဓမ္မခရီးတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မြို့တော် တရားရိပ်သာဖွင့်ပွဲ ကျင်းပပေးရပါသည်။ တရားရိပ်သာကို ဆရာတော်ဘုရား ဖွင့်လှစ်ပေးပြီးသောအခါ ဆရာတော်ဘုရား ဖွင့်လှစ်ပေးကြောင်း အထိမ်းအမှတ်အဖြစ် ကြေးပြားပေါ်တွင် လက်မှတ်ထိုးပေးရပါသည်။

တရားရိပ်သာဖွင့်ပွဲပြီးသောအခါ စင်္ကာပူသို့ ကြွရပါသည်။ စင်္ကာပူချမ်းမြေ့ရိပ်သာ၌ ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ်ပွဲနှင့် ညတရားပွဲချီးမြှင့်ပြီးလျှင် ဂျွန်လ ၂ရက်နေ့တွင် ရန်ကုန်သို့ ပြန်ကြွပါသည်။ ပဏ္ဍာသမဏအဖြစ် ဦးသောဘိတနှင့်ဦးသုစိဏ္ဏတို့ လိုက်ပါ၍ မောင်ကျော်မင်းနှင့် မောင်ပိုင်တို့ ဝေယျာဝစ္စကုသိုလ်ယူကြပါသည်။

## ၅၆ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၄ ဂျွန်လမှ အောက်တိုဘာလအထိ)

ဤခရီးသည် ၄ လကြာဓမ္မခရီးဖြစ်ပါသည်။ ဂျွန်လ ၂၇ ရက်နေ့တွင် ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့သို့ကြွ၍ ဂျွန်လ ၂၉ ရက်နေ့တွင် ဗန်ကူးဗားမြို့အနီးရှိ ဟုပ်(Hope)မြို့ကလေး၌ ချမ်းမြေ့ရိပ်သာတခု ဖွင့်လှစ်ပေးရပါသည်။ တရားရိပ်သာဖွင့်ပြီးလျှင် ဂျွန်လ ၂၉ ရက်မှ ဂျူလိုင် ၉ရက်အထိ ၁၀ရက် တရားစခန်း ဖွင့်လှစ်၍ ဟောပြောပြသပေးပါသည်။

www.dhammadownload.com



## စပရင်းဖီးလ်၌ ဝါကပ်

တရားစခန်းပြီးသောအခါ ဆရာတော်ဘုရားသည် အမေရိကန်ပြည်၊ အီလီနွိုက်ပြည်နယ်၊ စပရင်းဖီးလ်မြို့( Springfield ) ချမ်းမြေ့ ရိပ်သာသို့ကြွ၍ သီတင်းသုံးပါသည်။ စပရင်းဖီးလ် ချမ်းမြေ့ရိပ်သာ တည်ထောင်ခဲ့သည်မှာ ဤ ၂၀၁၄ခုနှစ် ဇူလိုင်လတွင် ၁၀နှစ်ပြည့်ပြီ ဖြစ်၍ ၁၀နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဝါဆိုပေးပါရန် တပည့်ဒကာ ဒကာမများ လျှောက်ထားကြသောကြောင့် ဆရာတော်ဘုရား စပရင်းဖီးလ် ချမ်းမြေ့ရိပ်သာ၌ ဝါကပ်ရပါသည်။ ဝါတွင်းကာလ၌ ၁၀နှစ်ပြည့် အထိမ်းအမှတ်ပွဲ၊ ဆရာတော်ဘုရား၏ မွေးနေ့ပူဇော်ပွဲ၊ ရှင်ပြု ရဟန်းပြုပွဲများ ကျင်းပကြပါသည်။ သီလရှင်ဝတ်ပွဲလည်း ကျင်းပကြပါသည်။ တရားစခန်းပွဲလည်း ကျင်းပကြပါသည်။

ထို့ပြင်လည်း နော့သ်ကာရိုလိုင်းနားပြည်နယ် ဦးဇောတိက၏ ကျောင်းဖွင့်ပွဲ၌ တရားချီးမြှင့်ရပါသည်။ ကာလီဖိုးနီးယား ပြည်နယ် ဒေလီးစီးတီးမြို့၊ ဖရီးမွန့်မြို့တို့မှ ဒကာ ဒကာမများက သြဝါဒခံယူပွဲများ ကျင်းပကြပါသည်။ စန်ဟိုဇေးမြို့တထာဂတ ဓမ္မရိပ်သာ၌ မြန်မာ ယောဂီတို့အား မြန်မာဘာသာဖြင့်၊ နိုင်ငံခြား ယောဂီတို့အား အင်္ဂလိပ် ဘာသာဖြင့် တရားဟောပြော ချီးမြှင့်ပါသည်။

စန်ဟိုဇေးမြို့ သွားဆရာဝန် ဒေါက်တာ စိန်အောင်လင်းက သွားပြုပြင်ပေးပါသည်။ မေရီလင်းပြည်နယ် ကမ္ဘောဒီးယားအမျိုးသမီး ဆရာဝန် ဒေါက်တာဘိုဖရီက သွားစစ်ဆေး သန့်ရှင်းပေးပါသည်။ ဒေါက်တာ ချစ်ခင်ကလည်း သူ၏ဆေးခန်း၌ သွားစစ်ဆေး ပြုပြင်

www.dhammadownload.com



ပေးပါသည်။ ဦးဖိုးစိန်ကြီး၏မြေး ဒေါက်တာ ကောလင်းစိန်က နှလုံးစစ်ဆေးပေးပါသည်။

စပရင်းဖီးလ်မြို့သို့ ပြန်ရောက်သောအခါ ပရေရီဆေးရုံ၌ ဒေါက်တာခိုင်ဆွေမြင့်က အထွေထွေစစ်ဆေးမှု (General Check-up) ကုသိုလ်ယူပါသည်။

ဖလော်ရီဒါပြည်နယ် တမ်ပမြို့၊ အော်လန်ဒိုမြို့၊ မာယာမီမြို့တို့၌ တရားပွဲများ ချီးမြှင့်ပေးပါသည်။ မစ်ဇိုရီပြည်နယ် ကိုလံဘီယာမြို့၊ အိုဟိုင်းယိုးပြည်နယ် ကိုလံဘတ်မြို့တို့၌လည်း တရားဟောပြောပြသပါသည်။ဘော်လ်တီမိုးမြို့ အရှင်ကေလာသဝိဟာရ ကျောင်း၌လည်း တရားချီးမြှင့်ပါသည်။

ဆရာတော်ဘုရားသည် ထိုနှစ်သီတင်းကျွတ်လပြည့်နေ့တွင် စပရင်းဖီးလ် ချမ်းမြေ့ရိပ်သာကျောင်း၌ သံဃာတော်များနှင့်အတူ ပဝါရဏာပြုတော်မူပါသည်။ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့တွင် ကထိန်ခင်းတော်မူပါသည်။ အောက်တိုဘာ ၁၃ ရက်နေ့၌ နယူးယောက်မြို့ ဦးဂုဏသိရိကျောင်းသို့ ကြွပါသည်။ ဤခရီးစဉ်၌ ကာလီဖိုးနီးယားပြည်နယ်၊ ယုစမိတီ အမျိုးသားဥယျာဉ် (Yosemite National Park)နှင့် မွန်တားနားပြည်နယ်၊ ရဲလိုးစတုန်း အမျိုးသားဥယျာဉ်သို့ ဒကာများ လိုက်ပို့သဖြင့် သွားရောက်လေ့လာ ကြည့်ရှုခဲ့ရပါသည်။ အောက်တိုဘာ ၂၀ ရက်နေ့တွင် အမေရိကမှ မြန်မာပြည်သို့ ပြန်ကြွပါသည်။ မောင်နန္ဒ ဝေယျာဝစ္စကုသိုလ် ယူပါသည်။

www.dhammadownload.com



## ၅၇ ကြိမ်မြောက် ဓမ္မခရီး (၂၀၁၄ နိုဝင်ဘာ ၁၅ မှ ဒီဇင်ဘာ ၃)

ဤဓမ္မခရီး၌ တရုတ်ပြည် ကျန်စီပြည်နယ် နန်ချန်းမြို့နယ် ပေါင်ဖုန်းကျောင်း၌ ၁၀ ရက်တရားစခန်း ဟောပြောပြသပါသည်။ အကူကမ္မဋ္ဌာန်းဆရာမှာ ဦးဉာဏရံသီဖြစ်ပါသည်။ မောင်သိန်းလွင် ဝေယျာဝစ္စကုသိုလ် ယူပါသည်။ တရားစခန်းပြီးလျှင် နိုဝင်ဘာ ၂၆ ရက်နေ့၌ ပေကျင်းမြို့နှင့် ကွမ်ကျိုးမြို့သို့ ကြွ၍ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ကြွပါသည်။

## ၅၈ ကြိမ်မြောက်ဓမ္မခရီး(၂၀၁၄ နိုဝင်ဘာ ၁၁ မှ ၂၀၁၅ ဇန်နဝါရီ ၁၄)

ဤဓမ္မခရီး၌ အင်ဒိုနီးရှားတရားစခန်းသည် မေတ္တာဘာဝနာ တရားစခန်းဖြစ်၍ ဆရာတော်ကိုယ်တိုင် ဟောပြောပြသပါသည်။ ထိုင်း၊ စင်္ကာပူ၊ မလေးရှားတရားစခန်းများ၌မူ ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသ ဟောပြောပြသပါသည်။မောင်နန္ဒ၊ မောင်ပိုင်နှင့် မောင်မိုးဇော်တို့ ဝေယျာဝစ္စကုသိုလ်ယူကြပါသည်။

## တပည့်များ၏ ဒုတိယအကြိမ် ပူဇော်ပွဲ

ဆရာတော်ဘုရားအား တပည့်များ၏ ဒုတိယအကြိမ်ပူဇော်ပွဲ ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇၊ ၁၈၊ ၁၉ ရက်တို့၌ ကျင်းပကြပါသည်။ ဤဒုတိယအကြိမ် ပူဇော်ပွဲ၌ ပူဇော်ပုံ အစီအစဉ်များမှာ ပထမအကြိမ် အတိုင်းဖြစ်ပါသည်။ ထူးခြားသည်မှာရိပ်သာအတွင်း၌ လက်ရှိအသုံးပြု နေသော မီးစက်သည် အဆင်ပြေသော်လည်း စံကျောင်းတော်အတွက် ပို၍အဆင်ပြေစေရန် မီးစက်တလုံးကို တပည့်ဒကာဒကာမများ

www.dhammadownload.com



စုပေါင်း၍ ဒုတိယအကြိမ် ပူဇော်ပွဲအထိမ်း အမှတ်အဖြစ် လှူဒါန်း ပူဇော်ကြပါသည်။ ဤဒုတိယအကြိမ် ပူဇော်ပွဲ၌ **မဟာထေရပူဇာ ရွှတ်စရာစာအုပ်** ဒုတိယအကြိမ်၊ **ကိလေသာသုံးဖြာ သိက္ခာသုံးပါး တရားတော်**စာအုပ်၊ အင်္ဂလိပ်ဘာသာဖြင့် **(Mettabhavana )** စာအုပ်၊ နိုင်ငံခြားသားများ ရွှတ်ဆိုပူဇော်နိုင်ရန် ဘုရား၊ တရား၊ သံဃာဂုဏ်တော်များကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေကြပါသည်။

## ၅၉ ကြိမ်မြောက်ဓမ္မခရီး(၂၀၁၄ ဒီဇင်ဘာလမှ ၂၀၁၅ ဇန်နဝါရီလအထိ)

ဤဓမ္မခရီး၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၄ရက်အထိ နယူးဇီလန် တရားစခန်း၌ ဦးကိတ္တိဓဇနှင့် ဦးဥတ္တမတန ဟောပြောပြသပါသည်။

## အကြိမ် ၆၀ မြောက်ဓမ္မခရီး (၂၀၁၅ ဖေဖော်ဝါရီ ၂၅ မှ မတ်လ ၁၇)

ဤဓမ္မခရီး၌ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထိုင်ဝမ်နိုင်ငံ၊ နန်ထုတ်ကောင်တီ၊ လင်ရှင်းစျင်းကျောင်း ၁၀ရက်တရားစခန်း၌ ဆရာတော်ဘုရား တရားပြပါသည်။ အကူကမ္မဋ္ဌာန်းဆရာများမှာ ဦးဝါယာမနှင့် ဦးဉာဏရံသီ တို့ဖြစ်ပါသည်။မဟာယာနသီလရှင်တပါး ဘာသာပြန်ပါသည်။ မောင်နန္ဒ ဝေယျာဝစ္စကုသိုလ်ယူပါသည်။

## ၆၁ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၅ မေ ၃၀မှ ဂျူလိုင် ၂၇ ထိ)

ဓမ္မခရီးများ ကြွရာတွင် အခက်အခဲတခုမှာ ဗီဇာရရှိရေး ဖြစ် ပါသည်။ တချို့နိုင်ငံများက မြန်မာပြည်၌ သံရုံးမထားကြပါ။

www.dhammadownload.com



ဗန်ကောက်၌သာ သံရုံးထားကြပါသည်။ တချို့နိုင်ငံများမှာ ရန်ကုန်၌ ကောင်စစ်ဝန်ရုံး ရှိသော်လည်း သံရုံးကို ဗန်ကောက်မှာထားကြပါသည်။ ထို့ကြောင့် ထိုနိုင်ငံများအတွက် ဗီဇာယူရာတွင် တခါတရံ အခက်အခဲ ရှိတတ်ပါသည်။

ဤဓမ္မခရီး၌ ဆွီဒင်နိုင်ငံမှ တရားစခန်း ပင့်သော်လည်း ဗီဇာအဆင်မပြေ၍ ဆွီဒင်သို့ မကြွရပါ။ ထို့ကြောင့် ဆရာတော်ဘုရားသည် ၂၀၀၅ခုနှစ် မေလ ၃၀တွင် ကိုလှမျိုးကို ကပ္ပိယဒကာအဖြစ် ခေါ်ဆောင်၍ ပထမ အင်္ဂလန်နိုင်ငံသို့ ကြွပါသည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဝိဟာရဟု အများသိကြသော မြန်မာကျောင်း၌ တည်းပါသည်။ ဒေါက်တာတင်တင်ထွေး မောင်မင်းသက်ဇင်စသော တပည့်များ လာရောက်၍ ဝေယျာဝစ္စ ကုသိုလ်ယူကြပါသည်။

ဤကျောင်းသည် ၁၉၇၉ ခုနှစ် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး အနောက်နိုင်ငံများသို့ပထမဆုံး ဓမ္မခရီး ကြွစဉ်က စတင်ခဲ့သော ကျောင်းဖြစ်ပါသည်။ ထိုစဉ်က ဓမ္မခရီးပြီးဆုံး၍ မြန်မာပြည်သို့ ပြန်ကြွခါနီး ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ညတွင် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ချမ်းမြေ့ဆရာတော် ဖွဲ့စည်းတည်ထောင်ပေးခဲ့သည့် အခြေခံ ဗုဒ္ဓဘာသာအဖွဲ့မှ စတင်ခဲ့သောကျောင်းဖြစ်ပါသည်။ အဖွဲ့ဖွဲ့ပြီးနောက် ၅ နှစ်ခန့် ကြာသောအခါ ဒကာဒကာမတို့၏ ကြိုးစားမှုကြောင့် ကျောင်းအကောင်အထည်ပေါ်လာပါသည်။

ဤကျောင်း၌ ပထမဆုံး ဦးပညာသီဟ၊ ဦးဥေယျတို့ သီတင်းသုံးပြီးနောက် ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသ (ယခု ချမ်းမြေ့) ငါးနှစ် သီတင်းသုံးခဲ့ပါသည်။ ဘုန်းကြီး ဦးကိတ္တိဓဇ

www.dhammadownload.com



(ယခုမှော်ဘီ ချမ်းမြေ့)လည်း ဘုန်းတော်ကြီး ဦးသောဘိတာ ဘိဝံသနှင့်အတူ လေးနှစ် သီတင်းသုံးခဲ့ပါသည်။ ထိုစဉ်က ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားသည် အင်္ဂလန်သို့ နှစ်စဉ်လိုပင် ဓမ္မခရီးကြွခဲ့ရာ ဤကျောင်းမှာပင် တည်းခဲ့ပါသည်။ ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသ သီတင်းသုံးပြီးနောက် မဟာ စည်သာသနာ့ ရိပ်သာမှ သံဃာတော်များ အဆက်ဆက် သီတင်းသုံးလျက် သာသနာ့ ကိစ္စများ ဆောင်ရွက်လာကြသည်မှာ ယခုအချိန်ထိဖြစ်ပါသည်။

ဆရာတော်ဘုရားသည် လန်ဒန်မြို့ရှိ အိုင်ယာလန် သံရုံး၌ အိုင်ယာလန်ဗီဇာကို ယူရပါသည်။ အင်္ဂလန်ဗီဇာနှင့် အိုင်ယာလန် ဗီဇာယူရာတွင် အင်္ဂလန်နိုင်ငံ မြန်မာသံအမတ်ကြီး၏ ကုသိုလ်ပါဝင်မှုကြောင့် အခက်အခဲမရှိဘဲ အလွယ်တကူ ဗီဇာရရှိပါသည်။ ဆရာတော် ဘုရားသည် အင်္ဂလန်၌ ၅ရက် နေပြီးသောအခါ အိုင်ယာလန်သို့ ကြွရပါသည်။ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့၌ တရား တပွဲ ချီးမြှင့်ပါသည်။ အိုင်ယာလန်ရှိ မြန်မာမိသားစုများက မြန်မာ ဘုန်းတော်ကြီးကျောင်း ဖြစ်ပေါ်ရေးအတွက် သူတို့ကြိုးစား နေကြပုံကို လျှောက်ထား ဆွေးနွေးကြပါသည်။ ဆရာတော်ဘုရားက ဉာဏ်မီသမျှ အကြံဉာဏ်ပေးခဲ့ပါသည်။ ဆရာတော်ဘုရား၏ ကပ္ပိယက ကျောင်း ဖြစ်မြောက်ရေးအတွက် အလှူငွေများ တတ်နိုင်သမျှ လှူဒါန်းခဲ့ပါသည်။ မြန်မာသံအမတ်ကြီးကလည်း ဒေါ်လာတထောင် လှူဒါန်းကြောင်း သိရပါသည်။ ဆရာတော်ဘုရားသည် အိုင်ယာလန်တွင် ၅ရက်မျှ နေပြီးလျှင် အင်္ဂလန်သို့ ပြန်ကြွပါသည်။ လန်ဒန်မြို့ မြန်မာ ဝိဟာရ ကျောင်း၌ တရားတပွဲ၊ တိသရဏကျောင်း၌ တရားတပွဲ ချီးမြှင့်ပါသည်။ မြန်မာသံအမတ်ကြီး မိသားစုကတနေ့၊ သံရုံးမိသားစု နှင့် ဗြိတိန်မြန်မာ

www.dhammadownload.com



အသင်းကတနေ့ ဆွမ်းကပ်ကြပါသည်။ အခြားသော မြန်မာမိသားစုတို့ကလည်း ကျောင်းသို့လာ၍ ဆွမ်းကပ်ကြပါသည်။

ဆရာတော်ဘုရားသည် ဂျွန်လ ၁၀ရက်နေ့တွင် ကနေဒါသို့ကြွ၍ တိုရန်တို၌တရားတပွဲ ချီးမြှင့်ပြီးလျှင် ဂျွန်လ ၁၅ရက်နေ့၌ ဗန်ကူးဗားသို့ ကြွပါသည်။ ဗန်ကူးဗားအနီးရှိ ဟုပ်မြို့ ချမ်းမြေ့ရိပ်သာ၌ ၁၀ရက် တရားစခန်း ဟောပြောပြသပါသည်။ တရားစခန်းပြီးသောအခါ ဗီယက်နမ် သီလရှင်နှစ်ပါးက တောင်အမေရိကတိုက် ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့၌ ဝိပဿနာတရား ဟောပြောပြသရန် ပင့်လျှောက်ကြပါသည်။ သူတို့ကို ဘရာဇီး၌ နေထိုင်သော သူတို့၏အကို ဗီယက်နမ်ဘုန်းကြီးက လျှောက်ထား ခိုင်းကြောင်း သိရပါသည်။ ဆရာတော်ဘုရား မြန်မာပြည်သို့ ပြန်ရောက်သောအခါ ထိုဗီယက်နမ်ဘုန်းကြီးကိုယ်တိုင် စာရေး၍ ပင့်လျှောက်သည်ကို လက်ခံရရှိပါသည်။

ဆရာတော်ဘုရားသည် ဂျွန်လ ၃၀ရက်နေ့တွင် ဗန်ကူးဗားမှ အမေရိကန်ပြည်၊ ကာလီဖိုးလီးယားပြည်နယ် မောင်းတိန်းဗျူးမြို့သို့ ကြွပါသည်။ ဒေါက်တာဆွေဆွေသန်းနှင့် သူ၏ဓမ္မမိတ်ဆွေများက နားကြပ်လှူလို၍ ပင့်ကြခြင်းဖြစ်ပါသည်။ မောင်းတိန်းဗျူးအနီး စန်ဟိုဇေးမြို့၌ ဂျပန်နားဆရာဝန်ထံတွင် နားကြပ်တပ်ရပါသည်။ နားကြပ်တပ်ပြီးလျှင် အဆင်ပြေမပြေ စစ်ဆေးရန်လိုသည့်အတွက် ဂျူလိုင်၈ရက်နေ့အထိ မောင်းတိန်းဗျူး၌ သီတင်းသုံးရပါသည်။ မောင်းတိန်းဗျူး၌နေစဉ် ဒေါက်တာဦးသန်းဆွေ မိသားစုတို့က လိုက်ပို့သဖြင့် သစ်နီတောဥယျာဉ်(Red Wood Park )နှင့် လျှို့ဝှက်ဆန်းကြယ် နေရာ (Mystery Spot) သို့ သွားရောက်လေ့လာခွင့်ရခဲ့သည်။

www.dhammadownload.com



## သစ်ခေါင်းအတွင်း ကားဖြတ်မောင်းခြင်း

သစ်နီတောဥယျာဉ်ကြီးမှာ အလွန်ကြီးမား ကျယ်ပြန့်ပါသည်။ ဧကပေါင်း ၁ သိန်း ၃ သောင်းကျော်ရှိသည်ဟု သိရပါသည်။ နှစ်ပေါင်း ၇၀၀ကျော်ရှိ၍ အနိမ့်ဆုံးအားဖြင့်ပေတရာကျော်မြင့်သော သစ်ပင်ကြီးများ အကိုင်းအခက်ချင်း ထိနေအောင် ပေါက်နေသော တောကြီးဖြစ်သည်။ ဤတောကြီး၌ အမြင့်ဆုံးသစ်ပင်မှာ ပေ ၃၈၀ ကျော်မြင့်၍ သူ၏သက်တမ်းမှာ နှစ်ပေါင်း ၇၀၀ ကျော်ရှိပြီဟု သိရပါသည်။ တခြားသစ်ပင်ကြီးတပင်မှာ ၃၀၄ပေမြင့်၍ လုံးပတ် ၆၈ပေ ရှိသည်ဟု ဆိုပါသည်။ သစ်ပင်ကြီး၏သက်တမ်းမှာ နှစ်ပေါင်း ၁၅၀၀ ရှိပြီဟု သိရပါသည်။ ဤသစ်ပင်ကြီးကို (Big Tree)ဟု စာတမ်းထိုးထားပါသည်။ ဤတောကြီးထဲရှိ သစ်ပင်ကြီးတို့၏ လုံးပတ်မှာ လူကြီးငါးယောက်လောက် လက်ချင်းဆက်မှ ဖက်မိလောက်အောင် ကြီးမားပါသည်။ သစ်ပင်ကြီးတပင်၏ အပင်ရင်း၌ ပင်လုံးကို ကားသွားလောက်အောင် ကျယ်သောအပေါက်ကြီးတခု ဖောက်ထွင်းထားသည်။ အပေါက်ကြီးမှာ ဟိုဘက်ဒီဘက် ဒိုးယိုပေါက်ဖြစ်သည်။ ထိုအပေါက်ကြီးကိုဖြတ်၍ ကားတွေမောင်းကြသည်။ ဆရာတော်တို့ကားလည်း ထိုအပေါက်ကြီးကိုဖြတ်၍ မောင်းခဲ့သည်။ အပေါက်ကြီးမှာ ဆလွန်းကားတစီး ချောင်ချောင်ချိချိ မောင်းနိုင်အောင် ကျယ်သော်လည်း ဘေးတဘက် တချက်စီမှ ၃ပေခန့်စီထူသော သစ်ပင်အသားများ ကျန်နေသေးသောကြောင့် မသေခြင်းဖြစ်ပုံရပါသည်။

ထိုသစ်ပင်ကြီးများမှာ အမြင့်ပေ ၁၃၀ခန့် ရှိပြီဟုသိရသည်။ ထိုတောကြီးထဲတွင် ထိုကဲ့သို့ဖောက်ထားသော သစ်ပင်ကြီးနှစ်ပင်

www.dhammadownload.com



တွေ့ရသည်။ တနေရာတွင် သစ်ပင်ကြီးတပင်၏ ပင်လုံးအတွင်း၌ လူနေအိမ်သဖွယ် ထွင်းဖောက်ထားသည်။ အကျယ်အဝန်းမှာ ၁၀ ပေ အိပ်ခန်း ၃ ခန်း ခန့်ကျယ်ဝန်းသည်။ မိသားစုတစု ကောင်းကောင်း နေနိုင်လောက်သည်။ သစ်ပင်ကြီးမှာ လုံးဝမသေဘဲ အချို့အစိတ် အပိုင်းက ရှင်နေသည်။ အဝင်တံခါးပေါက်နှင့် လေသာ တံခါးပေါက် ကလေးတွေ ထွင်းထားသည်။ ဤသစ်ပင်ကြီးကိုလည်း (Eternal Tree House)ဟု စာတမ်းထိုးထားသည်။ အမြဲတမ်း အသက်ရှင်နေမည့် သစ်ပင်အိမ်ဟု ဆိုလိုသည်။

## လျှို့ဝှက်ဆန်းကြယ်နေရာ

ဤလျှို့ဝှက်ဆန်းကြယ်နေရာသည် ကာလီဖိုးနီးယားပြည်နယ်၊ စန္တာကရုမြို့နယ်၌ တည်ရှိပါသည်။ ထိုနေရာသို့သွား၍ မတ်တပ် ရပ်လျှင် မည်သူမျှ မတ်မတ်ရပ်လို့မရပါ။ ခန္ဓာကိုယ်က ယိုင်နေပါသည်။ ရပ်လည်းယိုင် သွားလည်းယိုင် အမြဲယိုင်နေပါသည်။ ယိုင်မလဲအောင် တစုံတခုကို ကိုင်ထားရပါသည်။ ကမ္ဘာမြေကြီး၏ ဆွဲငင်အား (Gravi tation) တမျိုးတဖုံ ပြောင်းလဲနေခြင်း ဖြစ်ပုံရပါသည်။

ဆရာတော်ဘုရားသည် ဂျူလိုင် ၉ရက်နေ့တွင် စပရင်းဖီးလ် ချမ်းမြေ့ရိပ်သာသို့ ကြွပါသည်။

ဤခမ္မခရီး၌ ပဓာနကိစ္စမှာ စပရင်းဖီးလ်ချမ်းမြေ့ရိပ်သာ အတွင်း၌ သိမ်တော်ကြီး ဆောက်လုပ်ပြီးစီးပြီဖြစ်၍ သိမ်တော်ကြီး ရေစက်ချရန် ကြွခြင်းဖြစ်ပါသည်။ သိမ်တော်တွင် အလှူပါဝင်သော မြန်မာမိသားစုများကိုလည်း ဖိတ်ကြားသဖြင့် အချိန်ပေးနိုင်သော

www.dhammadownload.com



မြန်မာအလှူရှင် ၂၀ခန့်လည်း သိမ်တော်ကြီး ရေစက်ချပွဲသို့ လာရောက်ကုသိုလ်ယူကြပါသည်။ သိမ်တော်ကြီး ရေစက်ချပွဲကို ဂျူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပကြပါသည်။ ရေစက်ချပွဲ ပြီးသောအခါ ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသက တရားစိတ်ဝင်စားသူများကို ဝိပဿနာတရား ဟောပြောပြသပေးသဖြင့် အချိန်ရသမျှ အားထုတ်ကြပါသည်။ ဆရာတော်ဘုရားသည် ၂၀၁၅ခုနှစ် ဂျူလိုင်လ ၂၇ရက်နေ့တွင် မြန်မာပြည်သို့ ပြန်ကြွပါသည်။ ဘုန်းတော်ကြီး ဦးသောဘိတာဘိဝံသမှာ စပရင်းဖီးလ်ချမ်းမြေ့တွင် ဝါဆိုနေခဲ့ပါသည်။

## ၆၂ ကြိမ်မြောက် ဓမ္မခရီး (၂၀၁၅ နိုဝင်ဘာနှင့် ဒီဇင်ဘာ)

ဤ ၆၂ ကြိမ်မြောက် ဓမ္မခရီး၌ နိုဝင်ဘာ ၁၆မှ ၃၀အထိ ဗန်ကောက်တရားစခန်း၌ ဘုန်းကြီးဦးပညာနန္ဒနှင့် ဦးဉာဏရံသီတို့ တရားပြကြပါသည်။ နိုဝင်ဘာ ၂၁မှ ၃၀ရက်အထိ အင်ဒိုနီးရှားတရားစခန်း၌ ဘုန်းကြီးဦးသောဘိတ တရားပြပါသည်။ ဒီဇင်ဘာ ၃ မှ ၁၆ရက်အထိ စင်္ကာပူတရားစခန်း၌ ဘုန်းကြီးဦးသောဘိတနှင့် ဦးပညာနန္ဒတို့ တရားပြကြပါသည်။ ဒီဇင်ဘာ ၁၈မှ ၂၇ထိ မလေးရှားတရားစခန်း၌ ဘုန်းကြီး ဦးသောဘိတနှင့် ဦးပညာနန္ဒတို့ တရားပြကြပါသည်။ မောင်မိုးဇော် ဝေယျာဝစ္စကုသိုလ် ယူပါသည်။

## ၆၃ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၅ ဒီဇင်ဘာ ၁မှ ၁၄ထိ)

ဤ ၆၃ကြိမ်မြောက်တရားစခန်းကို တရုတ်ပြည်မကြီး၊ ကျန်စီပြည်နယ်၊ နန်ချန်းမြို့နယ်၊ ပေါင်ဖုန်းကျောင်း၌ ဆရာတော်

www.dhammadownload.com



ဟောပြောပြသပါသည်။ အကူကမ္မဋ္ဌာန်းဆရာများမှာ ဦးဝါယာမနှင့် ဦးဉာဏရံသီ တို့ဖြစ်ကြပါသည်။ မောင်ကျော်ထင်နှင့် ဒေါ်ခင်ထွေးတို့ ဘာသာပြန်ကြသည်။ မောင်သိန်းလွင် ဝေယျာဝစ္စကုသိုလ်ယူပါသည်။

## ကြွေထည်လုပ်ငန်း

ဒီဇင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်း၌ ပေါင်ဖုန်းတရားစခန်း သိမ်းပြီးလျှင် နေ့လယ်ပိုင်းတွင် ဒကာဒကာမများက ကြွေထည်လုပ်ငန်း လုပ်ရာဖြစ်သော ကုမ္ပဏီတခုသို့ လိုက်ပို့ကြပါသည်။ ကြွေထည်ပစ္စည်း ထုတ်လုပ်ရာ နေရာကိုလည်း လေ့လာရပါသည်။ ကြွေထည်ပစ္စည်း များမှာ ကြွေပန်းကန်၊ ကြွေခရား၊ ကြွေပန်းချီကားစသည်ဖြင့် စုံလှပါ သည်။ ထိုနေ့ညနေပိုင်း၌ နန်ချန်းမှ နန်ကျင်း (နန်ကင်း)သို့လေယာဉ် ဖြင့် ကြွရပါသည်။ လေယာဉ် ၁ နာရီခန့် စီးရပါသည်။ နန်ကင်းမှာ ဒုတိယကမ္ဘာစစ် မတိုင်မီကလေးက ဂျပန်တို့ ဝင်ရောက်တိုက်ခိုက် ပြီးလျှင် လူတွေကို ညှင်းပန်းနှိပ်စက် သတ်ဖြတ်ကြခြင်းကြောင့် နာမည်ဆိုးကျော်ကြားပါသည်။ ဆရာတော်တို့ ရောက်သွားသော အချိန်တွင် အေးဆေးတိတ်ဆိတ်သာယာနေပါပြီ။ နန်ကင်းရောက်ပြီး နောက်တနေ့တွင် နန်ကင်းမှ ကား ၁ နာရီသာသာ မောင်းရသော တောင်ကုန်းပေါ်၌ ကြီးမားလှသော စေတီတော်ကြီးကို ဖူးမြော် ရပါသည်။ စေတီတော်နှင့် မလှမ်းမကမ်းတွင် ကြီးမားကျယ်ပြန့် လှသော လိုဏ်ဂူသဖွယ်ဆောက်လုပ်ထားသော ခေတ်မီ အဆောက် အအုံကြီးအတွင်း၌ ဘုရားဆင်းတုတော်များ၊ ဗုဒ္ဓဝင်ရုပ်တုတော်များကို မြောက်မြားစွာ ဖူးတွေ့ရပါသည်။ နောက်တနေ့တွင် နန်ကင်းနှင့် မလှမ်းမကမ်းတွင်ရှိသော ကြွေထည်ပစ္စည်းများ ရောင်းချရာ ရှိရှင်း

www.dhammadownload.com



မြို့သို့ သွားကြပါသည်။ တမြို့လုံး ကြွေထည်ပစ္စည်းမျိုးစုံကိုသာ ထုတ်လုပ်ရောင်းချသောမြို့ ဖြစ်ပါသည်။

ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် နန်ကင်းမှ ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။

## ၆၄ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၅ ဒီဇင်ဘာ ၂၁မှ ၃၀ထိ)

ဆရာတော်ဘုရားသည် ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့၌ တောင်အာဖရိကနိုင်ငံသို့ကြွ၍ ပရီတိုးရီးယားမြို့ ချမ်းမြေ့ရိပ်သာ ကျောင်း၌ ဒီဇင်ဘာလ ၃၀ရက်အထိ သီတင်းသုံးလျက် တရားဟော ပြောပြသပါသည်။ ပဏ္ဍာသမဏ ဦးသုစိဏ္ဏဖြစ်၍ ကိုလှမျိုး ဝေယျာဝစ္စ ကုသိုလ်ယူပါသည်။

## တပည့်များ၏ တတိယအကြိမ် ပူဇော်ပွဲ

ဤတတိယအကြိမ် ပူဇော်ပွဲကို ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၂၃၊ ၂၄၊ ၂၅ရက်များတွင်ကျင်းပကြပါသည်။ ကျင်းပကြပုံမှာ ပထမ အကြိမ်နှင့် ဒုတိယအကြိမ်ပူဇော်ပွဲများ အတိုင်းပင်ဖြစ်ပါသည်။ ဤတတိယအကြိမ်ပူဇော်ပွဲ၌ ထူးခြားမှုမှာ ချမ်းမြေ့ရိပ်သာ၌ တရား အားထုတ်နေကြသော နိုင်ငံခြားသားယောဂီများအတွက် ပို၍ အဆင်ပြေစေရန် ၁၁ ယောက်စီး တိုယိုတာဟိုက်အေ့စ် ကားတစီးဖြင့် ဆရာတော်ဘုရားအား စုပေါင်းပူဇော်ကြပါသည်။

ဗိုလ်မှူးကြီးစိုးအောင်(ငြိမ်း) ဒေါ်ကြူကြူဝင်း မိသားစုနှင့် နီးစပ်ရာ ဓမ္မမိတ်ဆွေများက ဆရာတော်ဘုရား၏ တရားတော်

www.dhammadownload.com



အပုဒ်ပေါင်း ၄၁၀သွင်းထားပြီးဖြစ်သော (USB / SD PLAYER ) ၁၀၅ လုံးကိုသံဃာစေ့ လှူဒါန်းပါသည်။ ဒေါက်တာဦးစိန်ရွှေနှင့် ဒေါ်မြင့်ရီ မိသားစုတို့ကလည်း ဆရာတော်ဟောကြားသော အလုပ်ပေးတရား MP3 ခွေတထောင်တို့ကို ပူဇော်ပွဲသို့ကြွလာသော သံဃာတော်များနှင့် လူပရိသတ်ပါ လှူဒါန်းပါသည်။ သုံးရက်လုံး တရက်လျှင် ဘူဖေး စားသောက်ဖွယ် ၁၇မျိုး လှူဒါန်းကျွေးမွေးကြပါသည်။

ဆရာတော်ဘုရား ဟောကြားဆုံးမသော မေတ္တာသာရဏီယ တရား နာကြားကြပါသည်။ တတိယအကြိမ် ပူဇော်ပွဲအထိမ်းအမှတ် အဖြစ် **၁၉၈၅ခုနှစ် တက္ကသိုလ်ဓမ္မသဘင် အမေးအဖြေများစာအုပ်၊** **အသံလွှင့်တရားတော်များ** စာအုပ်၊ **မဟာစည်ဓမ္မခရီး ဘီဘီစီ** **အသံလွှင့်ဆောင်းပါးများ** စာအုပ်၊ **မမေ့နိုင်သော စကားတခွန်း** စာအုပ်၊ **အစဉ်ထာဝရ မမေ့သင့်တဲ့တရားများ**စာအုပ်၊ **သူတော်လမ်းညွှန် ဩဝါဒ စာရွက်ခေါက်၊ အမြန်လုံးသွင်း လိုက်နာရမည့်တရားများ ဩဝါဒကထာ**တို့ကို ဓမ္မဒါနထုတ်ဝေပါသည်။

## ၆၅ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၆ ဖေဖော်ဝါရီလ)

ဆရာတော်ဘုရားသည် ၂၀၁၆ဖေဖော်ဝါရီလ ၅ရက်နေ့၌ စင်္ကာပူသို့ကြွ၍ စင်္ကာပူချမ်းမြေ့ရိပ်သာကျောင်း၌ တရုတ်နှစ်သစ်ကူး တရားစခန်း ဟောပြောပြသပါသည်။ ပစ္ဆာသမဏများမှာ ဦးသုစိဏ္ဏ နှင့် ဦးပညာသာရတို့ ဖြစ်ပါသည်။ ဆရာတော်နှင့် ဦးသုစိဏ္ဏတို့သည် ဖေဖော်ဝါရီလ ၉ရက်နေ့၌ မြန်မာပြည်သို့ ပြန်ကြွပါသည်။ ဦးပညာ သာရမှာမူ ၁၀ရက်တရားစခန်းပြီးသည်အထိ တရားပြနေခဲ့ပါသည်။

www.dhammadownload.com



## ၆၆ ကြိမ်မြောက်ခမ္မခရီး (၂၀၁၆ မတ်လ ၁ရက်မှ ၂၅ရက်)

ဤခမ္မခရီး၌ ထိုင်ဝမ်နိုင်ငံ လင်ရှင်းစျင်းကျောင်း၌ မတ်လ ၁ရက်မှ ၁၀ရက်အထိ တရားစခန်းတခု၊ မတ်လ ၁၆ရက်မှ ၂၅အထိ တိုင်ပေမြို့သစ်၌ တရားစခန်းတခု၊ တရားစခန်း ၂ခုဟောပြောပြသရပါသည်။ ဆရာတော်ဘုရားသည် ကျန်းမာရေးချို့တဲ့နေ၍ ပထမ တရားစခန်းသို့ မလိုက်ဖြစ်ပါ။ ဦးဝါယာမ၊ ဦးဉာဏရံသီနှင့် မောင်နန္ဒတို့ သွား၍ ဆောင်ရွက်ကြပါသည်။

ဆရာတော်မှာမူ ဘာသာပြန် ဒေါ်ခင်ထွေး၊ ကျောင်းသား မောင်သိန်းလွင်တို့နှင့်အတူ မတ်လ ၁၂ရက်နေ့ကျမှ ထိုင်ဝမ်သို့ကြွ၍ တိုင်ပေမြို့သစ်တရားစခန်း၌ ဦးဝါယာမတို့နှင့်အတူ တရားကိစ္စ ဆောင်ရွက်ရပါသည်။ တိုင်ပေမြို့၌နေထိုင်သော မြန်မာဒကာဒကာမ များအားလည်း ဆရာတော်ဘုရား တရားတပွဲ ချီးမြှင့်ရပါသည်။ မတ်လ ၂၈ ရက်နေ့တွင် မြန်မာပြည်သို့ ပြန်ကြွကြပါသည်။

## ၆၇ ကြိမ်မြောက်ခမ္မခရီး (၂၀၁၆ ဧပြီလ ၂၇ မှ မေ ၁၂ အထိ)

ဤခမ္မခရီး၌ တရုတ်ပြည် ပီကင်းမြို့သို့ ဆရာတော်ကြွရပါသည်။ ပဋ္ဌာသမဏာ ဦးဝါယာမဖြစ်၍ မောင်သိန်းလွင်နှင့် မောင်ပိုင်တို့ ဝေယျာဝစ္စကုသိုလ် ယူကြပါသည်။ ဒေါ်ခင်ထွေး၊ ဒေါ်ဇနနန္ဒီ၊ ဒေါ်ခမ္မဒိန္နာတို့ ဘာသာပြန်ကြပါသည်။

ဤတရားစခန်းတွင် ပီကင်းမြို့တော်၏အနီး ရှန်းထန်ရွာ ချမ်းမြေ့သတိပဋ္ဌာန်ရိပ်သာ၌ ၁၀ရက်တရားစခန်း ဟောပြောပြသပါသည်။ ယောဂီ ၇၀ ကျော် တရားအားထုတ်ကြပါသည်။

www.dhammadownload.com



တရားစခန်းပြီးသောအခါ ပီကင်းမှ ကားခရီး ၃ နာရီခန့်ဝေးသော တောင်ပေါ်သို့ ကြွရပါသည်။ တောင်ပေါ်တွင် စံရှည်ပြည်နယ် ဝူထိုင်းတောင်ပေါ်၌ တည်ရှိသော ကျင်းလုံမဟာယာန ဘုန်းတော်ကြီးကျောင်း၌ ၃ ရက်တရားစခန်းဟောပြော ပြသရပါသည်။ ဝူထိုင်းတောင်၌ မဟာယာနဘုန်းတော်ကြီး ကျောင်းပေါင်း ၁၈၀ ရှိကြောင်း သိရပါသည်။ ဝူထိုင်းတောင်သည် ဆောင်းရာသီ၌ ရေခဲသောတောင်ဖြစ်သည်။ အတော်သာယာသည်ဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များ နှစ်သက်သောနေရာဖြစ်ကြောင်း သိရပါသည်။ ဝူထိုင်းတောင်၌ ၄ရက်ခန့် နေပြီးသောအခါ ပီကင်းသို့ ပြန်၍ ပီကင်းမြို့၏ မြောက်ဘက်အနီး ဝမ့်ဝမ့်ဆုမြို့လေး၌ တည့်ကျိန်းကြပါသည်။ မေလ ၁၁ ရက်နေ့၌ မြန်မာပြည်သို့ ပြန်ခဲ့ကြပါသည်။

## ၆၇ ကြိမ်မြောက်ဓမ္မခရီး ( ၂၀၁၆ ဂျွန် ၂၀ မှ ဩဂုတ် ၁၇ )

ဤဓမ္မခရီးကို ဂျွန်လ ၂၀ ရက်နေ့မှစ၍ ထွက်သည်။ ဆရာတော်ဘုရားနှင့် နောက်ပါကျောင်းသားကပ္ပိယ မောင်နန္ဒနှင့် မောင်ပိုင်တို့ လိုက်ကြသည်။ လေယာဉ်ခရီးစဉ်မှာ ရန်ကုန်- တိုင်ပေ (ထိုင်ဝမ်)- ဗန်ကူးဗား(ကနေဒါ) ခရီးစဉ်ဖြစ်သည်။ ရန်ကုန်မှ ဂျွန်လ ၂၀ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင်ထွက်၍ ကနေဒါနိုင်ငံ၊ ဗန်ကူးဗား လေဆိပ်သို့ ဂျွန်လ ၂၀ ရက်နေ့ ညနေ ၅ နာရီ ၈ မိနစ်ခန့်တွင် ရောက်သည်။ လေဆိပ်သို့ ဦးမြတ်ထွန်း၊ ဒေါ်ဉာဏမာလိနီ စသော တပည့် ဒကာ၊ ဒကာမများ လာရောက်ကြိုဆိုကြသည်။ လေဆိပ်မှ ကား ၂ နာရီခန့် မောင်းသောအခါ ဟုပ်မြို့ ချမ်းမြေ့ရိပ်သာ တရားစခန်းသို့ ရောက်သည်။

www.dhammadownload.com



ဇွန်လ ၂၁ ရက်မှ ၃၀ ရက်နေ့အထိ တရား စခန်းဟောပြော ပြသည်။ အားထုတ်သော ယောဂီ ၁၆ ယောက်ရှိ၍ နိုင်ငံခြားသား များချည်းဖြစ်သည်။ အားလုံး ကြိုးကြိုးစားစား အားထုတ်ကြသည်။ ဇွန်လ ၃၀ ရက်နေ့တွင် တရားစခန်းသိမ်း၍ ဗန်ကူးဗားသို့ ပြန်ခဲ့ကြ သည်။ဂျူလိုင်လ ၁ ရက်နေ့တွင် ခရီးထွက်ရန် ပြင်ဆင်ကြပြီး ဂျူလိုင်လ ၂ ရက်နေ့တွင် (STAR PRINCESS ) သင်္ဘောဖြင့် အလာစကာသို့ ခရီးထွက်ကြသည်။သင်္ဘောပေါ်သို့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် တက်ကြရသည်။

## အလာစကာသို့

အလာစကာသို့ ဒေသန္တရ ဗဟုသုတခရီးကြွရောက်ရန် အင်ဒိုနီးရှားနိုင်ငံ တပည့်များ ဖြစ်ကြသော အန်ဝါနှင့် သမီး ရှယ်လီ တို့က ယခင်နှစ်ကတည်းက ဆရာတော့်ကို ပင့်လျှောက်ထားခြင်းဖြစ် သည်။ ဤခရီးတွင် ဆရာတော်ဘုရား၏ ဝေယျာဝစ္စ ဆောင်ရွက်သူ များအဖြစ် မောင်နန္ဒ၊ မောင်ပိုင်၊ အင်ဒိုနီးရှားမှ အန်ဝါ၊ ရှယ်လီနှင့် အခြား အမျိုးသမီး ၂ ယောက်၊ ဗန်ကူးဗားမှ ဆရာလေး ဒေါ်ဉာဏမာ လိနီ နှင့် ယောဂီတောမတ်(စ)တို့ ဆောင်ရွက်ကြသည်။တောမတ်(စ) မှာ တရားကို လေးလေးစားစား အားထုတ်သော ယောဂီဖြစ်သည်။ စက်တင်ဘာလတွင် ရန်ကုန်ချမ်းမြေ့ရိပ်သာသို့ လာ၍ ရဟန်းဝတ်ပြီး လျှင် တရားဆက်လက် အားထုတ်ရန် ဆရာတော် ခွင့်ပြုထား သူဖြစ်သည်။

www.dhammadownload.com



## ၁၈ထပ် သင်္ဘောကြီး

သင်္ဘောခရီးမှာ ၇ ရက်ကြာ ခရီးဖြစ်သည်။ သင်္ဘောကြီးမှာ ၁၈ထပ်ရှိသော အပန်းဖြေ သင်္ဘောဖြစ်သည်။ ဆရာတော့်အခန်းမှာ ၈ ထပ်ရှိ stateroom (အထူးခန်း)ဖြစ်၍ အိပ်ခန်း၊ ဧည့်ခန်း၊ ကပ္ပိယခန်း၊ စားသောက်ခန်း တို့တွဲလျက် ပါဝင်သည်။ ဝေယျာဝစ္စ ဆောင်သူများမှာ ၁၂ထပ်ရှိ ရိုးရိုးခန်းများတွင် နေကြသည်။ သင်္ဘော ခရီးတလျောက်လုံး ခရီးသည်များအားလုံးအတွက် အရုဏ်စာ၊ နေ့စာ၊ ညစာ များကို သင်္ဘောက တာဝန်ယူသည်။ ထိုစရိတ်များ အားလုံး သင်္ဘော လက်မှတ်ခတွင် ပါဝင်ပြီးဖြစ်သည်။

သင်္ဘောကြီးသည် အရှည်ပေ ၉၅၀ကျော်ရှိ၍ အကျယ်မှာ ၁၁၈ပေရှိသည်ဟု သိရသည်။ ခရီးသည် ၃၁၀၀ ခန့်ပါရှိပြီး သင်္ဘောသား ဝန်ထမ်း ၁၁၅၀ခန့် ရှိကြောင်း သိရသည်။ သင်္ဘောကြီးပေါ်တွင် ဘူဖေးစားသောက်ခန်း ၂ ခန်း၊ တခြား စားသောက်ခန်းမကြီး ၄ခန်း ပါဝင်သည်။ စားသောက်ခန်းမ ကြီးများသည် ဟော်တယ်ကြီးများ၏ စားသောက်ခန်းမများကဲ့သို့ပင် ကျယ်ဝန်းလှသည်။ ထို့အပြင် ရေကူးကန်များ၊ ရုပ်ရှင်ရုံ၊ အားကစားခန်းမ၊ အလှပြင်ခန်းများ၊ ကျန်းမာရေး ဆေးပေးခန်း၊ ကာစီနို လောင်းကစားခန်း၊ ကလေးကစားကွင်းများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်၊ လက်ဝတ်ရတနာစသော အမျိုးသမီးအလှကုန်ဆိုင်များအပြင် ညကပွဲ ခန်းမများလည်း ပါဝင်သည်။ ညပိုင်းတွင် အနုပညာရှင်များက သီဆို ဖျော်ဖြေကြသည်။ ရုပ်ရှင်ခန်းမအတွင်း ရုပ်ရှင်ပြကြသည်။ အပေါ်ဆုံးထပ်ရှိ ရေကူးကန်ဘေး လေဟာပြင်တွင်လည်း ရုပ်ရှင်ပြသည်။ ထိုနေရာ၌ ကုလား

www.dhammadownload.com



ထိုင်များ သာမက ချမ်းတတ်သူများအတွက် ရုပ်ရှင်ကြည့်ရင်း အသင့်ခြုံရန် စောင်များပါထားပေးသည်။

## ကက်ချီကန်မြို့ ဆိပ်ကမ်း

သင်္ဘောကြီးသည် ဂျူလိုင်လ ၃ ရက်နေ့တွင် တနေ့လုံး နေ့ရော ညပါ ပင်လယ်ပြင်၌ ခုတ်မောင်းရသည်။ ပင်လယ်လှိုင်း သိပ်မကြီးသော နေရာများတွင် သင်္ဘောကြီးမှာ လုံးဝမလှုပ်ရှားပဲ ငြိမ် သက်လှသည်။ အိမ်ကြီးအတွင်းမှာ ထိုင်နေသကဲ့သို့ပင် ခံစားရသည်။ ဂျူလိုင်လ ၄ ရက်နေ့ နံနက် ၃ နာရီ ၄၀ မိနစ်ခန့်တွင် ကက်ချီကန် (Ketchikan)မြို့ ဆိပ်ကမ်းသို့ ကပ်ကြသည်။ မနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ခရီးသည်များ Ketchikan မြို့တွင်းသို့သွား၍ လှည့်လည် ကြည့်ရှုကြပြီးလျှင် ညနေ ၆ နာရီ ခန့်တွင် သင်္ဘော ကြီးပေါ်သို့ ပြန်တက်ကြသည်။

## ဘီးတပ်ကုလားထိုင်လှူဒါန်းခြင်း

ကနေဒါယောဂီ တောမတ်(စ)က မြို့ထဲသို့သွား၍ ဘီးတပ် ကုလားထိုင် (wheelchair) တခု ဝယ်ယူပြီးလျှင် ဆရာတော်အား လှူဒါန်းသည်။ သင်္ဘောကြီးသည် ကက်ချီကန် (Ketchikan) ဆိပ်ကမ်းမှ ဂျူလိုင်လ ၄ ရက်နေ့ ညနေ ၇ နာရီခန့်တွင် ရှေ့ခရီးကို ဆက်လက်ထွက်ခွာသည်။

www.dhammadownload.com



## ဂျူနောမြို့ဆိပ်ကမ်း

ဂျူလိုင်လ ၄ ရက်နေ့တညလုံး ဆက်လက်ခုတ်မောင်းလာရာ ဂျူလိုင်လ ၅ရက်နေ့ နံနက် ၆ နာရီခွဲခန့်တွင် ဂျူနော (Juneau) ဆိပ်ကမ်းသို့ ဆိုက်ကပ်သည်။ ခရီးသည်များမှာမူ နံနက် ၇ နာရီခွဲခန့်မှ သင်္ဘောကြီးပေါ်မှ ဆင်းခွင့်ရကြသည်။ ဂျူနော (Juneau)မှာ အလာစကာပြည်နယ်၏ မြို့တော်ဖြစ်သည်ဟု သိရသည်။ ဂျူနော (Juneau) မြို့တွင် ဆရာတော်ဘုရားနှင့် တပည့်ယောဂီများအားလုံး သင်္ဘောကြီးပေါ်မှ ဆင်းကြသည်။ ရှေးဦးစွာ ရေခဲပြင်သို့ သွားမည့် ရဟတ်ယာဉ်ရှိရာသို့ ကားဖြင့် ၁၀ မိနစ်ခန့် သွားရသည်။ ရဟတ် ယာဉ်မစီးမီ ဝန်ထမ်းတို့က သိသင့်သိထိုက်သည့် ဆောင်ရန် ရှောင်ရန် များ၊ လုံခြုံရေးအစီအမံများကို ရှင်းပြသည်။ ထို့နောက် ရေခဲပြင်ပေါ်တွင် စီးရမည့်ဖိနပ်ကြီးများကို စီးရသည်။ ရေခဲပြင်စီး ဖိနပ်များစီးပြီးလျှင် ရေခဲပြင်ဆီသို့ ၁၅ မိနစ်ခန့် ရဟတ်ယာဉ်စီးကြရသည်။ ရဟတ်ယာဉ်မှာ တစီးလျှင် ၅ဦးသာ စီးနိုင်သည်။ ရဟတ်ယာဉ်သည် ရေခဲတောင်များအပေါ် လှည့်လည် ပျံဝဲပြပြီး စွပ်ဖါးစီးရမည့် နေရာ ရေခဲပြင်ပေါ်သို့ ဆင်းသက်သည်။

စွပ်ဖါးဆိုသော်လည်း မြန်မာပြည်မှစွပ်ဖါးပုံမျိုးမဟုတ်ပေ။ ရေခဲပြင်ပေါ် လျှောသွားနိုင်သောကြောင့်သာ စွပ်ဖါးဟု ခေါ်ရသည်။ ပုံစံမှာ လှေပုံသဏ္ဍာန်ဖြစ်၍ အောက်ခြေမှာ အပြားဖြစ်ပြီး ပလပ်စတစ်အမာပြား ကပ်ထားသည်။ စွပ်ဖါးဦးကို အပေါ်သို့ ခပ်ကွေးကွေး ထောင်ထားသည်။ စွပ်ဖါးပေါ်တွင် ကုလားထိုင်ကဲ့သို့ ထိုင်ခုံများ လုပ်ထားသည်။ ထိုထိုင်ခုံများပေါ်တွင် ထိုင်ကြရသည်။ တစီးလျှင် လူ ၄ ဦးမှ ၆ ဦးအထိ စီးနိုင်သည်။ စွပ်ဖါးတစီးကို ခွေး ၁၀ ကောင်

www.dhammadownload.com



ဆွဲကြသည်။ ခွေး ၁၀ကောင်သည် စွပ်ဖါးကို ပေါ့ပေါ့ပါးပါး သက်သက်သာသာ ဆွဲပြေးကြသည်။ စွပ်ဖါးခွေးမောင်းသူသည် စွပ်ဖါး၏ နောက်ဆုံးမှ မတ်တပ်ရပ်၍လိုက်သည်။ စွပ်ဖါးများကို စတင်ထွက်ခွာသည့်နေရာမှ ၁မိုင်ခွဲခန့် ရေခဲပြင်ပေါ်တွင် လှည့်ပတ် စီးကြရသည်။ လမ်းတွင် ၃ ကြိမ်ခန့်နား၍ ရေခဲပြင်ပေါ် လမ်းလျှောက်ကြ၊ ဓာတ်ပုံ ရိုက်ကြသည်။ ရေခဲပြင်ကြီးမှာ ငွေပြားကြီးကို မျက်စိတဆုံး ပြန့်ပြူးစွာ ခင်းထားသည့်နှယ် ကြည့်လို့ကောင်းလှသည်။ ပတ်ဝန်းကျင်တောင်များမှာလည်း ငွေတောင်များသာဖြစ်သည်။ ငွေတောင်ခြေတွင် ငွေပြားကြီးနှင့် ငွေတောင်များ ထိစပ်နေသည်မှာ အရေးအကြောင်း မထင် တပြင်တည်းဖြစ်၍ ကြည့်လို့ကောင်းလှသည်။ စွပ်ဖါးစီးချိန် မိနစ် ၃၀ ခန့်ကြာသည်။

စွပ်ဖါးများ မူလထွက်ခွာရာ နေရာသို့ပြန်ရောက်သောအခါ ရဟတ်ယာဉ်များရောက်လာ၍ ထိုရဟတ်ယာဉ်များဖြင့် သင်္ဘောသို့ ပြန်ခဲ့ကြသည်။ သင်္ဘောကြီးပေါ်သို့ ပြန်မတက်မီ ဆိပ်ကမ်းရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်သို့ ဝင်ရောက် ကြည့်ရှုကြသည်။ ညနေ ၆ နာရီခန့်တွင် သင်္ဘောပေါ်သို့ ပြန်တက်ကြသည်။ ဂျူလိုင်လ ၅ရက်နေ့ည ၈ နာရီခန့်တွင် ဂျူနော (Juneau) ဆိပ်ကမ်းမှ ထွက်ခွာ၍ ရှေ့ခရီးကိုဆက်ကြရာ ဂျူလိုင် ၆ ရက်နေ့ နံနက် ၅ နာရီခွဲတွင် စကက်(ဂ်)ဝေး (Skagway) ဆိပ်ကမ်းသို့ ကပ်မိကြသည်။

## စကက်(ဂ်)ဝေးမြို့ဆိပ်ကမ်း

စကက်(ဂ်)ဝေး(Skagway)၌ ခရီးသည်များ သင်္ဘောမှဆင်းပြီး

www.dhammadownload.com



လျှင် ရှုခင်းကြည့်မီးရထားကိုစီး၍ တောင်တန်းတလျှောက် ရှုခင်းများကြည့်ကြသည်။ ရှုခင်းများမှာ ရေခဲဖုံးတောင်များသာ ဖြစ်သည်။ မီးရထားသည် ကနေဒါနယ်စပ် ဝှိုက်ပတ်(စ) White Pass ဆိုသောနေရာသို့ ရောက်သောအခါ စကက်(ဂ်)ဝေး (Skagway) သို့ ပြန်လှည့်လာသည်။ ခရီးသည်များသည် ည ၈ နာရီအချိန်တွင် သင်္ဘောပေါ်သို့ ပြန်တက်ကြသည်။ သင်္ဘောကြီးသည် ၈ နာရီခွဲခန့် အချိန်တွင် ဆိပ်ကမ်းမှခွာ၍ ခရီးဆက်ပြန်ရာ မကြာမီပင် ရေခဲမြစ်ကြီး များပေါ်လှသော ရေခဲမြစ် ပင်လယ်ကွေ့(Glacier Bay)သို့ ရောက်ကြ သည်။ ရေခဲမြစ် ပင်လယ်ကွေ့(Glacier Bay) ၌ ခရီးသည်များ ကမ်း တလျှောက်ရှိ ရေခဲမြစ်များကိုသေသေချာချာ ကြည့်ရှုခွင့်ရရန် သင်္ဘောကို ဖြည်းဖြည်း မောင်းပေးသည်။

ရေခဲမြစ်( Glacier)ဆိုသည်မှာ ပင်လယ်ကမ်းတလျှောက်ရှိ တောင်ထိပ်များပေါ်တွင် နှင်းခဲများ အရည်ပျော်၍ တောင်အောက်သို့ မြစ်ကြီးသဖွယ် စီးဆင်းနေသော ရေခဲပြင်ကြီးကို ခေါ်ကြသည်။ ထိုကဲ့သို့ တောင်ထိပ်မှစီးဆင်းနေသော ရေခဲပြင်၊ ရေခဲမြစ်မြောက်များ စွာ တွေ့ရသည်။ တချို့နေရာ၌ တောင်ထိပ်မှ စီးဆင်းလာသော ရေခဲများသည် ပင်လယ်ကမ်းစပ် တလျှောက် စုပုံနေသဖြင့် ၈ ပေ ခန့်မြင့်သော ရေခဲပုံကြီးဖြစ်နေရာ ရေခဲတောင်တန်းလေးသဖွယ် တွေ့ရသည်။ အလာစကာပြည်နယ် တခုလုံး၌ ရေခဲမြစ်ပေါင်း တသိန်း ကျော်ရှိသည်ဟု သိရသည်။ သင်္ဘောကြီးသည် ထိုနေရာမျိုး၌ ခရီးသည်များ အားရပါးရ ကြည့်ရှုခွင့်ရရန် အတော်ကြာအောင် ရပ်ပေးထားသည်။ ထိုကဲ့သို့သောနေရာ အနည်းဆုံး ၃ နေရာခန့် တွေ့ရသည်။ ဤခရီး၌ သင်္ဘောသည် ဖြည်းဖြည်းသာ ခုတ်မောင်းသဖြင့်

www.dhammadownload.com



ဂျူလိုင်လ ၈ ရက်နေ့ည သန်းခေါင်ကျော် ၉ ရက်နေ့ နံနက် ၁နာရီ အချိန်ကျမှ ဝှစ်တီးယား (Whittier) ဆိပ်ကမ်းသို့ ကပ်မိသည်။

## ဝှစ်တီးယား (Whittier) မြို့ဆိပ်ကမ်း

ဤဆိပ်ကမ်းသည် သင်္ဘောခရီးအဆုံးဆိပ်ကမ်းဖြစ်၍ ၉ ရက်နေ့နံနက်လင်းသောအခါ ခရီးသည်များသည် သင်္ဘောမှ ဆင်းကြပြီးလျှင် ကားများငှား၍ အန်ကာရေ့(ဂ်ျ) (Anchorage) သို့ ခရီးဆက်ကြသည်။ ကားခရီး ၂ နာရီမျှ စီးမိသောအခါ အန်ကာရေ့(ဂ်ျ) (Anchorage) သို့ ရောက်ကြသည်။

## အန်ကာရေ့(ဂ်ျ) (Anchorage) မြို့

အန်ကာရေ့(ဂ်ျ) (Anchorage)မြို့သို့ သင်္ဘောခရီး မပေါက်သဖြင့် ဝှစ်တီးယား (Whittier) တွင် သင်္ဘောကပ်၍ အန်ကားရေ့ဂ်ျ (Anchorage)သို့ ကားဖြင့် သွားရခြင်းဖြစ်သည်။ အန်ကာရေ့(ဂ်ျ) (Anchorage)သည် မြို့ကြီးဖြစ်သည်။ဆရာတော်တို့ ဆရာတပည့်တစုသည် အန်ကာရေ့(ဂ်ျ) (Anchorage) မြို့ ဟောလီးဒေး ဟိုတယ် (Holiday Inn) ၌ တည်းခိုကြသည်။ အန်ကာရေ့(ဂ်ျ) ( Anchorage) မြို့ထဲကို လှည့်လည် ကြည့်ရှုကြသည်။ အလာစကာ ပြည်နယ်သည် တောရိုင်း တိရစ္ဆာန်ပေါများသော ပြည်နယ်ဖြစ်သော်လည်း သင်္ဘောခရီး တလျှောက်တွင် ဝေလငါးကိုလည်း မမြင်တွေ့ခဲ့ရ။ ကားခရီးတလျှောက်တွင် ရေခဲဝက်ဝံကိုလည်း မမြင်တွေ့ခဲ့ရ။ ကယ်ရီဘူးသမင်၊ ရိန်းဒီးယားသမင်တို့ကိုလည်း မတွေ့ခဲ့ရ။ ထို

www.dhammadownload.com



တိရစ္ဆာန်များကို အန်ကာရေ့ဂျ် တိရစ္ဆာန်ရုံရောက်မှပင် တွေ့ကြ၊ မြင်ကြရသည်။

## မြောက်ဝင်ရိုးစွန်းအနီးမှ ဘယ်ရိုး ( Barrow ) မြို့

ဂျူလိုင်လ ၁၀ ရက်နေ့၌မူ နံနက် ၉ နာရီခွဲတွင် ကမ္ဘာ့မြောက်စွန်း၌ တည်ရှိသော ဘယ်ရိုးမြို့လေးသို့ လေယာဉ်ဖြင့် သွားကြ သည်။ လေယာဉ်မှာ အလာစကာ လေယာဉ်လိုင်းဖြစ်၍ လေယာဉ်မယ်များမှာ အက်စကီမိုလူမျိုးများ ဖြစ်ကြသည်။ လေယာဉ်သည် လမ်းတဝက်၌ ဖဲယားဘင့် (Fairbank) လေဆိပ်တွင် ခေတ္တရပ်နား ၍ ဘယ်ရိုးမြို့သို့ ခရီးဆက်ကြသည်။ ၁ နာရီခန့်အကြာတွင် ဘယ်ရိုး လေဆိပ်သို့ ရောက်ကြသည်။ အန်ကာရေ့(ဂျ်)မှ ဘယ်ရိုးသို့ လေယာဉ် ပျံသန်းချိန်မှာ ၂ နာရီခန့်ဖြစ်သည်။ ဘယ်ရိုးမြို့လေးသည် ကမ္ဘာ၏ မြောက်စွန်း အာတိတ်သမုဒ္ဒရာကမ်းစပ်၊ အာတိတ်စက်ဝိုင်း၏ အတွင်း မြောက်ဘက် မိုင်ပေါင်း ၃၂၀ တွင် တည်ရှိသည်ဟု ဆိုကြသည်။ မြောက်ဝင်ရိုးစွန်း (North Pole)နှင့်အနီးကပ်ဆုံးမြို့ဟု သိရသည်။ တချို့ခရီးသွားများသည် ဘယ်ရိုးမြို့အနီး သမုဒ္ဒရာ ကမ်းပေါ်တွင်ထိုင်၍ မြောက်ဝင်ရိုးစွန်းရှိရာ မြောက်အရပ်ဆီသို့ မျှော်ကြည့်ကြသည်။ ဆရာတော်တို့သည် ဘယ်ရိုးမြို့၌ ကမ္ဘာ့အမြင့် ဆုံးထိပ်ပေါ်ရှိဟိုတယ် (Top of the World Hotel) တွင် တည်းကြသည်။

## နော့သ်ပိုးလ် ( North Pole ) ၂ နေရာ

အလာစကာတွင် နော့သ်ပိုးလ် (North Pole) ၂ နေရာရှိ၍ နော့သ်ပိုးလ်ချင်း အမှတ်မှားတတ်သည်။ နော့သ်ပိုးလ်တခုမှာ

www.dhammadownload.com



မြောက်ဝင်ရိုးစွန်းဖြစ်၍ နောက်တခုမှာ ဖဲယားဘင့်မြို့၏ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာတွင်ရှိသော မြို့ကလေး၏ နာမည်ဖြစ်သည်။ ထိုမြို့ကလေးမှာ မူလက ဟိုက်ဝေးလမ်းမကြီးဘေး၌ တည်ရှိသော လူမနေသည့် လယ်သမားအိမ်ဖြစ်သည်။ ထိုအိမ်ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီတခုက ဝယ်ယူ၍ ကမ္ဘာလှည့် ခရီးသွားများနှင့် ကလေးများကို ဆွဲဆောင်ရန် ၁၉၄၀ ခုနှစ်တွင် နော့သ်ပိုးလ်ဟု နာမည်ပေး၍ အိမ်ကိုလည်း စန်တာကလော့(စ)အိမ် (Santa Claus House) ဟု နာမည်တပ်ထားလိုက်သည်။ ထိုအချိန်မှစ၍ ကမ္ဘာလှည့် ခရီးသွားများနှင့် ကလေးများ မြောက်မြားစွာ လာရောက် ကြည့်ရှုကြသည်။ အမှတ်တရဆိုင်များ၊ ကလေးကစားစရာ ဆိုင်တန်းများမှစ၍ တဖြည်းဖြည်း စည်ကားလာရာ မြို့လေးတမြို့ ဖြစ်လာသည်။ စာပို့တိုက်ကလေးလည်း ရှိလာရသည်။ နော့သ်ပိုးလ်စာပို့တိုက်ဟု ကမ္ပည်းတပ်ထားသည်။ ယခုအချိန်တွင် ခရစ်စမတ်အခါရောက်တိုင်း ကမ္ဘာအနှံ့အပြားမှ 'အလာစကာ စန်တာကလော့သို့' ဟု မပြည့်မစုံ လိပ်စာတပ်ထားသော ခရစ်စမတ်ဆုတောင်းစာများ သောင်းချီ၍ ထိုစာတိုက်ကလေးသို့ ရောက်ကြောင်း သိရသည်။

## နေ့သုံးလ ညနှစ်လ အရပ်ဒေသ

ဘယ်ရိုးမြို့ရှိရာ အလာစကာမြောက်စွန်းသည် နွေရာသီ မေလမှ ဩဂုတ်လ စောစောပိုင်းအထိ ညအချိန်မရှိ၊ နေလုံးဝ မဝင်၍ ၈၄ ရက်ခန့် နေ့အချိန်ချည်းသာ ဖြစ်သည်။ တဖန် နိုဝင်ဘာ ၁၈ ရက်၌ ဝင်သွားသောနေသည် ၆၅ ရက်လုံးလုံး ပြန်မထွက်တော့သဖြင့် နေ့အချိန်မရှိ ညအချိန်ချည်းသာဖြစ်သည်။ ဇန်နဝါရီ ၂၂ ရက်လောက်

www.dhammadownload.com



မှ နေပြန်ထွက်လာသည်ဟု သိရသည်။ ဆရာတော်တို့ ဘယ်ရိုးမြို့သို့ ရောက်သောအချိန်မှာဂျူလိုင်လ ၁၀ ရက် နွေရာသီ ဖြစ်၍ နေ့အချိန် ချည်းဖြစ်သည်။ သို့သော်လည်း ညအချိန်တွင် မိုးတိမ်တွေဖုံးထား သဖြင့် နေလုံးကိုတော့ မမြင်ရ။ တညလုံး နေ့အခါ ကဲ့သို့ လင်းနေ သည်။ နေကိုကြည့်၍ အလုပ်မလုပ်ဘဲ နာရီကိုကြည့်၍ အလုပ်လုပ်ကြ ရသည်။ ဆရာတော်သည် ထိုနေ့ည၌ သန်းခေါင်ကျော် အချိန်တွင် အိပ်ရာမှ နိုးနေသဖြင့် ဟော်တယ်အိပ်ခန်းပြူတင်းကို ဖွင့်ပြီးလျှင် အဝေးရှိ အိမ်နှင့် လူများကို ဓာတ်ပုံရိုက်ကြည့်ရာ နေ့အခါ ရိုက်သလို ပင် ကြည်လင်ပြတ်သားသော ဓာတ်ပုံများကို တွေ့ရသည်။

## အက်စကီမို လူမျိုးစုများ

အလာစကာ တိုင်းရင်းသားဖြစ်သော အက်စကီမိုလူမျိုးများ တွင် လူမျိုးစု ၇ စု ပါဝင်သည်ဟု သိရသည်။ ထိုလူမျိုးစုများမှာ တလင်း ဂျစ်လူမျိုး(Tllingit)၊ အထဘစကန်လူမျိုး ( Athabascan)၊ ယုပစ်လူမျိုး ( Yupik )၊ ကျင်ရှန်းလူမျိုး ( Tcimshian )၊ ဟိုက်ဒါလူမျိုး ( Haida)၊ အလု(ထ်)လူမျိုး ( Aleut )၊ အင်ညူပိယက်လူမျိုး ( Inupiat )စုများ ဖြစ်ကြသည်။

## အင်ညူပိယက်တို့ဒေသ

ဤဘယ်ရိုးမြို့ကလေးရှိရာ အလာစကာပြည်နယ်၏ မြောက်စွန်းဒေသနှင့် အနောက်မြောက်ဒေသတို့သည် အင်ညူပိယက် လူမျိုးစုတို့နေထိုင်ရာဖြစ်သည်။ ဤဒေသ၏ အကျယ်အဝန်းမှာ

www.dhammadownload.com



စတုရန်းမိုင်ပေါင်း တသိန်းကျော်ရှိကြောင်း သိရသည်။ ထို့ကြောင့် ဘယ်ရိုးမြို့ကလေး၌ အင်ညာပိယက်လူမျိုးစုတို့၏ ယဉ်ကျေးမှုပြတိုက် တခု ဖွင့်ထားပြီးလျှင် ယဉ်ကျေးမှုပစ္စည်းများ ပြထားသည်။ နေ့စဉ် သူတို့၏ယဉ်ကျေးမှုကပွဲလည်း ပြသည်။ အင်ညာပိယက် အက်စကီ မိုတို့၏ မျက်နှာပုံပန်းသဏ္ဍာန်မှာ မျက်နှာခပ်ပြည့်ပြည့်ဖြစ်၍ မျက်ပေါက်ခပ်ကျဉ်းကျဉ်း ပါးရိုးအနည်းငယ်ပေါ်ပြီးလျှင် ခပ်ဝိုင်းဝိုင်း မျက်နှာပုံပန်းရှိသည်။ တခြား အက်စကီမိုလူမျိုးစုများ၏ မျက်နှာ သည်လည်း အင်ညာပိယက်လူမျိုးများ၏ မျက်နှာပုံပန်းသဏ္ဍာန်နှင့် ခပ်ဆင်ဆင်ဖြစ်ကြောင်း တွေ့ရသည်။

## ဝတ်စားဆင်ယင်ပုံ

ဝတ်စားဆင်ယင်ပုံမှာမူ နွေရာသီဖြစ်၍ အများသူငါ ဝတ်စား ဆင်ယင်ပုံမျိုးပင် ဖြစ်သည်။ ဆောင်းရာသီမှာမူ အအေး ကာကွယ်နိုင် ရန် သိုးမွေး၊ ဝက်ဝံမွေးများခံ၍ ချုပ်ထားသည့် အင်္ကျီ၊ ဘောင်းဘီ၊ ခေါင်းစွပ်၊ လက်အိပ်၊ ခြေအိပ်အထူကြီးများနှင့် ရေခဲဝက်ဝံအမွေး အတွင်းမှခံထားသော ဘွတ်ဖိနပ်ကြီးများကို စီးကြ၊ ဝတ်ကြကြောင်း သိရသည်။ ဆရာတော်တို့လည်း ဂျူနော၌ ရေခဲပြင်ပေါ် သွားစဉ်က ထိုဘွတ်ဖိနပ်ကြီးမျိုးကို စီးခဲ့ကြရသည်။

ကမ္ဘာ့မြောက်စွန်းဖြစ်သော ဤအာတိတ်ဒေသသည် အလွန်အေးသောဒေသ ဖြစ်သည်။ တနှစ်တွင် ဆောင်းရာသီ ကိုးလ ခန့်ရှိ၍ အအေးဆုံးအချိန်တွင် ရေခဲမှတ်အောက် ဖာရင်ဟိုက်ဒီဂရီ အနုတ် ခြောက်ဆယ်ဒီဂရီခန့်ရှိကြောင်း သိရသည်။ အလာစကာသည်

www.dhammadownload.com



ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားပြည်နယ်နှင့် နီးကပ်သည်။ ဘာရိန်း ရေလက်ကြားသာ ခြားသည်။ ထို့ကြောင့် ၁၇ ရာစု၌ ရုရှားတို့က အလာစကာကို ဝင်ရောက် အုပ်စိုးကြသည်။ ၁၈၇၆ ခုနှစ်ရောက်မှ အမေရိကန်တို့က ရုရှားတို့လက်မှ ဒေါ်လာ ၇သိန်း ၂သောင်းဖြင့် ဝယ်ယူလိုက်ကြသည်။ ထိုအချိန်မှစ၍ အလာစကာသည် အမေရိကန်တို့၏ ပြည်နယ်တခုဖြစ်လာသည်။

**အစားအစာ**

အလာစကာမြေသည် သစ်သီး သစ်ပင် စိုက်ပျိုးမရသော တွန်ဒရ (Tundra)ဟုခေါ်သည့် လွင်တီးခေါင်မြေဖြစ်၍ အက်စကီမို လူမျိုးတို့၏ အစားအစာမှာ သစ်သီးဝလံ အသီးအနှံများမဟုတ်၊ သား ငါးများသာဖြစ်ကြောင်း သိရသည်။ ဝေလငါးကြီးများ၊ ဆယ်(လ်) မန် (Salmon)စသောငါးကြီးများ၊ ပင်လယ်ဖျံ ( Seal )ကြီးများ၊ ပါးစပ်တွင် အစွယ်ရှည်ပါသော ပင်လယ်ဖျံအကြီးစားများ ( Walrus)၊ ဝက်ဝံများ၊ ကယ်ရီဘူးသမင် (Caribou)များ၊ ငှက်များကို ဖမ်းယူ သတ်ဖြတ် စားသောက်ကြကြောင်း သိရသည်။

သို့သော်လည်း မြို့ပေါ်ရှိဟော်တယ်များမှာမူ တခြား တိုင်းပြည်များရှိ ဟော်တယ်များမှာလိုပင် ထမင်းဟင်း၊ မုန့်ပဲသရေစာများ ကျွေးကြသည်။ အနောက်တိုင်းစာများလည်း ရနိုင်သည်။ ဂျပန်စာ၊ ကိုရီးယားစာ စသည်ဖြင့် တခြားနိုင်ငံ အစားအစာရောင်းသော ဆိုင်များလည်းရှိသည်။ ထိုင်းအစားအစာလည်း ရနိုင်သည်။

နေရာအနှံ့အပြားတွင် ဝေလငါးကြီးများ၏ ကြီးမားသော အရိုးများကို တွေ့ရသည်။ တနေရာတွင်မူ ဝေလငါး ကျောရိုးနှင့်

www.dhammadownload.com



နံရိုးများကို မခုတ်မဖြတ်ဘဲ ပက်လက်လှန်ထား၍ သားရေတမျိုးဖြင့် ကပ်ပြီးလျှင် လှေတစင်း လုပ်ထားသည်ကို တွေ့ရသည်။ ထိုသားရေမှာ ဝေါလ်ရပ်ခေါ် ဖျံကြီးမျိုး၏ အရေဖြစ်ကြောင်း သိရသည်။ ထိုဖျံကြီးမျိုး၏အရေကို အိမ်အမိုး အကာ လုပ်ကြသည်ဟုဆိုသည်။ သားငါးများ လိုက်လံ ရှာဖွေဖမ်းဆီးချိန်တွင်မူ ရေခဲတုံးများကို အိမ်ဆောက်၍ ယာယီအိမ်အဖြစ် သုံးကြောင်း သိရသည်။ ထို ရေခဲအိမ်ကို အိဂလူး (Igloo) ဟု ခေါ်ကြသည်။

## မောင်းတိန်းဗျူးသို့

ဆရာတော်တို့သည် ဇူလိုင်လ ၁၁ ရက်နေ့၌ ဘယ်ရိုးမြို့မှ အန်ကာရေ့ဂျ်သို့ ပြန်ကြပြီးလျှင် အန်ကာရေ့ဂျ်၌ ၁ ရက်မျှနား၍ ဂျူလိုင်လ ၁၂ ရက်နေ့တွင် အန်ကာရေ့ဂျ်မှ ကာလီဖိုးနီးယားပြည်နယ် မောင်းတိန်းဗျူးမြို့သို့ လေယာဉ်ဖြင့် ကြွကြသည်။ မောင်းတိန်းဗျူး၌ ယမန်နှစ်ကလိုပင် ဒေါက်တာ ဒေါ်ဌေးဌေးသန်းမိသားစုတို့ အိမ်၌ တည်းကြသည်။ ၁၃ ရက်နေ့တွင် ဆန်ဟိုဆေးမြို့ရှိ ဂျပန်နားဆရာဝန်ထံ ဒေါ်ဌေးဌေးသန်းလိုက်ပို့၍ နားကိုစစ်ဆေး၊ နားကြပ်ကို ပြုပြင်ပေးပြီးလျှင် မောင်းတိန်းဗျူးသို့ ပြန်ခဲ့ကြသည်။

## ဆီကွိုင်းယားတောသို့

ဂျူလိုင်လ ၁၄ ရက်နေ့တွင် ဒေါ်ဌေးဌေးသန်း၏ဖခင် ဒေါက်တာ ဦးသန်းဆွေ၊ မိခင် ဒေါ်ခင်စန်းမြင့်အပါအဝင် တမိသားစုလုံးနှင့် ဒေါက်တာယုဝါ၊ မိခင် ဒေါ်မြကြည်၊ မောင် ကိုအောင်မိုးနှင့် ဒေါက်တာရဲကျော်အောင်တို့က ဆီကွိုင်းယားတောသို့ လိုက်ပို့

www.dhammadownload.com



ကြသည်။ ဆီကွိုင်းယားတောသို့ သွားရာတွင်လမ်း၌ မားဆက် (Marcet) မြို့ ဒကာကြီး ဦးဘရီ ဒကာမကြီး ဒေါ်သန်းမြင့်တို့က ကြိုတင်ပင့်လျှောက်ထားသဖြင့် သူတို့အိမ်၌ နေ့ဆွမ်းဘုဉ်း ပေးကြရသည်။ နေ့ဆွမ်းဘုဉ်းပေးပြီးနောက် နားနေရင်း ရှားပါးမြန်မာ စာအုပ်တအုပ်ကို တွေ့၍ ဆရာတော်ဖတ်ရှုနေရာ ဒကာကြီးများက ထိုစာအုပ်ကို ဆရာတော်အား လှူလိုက်သည်။ စာအုပ်မှာ အလွန် ရှားပါး၍ စာတန်ဘိုး အလွန်မြင့်မားသော စာအုပ်ဖြစ်သည်။ ဒို့ဗမာ အစည်းအရုံးသမိုင်း ပြုစုရေးအဖွဲ့က ၁၉၇၆ ခုနှစ်၌ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေသော ဒို့ဗမာအစည်းအရုံးသမိုင်း ပထမတွဲ ဖြစ်သည်။ စာမျက်နှာ ၆၅၀ ရှိသည်။ ယခုအချိန်၌ မည်သို့မျှ ဝယ်၍မရသော စာအုပ်ဖြစ်သည်။

ဆီကွိုင်းယားတောကြီးကို ( Sequoia National Park )ဟု ခေါ်ကြသည်။ ကြီးမားသော သစ်ပင်ကြီးများရှိသော တောဟု ဆိုကြသည်။ ယခင်နှစ်ကသွားခဲ့သော သစ်နီတောကြီး (Red Wood) ၌ အမြင့်ဆုံး သစ်ပင်ကြီးများရှိ၍ ဤဆီကွိုင်းယားတောကြီးထဲ၌ လုံးပတ်အတုတ်ဆုံး၊ အကြီးဆုံး သစ်ပင်ကြီးများရှိသည်ဟု ပြောကြသည်။သစ်နီတော (Red Wood) ၌ အမြင့်ဆုံးသစ်ပင်မှာ ၃၇၀ ပေရှိ၍ သက်တမ်းမှာ နှစ်ပေါင်း ၃၂၀၀ ရှိကြောင်း သိရသည်။ ဤဆီကွိုင်း ယားတော၌ အမြင့်ဆုံး သစ်ပင်မှာ ၃၁၁ ပေ ရှိ၍ နှစ်ပေါင်း ၂၂၀၀ သက်တမ်းရှိကြောင်း သိရသည်။ သစ်နီတော (Red Wood)၌ ပင်လုံးအတုတ်ဆုံး သစ်ပင်၏ အချင်းမှာ ၂၅ ပေ ရှိ၍ ဆီကွိုင်းယား တော၌ ပင်လုံးအတုတ်ဆုံး သစ်ပင်၏ အချင်းမှာ ၂၉ ပေရှိကြောင်း သိရသည်။

www.dhammadownload.com



ဆရာတော်တို့သည် ဆိက်ကွိုင်းယားတောထဲရှိ မိုတယ်(Motel) တခုတွင် ညကျိန်း၍ ၁၅ ရက်နေ့ညနေတွင် မောင်းတိန်းဗျူးသို့ ပြန်ကြသည်။ ဂျူလိုင်လ ၁၇ ရက်နေ့ညတွင် ဒေလီးစီးတီးမြို့ လူငယ်များ၏ ထေရဝါဒ ဗုဒ္ဓဘာသာအသင်း၌ တရားချီးမြှင့်ရသည်။ ဤထေရဝါဒဗုဒ္ဓဘာသာအသင်း၏ အစဆုံး တရားပွဲကို ဆရာတော်ပင် စတင်ချီးမြှင့်ခဲ့ရသည်။ အကြိမ်၁၀၀ပြည့် တရားပွဲကိုလည်း တိုက်တိုက်ဆိုင်ဆိုင် ဆရာတော်ပင် ချီးမြှင့်ရသည်။ ယခုအကြိမ် ၁၃၀ပြည့် တရားပွဲကိုလည်း ဆရာတော်ပင် ချီးမြှင့်ရပြန်သည်။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တတ်သော လောကဓမ္မတာပင် ဖြစ်သည်။ ဆရာတော်တို့သည် ဂျူလိုင်လ ၂၀ ရက်နေ့တွင် အီလီနွိုက်ပြည်နယ်၊ စပရင်းဖီးလ်မြို့၊ ချမ်းမြေ့ရိပ်သာသို့ ကြွကြသည်။

## ချမ်းမြေ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်ပွဲ

ချမ်းမြေ့ရိပ်သာတွင် ဂျူလိုင်လ ၂၄ ရက်နေ့၌ ဒကာ ဒကာမများ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာတော်ဘုရား၏ မွေးနေ့ပူဇော်ပွဲ ဆင်နွှဲ ကျင်းပကြသည်။ သံဃာတော် ၁၉ ပါးပင့်ကြသည်။ ပရိသတ် ၃၀၀ နီးပါး လာရောက်ကြသည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှစ၍ ဆရာတော်ဘုရား ယောဂီများအား တရားချီးမြှင့်သည်။ အားထုတ်ဆဲယောဂီ ၂၀ ကျော် ရှိသည်။ တချို့ယောဂီများသည် တဝါတွင်းလုံး အားထုတ်မည်ဟု သိရသည်။ ယောဂီများ လာရောက်အားထုတ်ကြသော်လည်း ယောဂီဆောင်အသစ် မရှိသေးပေ။ ထို့ကြောင့် ယောဂီဆောင်အသစ် ဆောက်လုပ်ရန် ယောဂီများက ဝိုင်းဝန်းလှူဒါန်းကြသည်။ ဆရာတော်

www.dhammadownload.com



ဘုရားလည်း ဒေါ်လာ၅၀၀၀ လှူခဲ့သည်။ မောင်နန္ဒလည်း ဒေါ်လာ ၁၀၀၀ လှူခဲ့သည်။ မောင်ပိုင်လည်း သူ့မိဘများထံ ဖုန်းဆက်အကြောင်းကြားရာ ဂရိတ်စိန် စိန်ရတနာမိသားစုတို့ကလည်း ဒေါ်လာ ၅၀၀၀ လှူဒါန်းကြသည်။ မကြာမီ ယောဂီဆောင်သစ်ပေါ်လာတော့မည်ဖြစ်ရာ ယောဂီများအတွက် ပို၍ အဆင်ပြေတော့မည်ဖြစ်သဖြင့် အထူးဝမ်းသာကြရသည်။

## အင်ဒီးယားနားနှင့် မိချီဂန်သို့

ဇူလိုင်လ ၃၀ ရက်နေ့၌ အင်ဒီးယားနား(Indiana)ပြည်နယ်၊ ဖို့ဝိန်းမြို့ (Fort Wane) သုခကံသာကျောင်းသို့လည်းကောင်း၊ ဩဂုတ်လ ၆ ရက်နေ့၌ မိချီဂန်(Michigan)ပြည်နယ်၊ လင်ဆင်းမြို့ (Lansing)အသောကာရာမကျောင်းသို့ လည်းကောင်း ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ်ပွဲအတွက် ပင့်သဖြင့် ကြွရောက်ကြရသည်။ ဩဂုတ်လ ၇ ရက်နေ့တွင် စပရင်းဖီးလ်သို့ပြန်၍ ၈ ရက်နှင့် ၉ရက်နေ့များတွင် အပြန်ခရီးအတွက် ပြင်ဆင်ကြရသည်။ ၉ ရက်နေ့ ညနေတွင် သံဃာတော်များ၊ ယောဂီများ၊ ဝေယျာဝစ္စယောဂီများနှင့်ချမ်းမြေ့အမှုဆောင်အဖွဲ့ဝင်တို့က ဆရာတော်ကို ကန်တော့ပွဲ ပြုလုပ်ကြသည်။

## အိုင်ယာလန်နိုင်ငံသို့

မြန်မာပြည်သို့ အပြန်ခရီးကို ဩဂုတ်လ ၁၀ ရက်နေ့၌ စကြရသည်။ သို့သော်လည်း မြန်မာပြည်သို့ တိုက်ရိုက်မပြန်နိုင်သေးဘဲ လမ်းတွင် အိုင်ယာလန်နိုင်ငံသို့ကြွရန် ကိစ္စရှိနေသဖြင့် ၁၀ ရက်နေ့

www.dhammadownload.com



ညနေ ၃ နာရီ ၅၀ တွင် ချီကာဂိုလေဆိပ်မှ အိုင်ယာလန်နိုင်ငံသို့ လေယာဉ်ခရီးဖြင့် ကြွ၍ အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်လေဆိပ်သို့ ဩဂုတ်လ ၁၁ ရက်နေ့ နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်သည်။ အိုင်ယာလန်နိုင်ငံသည် အမေရိကပြည် ချီကာဂိုဒေသထက် ၆ နာရီခန့် စောပါသည်။ ဤအိုင်ယာလန်ခရီးတွင် ဆရာတော်ဘုရား၊ မောင်နန္ဒ၊ မောင်ပိုင်တို့အပြင် စပရင်းဖီးလ် ချမ်းမြေ့အဖွဲ့ ဥက္ကဌ ဦးပဒေသာတင် ကိုလည်း အထူးဖိတ်ကြားသဖြင့် လိုက်ပါခဲ့သည်။ လေဆိပ်သို့ မြန်မာဒကာ ဒကာမများ လာရောက်ကြိုဆို ပင့်ဆောင်ပြီးလျှင် ဒဗ္ဗလင်မြို့ အိမ်တအိမ်၌ အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။ အရုဏ်ဘုဉ်းပေးပြီးနောက် ဖွင့်လှစ်မည့် မြန်မာဘုန်းတော်ကြီး ကျောင်းရှိရာ ဘာလင်နာစလို(Ballinaslo)မြို့သို့ ကြွကြရသည်။ ကားခရီး ၁ နာရီခွဲခန့် စီးရသည်။

## ကျောင်းဖွင့်ပွဲ

ဘာလင်နာစလိုမြို့၌ ဖွင့်လှစ်ရမည့်ကျောင်းမှာ ၂ထပ်ကျောင်း ဖြစ်၍ ကျယ်ဝန်း သပ်ရပ်သန့်ရှင်းသည်။ အထက်ထပ်တွင် အိပ်ခန်း ကျယ် ၄ ခန်းရှိ၍ အောက်ထပ်တွင် ဘုရားခန်းအပါအဝင် ခန်းမ ကြီးတခုနှင့် မီးဖိုခန်းတို့ ပါဝင်သည်။ ဩဂုတ်လ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့တွင် ဒကာ ဒကာမများက ရောက်သင့်ရာရာ နေရာများသို့ လိုက်ပို့ကြသည်။ ဩဂုတ်လ ၁၄ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျောင်းဖွင့်ပွဲ ကျင်းပကြသည်။ ကျောင်းတော်ကို **မင်္ဂလရံသီ သတိပဋ္ဌာန်ကျောင်း** ဟူသောအမည်ဖြင့် ဆရာတော် ဘုရားက ဖွင့်လှစ်ပေးလိုက်သည်။ ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်

www.dhammadownload.com



အဖြစ် ယူရိုဝတ္ထုငွေ ၅၀၀ လည်း လှူဒါန်းခဲ့သည်။ ပင့်သံဃာများမှာ လန်ဒန်မှ မြန်မာရဟန်းတော်တပါး၊ အိုင်ယာလန်နိုင်ငံမှ အိုင်းရစ်ရဟန်းတော်တပါး၊ ဆရာတော်ပါ ပေါင်း ၃ ပါးဖြစ်သည်။ ပရိသတ်များမှာ ၃ နာရီကျော်ကျော် ခရီးများမှ လာကြရပြီး ပရိသတ် ၈၀ ကျော်ခန့် ရှိသည်။ ပရိသတ်များသည် အတော်ဝမ်းမြောက်ဝမ်းသာရှိနေ ကြပုံရသည်။ မွန်းလွဲ ၃ နာရီတွင် ဆရာတော်ဘုရား သတိပဋ္ဌာန်ဝိပဿနာတရား ဟောကြားချီးမြှင့်သည်။

## အိုင်ယာလန် တောင်ပိုင်းနှင့်မြောက်ပိုင်း

ဩဂုတ်လ ၁၅ ရက်နေ့တွင် နံနက် ၈ နာရီ၌ ဒကာဒကာမများက အိုင်ယာလန်မြောက်ပိုင်း၏မြို့တော် ဘဲလ်ဖတ်စ်ထံမြို့သို့ လိုက်ပို့ကြသည်။ အိုင်ယာလန်နိုင်ငံသည် အိုင်ယာလန်မြောက်ပိုင်း အိုင်ယာလန်တောင်ပိုင်းဟု နှစ်ပိုင်း ကွဲနေသည်။ အိုင်ယာလန်တောင်ပိုင်းမှာ ၁၉၂၁ ခုနှစ်တွင် ဗြိတိသျှလက်အောက်ခံဘဝမှ လွတ်မြောက်၍ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိသည်။ သို့သော်လည်း ဗြိတိသျှဓနသဟာယနိုင်ငံဖြစ်၍ လွတ်လွတ်ကျွတ်ကျွတ်ကြီး မဟုတ်သေးပေ။ ၁၉၂၅ ခုနှစ်ရောက်မှ ဗြိတိသျှအစိုးရကို အသိမပေးဘဲ ကိုယ့်သဘောအတိုင်း (Republic of Ireland) ဟု ကြေညာလိုက်၍ လုံးဝလွတ်လပ်သော အိုင်ယာလန်သမ္မတနိုင်ငံဖြစ်လာသည်။ မြို့တော်မှာ ဒဗ္ဗလင်(Dublin) ဖြစ်သည်။ အိုင်ယာလန်မြောက်ပိုင်းမှာမူ ယခုတိုင် (United kingdom) တွင် ပါဝင်နေ၍ ဗြိတိသျှအစိုးရလက်အောက်မှာပင် ရှိသေးသည်။ မြို့တော်မှာ ဘဲလ်ဖတ်စ်မြို့ဖြစ်သည်။ ဘဲလ်ဖတ်စ်မှာ ဒဗ္ဗလင်ထက် ပို၍စည်ကားပုံရသည်။ ဆရာတော်တို့

www.dhammadownload.com



သည် ၁၄ ရက်နေ့ည ကျောင်းသို့ပြန်၍ ၁၅ ရက်နေ့ အပြန်ခရီးအတွက် ပြင်ဆင်ကြရသည်။ ဩဂုတ်လ ၁၆ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် ဒပ္ဗလင်မှ အာရပ်ပြည်ထောင်စုသမ္မတနိုင်ငံပိုင်ဖြစ်သော အဲမရိတ် (Emirate)လေယာဉ်ဖြင့် အပြန်ခရီးစကြသည်။ ဒပ္ဗလင်မှ ရန်ကုန်သို့ တိုက်ရိုက်လေယာဉ်မရှိ၍ ဒူဘိုင်းမှတဆင့် ရန်ကုန်သို့ပြန်ကြရသည်။ ဒပ္ဗလင်လေဆိပ်မှ မွန်းလွဲ ၃ နာရီခွဲတွင် လေယာဉ်ထွက်၍ ဒူဘိုင်း လေဆိပ်သို့ညသန်းခေါင် ကျော် ၁၂ နာရီခွဲတွင် လေယာဉ်ဆိုက်သည်။ ဒူဘိုင်းလေဆိပ်မှ ရန်ကုန် သို့ ထွက်မည့် အဲမရိတ်လေယာဉ်သည် နံနက် ၅ နာရီခွဲမှ ထွက် မည်ဖြစ်သဖြင့် ဒူဘိုင်းလေဆိပ်၌ ၅ နာရီခန့် စောင့်ဆိုင်းနေရသည်။ ဒူဘိုင်းလေဆိပ်၌ ယမန်နှစ်က တွေ့ခဲ့ဖူးသော လေဆိပ်အမှုထမ်း မြန်မာအမျိုးသမီး ဖြိုးခင်ခင်ကို အဆင်သင့် တွေ့ရသဖြင့် လေဆိပ်အတွင်း၌ သူ၏အကူအညီဖြင့် အစစအဆင် ပြေသည်။ အချိန်ကျ၍ ဒူဘိုင်းလေဆိပ်မှ လေယာဉ်ထွက်သော အခါတွင်လည်း လေယာဉ်ပေါ်၌ မြန်မာအမျိုးသမီးအမှုထမ်း အိချိုလွင်ဆိုသူကို တွေ့ရ၍ ဝမ်းပန်းတသာ အကူအညီပေးသဖြင့် အားလုံးအဆင်ပြေသည်။ လေယာဉ် မြေပြင်သို့ မဆင်းမီအချိန်၌ နံနက်စာ ကပ်ကြသဖြင့် နေ့လယ်စာအဖြစ် ဘုဉ်းပေးလိုက်ကြသည်။ လေယာဉ်သည် ရန်ကုန်လေဆိပ်သို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်သည်

## ၆၉ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၆ စက်တင်ဘာ ၁ မှ ၇ ရက်ထိ)

ဤဓမ္မခရီးကို ဆရာတော်သည် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှ စတင် ထွက်ခွါသည်။ မောင်ပိုင်ဝေယျာဝစ္စ ဆောင်ရွက်

www.dhammadownload.com



သည်။ ရန်ကုန်မှ ည ၇း၄၅ နာရီတွင် လေယာဉ်ထွက်၍ ဘန်ကောက်သို့ ည ၉း၄၅ နာရီတွင် ရောက်သည်။ ဘန်ဘောက်မှ ၂ ရက်နေ့ နံနက်စော ၁း၁၀ နာရီတွင် လေယာဉ်ထွက်၍ စတော့ဟုမ်းသို့ နံနက် ၇ နာရီတွင် ရောက်သည်။ မောင်အောင်မြင့်၊ မောင်ကျော်သက်နှင့် ဦးသောဘနတို့ လာရောက်ကြိုဆို၍ အော်ရီဘဒိုမြို့လေးသို့ ပင့်ပြီးလျှင် ဒေါ်မစ်ဇီလှမြင့်အိမ်၌ တည်းခိုရသည်။ ၃ ရက်နေ့တွင် ရှော့ကွမ်းမြို့ (Hjortkvarn) အနီးရှိမြန်မာဘုန်းတော်ကြီးကျောင်းသို့ ကြွရသည်။ မွန်းလွဲ ၃ နာရီ၌ မြန်မာပရိသတ်များ တရားနာကြသည်။ ၄ ရက်နေ့ နံနက်တွင် ဒေါ်မစ်ဇီ၏ နွေရာသီအိမ်သို့ ကြွ၍ သီတင်းသုံးရသည်။ ညနေ ၄ နာရီခန့်တွင် ဂိုသင်းဘတ် (Gothenburg) မြို့သို့ကြွ၍ တညတာ သီတင်းသုံးပြီးလျှင် ၅ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် စတော့ဟုမ်း (Stockholm) မြို့သို့ သွားကြသည်။ စတော့ဟုမ်းတွင် တညကျိန်း၍ ၆ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်သို့ပြန်ခဲ့ကြသည်။ ရန်ကုန်သို့ ၇ ရက်နေ့ နံနက် ၉ နာရီတွင် ပြန်ရောက်သည်။

## ကြွရဦးမည့်ခရီးစဉ်

ဤဖော်ပြပါ ဓမ္မခရီးများသည် ၂၀၁၆ခုနှစ် စက်တင်ဘာ ၇ ရက်နေ့အထိ ကြွခဲ့ပြီးသော ဓမ္မခရီးများဖြစ်ပါသည်။ အောက်ပါဓမ္မခရီးများကိုလည်း ကြွရန်ရှိပါသေးသည်။

### အကြိမ် ၇၀ မြောက်ဓမ္မခရီး (၂၀၁၆ နိုဝင်ဘာ ၁၈မှ ဒီဇင်ဘာ ၂ ရက်)

တရုတ်ပြည်၊ ကွမ်ကျိုး၊ နန်ချန်း၊ ဟိုက်နန်ကျွန်း။

www.dhammadownload.com



နိုဝင်ဘာ ၁၈ မှ ၁၉ ကွမ်ကျိုး။
နိုဝင်ဘာ၂၀-၂၇ နန်ချန်း။
နိုဝင်ဘာ ၂၈-ဒီဇင်ဘာ ၁ ရက် ဟိုက်နန်ကျွန်း။
ဒီဇင်ဘာ ၂ ရက် ရန်ကုန်ပြန်။

## ၇၁ ကြိမ်မြောက်ဓမ္မခရီး (ဒီဇင်ဘာ ၂၃ မှ ၂၀၁၇ ဇန်နဝါရီ ၄ ရက်အထိ)

ဒီဇင်ဘာ ၂၃ မှ ဇန်နဝါရီ ၄ ရက် နယူးဇီလန် တရားစခန်း။ ဤတရားစခန်းကို ဆရာတော်မကြွနိုင်၍ ဦးသုစိဏ္ဏနှင့် ဦးဇုတိန္ဓရတို့ ကြွဖို့ မိန့်ကြားထားပါသည်။

## ၇၂ ကြိမ်မြောက် ဓမ္မခရီး (၂၀၁၇ မတ်လ ၃ မှ ၁၄ ရက်အထိ)

ဗီယက်နမ်တရားစခန်း

## ၇၃ ကြိမ်မြောက် ဓမ္မခရီး (၂၀၁၇ ခုနှစ် ဧပြီလ ၂၁ မှ မေလ ၅အထိ)

ကမ္ဘောဒီးယားတရားစခန်း

## ၇၄ ကြိမ်မြောက်ဓမ္မခရီး (၂၀၁၇ မေလ ၁၅ မှ ၂၇ ရက်အထိ)

တရုတ်ပြည် ပီကင်းတရားစခန်း။

## ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံ

၂၀၁၅ခုနှစ် ဟုပ်မြို့တရားစခန်းအပြီး၌ ဗီယက်နမ်သီလရှင် နှစ်ပါးက တောင်အမေရိကတိုက် ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံ များ၌ ဝိပဿနာတရား ဟောပြော ပြသရန် ပင့်လျှောက်ကြသည်။

www.dhammadownload.com



ဘာရာဇီး နိုင်ငံ၌ နေထိုင်သော သူတို့အကို ဗီယက်နမ်ဘုန်းကြီးကလည်း ၂၀၀၇ ခုနှစ် ဇန်နဝါရီလ၌ ကြွရောက်ချီးမြှောက်ပါရန် ပင့်ဖိတ်သော်လည်း ဆရာတော်ဘုရားသည် ထိုနိုင်ငံများ၏ ပြည်တွင်းရေး အခြေအနေကို ထည့်သွင်း စဉ်းစား ချင့်ချိန်နေသဖြင့် ကြွဖြစ် မကြွဖြစ် မဆုံးဖြတ်ရသေးပါ။

## အင်္ဂလိပ်အသံထွက်

ဆရာတော်ဘုရားသည် ၁၉၇၉ ခုနှစ်၊ ဧပြီလ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပစ္ဆာသမဏအဖြစ် အရှေ့အနောက် ၁၁ နိုင်ငံသို့ ပထမအကြိမ် ဓမ္မခရီးကြွရောက်ပြီး မြန်မာပြည်သို့ ပြန်ရောက်သောအခါ ရင်းနှီးသူ ဒကာကြီးတယောက်က ဆရာတော်ကို " ဆရာတော်တို့ပြောတဲ့ အင်္ဂလိပ်အသံထွက်ကို ဟိုကလူတွေ နားလည်ကြရဲ့လား"ဟု မေးပါသည်။ ဆရာတော်က "နားလည်ကြပါတယ်"ဟု ပြုံး၍ဖြေပါသည်။ မေးသူဒကာကြီးမှာ ကိုယ်ချင်းစာ၍ မေးပုံရပါသည်။

## မဟာစည်ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပထမအကြိမ် ဓမ္မခရီးမှ ပြန်ကြွလာသောအခါ မဟာစည်သာသနာ့ရိပ်သာ၌ တပည့်ဒကာ ဒကာမများကို နှုတ်ဆက်စကားမိန့်ကြားရာတွင် ဓမ္မခရီး အကြောင်းကိုလည်း အကျဉ်းချုပ် မိန့်ကြားပါသည်။ ဓမ္မခရီးကြွရတာ အဆင်ပြေကြောင်း မိန့်ကြားပြီးလျှင် " ဦးဇနက အင်္ဂလိပ်ဘာသာ ဒီလောက်ကျွမ်းကျင်မှန်း မသိဘူး။ နိုင်ငံခြားသား

www.dhammadownload.com



မျိုးစုံပြောတဲ့ အင်္ဂလိပ်စကားသံ အမျိုးမျိုးကို နားလည်ပြီး ပြန်ပြောနိုင်တယ်၊ တိုးတိုးလေးမေးတာတောင် ပြန်ဖြေနိုင်တယ်။ တယ်ဟန်ကျတာပဲ" ဟု မိန့်ကြားပါသည်။

## လန်ဒန်ဘီဘီစီမှ အသံလွှင့်ချက်

ထိုစဉ်က မဟာစည်ဓမ္မခရီးအကြောင်းကို လန်ဒန်မြို့ ဘီဘီစီ အသံလွှင့်ဌာနက မြန်မာပြည်လူထုအတွက် အမြဲအသံလွှင့်ပေးပါသည်။ ထိုသို့ အသံလွှင့်ရာတွင် မောင်ချိုပြုံးက " ဆရာတော် ဦးဇနကာဘိဝံသကတော့ တရားပြရာမှာလည်းတော်တယ်၊ တရားရှင်းလင်းဟောပြောရာမှာလည်း ဆရာတော်အင်္ဂလိပ်လို ဟောတာဟာ အနောက်နိုင်ငံသားများအဖို့ များစွာသဘောပေါက်နိုင်တဲ့အတွက် ဆရာတော်ကို ဒီဗြိတိန်နိုင်ငံကို နောက်တခေါက် ပြန်ကြွလာပြီး ယခုလိုပဲ တရားဓမ္မ ဟောပြပေးပါဦးဆိုပြီးတော့ တော်တော်လေး နားပူနားဆာ တောင်းပန်လျှောက်ထားနေကြတာကိုလည်း ကြားရတယ်။ ဆရာတော်ဦးဇနကာဘိဝံသ ရုပ်နှင့်နာမ်တို့ ဖြစ်ပျက်ပုံကို ရှုမှတ်ဖို့ဆိုတဲ့တရားကို အင်္ဂလိပ်လို ဟောပြတာကို နည်းနည်းနားထောင်ကြည့်ရင် ဆရာတော်ကို ဒီကလူတွေ ဘာကြောင့် ဒါလောက်တောင့်တကြတယ်ဆိုတာကို သိသာလှပါတယ်။

**(အသံကို နားထောင်ကြည့်ရုံမျှ ရည်ရွယ်၍ ထည့်သွင်း အသံလွှင့်သော အင်္ဂလိပ်လို တရားအပိုင်းအစကို ပုံနှိပ်ရာတွင် မထည့်သွင်းပါ)**

အဲဒါကတော့ ဆရာတော်ဦးဇနကာဘိဝံသရဲ့ အင်္ဂလိပ်လို ဟောကြားတော်မူချက် နမူနာပါပဲ။ အဲဒီလို အနောက်နိုင်ငံများကို သာသနာပြုကြွလာတဲ့ ရဟန်းတော်များဟာ တရားသဘောကို

www.dhammadownload.com



ကိုယ်တိုင်ကလဲပဲ နှံ့နှံ့စပ်စပ် သိထားတော်မူရတဲ့အပြင် သူတပါးနား လည်အောင်လဲပဲ ဟောပြောတတ်ရုံမျှမက အင်္ဂလိပ်လိုလဲ တော် တော်ပိုင်ပိုင်နိုင်နိုင် ဟောပြောနိုင်ဖို့ အရေးကြီးလှပါတယ်။ (**ဓမ္မခရီးမှ ပေးစာများ စာ ၃၆၁၊ ၃၆၂**)

## မောင်ချိုပြုံး၏အမေး ချမ်းမြေ့ဆရာတော်ဘုရား၏အဖြေ

တချိန်တွင်ဘီဘီစီအသံလွှင့်ဌာနအတွင်း၌ မောင်ချိုပြုံးက ဓမ္မခရီးအကြောင်း မေးလျှောက်သည်ကို ချမ်းမြေ့ဆရာတော်ဘုရားက အောက်ပါအတိုင်း ဖြေကြားထားပါသည်။

**မေး**။ ။ အဲဒီလို အရှင်ဘုရားတို့ တရားပြတဲ့အခါမှာ ဒီလာရောက် ပြီးတော့ တရားနာကြတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ခုနကအဆင့်အတန်းက လူတွေဟာ သူတို့ဘယ်လိုများ ဒီလိုစွဲစွဲမြဲမြဲ ဖြစ်သွားတဲ့ပုံမျိုး မြင်ရပါ သလဲဘုရား။ ဥပမာ ဖူးရစ်တက္ကသိုလ်လို နေရာမျိုးမှာ အရှင်ဘုရားတို့ သွားပြီး ဟောတယ်ဆိုတာ နည်းနည်းသိပါရစေဘုရား။

**ဖြေ**။ ။ ဟုတ်ပါတယ်။ ဘုန်းကြီးတို့ တရားပြရာ တရားဟောရာမှာ တက္ကသိုလ်တွေလည်းသွားပြီး ဟောရတာရှိပါတယ်၊ ဥပမာ ဘော့စတန် မြို့က ဟားဗဒ်တက္ကသိုလ်၊ နယူးယောက်မြို့ ကိုလံဘီယာတက္က သိုလ်၊ ဆွစ်ဇာလန်ပြည် ဖူးရစ်တက္ကသိုလ်၊ အဲဒီနေရာတွေမှာ ဘုန်းကြီးတို့ သွားတရားဟောရပါတယ်။

အဲဒီအခါမှာ ဟားဗဒ်တက္ကသိုလ်၊ ကိုလံဘီယာတက္ကသိုလ် တို့မှာ ဟောစဉ်ကတော့ သာမန်ပဲဆိုကြပါစို့ ဖူးရစ်တက္ကသိုလ်မှာတော့ တော်တော်ထူးထူးခြားခြားတွေ့ရပါတယ်။

www.dhammadownload.com



တရားနာပရိသတ်က ၁၅၀ကျော်လောက်ရှိပါတယ်။ အဲ့ဒီ ၁၅၀ ကျော်ရှိတဲ့ တရားနာပရိသတ်ဟာ အင်မတန်ကို တိတ်တိတ်ဆိတ်ဆိတ်နဲ့ လှုပ်လှုပ်ရှားရှားမရှိဘဲ စိတ်ဝင်တစား နာကြားကြပါတယ်။ အဲဒီ ဇူးရစ်တက္ကသိုလ်မှာ ဒီတရားပွဲကို စတင်ပြီးတော့ စည်းရုံးတဲ့ ဒေါက်တာမီရ်ကိုဖရီးဗားဆိုတာက ကြိုတင် လျှောက်ထားပါတယ်။ ဒီတရားပွဲမှာတော့ လူတွေက လူစိမ်းတွေ ဖြစ်ပါတယ်ဘုရား။ ပြီးတော့ ပညာတတ်တွေလည်း ဖြစ်ပါတယ်၊ သူတို့မာနရှိကြပါတယ်၊ ဒါကြောင့်သူတို့ နားလည်အောင် ဟောဖို့လိုပါတယ်လို့ ကြိုတင် လျှောက်ထားတော့ ဆရာတော်ဘုရားကြီးက ဒီတရားပွဲမှာ ၁၅ မိနစ်လောက်ပဲ မြန်မာလို ဟောပါတယ်။ ဘုန်းကြီးက အင်္ဂလိပ်ဘာသာ ပြန်ပါတယ်။ အဲဒီအင်္ဂလိပ်ကိုမှ ဒေါက်တာဖရီးဗားက ဂျာမန်ဘာသာ ပြန်ရတော့ ဘာသာသုံးခုဖြစ်နေတဲ့အတွက် အချိန်ကြာမှာလဲစိုးလို့ ပိုပြီးတော့လဲပဲ အချိန်ရရနဲ့ နားလည်အောင် ဟောစေချင်တာနဲ့ ဆရာတော်ဘုရားကြီးက ၁၅ မိနစ်ဟောပြီးတော့ ရပ်ထားပါတယ်။

ဆရာတော်ဘုရားကြီးက ဘုန်းကြီးကိုဆက်ပြီး ဟောခိုင်းပါတယ်။ ဒါနဲ့ပဲ ဘုန်းကြီးကလဲ အင်္ဂလိပ်လို တရားပွဲ ပြီးဆုံးသည့်တိုင်အောင် တနာရီကျော်ကျော် ဟောလိုက်ပါတယ်။ ဒီဟာကို ဒေါက်တာဖရီးဗားက ဂျာမန်ဘာသာနဲ့ ပြန်တဲ့အခါကျတော့ အတော်စူးစူးစိုက်စိုက် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်နဲ့ နာကြပါတယ်။ နောက် တရားပွဲပြီးလို့ အမေးအဖြေခွင့်ပြုတဲ့ အခါမှာလည်းပဲ တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းတွေ မေးကြပါတယ်။ မေးလို့ဒီကဖြေလိုက်တဲ့ အခါမှာလဲ တော်တော် ကျေနပ်သွားကြပါတယ်။ ဒါနဲ့ တရားပွဲပြီးဆုံးသွားတဲ့အခါကျတော့

www.dhammadownload.com



ဒေါက်တာဖရီးဗားက "တရားပွဲကတော့ အလွန်အောင်မြင်တဲ့ တရားပွဲပါပဲဘုရား၊ တက္ကသိုလ်တခုမှာ ဒီလိုအောင်မြင်တဲ့ တရားတပွဲဖြစ်ဖို့ရာ အင်မတန်ခဲယဉ်းပါတယ်" လို့ ပြောပါတယ်။ ဘုန်းကြီးတို့နဲ့ အတူပါလာတဲ့ ဒါယကာ ဦးမြသိန်းကလဲပဲ တရားပွဲထဲမှာတော့ ဒီတရားပွဲက အကောင်းဆုံးပါပဲလို့ သူကလဲ မှတ်ချက်ချပါတယ်။ ဒါကြောင့်မို့ ဒီတရားပွဲမှာဖြင့် တရားနာ ပရိသတ်ရဲ့ နားထဲမှာ တရားသဘော တော်တော်လေး ဝင်တယ်လို့ ဘုန်းကြီးတို့ ယူဆရပါတယ်။ **( ဓမ္မခရီးမှ ပေးစာများ စာ ၃၄၈-၃၅၀ )**

လန်ဒန် ဘီဘီစီ အသံလွှင့်ဌာနမှ မောင်ချိုပြုံးဆိုသူမှာ နာမည်ရင်းက ဦးခင်ဖြစ်ပါသည်။ ဦးခင်မှာ ဒုတိယကမ္ဘာစစ်မတိုင်မီက မြန်မာပြည် နိုင်ငံရေးလောကနှင့် သတင်းစာလောကတွင် ထင်ရှားသော နိုင်ငံသိ အမျိုးသမီးကြီး အင်ဒီပင်းဒင့် ဒေါ်စန်း၏သားဖြစ်သည်။ ဦးခင်သည် လန်ဒန်ဘီဘီစီ၌ နှစ်ပေါင်းများစွာ အမှုထမ်းနေပြီးနောက် လန်ဒန်မှာပင် ကွယ်လွန်သွားသည်။

## ဝက်စတန် အီလီနွိုက်တက္ကသိုလ်

ဆရာတော်ဘုရားသည် ၁၉၈၂ ခုနှစ်၌ တနှစ်တာ ဓမ္မခရီးကြွစဉ်က ဝက်စတန် အီလီနွိုက်ယူနီဗာစီတီ၌ တက္ကသိုလ်ကျောင်းသားများအား တရားချီးမြှင့်ရသည်။ တရားပွဲစီစဉ်သူမှာ သချာၤပါမောက္ခ ဒေါက်တာဦးရန်နိုင်လွင်ဖြစ်သည်။ တက္ကသိုလ်ဝင်းအတွင်းရှိ Stype Hall ခန်းမ၌ တရားချီးမြှင့်ရသည်။ တရားနာပရိသတ်များမှာ ကျောင်းသူ ကျောင်းသား တရာကျော်ဖြစ်သည်။ တရားဟောချိန် ၁နာရီခွဲအတွင်း၌ တရားနာပရိသတ် ငြိမ်ငြိမ်သက်သက် တိတ်တိတ်

www.dhammadownload.com



ဆိတ်ဆိတ် စိတ်ဝင်တစား နာကြသည်။ တရားပွဲပြီးသောအခါ တရားနာပရိသတ်တွင် ပါဝင်သော မြန်မာကျောင်းသား တဦးက "ဆရာတော့်တရားကို ကျောင်းသားတွေ တော်တော်သဘောကျပုံ ရတယ်။ ဒီကောင်တွေက ပါမောက္ခစာပြတာတောင်မှ သူတို့သဘော မကျရင် ချက်ချင်း ထသွားကြတာ။ အားနာပါးနာနဲ့ နားထောင်ကြတာ မရှိဘူး၊ အခုတရားကို တော်တော်သဘောကျလို့သာ ငြိမ်ငြိမ် သက်သက် နားထောင်နေကြတာ"ဟု ဆရာတော်အားလျှောက်ထားသည်။

## ဘုံကျော်ဆရာတော်တွေ့ရပုံ

တောင်တွင်းကြီးမြို့၊ ဆတ်သွား၊ ဂန္ဓာရုံဘုံကျော်ဆရာတော် ပြောပြသည်မှာ "ဘုန်းကြီး ချမ်းမြေ့ဆရာတော်ကို သတိထားမိတာ တခုရှိသေးတယ်။ အဲဒါက ချမ်းမြေ့ဆရာတော် မြိတ်မြို့မှာ တရား ဟောတဲ့အချိန်မှာပေါ့၊ ဘုန်းကြီးတို့လည်း တရားသွားနာကြတယ်။ တချို့လူငယ်တွေက တရားမနာဘူး။ အပြင်မှာ စကားပြောနေကြ တယ်၊ ဘုန်းကြီးက လေ့လာတာဝါသနာပါတယ်၊ လေ့လာတဲ့သဘော အကဲခတ်တဲ့သဘော လုပ်လေ့ရှိတယ်။ လူငယ်တွေကို အကဲခတ် တယ်၊ သူတို့အထဲဝင်ပြီး တရားမနာကြဘူး။ ချမ်းမြေ့ဆရာတော်က အဲဒီအချိန်မှာ အင်္ဂလန်က အတွေ့အကြုံတခုကို အင်္ဂလိပ်လိုရွတ်ပြီး ဟောပြတယ်။ ချမ်းမြေ့ဆရာတော်ရဲ့ အသံက အင်္ဂလိပ် အသံထွက် ကောင်းတယ်။ ဘုန်းကြီးကြားဖူးတဲ့အသံထဲမှာဆိုရင် ချမ်းမြေ့ဆရာ တော်အသံထွက် အကောင်းဆုံးပဲ၊ လူမမြင်ရရင် အင်္ဂလိပ်တယောက် ပြောနေသလိုပဲ၊ အဲဒီအသံကို ကြားလိုက်တဲ့ အခါကျတော့ ခုနစကား ပြောနေတဲ့ လူငယ်တွေ မဏ္ဍပ်ထဲဝင်ပြီး တရားလာနာကြတာတွေ့ဖူး

www.dhammadownload.com



တယ်။ အဲဒီကတည်းက ချမ်းမြေ့ဆရာတော် အသံထွက် ကောင်းတယ်လို့ သတိထားမိခဲ့တယ်။ အဲဒါနဲ့ လူငယ်တွေ စိတ်ဝင်စားပြီး ဝင်နားထောင်တာ။ အဲဒါကတော့ ဘုန်းကြီးတွေ့တာကို ပြောတာပါ” ဟု မိန့်ပါသည်။

## ဆွစ်ဇာလန်မှာ

၁၉၇၉ ခုနှစ်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပစ္ဆာသမဏအဖြစ် ကြွရာတွင် ဆွစ်ဇာလန်သို့ ရောက်သောအခါ ဂျီနီဗာမြို့ရှိ တိဘက်ဘုန်းကြီးကျောင်းမှပင့်၍ ဆရာတော်ဘုရားကြီး ကြွရပါသည်။ တိဘက်ဘုန်းကြီးကျောင်း ဆိုသော်လည်း ကျောင်းထိုင်ဘုန်းကြီးနှင့် တပည့်တပါးသာ တိဘက်လူမျိုးဖြစ်ပြီး တခြားဘုန်းကြီး ၁၄ ပါးမှာ ဥရောပတိုက်သား လူမျိုးပေါင်းစုံဖြစ်သည်။ ကျောင်းထိုင်တိဘက်ဘုန်းကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့ ဗုဒ္ဓဘာသာအကြောင်း ဆွေးနွေးသောအခါ ချမ်းမြေ့ဆရာတော်က ဘာသာပြန်ရသည်။ ဆွေးနွေးပွဲပြီးကြလို့ ပြန်ဖို့ပြင်ကြတော့ အမေရိကန်လူမျိုးဘုန်းကြီးတပါးက “အရှင်ဘုရား အင်္ဂလိပ်စကား သိပ်ကောင်းတာပဲ၊ အင်္ဂလိပ်စကား ဘယ်မှာသင်ပါသလဲ”လို့ မေးသည်။ ဆရာတော်က မြန်မာပြည်မှာ သင်ကြောင်းဖြေလိုက်သည်။ ဒီမေးခွန်း မကြာခဏအမေးခံရကြောင်း ဆရာတော်ကမိန့်သည်။ အမေရိကမှာလည်း အမေးခံခဲ့ရသည်။ ပြင်သစ်မှာလည်း အမေးခံ ခဲ့ရသည်။ ပြင်သစ်ပြည်တောင်ပိုင်း ထူလွန်းမြို့အနီးမှ တောရကျောင်း ကလေးမှာ တရားပြစဉ်က ဗီယက်နမ်ဘုန်းကြီးတပါးက “အရှင်ဘုရား ဘာသာပြန်တာသိပ်ကောင်းတာပဲ၊ အရှင်ဘုရားက အမေရိက က လိုက်လာတာလား”

www.dhammadownload.com



လို့ မေးပါသည်။ မဟုတ်ကြောင်းပြောတော့ "အင်္ဂလိပ်စာ ဘယ်မှာ သင်ပါသလဲ" လို့ မေးမြန်းပါသည်။

## ဟဝိုင်ယီပြည်နယ်၊ ဟိုနိုလူလူမြို့

၁၉၈၂ ခုနှစ် တနှစ်တာ ဓမ္မခရီးကြွစဉ်က ဟိုနိုလူလူမြို့သို့ ရောက်သောအခါ ထိုင်းဘုန်းကြီးကျောင်း၌ တည်းရသည်။ ထိုင်းဘုန်းကြီးမှာ အလွန်သဘောကောင်းသော ပုဂ္ဂိုလ်ဖြစ်သည်။ အတော်နှံ့စပ်ပုံလည်းရသည်။ တနေ့တွင် ဟဝိုင်ယီတက္ကသိုလ်မှ ပါမောက္ခတယောက် ဆရာတော့်ထံလာ၍ ဟဝိုင်ယီတက္ကသိုလ်၌ ဝိပဿနာတရားဟောကြားချီးမြှင့်ရန် ပင့်လျှောက်သည်။ ပင့်လျှောက်ပြီးလျှင် ဗုဒ္ဓသာသနာတော်အကြောင်း တရားဓမ္မအကြောင်းတို့ကို ပြောကြားဆွေးနွေးပြီးသောအခါ ပါမောက္ခကြီးက ဆရာတော်ဘုရားအား "အင်္ဂလိပ်စာ ဘယ်မှာသင်ပါသလဲ" ဟု မေးပါသည်။ ဆရာတော်က "မြန်မာပြည်မှာ သင်ပါသည်" ဟုဖြေလိုက်သည်။ ပါမောက္ခကြီးက ဆရာတော်ကို "အင်္ဂလန်မှာ နေဖူးပါသလား" ဟု မေးရာ ဆရာတော်က " အင်္ဂလန်မှာ မနေဖူးပါ၊ ရောက်တော့ ရောက်ဖူးပါသည်" ဟု ဖြေလိုက်သောအခါ " စကားပြောတာက အင်္ဂလိပ်အသံ ဖြစ်နေလို့ မေးတာပါ " ဟု ပါမောက္ခဒကာကြီးက ပြောပါသည်။ ပါမောက္ခဒကာကြီးမှာ အင်္ဂလိပ်လူမျိုးဖြစ်ကြောင်း ဆရာတော်က မိန့်ပါသည်။

## အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့ညတရားပွဲ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ကြွတော်မူသော ပထမအကြိမ်ဓမ္မခရီးတွင် အမေရိကန်ပြည်မသို့ ကြွရောက်ပြီး

www.dhammadownload.com



နောက် အင်္ဂလန်သို့ရောက်သောအခါ ဘာမင်ဂန်မြို့၌ ညတရားပွဲ ချီးမြှင့်ရပါသည်။ တရားနာပရိသတ်များမှာ အာရှနှင့် ဥရောပနိုင်ငံ ပေါင်းစုံမှ လူမျိုးပေါင်းစုံဖြစ်ပါသည်။ တရားပွဲတွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက မြန်မာဘာသာဖြင့် ဟောကြား၍ ချမ်းမြေ့ ဆရာတော်က အင်္ဂလိပ်ဘာသာ ပြန်ပါသည်။ တရားနာပရိသတ်များ သည် ငြိမ်သက်စွာ စိတ်ဝင်တစား နာကြားကြပါသည်။ တရားပွဲပြီးသော အခါ တရားကိုစိတ်ဝင်စားသော အင်္ဂလိပ်အမျိုးသား ၃-၄ ယောက်တို့ က တရားပွဲအသံဖမ်းသော ဒကာကို ဒီတရားထဲမှ အင်္ဂလိပ်ဘာသာ အပိုင်းများကို ဆက်စပ်၍ကူးပေးပါရန် မေတ္တာရပ်ခံကြကြောင်း၊ တရားအသံဖမ်းသူကလည်း ထိုသူတို့၏အလိုဆန္ဒကို နောက်နေ့တွင် ဖြည့်ဆည်းပေးလိုက်ကြောင်း သိရပါသည်။

## ဝိုက်ကျွန်းတရားပွဲ

လန်ဒန်မြို့မှ ရုပ်ပြေးရေယာဉ်ဖြင့် ၁ နာရီခန့်သွားရသော ဝိုက်ကျွန်း ( Island of Wight )၌လည်း တရားပွဲပြီးသောအခါ ဘာမင်ဂန်ဆရာတော် ဒေါက်တာ ဦးရေဝတမွေက "ဘုန်းကြီး အင်္ဂလိပ် သိပ်ကောင်းတာပဲ၊ အသံလည်းကောင်းတယ်၊ နောက်နှစ် တွေမှာလည်း ဘုန်းကြီးဒီကိုကြွဖို့ပင့်ရမယ်" လို့ ချမ်းမြေ့ဆရာတော် အား လျှောက်ထားပါသည်။

## ကနေဒီယန် ဘုန်းတော်ကြီး ပြောပြချက်

ဆရာတော်ဘုရားသည် သက်တော် ၂၀ ကျော်ပြီး စာချတန်း တွေအောင်ပြီးမှ အင်္ဂလိပ်စာ သင်ရပါသည်။ များသောအားဖြင့်

www.dhammadownload.com



ကြီးမှ အင်္ဂလိပ်စာသင်လျှင် အသံထွက်ညံ့ကြပါသည်။ ဆရာတော်ဘုရား၏ အင်္ဂလိပ်အသံထွက်ကတော့ မမြင်ရလျှင် အင်္ဂလိပ်တယောက်ပြောနေသလို ထင်ရပါသည်။ ဆရာတော်ဘုရား၏ အင်္ဂလိပ်အသံထွက် လွန်စွာကောင်းကြောင်းကို ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိကို အင်္ဂလိပ်လို ပြုစုသူ ကနေဒီယန်ဘုန်းကြီး ဦးဝံသရက္ခိတက ကျွန်မကို ပြောပြဖူးပါသည်။

"ဆရာတော်တို့ပြောတဲ့ အင်္ဂလိပ်အသံထွက်ကို ဟိုကလူတွေ နားလည်ကြရဲ့လား"ဟု ဆရာတော်ကိုမေးသော ဒကာကြီး ဤအကြောင်းအရာတွေကို သိရလျှင် သူ၏ မေးခွန်းကို ပြန်၍ ရုတ်သိမ်းချင်လိမ့်မည်ဟု ယူဆရပါသည်။

## နိဂုံး

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သက်တော် ၈၈နှစ် လွန်မြောက် ၈၉ နှစ် ရောက်သည်တိုင်အောင် ဘဝဖြစ်စဉ်ကို ကျွန်မစွမ်းနိုင်သမျှ ဖော်ပြရေးသား၍ ပူဇော်ခဲ့ပါပြီ။ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် များပြားလှသဖြင့် ပြည့်စုံအောင် ဖော်ပြရေးသားခြင်းငှာ ကျွန်မ မစွမ်းနိုင်ပါ။ ပရိယတ်၊ ပဋိပတ်စွယ်စုံရ၍ သီလ၊ သမာဓိ၊ ပညာ ဂုဏ်တော်တို့နှင့် ပြည့်စုံသဖြင့် သာသနာတော်အား ကျေးဇူးများလှသော ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို ပေးဆပ်လိုသောကြောင့်သာ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးသားပူဇော်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ရေးသားပူဇော်ခွင့် ပေးပါသော ဆရာတော်ဘုရား ကြီးအား အထူးပင်

www.dhammadownload.com



ကျေးဇူးတင်လှသဖြင့် အကြိမ်ကြိမ် ရှိခိုးဦးတင် ကန်တော့ပန်း ပန်ဆင်ရပါသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် ၈၈ နှစ်ပြည့်သည် တိုင်အောင် သာသနာတော်အကျိုး လောကအကျိုးတို့ကို ကျန်းကျန်း မာမာ၊ ရွှင်ရွှင်လန်းလန်းဖြင့် စွမ်းနိုင်သမျှ ဆောင်ရွက်တော်မူခဲ့ပါပြီ။ ထို့အတူပင် သက်တော် ၈၉ နှစ်မှစ၍ သက်တော်ရှည်သမျှ ကျန်းမာ ရွှင်လန်းစွာဖြင့် လောကသာသနာ နှစ်ဖြာအကျိုး သယ်ပိုးရွက်ဆောင် နိုင်ပါစေကြောင်း ဆုတောင်းပါသည်ဘုရား။

**ဆရာတော်ဘုရား ကျန်းမာပါစေ ချမ်းသာပါစေ။**
**ခန္ဓာ့ဝန်ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါစေ။**
**သာသနာ့ဝန်ကို အားသွန်ကာ ဆောင်ရွက်နိုင်ပါစေ။**

**ဒေါက်တာ အေးအေးမြင့်**

www.dhammadownload.com



# နောက်ဆက်တွဲ

## ဩဝါဒကထာများ

ဆရာတော်ဘုရားသည် အခါအားလျော်စွာ လိုက်နာကျင့်သုံးဖွယ်ရာ ဩဝါဒများကို နှုတ်ဖြင့်ဆုံးမဩဝါဒပေးရုံသာမဟုတ်ဘဲ အမြဲတစေသတိရနေစေရန်စာဖြင့်လည်းရေးသား ထုတ်ဝေထားပါသည်။

## အမြဲနှလုံးသွင်း လိုက်နာကျင့်သုံးရမည့်တရားများ

၁။ အမြဲတစေ စိတ်ကောင်းထား၊ စိတ်ထားဖြူစင်အောင်နှလုံးသွင်း။

၂။ ကျန်းမာရေးကို အထူးဂရုထား၊ ကျန်းမာရေး ဗဟုသုတ ရနိုင်သမျှ စုဆောင်း။

၃။ ကိုယ်ကျင့်သီလ မည်သည့်အခါမျှ မချွတ်ယွင်းပါစေနှင့်။

၄။ ဒါန သီလ ဘာဝနာ ဝေယျာဝစ္စကုသိုလ်များ အမြဲတစေ စိတ်မှာထား၊ တတ်အားသမျှ ဆည်းပူးကြ။

၅။ ကိုယ်ကျိုးကြည့်ခြင်းကိုရှောင်၊ အများအကျိုး သယ်ပိုးရွက်ဆောင်၊ နိဗ္ဗာန်တိုင်အောင် ချမ်းသာသည်။

၆။ သူတပါးအပြစ်ကို မိမိနှလုံးအိမ်မှာ မစိမ်နှင့်။

၇။ အားလုံးအပေါ် မေတ္တာပွား၊ ခွင့်လွှတ်သည်းခံစိတ် များများထား။

၈။ မိမိအပြစ်ကို အမြဲတစေ ကြည့်ရှုစစ်ဆေး၊ ကိုယ်နှုတ်စိတ် အပြစ်ကင်းအောင် ပြုပြင်ပေး။

၉။ အရာရာတွင် အကောင်းမြင်ဘက်မှ ကြည့်၍သင့်တင့်အောင် နှလုံးသွင်း၊ ယောနိသော မနသိကာရ လက်ကိုင်ထား။

www.dhammadownload.com



၁၀။ အမြဲတစေ အကုသိုလ်ပါး၊ ကုသိုလ်ပွားအောင် ကြိုးစား နေထိုင်ပါ။

## သူတော်လမ်းညွှန် ဩဝါဒ

**ဟိရီနှင့်ဩတ္တပ္ပ** = အရှက်နှင့်အကြောက်တရား နှစ်ပါးသည် လောကကြီး ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သော လောကပါလ တရားများဖြစ်ကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူသည်။

သူတော်ကောင်းသည် မကောင်းမှု အကုသိုလ် ဒုစရိုက်ပြုရမှာ၊ ပြောရမှာ၊ ကြံတွေးရမှာ အလွန်ရှက်သည် **(ဟိရီ)**။ ထို့ကြောင့် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုဘဲ ရှောင်ကြဉ်သည်။

မကောင်းမှု ဒုစရိုက်ပြုခြင်းကြောင့် ခံစားရမည့် ဆိုးကျိုး ဆင်းရဲကျိုးကို အလွန်ကြောက်သည် **(ဩတ္တပ္ပ)**။ ထို့ကြောင့် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုဘဲ ရှောင်ကြဉ်သည်။

အရှက်အကြောက်ရှိသူသည် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုလုပ်၊ မပြောဆို၊ မကြံတွေးသောကြောင့် အရှက်အကြောက်တရား ဟိရီဩတ္တပ္ပနှစ်ပါးသည် သူတော်ကောင်းတို့၏ ဥစ္စာစစ်စစ် ရတနာအနှစ်ဖြစ်သည်။

သူယုတ်မာသည် မကောင်းမှု ပြုလုပ်၊ ပြောဆို၊ ကြံတွေးရမှာ မည်သည့်အခါမျှ မရှက်တတ်၊ မကြောက်တတ်။ မကောင်း မှုကို ရဲရဲတင်းတင်း ပြုလုပ်၊ ပြောဆို၊ ကြံတွေးသည်။

အရှက်မရှိ အကြောက်မရှိသူသည် မကောင်းမှု အကုသိုလ်

www.dhammadownload.com



ဒုစရိုက်ကို ပြောင်ပြောင်တင်းတင်း ကျူးလွန် ပြုလုပ်၊ ပြောဆို၊ ကြံတွေး သောကြောင့် ယုတ်ညံ့နိမ့်ကျသူ ဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး ပူလောင်သည်။ ပင်ပန်းဆင်းရဲသည်၊ ဆိုးကျိုးခံစားရသည်။

အရှက်မရှိခြင်း အဟိရိက၊ အကြောက်မရှိခြင်း အနောတ္တပ္ပ တို့သည် သူယုတ်တို့၏ ဥစ္စာစစ်စစ်ဖြစ်သည်။

အချို့သူများသည် သူတပါးတို့ ပြစ်တင်ကဲ့ရဲ့မည်ကို ရှက်ကြောက်၍ မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုသော်လည်း သူတပါးတို့ မျက်ကွယ်၌ မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ပြုကောင်းပြုပေမည်။ ထိုသူမျိုးသည် သူတော်ကောင်းစစ်စစ် မဖြစ်သေးပေ။

သူတပါးတို့ မျက်ကွယ်၌လည်း မိမိကိုယ်ကို ရှက်၍ မကောင်းမှုကို မပြုလုပ်၊ မပြောဆိုသူသည်သာလျှင် သူတော်ကောင်းစစ်စစ် ဖြစ်သည်။ ထို့ကြောင့် သူတော်ကောင်း ဖြစ်လိုလျှင် ကိုယ့်ကိုယ်ကို ရှက်တတ်ပါစေ။

ကိုယ့်ကိုယ်ကို ရှက်တတ်ဖို့ အရေးကြီးသလို ကိုယ့်ကိုယ်ကို ကြည်ညိုနိုင်ဖို့ အရေးကြီးသည်။ ကိုယ့်ကိုယ်ကို ရှက်တတ်သူသည် ကိုယ့်ကိုယ်ကို ကြည်ညိုနိုင်သူဖြစ်၍ သူတော်ကောင်းဖြစ်သည်။ လောကကို အလှဆင်သူ လောကကောင်းကျိုးကိုဆောင်သူဖြစ်သည်။

### အောင်မြင်ကြောင်းတရား

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊
ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား၊

www.dhammadownload.com



စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား၊
လုံ့လနှင့်ဖွဲ့၊ မလျှော့ဘဲ၊ အမြဲတင်းတင်းထား၊
အရာရာတွင်၊ အသုံးဝင်၊ အောင်မြင်ကြောင်းတရား

## မေတ္တာသာရဏီယတရား

### ကာယကံမေတ္တာ

မေတ္တာနှင့်ယှဉ် ပြုမူလျှင်၊ အစဉ်အောက်မေ့ဖွယ်၊
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်၊
အများချစ်ခင်၊ ရိုသေချင်၊ ခင်မင်လေးစားတယ်၊
စိတ်ဝမ်းမကွဲ၊ တသွေးတည်း၊ ညီလည်းညီညွတ်တယ်၊
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်
ငြိမ်းချမ်းတယ်။

### ဝစီကံမေတ္တာ

မေတ္တာနှင့်ယှဉ် ပြောဆိုလျှင်၊ အစဉ်အောက်မေ့ဖွယ်၊
ချိုသာစကား၊ ကျိုးလိုလား၊ ကြားရချမ်းသာတယ်၊
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်၊
အများချစ်ခင်၊ ရိုသေချင်၊ ခင်မင်လေးစားတယ်၊
စိတ်ဝမ်းမကွဲ၊ တသွေးတည်း၊ ညီလည်းညီညွတ်တယ်၊
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်
ငြိမ်းချမ်းတယ်။

www.dhammadownload.com



## မနောကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ စိတ်ထားလျှင်၊ အစဉ်အောက်မေ့ဖွယ်၊
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်၊
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်၊
စိတ်ဝမ်းမကွဲ၊ တသွေးတည်း၊ ညီလည်းညီညွတ်တယ်၊
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

## စိတ်ကောင်းထားဖို့ အရေးကြီးသည်

စိတ်ပုပ်၊ နှုတ်ပုပ်၊ အလုပ်ပုပ်လျှင်၊ အများမုန်း၍ ဆင်းရဲသည်။
စိတ်ဖြူ၊ နှုတ်ဖြူ၊ အလုပ်ဖြူလျှင် အများချစ်၍ ချမ်းသာသည်။
စိတ်ဆိုး၊ နှုတ်ဆိုး၊ အလုပ်ဆိုးလျှင်၊ အများမုန်း၍ ဆင်းရဲသည်။
စိတ်ကောင်း၊ နှုတ်ကောင်း၊ အလုပ်ကောင်းလျှင် အများချစ်၍ချမ်းသာသည်။

## စိတ်ထားဖြူစင် သူတော်စင်

စိတ်ထားဖြူစင်၊ သူတော်စင်၊ အစဉ်ချမ်းသာသည်။
ကိုယ်ကျင့်ဖြူစင်၊ သူတော်စင်၊ အစဉ်ချမ်းသာသည်။
စိတ်ထားလည်းဖြူ၊ ကိုယ်ကျင့်ဖြူ၊ နတ်လူချစ်ခင်သည်။
ဖြူစင်စိတ်ဓာတ်၊ သူတော်မြတ်၊ ရောက်လတ်နိဗ္ဗာန်ပြည်။

www.dhammadownload.com



## ဓမ္မကြေးမုံ

သန့်ရှင်းကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်ရုပ၊ လှမလှကို၊ နေ့ညမရွေး၊ ကြည့်စစ်ဆေး၍၊ ယင်ချေးမှဲ့ပြောက်၊ ဝက်ခြံပေါက်နှင့်၊ ညှင်းပြောက်တင်းတိတ်၊ ဖုအကျိတ်ကို၊ ဆေးသိပ်ပယ်ရှား ပမာလားသို့၊ မြတ်ဖျားဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်မနု၊ စိတ်အလှကို၊ နေ့ညမရွေး၊ တင်စစ်ဆေးလော့၊ ညစ်ကြေး ကိလေ၊ တွေ့ခဲ့ပေသော်၊ ချောက်ထွေနည်းဖြင့်၊ ပျောက်စေလွှင့်မှ၊ မလင့်မကြာ၊ သင့်ခန္ဓာသည်၊ ချမ်းသာဖုံးလိမ့်၊ မှန်စွာတည်း။

## စိတ်ညစ်စိတ်ကြေး စိတ်ဖြင့်ဆေး

ရေကြောင့်ညွှန်ဖြစ်၊ ထိုညွှန်ညစ်လည်း၊ စင်လစ်ရေကြောင့်၊ သွေမထောင့်ဘူး၊ စိတ်ကြောင့်ဖြစ်ပေါ်၊ စိတ်ကြေးညှော်လည်း၊ ဆေးလျှော်စိတ်ပင်၊ စင်မစင်ကို၊ ကိုယ်ပင်ဖန်ပြု သူမပြုသည်၊ စင်မှု ကိုယ့်မှာ တာဝန်တည်း။

## စိတ်မဲများကို ဖြူစင်စေသည့် နည်း ၆ မျိုး

မဲသည့်စိတ်ကို၊ ဖြူစေလိုသော်၊ ထိုထိုအာရုံ၊ ညစ်မျိုးစုံနှင့်၊ မကြုံတွေ့စေ၊ မမွေ့စေဘဲ၊ ပြောင်းလေဖုံဖုံ၊ ကောင်းအာရုံတည့်၊ နုလုံးပင်မို၊ ဉာဏ်ချိန်ညှိလော့၊ ပို့ဘိမေတ္တာ၊ သမထာနှင့်၊ ပွားရာဝိပဿ်၊ နည်းချောက်ရပ်တွင်၊ သင့်မြတ်ရာသုံး၊ ဖြူစိတ်ဖုံးသည်၊ သက်လုံးချမ်း သာလိမ့်မည်တည်း။

www.dhammadownload.com



## စိတ်အေးကြည်လင်၊ အကျိုးမြင်

အေးမြကြည်လင်၊ ကန်ရေပြင်၏၊ အောက်တွင်ရှိငြား၊ ငါး လိပ်ဖားနှင့်၊ ယောက်သွားခရု၊ အစုစုကို၊ ကြည့်ရှုလိုက်လျှင်၊ ထင်းထင်း မြင်သို့၊ ကြည်လင်စိတ်ဖြူ၊ ထိုသည့်သူကား၊ ကိုယ်သူအကျိုး၊ နှစ်ဦး ကျိုးနှင့်၊ မဂ်ကျိုးဖိုလ်သိ၊ နိဗ္ဗာန်ထိသည်၊ နောက်ကျိစိတ်ဝယ် ကင်းသောကြောင့်။

## ရှင်ရာဟုလာအားပေးသောဩဝါဒ

အပြု အပြော အတွေးများ မမှားပါစေနှင့်

### အပြုကာယကံ

ပြုမည်ကြံလဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

ပြုဆဲမှာလဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

ပြုပြီးပြန်လဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

www.dhammadownload.com



## အပြောဝစီကံ

ပြောမည်ကြံလဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြောများ၊ မမှားရှောင်ကြဉ်ပါ။

ပြောဆဲမှာလဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အပြောများ၊ မမှားရှောင်ကြဉ်ပါ။

ပြောပြီးပြန်လဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အပြောများ၊ မမှားရှောင်ကြဉ်ပါ။

## အတွေးမနောကံ

တွေးမည်ကြံလဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အတွေးများ၊ မမှားရှောင်ကြဉ်ပါ။

တွေးဆဲမှာလဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အတွေးများ၊ မမှားရှောင်ကြဉ်ပါ။

တွေးပြီးပြန်လဲ၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊
မိမိသူတပါး၊ နှစ်ဦးသား၊ ဘယ်သူများ၊ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အတွေးများ၊ မမှားရှောင်ကြဉ်ပါ။

www.dhammadownload.com



## နှစ်သစ်မင်္ဂလာ သဝဏ်လွှာ

နှစ်ဟောင်းကုန်ပျောက်၊ နှစ်သစ်ရောက်၊ ထွန်းတောက် မင်္ဂလာရှိပါစေ။

နှစ်သစ်မင်္ဂလာ၊ ဒီချိန်ခါ၊ စိတ်မှာညစ်မဲ ကင်းပါစေ၊

တနှစ်ပတ်လုံး၊ စိတ်ဖြူဖုံး၊ ရွှင်ပြုံးကြည်သာ ရှိပါစေ၊

နှစ်သစ်ချိန်ခါ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊

ကုသိုလ်ကျန်းမာ၊ ပညာ စီးပွား၊ ဒီရေလား တိုးပွားကြပါစေ။

## တဟုန်းဟုန်း တပြောင်ပြောင် တောက်လောင်သည့်မီး ငြိမ်းအေးနည်း
## မြို့မီး၊ ရွာမီး၊ တောမီးတို့ထက် အဆရာထောင်မက ပူလောင်လှသော မီးပုံကြီး ၁၁ ပုံ

၁။ လိုချင်တပ်မက်ခြင်း ရာဂမီး

၂။ စိတ်ဆိုးစိတ်ပျက်ခြင်း ဒေါသမီး

၃။ အမှန်အတိုင်းမသိခြင်း မောဟမီး

၄။ ပဋိသန္ဓေနေရခြင်း ဇာတိမီး

၅။ အိုရခြင်း ဇရာမီး

၆။ သေရခြင်း မရဏမီး

၇။ စိုးရိမ်ပူဆွေးရခြင်း သောကမီး

၈။ ငိုကြွေးရခြင်း ပရိဒေဝမီး

၉။ ကိုယ်ဆင်းရဲရခြင်း ဒုက္ခမီး

၁၀။ စိတ်ဆင်းရဲရခြင်း ဒေါမနဿမီး

၁၁။ စိတ်နှလုံးပြင်းစွာ ပူလောင်ပင်ပန်းရခြင်း ဥပါယာသမီး

www.dhammadownload.com



ဒွါရခြောက်ဖုံ၊ အာရုံခြောက်တန်၊ ဝိညာဏ်ခြောက်ဝ၊ ဖဿခြောက်ဖြာ၊ ဝေဒနာခြောက်ပါး ဤတရားတို့သည် တဆယ့်တသီးမီးတို့ဖြင့် တဟုန်းဟုန်း တပြောင်ပြောင် တောက်လောင်နေကြ၏။

**ဒွါရခြောက်ဖုံ**။ ။လောဘ ဒေါသစသော ၁၁ မီးတို့သည် မျက်စိ ကိုလည်း လောင်၏၊ နားကိုလည်း လောင်၏၊ နှာခေါင်းကိုလည်း လောင်၏၊ လျှာကိုလည်း လောင်၏၊ ကိုယ်ကိုလည်း လောင်၏၊ စိတ်ကိုလည်း လောင်၏။

**အာရုံခြောက်တန်**။ ။အဆင်း အသံ အနံ့ အရသာ ထိတွေ့စရာ ကြံတွေးစရာ သဘောတို့ကိုလည်း လောင်၏။

**ဝိညာဏ်ခြောက်ဝ**။ ။ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ထိတွေ့စိတ် ကြံတွေးစိတ်တို့ကိုလည်း လောင်၏။

**ဖဿခြောက်ဖြာ**။ ။ မြင်တွေ့ ကြားတွေ့ နံတွေ့ စားတွေ့ ထိတွေ့ ကြံတွေးတွေ့ တို့ကိုလည်း လောင်၏။

**ဝေဒနာခြောက်ပါး**။ ။ မြင်ခံစား ကြားခံစား နံခံစား စားခံစား ထိတွေ့ ခံစား ကြံတွေးခံစားတို့ကိုလည်း လောင်၏။

မီးဆယ့်တတန်၊ ငြိမ်းအေးရန်၊ သတိပဋ္ဌာန် ပွားရမည်။
ဆယ့်တမီးလောင်လျှင်၊ ငြိမ်းအေးချင်၊ မဂ္ဂင်ရေပန်း ဖျန်းရမည်
သတိပဋ္ဌာန်၊ မဂ်ရှစ်တန် ပွားရန်မခက်ပြီ။
ရုပ်နာမ်နှစ်ရပ်၊ သတိကပ်၊ ရှုမှတ်မြဲရမည်။
ရှုမှတ်မြဲလျှင်၊ အမှန်မြင်၊ ဤတွင်မီးငြိမ်းသည်။

www.dhammadownload.com



## ချမ်းသာတိုးပွားကြောင်း

**သတိအာရက္ခာ ကရဏီယော** = သတိအစောင့်အရှောက်မြဲရမည်၊
သတိတမံ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းနှင့်အုပ်၊
ပြောပြုတွေးလျှင် သတိယှဉ်၊ ဆင်ခြင် ဉာဏ်ဖြင့်ချုပ်၊
ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆထောက်ချင့်၊ သင့်မသင့်ကို၊
ဉာဏ်ဖြင့်ဝေဖန်၊ စိတ်ထားမှန်လျက်၊ သည်းခံစိတ်ရှည်၊ တိုင်းကျိုးရည်၍၊
ပွားစည် မေတ္တာ၊ ကျင့်သူမှာ ချမ်းသာတိုးပွားသည်။

## ပစ္စည်းဆုတ်ယုတ်ကြောင်း

ပျက်တာမပြင်၊ ပျောက်လျှင်မရှာ၊ သေချာမထား၊
သုံးဖြုန်းပစ္စည်း၊ မသိမ်းဆည်း၊ ပစ္စည်းဆုတ်ယုတ်ကြောင်း။

## ပစ္စည်းတိုးပွားကြောင်း

ပျက်တာလဲပြင်၊ ပျောက်လျှင်လဲရှာ၊ သေချာသိမ်းထား၊
သုံးဖြုန်းပစ္စည်း၊ သင်သိမ်းဆည်း၊ ပစ္စည်းတိုးပွားကြောင်း။

## စိတ်ကိုထိန်းသူ

မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ်ဆင်ရိုင်းကို၊ ချင့်နှိုင်း ဉာဏ်ရှင်၊ သမ္မဇဉ်နှင့်၊ အစဉ်ချွန်းအုပ်၊ သတိချုပ်၍၊ မလှုပ် မယိုင်၊ ကောင်းစွာနိုင်သော်၊ ဖွံ့ခိုင် ဖြိုးဖြိုး၊ ချမ်းသာတိုးသည်၊ ကောင်းကျိုးကြွယ်လိမ့်မည်သာကို။

www.dhammadownload.com



## စိတ်ကိုမထိန်းသူ

မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထူးသိုင်းဖြေချွတ်၊ ထင်တိုင်းလွှတ်၍၊ မကွပ်မထိန်း၊ညွှတ်တိုင်းယိမ်းက၊ အေးငြိမ်းချမ်းသာ၊ မရပါဘဲ၊ ပူဗျာဆင့်ကဲ၊ လွန်ဆင်းရဲသည်၊ မိုက်မဲသူတို့ လမ်းစဉ်တည်း။

## ကောင်းမှု

ဘဝပေါင်းစု၊ သောင်းအထုတွင်၊ ကောင်းပြုကောင်းပြော၊ ကောင်းသဘောနှင့်၊ ကောင်းသောနှလုံး၊ တဖြောင့်သုံး၍၊ သက်လုံးစင်ဖြူ ထိုသည့် သူကား၊ "ငါမူကောင်းမှု၊ အစုစုကို၊ ဆည်းပြုခဲ့မိ၊ ရတော် ဘိ" ဟု မိမိပြုမူ၊ သန့်စင်ဖြူ၍၊ ပြစ်မြူမနှော၊ ဤသဘောကို၊ တွေးတောမိတိုင်း၊ ပီတိလှိုင်းဖြင့်၊ ယှက်သိုင်းရစ်လည်၊ ချမ်းမြေ့ကြည်လျက်၊ ဤသည်ဘဝ၊ နောင်ဘဝနှင့်၊ ဘဝဆက်ဆက်၊ သံသာစက်တွင်၊ စိတ်လက်ကြည်သာ၊ ရုပ်လန်းဖြာ၍၊ ချမ်းသာကောင်းကျိုး၊ဒီရေတိုးသို့၊ ဖွံ့ဖြိုးကြီးကျယ်၊ ပွင့်လန်းကြွယ်သည်၊ ထက်ဝယ်နတ်ထံ စံဘို့တည်း။

## မကောင်းမှု

ဘဝစုစု၊ သံသာထုတွင်၊ အပြုအပြော၊ သဘောမဖြူ ထိုသည့် သူကား၊ "ငါမူမကောင်း၊ မှုအပေါင်းကို၊ ရင့်ညှောင်းကြာရှည်၊ ပြုမိသည်မှာ၊ မှားခဲ့စွာ" ဟု၊ ကိုယ့်ဟာ ကိုယ်ပြု၊ ပြစ်သောင်ထု၏၊ ညစ်ကျုဖြစ်တုံ၊ အိုးမလုံက၊ အအုံပွင့်ရာ၊ ဆိုပမာသို့၊ မသာနှလုံး၊

www.dhammadownload.com



မရှင်ပြုံးနိုင်၊ သောကလှိုင်လျက်၊ သည်းဆိုင်ကြေွမျှ၊ ညှိုးခွေလျ၍၊ စိတ်ကမလန်း၊ ရုပ်ညှိုးနွမ်းလျက်၊ ပင်ပန်းရိုရှား၊ အောက်လမ်းသွားသည်၊ လေးပါးအပါယ် ဖြောင့်ဖြောင့်တည်း။

သူတော်စိတ်မြတ်၊ အငြိမ်းဓာတ်၊ လွှမ်းပတ်ကမ္ဘာ တည်ပါစေ။
မေတ္တာစိတ်မြတ်၊ အအေးဓာတ်၊ လွှမ်းပတ်ကမ္ဘာ ခြုံပါစေ။
သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာ ရှိပါစေ။
သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

✣ ✣ ✣

www.dhammadownload.com

# ဆရာတော်ဘုရား ထေရုပ္ပတ္တိ ဒုတိယတွဲ အလှူရှင်များ

| စဉ် | အလှူရှင်အမည် | လိပ်စာ | အလှူငွေ |
|---|---|---|---|
| ၁ | ဦးထွန်းဝင်း ဒေါ်လွင်လွင်မြ မိသားစု | မရမ်းကုန်း | ၁၀၀၀၀၀၀ |
| ၂ | ဗိုလ်မှူးကြီးစိုးအောင် ဒေါ်ကြူကြူဝင်း သား ဉာဏ်လင်းထက်၊ ဗိုလ်ကြီးဉာဏ်ဝင်းထက် ဒေါ်စုစုခိုင်၊ ဉာဏ်မင်းထက် | ရန်ကုန် | ၅၀၀၀၀၀ |
| ၃ | ဦးအောင်အောင် သုမင်္ဂလာဒေါ်လှလှဝေ ဂရိတ်စိန် စိန်ရတနာ မိသားစု | မန္တလေးမြို့ | ၃၀၀၀၀၀ |
| ၄ | တွံ့ဖက်ပါမောက္ခ ဒေါက်တာစိန်ရွှေ ဒေါ်မြင့်ရီ မိသားစု | ရန်ကုန် | ၃၀၀၀၀၀ |
| ၅ | ဦးခင်မောင်ရှိန် ဒေါ်သိန်းရီ သား မင်းမြတ်သော် ၊ ဦးမြင့်သိန်း သမီး ဆွေမာမြင့် မိသားစု | အရှေ့ဒဂုံ | ၃၀၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၆ | ဦးစိုးသိန်း ဒေါ်ယဉ်ယဉ်သိန်း သမီး ဒေါ်သီတာအောင် ၊ ဒေါ်အေးအေးစိုး ၊ ဒေါ်သင်းသင်းအောင် | သဃ်န်းကျွန်း | ၂၀၀၀၀၀ |
| ၇ | ဦးတင်ထွန်း ဒေါ်ခင်လှဝင်း စိန်ကမ္ဘာဆေးဆိုင် မိသားစု | သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်၊ သထုံမြို့နယ် | ၂၀၀၀၀၀ |
| ၈ | မိခင်ဖွားညဏ၊ ဒကာကြီး ဦးညီလေး တို့ကိုရည်စူး၍ ဒေါ်စန်းလှိုင် ဒဂုံဆေးတိုက် | မုံရွာ | ၂၀၀၀၀၀ |
| ၉ | ပို့ဆောင်ရေးနှင့် သတင်း အချက် အလက်နည်းပညာ ဝန်ကြီးဌာန ဒုလ္လဘရဟန်းပြု သီလရှင်ဝတ်၊ ယောဂီဝတ် အလှူ | ရန်ကုန် | ၁၄၀၀၀၀ |
| ၁၀ | ဘုန်းတော်ကြီး ဦးသောဘိတ ၏ မွေးနေ့အလှူ ဘုန်းတော်ကြီး ဦးသောဘိတ ၏ ကပ္ပိယကာရက | ချမ်းမြေ့ရိပ်သာ | ၁၁၀၀၀၀ |
| ၁၁ | ဦးကိတ္တိဓဇ၏ကပ္ပိယကာရက | မှော်ဘီချမ်းမြေ့ ရိပ်သာ | ၁၀၀၀၀၀ |
| ၁၂ | ဒေါ်ကြည်ကြည်စန်း | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀၀ |
| ၁၃ | ဦးသောင်းအောင် မိသားစု | မက္ကာအို | ၁၀၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၄ | ဦးလှငွေ ဒေါ်လှရီတို့ကို ရည်စူး၍ မစန်းစန်းအေး မောင်ခင်မောင်ထွန်း | မက္ကာအို | ၁၀၀၀၀၀ |
| ၁၅ | ဒေါ်ပိုပို "၈၉" နှစ်ပြည့်မွေးနေ့အလှူ | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀၀ |
| ၁၆ | ဦးစန်းမောင် ဒေါ်ဝင်းမြ သုတရောင်ခြည်စာပေ မိသားစု | တောင်ကြီးမြို့ | ၁၀၀၀၀၀ |
| ၁၇ | မိဘနှစ်ပါးကိုရည်စူး၍ ဒေါက်တာအေးအေးမြင့် ညီမ ဒေါ်မူမူမြင့် | မင်္ဂလာ တောင်ညွန့် | ၁၀၀၀၀၀ |
| ၁၈ | ဘုန်းတော်ကြီးဦးသောဘိတ နှင့် တပည့်များ | ရန်ကုန် | ၁၀၀၀၀၀ |
| ၁၉ | ဦးဇေယျာဦး ဒေါ်လှလှသွယ် သမီး မဇူဇေနှင်း မိသားစု | သယ်န်းကျွန်း | ၁၀၀၀၀၀ |
| ၂၀ | ဦးသက်အောင် ဒေါ်သိန်းသိန်းလွင် မိသားစု | ရန်ကင်း | ၁၀၀၀၀၀ |
| ၂၁ | မိဘနှစ်ပါးကိုရည်စူး၍ ဒေါ်ဇနနန္ဒီ ၊ ဒေါ်ခင်ထွေး | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀၀ |
| ၂၂ | ဦးဌေးဝင်း ဒေါ်တင်တင် မိသားစု | ဒေါပုံ | ၁၀၀၀၀၀ |
| ၂၃ | ဒေါက်တာခိုင်ဆွေမြင့် | U.S.A | ၁၀၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၂၄ | မိခင်ဒေါ်ခင်ခင်ချိန်ကို အမှူးထား၍ ဒေါက်တာဝေဝေလွင်ဇော် | ရန်ကင်း | ၁၀၀၀၀၀ |
| ၂၅ | ဦးစိုးလွင် ဒေါ်လှလှဝင်း သမီး ပန်ချီသူ မိသားစု | မင်္ဂလာ တောင်ညွန့် | ၆၀၀၀၀ |
| ၂၆ | မိဘဘိုးဘွားများကို ရည်စူး၍ ဒေါ်သက်သက်မော် | ချမ်းမြေ့ရိပ်သာ | ၆၀၀၀၀ |
| ၂၇ | မိဘနှစ်ပါးကိုရည်စူး၍ ဒေါ်ဉာဏစာရီ၊ ဒေါ်ခန္တီစာရီ | ချမ်းမြေ့ရိပ်သာ | ၅၅၀၀၀ |
| ၂၈ | ဒေါ်ချစ်ရင် သမီး ဒေါ်စောယု၊ ဒေါ်ထားယု၊ ဒေါ်ထွေးထွေးယု | ရန်ကုန် | ၅၀၀၀၀ |
| ၂၉ | ကျောင်းအမကြီးဒေါ်ခင်စိန် မိသားစု | ရန်ကုန် | ၅၀၀၀၀ |
| ၃၀ | ဒေါ်သီတာအေး | ကဝမြို့ | ၅၀၀၀၀ |
| ၃၁ | ဦးမျိုးပိုင် ဒေါ်နန်းမျိုးမင်းနု မိသားစု | လှိုင်သာယာ | ၅၀၀၀၀ |
| ၃၂ | နှစ်ဘက်မိဘများကို အမှူးထား၍ ဗိုလ်ကြီး မိုးဦးသစ် မအေးသန့်ဇော် မင်္ဂလာဦးဆွမ်းအလှူ | စမ်းချောင်း | ၅၀၀၀၀ |
| ၃၃ | ကိုထက်အောင်ဇေ မခိုင်ဆုဝေဇင် | သယ်န်းကျွန်း | ၅၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၃၄ | ဦးဟုန်နု ဒေါ်စန်းစန်းယု မိသားစု | မြိတ်မြို့ | ၅၀၀၀၀ |
| ၃၅ | ဒေါ်မြင့်မြင့် “ ၆ ၃ ” နှစ်ပြည့် မွေးနေ့အလှူ | မုံရွာ | ၅၀၀၀၀ |
| ၃၆ | ဦးမြို့အောင် ဒေါ်ခင်မြသန်း လပ်ကီးသီးနှံပွဲရုံ မိသားစု | မုံရွာ | ၅၀၀၀၀ |
| ၃၇ | ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းတင့် ညီအမ | မုံရွာ | ၅၀၀၀၀ |
| ၃၈ | မသီတာအေး မနီလာ | တာမွေ | ၅၀၀၀၀ |
| ၃၉ | ဒေါ်ခင်သန်းနွယ် သမီး မဇင်ဇင်ဝင်း | မြောက်ဒဂုံ | ၅၀၀၀၀ |
| ၄၀ | (ဦးလှမြင့်) ဒေါ်ခင်သိန်း မိသားစု နှင့် တူမ မစန်းစန်းတိုး | သမိုင်း | ၄၀၀၀၀ |
| ၄၁ | ဒေါက်တာအေးအေးမြင့် | စမ်းချောင်း | ၄၀၀၀၀ |
| ၄၂ | ဖခင်ဦးပြုံးကျော်ကို ရည်စူး၍ မိခင်ဒေါ်ဖြူလေး သမီး မသန်းမွှေး၊ မဉမ္မာမိုး | ချမ်းမြေ့ရိပ်သာ | ၄၀၀၀၀ |
| ၄၃ | ထိုင်ဝမ်ယောဂီတဦး | ထိုင်ဝမ်နိုင်ငံ | ၃၄၈၀၀ |
| ၄၄ | ဒေါက်တာမိမိခင် | အမေရိကန် နိုင်ငံ | ၃၀၀၀၀ |
| ၄၅ | ဖခင်ဦးဝင်းမြင့်ကို ရည်စူး၍ သမီး ဒေါ်အေးအေးမြင့် | ချမ်းမြေ့ရိပ်သာ | ၃၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၄၆ | မှော်ဘီချမ်းမြေ့ယောဂီများ | မှော်ဘီ ချမ်းမြေ့ရိပ်သာ | ၃၀၀၀၀ |
| ၄၇ | ဒေါ်ဓမ္မဒိန္နာ | ချမ်းမြေ့ရိပ်သာ | ၃၀၀၀၀ |
| ၄၈ | ရန်ကုန်မြို့ချမ်းမြေ့ရိပ်သာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု-သင်တန်းဆရာမများ၊ မသီရိမျိုးပိုင်၊ မောင်နေမျိုးပိုင်၊ မကေသီမျိုးပိုင်၊ မနယ်လီမျိုးပိုင်၊ မသံသာဝေနှင့် သင်တန်းသား သင်တန်းသူများ | ရန်ကုန် ချမ်းမြေ့ရိပ်သာ | ၃၀၀၀၀ |
| ၄၉ | အရှင်သုစိတ္တာ၊ အရှင်ဇုတိန္ဓရ တို့၏ ကပ္ပိယကာရက | ချမ်းမြေ့ရိပ်သာ | ၃၀၀၀၀ |
| ၅၀ | ကိုမျိုးဝင်း မမဥ္ဇူသိန်းဝင်း | မြောက်ဒဂုံ | ၃၀၀၀၀ |
| ၅၁ | ဦးသိန်းအောင် ဒေါ်နုနုရီ | ချမ်းမြေ့ရိပ်သာ | ၂၀၀၀၀ |
| ၅၂ | ဒေါက်တာနေဇာမင်း နှင့် သူငယ်ချင်းများ (၁၂) ဦး | ရန်ကုန် | ၂၀၀၀၀ |
| ၅၃ | ဦးတင်ထွေး ဒေါ်ကြည်ကြည်အေး မိသားစု | မှော်ဘီ | ၂၀၀၀၀ |
| ၅၄ | အားထုတ်ဆဲရဟန်း အရှင်ဂန္ဓမာ၊ ယောဂီဆရာလေး ဒေါ်ပညာသီ၊ မသုနန္ဒာ | ဖောင်းပြင် | ၂၀၀၀၀ |
| ၅၅ | မသန်းသန်းထွေး | ရွှေဘိုမြို့ | ၂၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၅၆ | မိဘနှစ်ပါးကိုရည်စူး၍ ဒေါ်ခင်ညိုဝင်း | ချမ်းမြေ့ရိပ်သာ | ၂၀၀၀၀ |
| ၅၇ | ဒေါ်သိန်းသိန်းအေး | ချမ်းမြေ့ရိပ်သာ | ၂၀၀၀၀ |
| ၅၈ | ဒေါ်မြင့်မြင့် ၊ စစ္စတာ ဒေါ်ညွန့်ရီစော | ချမ်းမြေ့ရိပ်သာ | ၂၀၀၀၀ |
| ၅၉ | ဒေါ်ခင်ပြုံးချို | မှော်ဘီ | ၂၀၀၀၀ |
| ၆၀ | ဦးတင်မြင့် ဒေါ်စန်းစန်းမြင့် မိသားစု | တောင်ဥက္ကလာ | ၂၀၀၀၀ |
| ၆၁ | ဖခင်ကြီးဦးစိန်ကိုရည်စူး၍ ဒေါ်ရီ သက်လွင်ဆေးဆိုင်၊ ဝိုင်းဆေးဆိုင်၊ မိဂသီ ဆေးတိုက် မိသားစု | တောင်ဥက္ကလာ | ၂၀၀၀၀ |
| ၆၂ | ဦးထွန်းဦး၊ ကိုဇံသာကျော်တို့ကို ရည်စူး၍ ဒေါ်နှင်းအေးခိုင် မိသားစု | သဃ်န်းကျွန်း | ၂၀၀၀၀ |
| ၆၃ | ဒေါ်အောင်ကြည် “ ၇၂ ” နှစ်ပြည့်မွေးနေ့အလှူ | ရန်ကုန် | ၁၅၀၀၀ |
| ၆၄ | Dr.ခင်မောင်ညို ဒေါ်ရင်ရင်တင်အုံး မိသားစု | ပန်းဘဲတန်း | ၁၅၀၀၀ |
| ၆၅ | ဦးကျော်ဆွေ ဒေါ်ခင်သန်းဌေး သမီး မခင်မြတ်ဆွေ ၊ သား မောင်ဇင်ကိုကို မိသားစု | တောင်တွင်းကြီး | ၁၅၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၆၆ | ဦးချစ်မောင် ဒေါ်ငွေကြည် တို့ကိုရည်စူး၍ သမီး ဒေါ်မြင့်မြင့် | ရန်ကုန် | ၁၀၀၀၀ |
| ၆၇ | ဆရာလေး ဒေါ်ဟေမာရီ ၊ မပါရမီ | ဟုမ္မလင်း | ၁၀၀၀၀ |
| ၆၈ | ဒေါ်ကဝိစာရီ | လားရှိုး | ၁၀၀၀၀ |
| ၆၉ | ဖခင်ဦးပေါ်ညွန့် မိခင်ဒေါ်ထား တို့ကိုရည်စူး၍ သမီး စုစု၊ မာမာ နှင့် မြေး ဘုန်းသော်ထက် မိသားစု | ရန်ကုန် | ၁၀၀၀၀ |
| ၇၀ | ဒေါ်တင်နုကိုရည်စူး၍ တူမ မမျိုးမျိုးခိုင် | မြောက်ဒဂုံ | ၁၀၀၀၀ |
| ၇၁ | ဦးတင်မောင်လှိုင် သားဇော်ဝင်းထွန်းတို့ကိုရည်စူး၍ ဒေါ်ညိုတင် သမီး သီတာငြိမ်း၊ သူဇာငြိမ်း | မရမ်းကုန်း | ၁၀၀၀၀ |
| ၇၂ | သွားဆေးတက္ကသိုလ် | ရန်ကုန် | ၁၀၀၀၀ |
| ၇၃ | မညိုမီလှိုင်၊ မလှိုင်လှိုင်ထွေး | ကျောက်မြောင်း | ၁၀၀၀၀ |
| ၇၄ | **Dr.**ဦးအောင်သန်းဘတူ **Dr.**ဒေါ်ခင်ခင်ထွေး မိသားစု | အင်းစိန် | ၁၀၀၀၀ |
| ၇၅ | မစိန် | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၇၆ | ဦးသိန်းနိုင် ဒေါ်ကြည်ကြည် တို့ကို အမှူးထား၍ သား မောင်ကျော်ကျော်မိုး | ရန်ကုန် | ၁၀၀၀၀ |
| ၇၇ | ဒေါ်ကြိုင် | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |
| ၇၈ | ဆရာလေးဒေါ်ပညာသီ ၊ ဒေါ်သုနန္ဒာ | ဖောင်းပြင် | ၁၀၀၀၀ |
| ၇၉ | မိဘနှစ်ပါးကိုရည်စူး၍ မခင်သန်းဆွေ နှင့် မောင်နှမ တစု | တောင်ဥက္ကလာ | ၁၀၀၀၀ |
| ၈၀ | ချမ်းမြေ့ဆရာတော်ဘုရားနှင့် သံဃာတော်များကို ဦးထိပ် ထား၍ ဒေါ်လှိုင် ဒေါ်ကျင်ရှု နှင့် ဓမ္မမိတ်ဆွေများ | ရန်ကုန် | ၁၀၀၀၀ |
| ၈၁ | ဦးစောနိုင် ဒေါ်ကျင်စန်းတို့ကို ရည်စူး၍ ဦးအေးမင်း ဒေါ်ခင်သန်းခိုင် ညီမ ဒေါ်စန္ဒာအေး၊ ဒေါ်ခင်သင်း ခိုင် မိသားစု | ရန်ကုန် | ၁၀၀၀၀ |
| ၈၂ | ဒေါ်သင်းသင်းရီဝင်း | ရန်ကုန် | ၁၀၀၀၀ |
| ၈၃ | ဒေါ်တင်တင်လှ (ခ) ဒေါ်စိုးရီ နွယ် သမီး မြသက်ငြိမ်း၊ သား မောင်သိန်းထိုက်စံ မိသားစု | ရန်ကုန် | ၁၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၈၄ | ဦးထွန်းဦးကို ရည်စူး၍ ဒေါ်နှင်း အေးခိုင် မိသားစု | သယ်န်းကျွန်း | ၁၀၀၀၀ |
| ၈၅ | မဝတ်ရည်အောင် | ပုဇွန်တောင် | ၁၀၀၀၀ |
| ၈၆ | နှစ်ဘက်သော ဘိုးဘွားမိဘများနှင့် ဒယ်ဒီဦးလှဘော် မာမီ ဒေါ်တင်ညွန့် သားကြီး ဦးခင်မောင်ဘော်တို့ကို ရည်စူး၍ ဒေါ်နုနုဘော်နှင့် မောင်နှမ များ၊ တူ၊ တူမများ၊ မြေး မပြည့်သီရိထက် | လမ်းမတော် | ၁၀၀၀၀ |
| ၈၇ | ဒေါ်ခင်လှ | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |
| ၈၈ | ဒေါ်နီ | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |
| ၈၉ | ဦးသက်ကြည် ဒေါ်မြမြဝင်း မိသားစု | မန္တလေးမြို့ | ၁၀၀၀၀ |
| ၉၀ | ယောဂီ မခင်စန်းဌေး | ပုဇွန်တောင် | ၁၀၀၀၀ |
| ၉၁ | ကိုသန်းဝင်းနိုင်ကို အမျှထား ၍ မရွှေအိမ်စိုး | သန်လျင် | ၁၀၀၀၀ |
| ၉၂ | ဦးခင်ရှိန် ဒေါ်နှင်းအေးအေး ခိုင် မိသားစု | မြောက်ဥက္ကလာ | ၁၀၀၀၀ |
| ၉၃ | ဦးတင်ထွန်း ဒေါ်ခင်နှင်းရွှေ မြေး မေပြည့်စုံ၊ ရဲဝံ့ဘုန်းလျှံ၊ ခင်ဘုန်းပြည့် မိသားစု | ရန်ကင်း | ၁၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၉၄ | ဖခင်ကြီးဦးသိန်းအေး ကွယ်လွန်ခြင်း (၁၅)နှစ်ပြည့်ကို ရည်စူး၍ သမီး မဝါဝါအေး | ကျောက်မြောင်း | ၁၀၀၀၀ |
| ၉၅ | ဒေါ်မီနာကိုရည်စူး၍ ဦးစောဦး ဒေါ်ညိုညိုသန်း မိသားစု | ကျောက်မြောင်း | ၁၀၀၀၀ |
| ၉၆ | ဦးစိန်ဝင်း မိသားစု | လသာ | ၁၀၀၀၀ |
| ၉၇ | မိဘနှစ်ပါးကိုရည်စူး၍ ဒေါ်ကုလသာရီ နှင့် မိသားစု | ကမာရွတ် | ၁၀၀၀၀ |
| ၉၈ | မခင်မြတ်ဆွေ ၊ မသီရိမွန် | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |
| ၉၉ | ဒေါ်ခမ္မစာရီ | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |
| ၁၀၀ | ဦးပို ဒေါ်ခင်မြင့် မိသားစု | တောင်တွင်းကြီး | ၁၀၀၀၀ |
| ၁၀၁ | ဒေါ်ပုညစာရီ | ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |
| ၁၀၂ | ဒေါ်ခင်ဌေးဝင်း မိသားစု | စမ်းချောင်း | ၁၀၀၀၀ |
| ၁၀၃ | ဒေါ်နန္ဒထေရီ | သုဝဏ္ဏ | ၉၀၀၀ |
| ၁၀၄ | ဒေါ်ကြည်ကြည်လှိုင် မိသားစု | အမေရိကန်နိုင်ငံ | ၈၀၀၀ |
| ၁၀၅ | ဒေါ်လှိုင် သမီး မစန္ဒာရှိန် | ကမာရွတ် | ၅၀၀၀ |
| ၁၀၆ | ဦးညိုလှ ဒေါ်ညွန့်တင် | တောင်တွင်းကြီး | ၅၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၀၇ | ဦးမောင်ချို ဒေါ်စန္ဒာ ချမ်းမြေ့ဆေးဆိုင် မိသားစု | ရန်ကုန် | ၅၀၀၀ |
| ၁၀၈ | ဒေါ်မြမြ | ကမ္ဘာအေး | ၅၀၀၀ |
| ၁၀၉ | ကိုဌေးမြင့် | ချမ်းမြေ့ရိပ်သာ | ၅၀၀၀ |
| ၁၁၀ | ဦးအောင်သိန်း | ချမ်းမြေ့ရိပ်သာ | ၅၀၀၀ |
| ၁၁၁ | မိခင်ကြီး ဒေါ်ဖွားသိန်း ကို အမှူးထား၍ အားထုတ်ဆဲ ယောဂီ ဒေါ်နန်းညွန့်ရွှေ | ရေလဲ့ရွာ | ၅၀၀၀ |
| ၁၁၂ | ဒေါ်မြင့်ကြည်၊ မနွယ်နွယ်ဝင်း | ချမ်းမြေ့ရိပ်သာ | ၅၀၀၀ |
| ၁၁၃ | ဒေါ်နွေးနွေး | အလုံ | ၅၀၀၀ |
| ၁၁၄ | ဦးမျိုးကျော်ဦး ဒေါက်တာ သီတာဝင်း မိသားစု | တောင်ဥက္ကလာ | ၅၀၀၀ |
| ၁၁၅ | မိခင်ဒေါ်ကျင်ပု ကွယ်လွန်ခြင်း "၁" နှစ်ပြည့်ကိုရည်စူး၍ သား ကိုမျိုးမြင့် ၊ သမီး မခိုင်ခိုင်ပြုံး၊ မသက်ယုထွေး | လှိုင် | ၅၀၀၀ |
| ၁၁၆ | ဒေါ်မြင့်မြင့်ကြည်၊ မခင်ကြူ ကြူဝင်း၊ သုဝေလင်း မိသားစု | မြောက်ဥက္ကလာ | ၅၀၀၀ |
| ၁၁၇ | ဦးစံလှ ဒေါ်စိုးမြင့် မိသားစု | ရန်ကင်း | ၅၀၀၀ |
| ၁၁၈ | ဖခင်ဦးလွှမ်းမိုးကို အမှူးထား ၍ မိခင်ဒေါ်အေးအေးကို ရည်စူး၍ ကိုဇာနည်လွှမ်းမိုး | အလုံ | ၅၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၁၉ | ဒေါ်တိက္ခဉာဏီ | ဗဟန်း | ၄၀၀၀ |
| ၁၂၀ | ဦးကျော်ခင် " ၆၇ " နှစ်ပြည့် မွေးနေ့အလှူ ဦးကျော်ခင် ဒေါ်မမလေး မိသားစု | ရန်ကုန် | ၃၀၀၀ |
| ၁၂၁ | မအေးသိမ့်သိမ့်မျိုး | မြောက်ဒဂုံ | ၃၀၀၀ |
| ၁၂၂ | မခင်ကြွယ်ဦး၊ မဖြူဖြူအောင်၊ မနီလာအောင် | ချမ်းမြေ့ရိပ်သာ | ၃၀၀၀ |
| ၁၂၃ | ဦးစော ဒေါ်ခင်စိန်တို့ကို ရည်စူး၍ ဒေါ်သင်းသင်းနွယ် မတိက္ခစာရီ | ရန်ကုန် | ၃၀၀၀ |
| ၁၂၄ | မိခင်ကြီးဒေါ်ကြည်ကြည် (၁) နှစ်ပြည့်ကိုရည်စူး၍ သမီး မနီနီဆွေနှင့် သားသမီး မြေးမြစ်များ | တာမွေ | ၃၀၀၀ |
| ၁၂၅ | ဦးသိန်းဆွေ ဒေါ်မြမြအေး သမီး မြသီတာ | မြောက်ဒဂုံ | ၃၀၀၀ |
| ၁၂၆ | ဒေါ်နွေးနွေး | အလုံ | ၃၀၀၀ |
| ၁၂၇ | ဒေါက်တာဝင်းမော် ဒေါ်ခင် သစ်ဆွေ မိသားစု | ရန်ကုန် | ၂၀၀၀ |
| ၁၂၈ | မိဘများကိုအမှူးထား၍ မအေးသန်း နှင့် မောင်နှမတစု | ချောင်းနက် | ၂၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၂၉ | ဒေါ်နီနီဆွေ | တာမွေ | ၂၀၀၀ |
| ၁၃၀ | ဦးတင်မောင်လှ ဒေါ်စုစု ဒေါက်တာဝင်းသူဟန်၊ မြတ်သီရိထွန်း | လမ်းမတော် | ၂၀၀၀ |
| ၁၃၁ | ဒေါ်စုစုမြိုင် | ချမ်းမြေ့ရိပ်သာ | ၁၅၀၀ |
| ၁၃၂ | ကိုအောင် မယု သမီး ပွံ့ပွံ့ | သာကေတ | ၁၀၀၀ |
| ၁၃၃ | အရှင်စက္ကိန္ဒာစာရသာမိ | ကုန်းဆုံ ကျောင်းတိုက် | ၁၀၀၀ |
| ၁၃၄ | ယောဂီဦးဘအေး နှင့် မိသားစု | ရန်ကုန် | ၁၀၀၀ |
| ၁၃၅ | မပပဝရသိဂ္ဂီ | ပြင်ဦးလွင် | ၁၀၀၀ |
| ၁၃၆ | ဦးသိန်းမောင် ဒေါ်ခင်ခင်စိန် တို့ကိုရည်စူး၍ သားသမီး မြေးများ | မိုးကောင်းမြို့ | ၁၀၀၀ |
| ၁၃၇ | ဦးလှဦး ဒေါ်ခင်မြင့်မြင့်ဆွေ ကိုအမှူးထား၍ မခိုင်သဇ္ဇာဦး | လမ်းမတော် | ၁၀၀၀ |
| ၁၃၈ | မိခင်ကြီးဒေါ်စိန်လှကို အမှူး ထား၍ ဒေါ်စိုးစိုးရီ | ဆ. သ. ရ | ၁၀၀၀ |
| ၁၃၉ | ဦးဝင်းဆွေ ဒေါ်ဖြူဖြူဆွေ | ဆ. သ. ရ | ၁၀၀၀ |
| ၁၄၀ | ဒေါ်သူဇာလွင် | တောင်ဥက္ကလာ | ၁၀၀၀ |
| ၁၄၀ | ဦးစိန်မောင် ဒေါ်မြသင်တို့ကို ရည်စူး၍ သားသမီးမြေးမြစ် တစု | တောင်ဥက္ကလာ | **U.S.D 100** |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၄၁ | ဒေါက်တာဌေးကြွယ် ဒေါ်ခင်အေးမြင့် မိသားစု | မြောက်ဒဂုံ | U.S.D 100 |
| နောက်တိုးအလှူရှင်များ | | | |
| စဉ် | အလှူရှင်အမည် | လိပ်စာ | အလှူငွေ |
| ၁ | ဦးကျော်ဝင်း+ဒေါ်ညိုလေးကြည် ဇမ္ဗူကျော်ဆန်ပွဲရုံ မိသားစု | မရမ်းကုန်း | ၁၀၀၀၀၀၀ |
| ၂ | မိဘနှစ်ပါးကို ရည်စူး၍ မစန်းစန်းထွေး | အောင်ပန်းမြို့ | ၁၀၀၀၀၀ |
| ၃ | ကိုကျော်စိုးမင်း မဝင်းဝင်းအေး မိသားစု | မြောက်ဒဂုံ | ၃၀၀၀၀ |
| ၄ | ဒေါ်ခင်စောမာ | မင်္ဂလာတောင်ညွန့် | ၁၀၀၀၀ |
| ၅ | ဒေါ်ခင်တုတ် | ချမ်းမြေ့ရိပ်သာ | ၅၀၀၀ |
| ၆ | ဒေါ်ရွှေကြည် လ/က သူနာပြုငြိမ်း | ရေဦး | ၁၀၀၀၀ |
| ၇ | ဦးပညာနန္ဒာဘိဝံသ၏ ကပ္ပိယကာရက | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀၀ |
| ၈ | ဦးဣန္ဒာဓိပတိ၏ ကပ္ပိယကာရက | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀၀ |
| ၉ | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ ကျောင်းဝေယျာဝစ္စအဖွဲ့ | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၃၀၀၀၀၀ |
| ၁၀ | ဒေါ်နန်းအေးမြ | မူဆယ်မြို့ | ၂၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၁ | ဦးဝေပုလ္လ၏ကပ္ပိယကာရက | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၅၀၀၀၀ |
| ၁၂ | ဦးစိုင်းကျော်ထင် ဒေါ်နန်းသန်းမော် | မန္တလေး | ၅၀၀၀၀ |
| ၁၃ | ဒေါ်နန်းခင်သိန်း၊ ဒေါ်နန်းသိန်းရင်၊ ဒေါ်နန်းခင် အောင်၊ စိုးမိုးအောင် စားသောက်ဆိုင် | ဖီးပင်စခန်း | ၃၀၀၀၀ |
| ၁၄ | ကိုမိုးကျော်နိုင်ဝင်း | စစ်ကိုင်း | ၅၀၀၀ |
| ၁၅ | ဦးဝိလာသဂ္ဂ၏ကပ္ပိယကာရက | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၅၀၀၀၀ |
| ၁၆ | ဦးခင်မောင်ဝင်း | စစ်ကိုင်း | ၁၀၀၀၀ |
| ၁၇ | အားထုတ်ဆဲ ယောဂီ စုပေါင်းအလှူ | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀ |
| ၁၈ | ဦးဗညားဦး ဒေါ်မေသဇင်အောင် သမီး မဖြူစင်ဦး '၅'နှစ်ပြည့် မွေးနေ့ | ပြင်ဦးလွင် | ၁၀၀၀၀ |
| ၁၉ | ဒေါ်နန့်ဆွဲ မိသားစု | ပြင်ဦးလွင် | ၁၀၀၀၀ |
| ၂၀ | ဦးမာဃ၏ ကပ္ပိယကာရက | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၅၀၀၀၀ |
| ၂၁ | ဒေါ်စနီးမာယာ | ကွတ်ခိုင် | ၁၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၂၂ | ဒေါ်တင်လေးနွယ် | ကာမိုင်း၊ ကချင်ပြည်နယ် | ၅၀၀၀ |
| ၂၃ | ဒေါ်ခင်သန်းညွန့်၊ ထွန်းမြစိမ်းရွှင် ကျောက်စိမ်းကုမ္ပဏီ မိသားစု | မန္တလေး | ၁၀၀၀၀၀ |
| ၂၄ | ကွတ်ခိုင်မှ ဆွမ်းအလှူရှင်များ | ကွတ်ခိုင် | ၅၀၀၀၀ |
| ၂၅ | ဦးဝင်းဦး ဒေါ်ခင်ဖြူဝင်း သမီး မခိုင်ငြိမ်းအေး | မန္တလေး | ၁၀၀၀၀ |
| ၂၆ | ဒေါ်ခင်ဝင်းဖြူ ဒေါ်ခင်ဝင်းမူ | ရွှေကူ | ၁၀၀၀၀ |
| ၂၇ | ဦးဇော်ဝင်း ဒေါ်နှင်းလှ | ရွှေကူ | ၁၀၀၀၀ |
| ၂၈ | ဦးဝိသုဒ္ဓါစာရ၏ ကပ္ပိယကာရက | ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ | ၁၀၀၀၀၀ |
| ၂၉ | ဒေါ်မြင့်သန်း၊ ဒေါ်အေးချိုသန်း | နောင်ချို၊ ရှောက်ခြံ | ၂၀၀၀၀ |
| ၃၀ | ဒေါ်ခင်မကြီး၊ ဒေါ်ခင်မငွေး ဒေါ်ခင်မအေးချို ပဒေသာ မိသားစု | အနီးစခန်း၊ ပြင်ဦးလွင် | ၁၀၀၀၀၀ |
| ၃၁ | မိဘများကို ရည်စူး၍ ဒေါ်နုယဉ်နှင့် မောင်နှမများ | မုံရွာမြို့ | ၁၀၀၀၀၀ |
| ၃၂ | ဦးစိုးညွန့် ဒေါ်သက်တင် မိသားစု | သမိုင်း | ၁၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၃၃ | မိခင်ကြီး ဒေါ်မြမြမူကို အမှူးထား၍ ဦးမျိုးမြင့်အောင် (အင်ဂျင်နီယာချုပ်) ဒေါ်ကြည်ကြည်မာလွင် သား မောင်ဆန်းလွင်မျိုး မိသားစု | မင်္ဂလာ တောင်ညွန့် | ၁၀၀၀၀၀ |
| ၃၄ | ဦးမြသွင် + ဒေါ်မြင့်မြင့်စိန် မိသားစု | ကဝမြို့ | ၁၀၀၀၀ |
| ၃၅ | ဦးထောင်ဖန် + ဒေါ်ကျင်ပု၊ ကိုအောင်လင်း တို့ကိုရည်စူး၍ ကိုမျိုးမြင့်၊ မခိုင်ခိုင်ပြုံး၊ မသက်ယုထွေး | တာမွေမြို့နယ် | ၁၀၀၀ |
| ၃၆ | မနွယ်နွယ်စိုး | အောင်လံမြို့ | ၁၀၀၀၀ |
| ၃၇ | တောင်ကြီးချမ်းမြေ့ရိပ်သာ ကျောင်း ဘုန်းကြီးဦးဉာဏဝရ ၏ ကပ္ပိယကာရက | တောင်ကြီး | ၂၀၀၀၀၀ |
| ၃၈ | မခင်စန်းဌေး မတင်မိုးဝင်း | ပုဇွန်တောင် | ၂၀၀၀၀ |
| ၃၉ | မိဘနှစ်ပါးကိုရည်စူး၍ ဒေါက်တာအေးအေးခင်၊ ဒေါက်တာလေးလေးခင်၊ ဒေါက်တာညီညီခင် | U.S.A | ၃၀၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၄၀ | အားထုတ်ဆဲလားရှိုးယောဂီ | လားရှိုး | ၁၀၀၀၀ |
| ၄၁ | ဦးသိန်းဝင်း ဒေါ်ဝင်းဝင်း မိသားစု | လားရှိုး | ၃၀၀၀၀ |
| ၄၂ | ဦးကျော်မောင်း ဒေါ်ခင်လှ မိသားစု | လားရှိုး | ၃၀၀၀၀ |
| ၄၃ | ဆရာလေး မပညာသီရိ | တိုးကြီးကုန်း | ၃၀၀၀ |
| ၄၄ | ဒေါ်ခင်အုန်းရီ | ပြင်ဦးလွင် | ၃၀၀၀၀ |
| ၄၅ | ဒေါ်နိုင်းဆွဲ၊ အေးခမ်းလာ၊ သင်းသင်းထွေး | မူဆယ် | ၁၀၀၀၀ |
| ၄၆ | ဒေါ်ဝါဝါ | နောင်ချိုမြို့ | ၂၀၀၀၀ |
| ၄၇ | မိခင်ဒေါ်နှင်းကြည်ကို အမှူးထားလျက်ဘီးလူးမြို့ယောဂီများ | ဘီးလူးမြို့ | ၁၀၀၀၀ |
| ၄၈ | ဒေါ်စိုးစိုး၊ ဒေါ်မျိုးမျိုးမိသားစု | နောင်ချိုမြို့ | ၂၀၀၀၀ |
| ၄၉ | ဒေါ်သောင်းနု | ပြင်ဦးလွင် | ၁၀၀၀၀ |
| ၅၀ | မိခင်ကြီးဒေါ်အုန်းကြည်ကို အမှူးထား၍ ဒေါ်ခင်ရွှေလင်း နှင့် ညီမများ | ရေဦးမြို့ | ၁၀၀၀၀ |
| ၅၁ | ဦးအောင်ကျော်စိုး မိသားစု | နောင်ချိုမြို့ | ၁၀၀၀၀ |
| ၅၂ | ဦးစိုင်းမျိုးနိုင် ဒေါ်နန်းဆိုင်ဟန် မိသားစု | လားရှိုး | ၁၀၀၀၀ |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၅၃ | ဒေါ်နုနုယဉ် ညီမ မမြင့်မြင့်ဦး | တိုးကြီးကုန်း | ၁၀၀၀၀ |
| ၅၄ | ဒေါ်ရွှေဦးမေ | ဂွတ်ခိုင် | ၁၀၀၀၀ |
| ၅၅ | ဦးထွန်းငွေ ဒေါ်မုန်း | မြစ်သား | ၁၀၀၀၀ |
| ၅၆ | ဒေါ်ကြည်လှ | လားရှိုး | ၅၀၀၀ |
| ၅၇ | ဦးအောင်အောင် သုမ္မသိဂီ ဒေါ်လှလှဝေ၊ သမီး မအေးအေးငြိမ်း ခင်ပွန်း ကိုသန့်ဇင်၊ မခင်စန္ဒီအောင်၊ သား မောင်ပိုင်စိုးဟိန်းအောင်၊ သမီး မအိအိသိမ့်အောင်၊ မအေးချမ်းမိုးအောင် ဂရိတ်စိန် စိန်ရတနာမိသားစု | မန္တလေး ရန်ကုန် | ၁၆၅၀၀၀၀ |

www.dhammadownload.com